# ပုဏ္ဍဝါဒ ဆဆေဋ္ဌိ

(ရှုဆင်နိ)

# ဗုဒ္ဓဝါဒအခြေခံ

လှသိန့် ပြုစုသည်

## သင်ဗုဒ္ဓဘာသာဝင် တယောက်ဖြစ်ပါက

ဗုဒ္ဓဝါဒဆိုတာဘာလဲ....။
ဟီနယာနနှင့် မဟာယာန ဘယ်လိုကွဲပြားသလဲ....။
ရတနာသုံးပါးကို ဘာကြောင့် ကိုးကွယ်သလဲ....။
သစ္စာလေးပါးဆိုတာ ဘာလဲ....။
ပဋိစ္စသမုပ္ပါဒ်ဆိုတာဘာလဲ....။
ပဋ္ဌာန်း ၂၄-ပစ္စည်းဆိုတာ ဗုဒ္ဓဝါဒနှင့်
မည်သို့သက်ဆိုင်သလဲ....။
နိဗ္ဗာန်ဆိုတာ ဘယ်လိုဟာလဲ....။
ဈာန်ဆိုတာ ဘာလဲ....။
ကံကို ဗုဒ္ဓက ဘယ်လိုယူဆသလဲ....။
သမထနှင့် ဝိပဿနာဘယ်လိုကွဲသလဲ....။
သင်္ဂြိုဟ်ဆိုတာ ဘာတွေလဲ....။
စိတ်နှင့်ရုပ် ဘယ်လိုဆက်ဆံသလဲ....။
သတိပဋ္ဌာန်ဆိုတာဘာလဲ....။
ပညတ်နှင့်ပရမတ် မည်သို့ ခြားနားသလဲ....။
ရုပ်ပွားဆင်းတု ဘာကြောင့် ကိုးကွယ်ထိုက်သလဲ။
ဒါန-သီလ-ဘာဝနာကို ဘယ်လိုနားလည်ရမည်လဲ။

ဤအမေးများကို ဖြေဆိုနိုင် သင့်ပေသည်။
ဤ အကြောင်းအရာ အားလုံးကို ကျမ်းကိုး
နှင့် ထင်းလင်းစွာရှင်းပြထားသည်။

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်
အမှတ် (၂၆၃၂)

အုပ်ရေ ၂၀၀၀

ပထမအကြိမ် ၁၉၆၈ ခု။ ဥဒါန်းစာစဉ်၊
ဥဒါန်းစာစဉ် (၆)
၁၉၆၈ ခု၊ စက်တင်ဘာလ

အဟောင်းစံတင် အသစ်ထွင်မည်။

ပန်းချီ ပေါ်ထွန်း
ဘလောက် ဘသစ်အင်ဆန်း၊
မျက်နှာဖုံး ခေတ်မြန်ပုံနှိပ်တိုက်

ထုတ်ဝေသူ၊
ဦးဘရွှေ (၀၃၅၉)
၁၃၄၊ လှုစုလမ်း၊
ရန်ကုန်။ ဖုံး၊ (၁၀၉၄၇)

ပုံနှိပ်သူ၊
(ဒေါ်အုံးမြ မြဲ၀၃၂၂)
သီဟပုံနှိပ်တိုက်၊
၁၂၇၊ လမ်း ၄၀၊ ရန်ကုန်၊

# အမှာစကား

ဤ 'မုဒ္ဒဝါဒအခြေခံ' စာအုပ်ကို ကြည့်ရှုသုံးသပ်ပြီး အမှာစာ ရေးပေးပါရန် စာအုပ်ရေးသားပြုစုသူ စာရေးဆရာ လှသမိန်က ပြောဆိုမေးအပ်လာသဖြင့် စာမူကိုဖတ်ရှုရပါသည်။

အမှာစာရေးသူ၏ တာဝန်မှာ စာအုပ်ကိုင်း၊ စာအုပ်ရေးသားသူကိုင်း၊ စာဖတ်သူနှင့် မိတ်ဆက်ပေးရန် ဖြစ်သည်ဟု ထင်ပါသည်။ ယင်းနှစ်မျိုးအနက် ဤစာအုပ်ရေးသားသူ စာရေးဆရာလှသမိန်မှာ အကြောင်းအရာ အမျိုးမျိုးနှင့်ဆိုင်သည့် စာအုပ် တော်တော်များများကို ရေးသားပြုစုခဲ့သူဖြစ်သဖြင့် စာဖတ်သူ အတော်များများ သိပြီးဖြစ်သော စာရေးဆရာတယောက်ဖြစ်သောကြောင့် စာအုပ်ရေးသားသူကို စာဖတ်ပရိသတ်နှင့် အထူးမိတ်ဆက်ပေးရန် လိုမည်မဟုတ်ပါ။

စာအုပ်ကို စာဖတ်သူနှင့် မိတ်ဆက်ပေးရမည်ဆိုလျှင် ဤစာအုပ်သည် ဗုဒ္ဓဝါဒအခြေခံဆိုသည့်အတိုင်း ဗုဒ္ဓဝါဒကို လေ့လာသူများ သိရှိထားသင့်သည့် အခြေခံ အကြောင်း အရာအချက်အလက်များကို ရေးသားထားသည့် စာအုပ် ဖြစ်သည်ဟု အကျဉ်းချုပ်အားဖြင့် ပြောလိုပါသည်။

စာအုပ်ရေးသား ပြုစုသူမှာ ဗဟုသုတစုံလှသည့် ယဉ်ကျေးမှုအရာရှိတယောက် ဖြစ်သောကြောင့် ဗုဒ္ဓဝါဒ၏ အခြေခံကို ရေးသားရာ၌ ဗုဒ္ဓဘာသာအကြောင်းနှင့် ဗုဒ္ဓ ဘာသာ၊ ဗုဒ္ဓသာသနာပြန့်ပွားလာပုံအကြောင်း....စသည် တို့ကိုပါ သုတေသနသဘောအားဖြင့် ပြည့်စုံစွာဖော်ပြထား သဖြင့် စာဖတ်သူတို့သည် ဗုဒ္ဓဝါဒ၏အခြေခံ အကြောင်း အချက်များကိုသာမက ဗုဒ္ဓဝါဒမည်သို့မည်ပုံပြန့်ပွားရောက် ရှိလာသည်ကိုပါ မှတ်သားနိုင်ကြလေသည်။

ဗုဒ္ဓဝါဒ၏ အခြေခံကိုပြဆိုရာ၌ ကံတရားအကြောင်း ဒါန၊သီလ၊ဘာဝနာအကြောင်း၊ ဈာန်အကြောင်း၊ ပညတ် နှင့် ပရမတ်၊ စိတ်စေတသိက်နှင့် ရုပ်နိဗ္ဗာန် အကြောင်း.... စသည်တို့ကို သရုပ်အရေအတွက်နှင့်တကွ ပြည့်စုံစွာဖော်ပြ ထားသည့်အပြင်ပဋိစ္စသမုပ္ပါဒ်နှင့် ပဋ္ဌာန်း ၂၄ ပစ္စည်းတို့ ကိုလည်း သရုပ်အဓိပ္ပါယ်နှင့်တကွ ရေးသား ဖော်ပြထား သဖြင့် ဗုဒ္ဓဝါဒ၏ အခြေခံအချက် များစွာပြည့်စုံသည့် စာ အုပ်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ ဗုဒ္ဓဝါဒ၏ သရုပ်မှန်ပုံစံ ဖြစ်သည့် ဓမ္မစကြာ အနတ္တလက္ခဏာနှင့် သတိပဋ္ဌာန်တရား တို့ကိုလည်း ထည့်သွင်းဖော်ပြထားပေသည်။

ပဌာန်း ၂၄ ပစ္စည်းကိုအဓိပ္ပါယ်ဖွင့်ဆိုရေးသားရာ၌ အခြားသော ပုဂ္ဂိုလ်များ၊ အထူးသဖြင့် ပါဠိ ပိဋကတ်တတ်ကျွမ်းသည့်ပုဂ္ဂိုလ်များ ရေးသားဖွင့်ဆိုချက်နှင့် မတူသော အချက်များကို တွေ့ရပေသည်။ ယင်းသို့မတူခြင်းမှာလည်း စာအုပ်ရေးသားသူ ကိုယ်တိုင်၊

"ဤအခြေခံ ဖွင့် ချက်များတွင် တရားတော်၏ သဘောအနက် မတိမ်းမယိမ်းစေရန် ကြိုးစားအားထုတ်၍ သက်ဆိုင်ရာ ပိဋကတ်ကျမ်းများကို ညှိနှိုင်းကိုးကားခြင်း ပြုထားသော်လည်း အနက် ဖော်ပြရာတွင် အချို့နေရာ၌ မိမိ နားလည် သည့် အတိုင်း စကားလုံးများဖြင့် ဖြန့်ချဲ၍ အရဲစွန့်ကာ ရေးသားထားပေသည် "

ဟူ၍ အညွှန်းတွင် ထုတ်ဖော်ဝန်ခံ ထားသည့်အတိုင်း ဗုဒ္ဓအဘိဓမ္မာ ငြိရာ ပါဠိ ကျမ်းဂန်များနှင့် စိမ်းနေသည့် သာမန်လူများ၊ အထူးသဖြင့် လူငယ်လူရွယ်များနားလည် စေရန် ရည်ရွယ်လျက် အရဲစွန့်ကာ ရေးသားခြင်း ဖြစ်ပေလိမ့်မည်ဟု ယူဆရပေသည်။

အထူးသဖြင့် အနန္တရ၊ သမနန္တရ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပါက၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ စသည့် ပစ္စည်းတို့၏ အဓိပ္ပာယ်ကို ဖွင့် ဆို ထား ချက် များသည် အခြားပုဂ္ဂိုလ်တို့ ဖွင့်ဆိုချက်များနှင့် ထူးခြား နေသည်ကို တွေ့ရသည်။

ကျွန်ုပ်အား ဤစာအုပ်ကို ကြည့်ရှု သုံးသပ်ပေးရန် ပြောစဉ်က အထူးအားဖြင့် ပဋ္ဌာန်း ၂၄ ပစ္စည်းကို သူ သဘောပေါက်သလို စာဖတ်သူများနားလည်အောင် ရေးသားထားသဖြင့် ကျမ်းဂန်အဆိုအမိန့်နှင့် ကိုက်ညီ မကိုက်ညီကို ဂရုပြု၍ ကြည့်ရှုသုံးသပ်ပြီး အားမနာဘဲ တည်းဖြတ်ပေးရန် ပြောပါသည်။

သို့ရာတွင် ကျမ်းဂန်နှင့် ကိုက်ညီအောင် တည်းဖြတ်ပြင်ဆင်လိုက်ပါက (အညွှန်းတနေရာတွင်)ဆိုထားသကဲ့သို့ ဗုဒ္ဓ၏ အဆုံးအမိန့် စဉ်ထွက်ချွတ်လွဲ၍ တမျိုးတခြားလွဲမှားမည့်အရေးကို အထူးစိုးရိမ်ခြင်းကြောင့် ထိန်းကွပ်၍ တည်းဖြတ်ပြင်ဆင်ရမည်ပင်ဖြစ်သောကြောင့် အမိပ္ပာယ်ကွယ်ပျောက် မြုပ်ကွယ်ပျောက်နေမည်ကို စိုးရိမ်သည့်အပြင် အကယ်၍ ယင်းပစ္စည်းတို့၏ အနက်အမိပ္ပာယ်ကို တတ်နိုင်သမျှရှင်းအောင် ရေးသားရပါက ဗုဒ္ဓဝါဒ၏ အခြေခံ လောက်ကိုသာ သိထားရန် ဖော်ပြသည့် ဤစာအုပ်တွင် ပဋ္ဌာန်း ၂၄ ပစ္စည်း အခန်းကပင် စာမျက်နှာများစွာ ယူသွားမည် ဖြစ်သဖြင့် စာအုပ်ရေးသားသူအရဲစွန့်ထားသည့်အတိုင်းပင် ထားလိုက်ရပေသည်။

စာအုပ်ရေးသားသူ အရဲစွန့်ကာ အဓိပ္ပာယ်ဖော်ထားချက်များသည် ထိုပစ္စည်းတို့၏ အနက်အဓိပ္ပာယ်သက်ရောက်မှုကို သာမန်အားဖြင့် နားလည် ဘို့ရန် အတွက် အခြေခံဖြစ်နိုင်လိမ့်မည်ဟု သဘော ရသော ကြောင့်လည်း ဖြစ်ပေသည်။

ဥပမာ....

အနန္တရပစ္စည်း၏သဘောကို ကျမ်းဂန် အဆိုအမိန့် အရ ပြောရလျှင် အနန္တရပစ္စည်းဆိုသည်မှာ ရှေ့စိတ်က သူ့နောက်မှ ဆက်တိုက်ဖြစ်လာသောစိတ်ကို ကျေးဇူးပြုသည့်သဘောပင် ဖြစ်သည်။

ဗုဒ္ဓအဘိဓမ္မာအရ၊ စိတ်သည် တခုပြီးတခု အမြဲဖြစ်နေသည်။ ပထမစိတ်ချုပ်ပြီးနောက် ဒုတိယစိတ်တခုဆက်၍ ဖြစ်ပေါ်လာသည်။ ယင်း ဒုတိယစိတ် ချုပ်သွားသောအခါလည်း တတိယစိတ်တခု ဆက်၍ ဖြစ်ပေါ်လာသည်။

ယင်းသို့ စိတ်တခုပြီးတခု ဖြစ်နေရာ၌ စိတ်တခုနှင့်တခုအကြားတွင် မည်သည့်အရာမျှ ဝင်သောကန့်ကွက်ခြင်း မရှိပေ။ သို့ဖြစ်ရာ ပထမစိတ်ချုပ်သွားခြင်းသည် ကြားတွင် အဆီးအတား အခြားအကန့်မရှိဘဲ ဒုတိယစိတ် ဆက်၍ ဖြစ်ရန် နေရာပေးသကဲ့သို့ ဖြစ်သည်။

ဤသဘောကို ရှေ့စိတ်က နောက်စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဆိုရသည်။ ဤစကားမှာ အနန္တရပစ္စည်းအကြောင်းကို ဤအမှာစာရေးသူနားလည်ထားသည် သာမန်အားဖြင့် ဖော်ပြသော စကားဖြစ်ပါသည်။

အနန္တရပစ္စည်း၏ အဓိပ္ပာယ်ကို သ ဘော ပေါ်အောင် ဖွင့်ဆိုရမည်ဆိုလျှင် ပထမ စိတ်တခုပြီးတခုဖြစ်နေပုံကို သဘောပေါ်အောင် ပြဆိုရပေမည်။ ပြီးမှ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ စသောအစဉ်၌ ဒုတိယဟု ဖြစ်ရ

ခြင်းမှာ ပဌမ၏ ကျေးဇူးကင်းနိုင်ကြောင်း၊ ပဌမ မရှိဘဲ မည်သည့်အရာမျှဒုတိယမဖြစ်နိုင်ကြောင်း သဘောပေါက်အောင် ရှင်းပြရပေမည်။ ထိုနောက်မှ ရှေ့စိတ်က နောက်စိတ်ကို အခြားအဆီ မရှိဘဲ ကျေးဇူးပြုပုံသဘောကို ရေးသား ဖော်ပြရပေမည်။ ယင်းသို့ဆိုက များစွာ ကျယ်သွားပေလိမ့်မည်။

စာအုပ်ရေးသူအရဲစွန့်ထားသည့် အနန္တရ၊သမနန္တရ ပစ္စည်း၏ အဓိပ္ပာယ်ဖွင့်ချက် ဥပမာများမှာ ရှေ့နောက်မဟုတ်သဖြင့် ကျမ်းဂန်အဆိုအရ အနန္တရ သမနန္တရ သဘောအတိအကျ မဟုတ်စေကာမူ အခြားအကန့် မရှိသည့် သဘောအဓိပ္ပာယ်ကို သာမန်အားဖြင့် နားလည်ရန် အခြေခံဖြစ်နိုင်လိမ့်မည်ဟု သဘောရသဖြင့် သူ့အတိုင်းထားလိုက်ခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုသောသူသည် ဗုဒ္ဓဝါဒကို နားလည် ဘို့ရန်အတွက် လိုအပ်သည့်အခြေခံတို့ကို ရရှိနိုင်လိမ့်မည်ဖြစ်၍ ဗုဒ္ဓဝါဒကိုနားလည်လိုသူများသည် ဤစာအုပ်ပါ အခြေခံတို့ကို လေ့လာမှတ်သားသင့်ကြောင်း တိုက်တွန်းလိုက်ရပေသတည်း။

ဒဂုန် ဦးထွန်းမြင့်
၁၃၂၉-ခု တံခူးလဆန်း ၄-ရက်၊

# မာတိကာ


၁။ သင် ဗုဒ္ဓဘာသာဝင် တယောက်ဖြစ်ပါက ၂
၂။ အမှာစကား
၃။ ကိုယ်ရေးအထုပ္ပတ္တိ
၄။ ကိုးကားသော ကျမ်းများ ၁၇
၅။ အညွှန်း ၁၉
၆။ ဗုဒ္ဓဘာသာ ၂၅
၇။ သာသနာတော်ပြန့်ပွားခြင်း ၃၃
၈။ မဟာ ယာန ဗုဒ္ဓဘာသာ ၄၇
က။ ဝိဝါဒ အဝိနယဝတ္ထု ၁၀ ပါး ၅၁
၉။ ကန္တာရ ဗုဒ္ဓဘာသာ ၅၈
၁၀။ ဘုရားရတနာ ၆၀
မြတ်စွာဘုရားဂုဏ်တော် ကိုးပါး ၇၀
၁၁။ တရားရတနာ ၇၃
၁၂။ ပိဋကတ်ဒေသနာ ၈၀
က။ သုတ္တန်ပိဋကတ် ၈၁
ခ။ ဝိနည်းပိဋကတ် ၉၃
ဂ။ အဘိဓမ္မာပိဋကတ် ၉၅
၁၃။ သံဃာရတနာ ၁၀၀
က။ ဟောဘိက္ခု ၁၀၃
ခ။ သံဃာ့ဂုဏ်တော် ၁၀၅
ဂ။ ဘိက္ခုနီ ၁၀၇
ဃ။ ဂရုဓမ် အရေးရှစ်ပါး ၁၀၈
င။ သိက္ခာပုဒ်များ ၁၁၀
စ။ ဘိက္ခုသိက္ခာပုဒ်များ ၁၁၂

| | | |
|---|---|---|
| ဆ။ | ဘိက္ခုနီသိက္ခာပုဒ်များ | ၁၀၃ |
| ဇ။ | အာပတ် ၇ ပါး | ၁၁၇ |
| ဈ။ | သာမဏေ | ၁၁၉ |
| ည။ | လိင် ၁၀ ပါး | ၁၂၂ |
| ဋ။ | ဒဏ် ၁၀ ပါး | ၁၂၃ |
| ၁၄။ | ပိဋကတ်သုံးပုံပေါ်ထွန်းခြင်း | ၁၂၇ |
| က။ | တရားတော်အင်္ဂါ ၉ ပါး | ၁၃၂ |
| ၁၅။ | ဗုဒ္ဓရုပ်ပွားတော်ကိုးကွယ်မှု | ၁၄၁ |
| က။ | မုဒြာ မုဒ္ဒါများ | ၁၄၉ |
| ၁၆။ | စေတီတည်ထားကိုးကွယ်ခြင်း | ၁၅၄ |
| က။ | စေတီ ၃ မျိုး | ၁၅၆ |
| ခ။ | စေတီတည်ထိုက်သူ ၄ မျိုး | ၁၅၇ |
| ၁၇။ | ဓမ္မစကြာဒေသနာ | ၁၆၁ |
| က။ | သစ္စာလေးပါး | ၁၆၇ |
| ခ။ | ဒုက္ခသစ္စာ | ၁၆၈ |
| ဂ။ | သမုဒယသစ္စာ | ၁၇၀ |
| ဃ။ | နိရောဓသစ္စာ | ၁၇၂ |
| င။ | မဂ္ဂသစ္စာ | ၁၇၃ |
| စ။ | မဂ္ဂင်ရှစ်ပါး | ၁၇၆ |
| ဆ။ | သစ္စာအနက် ၁၆ ချက် | ၁၈၁ |
| ၁၈။ | အနတ္တလက္ခဏာတရား | ၁၈၃ |
| က။ | ခန္ဓာငါးပါး | ၁၈၄ |
| ၁၉။ | သတိပဋ္ဌာန်တရား | ၁၈၇ |
| က။ | သတိပဋ္ဌာန်တရား ၄ ပါး | ၁၈၈ |

| | | | |
|---|---|---|---|
| | ခ။ | ရုပ်ကာယရှုနည်း ၁၄ မျိုး | ၁၉၁ |
| | ဂ။ | ဝေဒနာရှုနည်း ၉ မျိုး | ၁၉၃ |
| | ဃ။ | စိတ်ရှုနည်း ၁၆ မျိုး | ၁၉၄ |
| | င။ | နိဝရဏတရား ၅ ပါး | ၁၉၆ |
| | စ။ | အာယတန ၁၂ ပါး | ၁၉၇ |
| | ဆ။ | သမ္ဗောဇ္ဈင် ၇ ပါး | ၁၉၈ |
| ၂၀။ | | ပဋိစ္စသမုပ္ပါဒ် စက်လည်ပတ်ပုံ | ၂၀၀ |
| ၂၁။ | | ပရမတ္ထတရား ၄ ပါး | ၂၀၉ |
| | က။ | စိတ်.... | ၂၁၀ |
| | ခ။ | စေတသိက် | ၂၁၈ |
| | ဂ။ | ရုပ် | ၂၂၄ |
| | | ၁။ ရုပ် ၂၈ ပါး | ၂၂၈ |
| | | ၂။ ကလာပ်စည်း | ၂၃၁ |
| | ဃ။ | နိဗ္ဗာန် | ၂၃၅ |
| | | ၁။ နိဗ္ဗာန်အမည် ၄၆ ပါး | ၂၄၂ |
| ၂၂။ | | ပဋ္ဌာန်း ၂၄ ပစ္စည်း | ၂၄၇ |
| ၂၃။ | | ကံတရား | ၂၆၇ |
| | က။ | ကံ ၄ မျိုး (ကိစ္စဘေဒနည်း) | ၂၇၂ |
| | ခ။ | ။ (ပရိယာယဘေဒနည်း) | ၂၇၄ |
| | ဂ။ | ။ (ကာလဘေဒနည်း) | ၂၇၆ |
| ၂၄။ | | ဈာန် | ၂၈၀ |
| | က။ | ဈာန်အင်္ဂါ ၅ ပါး | ၂၈၄ |
| ၂၅။ | | ပညတ်နှင့်ပရမတ် | ၂၉၁ |
| | က။ | ဓါတ် ၁၈ ပါး | ၂၉၂ |
| ၂၆။ | | ဒါန | ၃၀၄ |

| | | |
|---|---|---|
| ၂၇။ | သီလ | ၃၁၂ |
| | က။ ပဉ္စသီလ | ၃၁၄ |
| | ခ။ ၁၀ ပါးသီလ | ၃၁၇ |
| ၂၈။ | ဘာဝနာ | ၃၂၄ |
| ၂၉။ | သမထ | ၃၂၅ |
| ၃၀။ | ကမ္မဋ္ဌာန်း | ၃၂၈ |
| | က။ ကသိုဏ်း ၁၀ ပါး | ၃၃၀ |
| | ခ။ အသုဘ ၁၀ ပါး | ၃၃၂ |
| | ဂ။ အနုဿတိ ၁၀ ပါး | ၃၃၄ |
| ၃၁။ | ဗြဟ္မစိုရ်တရား ၄ ပါး | ၃၃၆ |
| ၃၂။ | အာဟာရေ ပဋိကူလသညာ ၁ ပါး | ၃၃၇ |
| | က။ စတုဓါတုဝ ဝတ္ထာန် ၁ ပါး | |
| | ခ။ အာရုပ္ပ ၄ ပါး | |
| ၃၃။ | စရိုက် ၆ ပါး | ၃၃၉ |
| ၃၄။ | ဘာဝနာ ၃ ပါး | ၃၄၁ |
| ၃၅။ | နိမိတ် ၃ ပါး | ၃၄၂ |
| ၃၆။ | ဝင်စားမှုအဆင့် ဈာန်အင်္ဂါ ၅ ပါး | ၃၄၃ |
| ၃၇။ | ဝသီဘော် ၅ ပါး | ၃၄၄ |
| ၃၈။ | အဘိညာဉ် ၅ ပါး | ၃၄၅ |
| ၃၉။ | ဝိပဿနာ | ၃၄၆ |
| ၄၀။ | ဝိသုဒ္ဓိ ၇ ပါး | ၃၄၇ |
| ၄၁။ | အနုပဿနာ သုံးပါး | ၃၄၉ |
| ၄၂။ | ဝိပဿနာဉာဏ် ၁၀ ပါး | ၃၅၁ |
| ၄၃။ | ဝိမောက္ခ သုံးပါး | ၃၅၂ |
| ၄၄ | ဗုဒ္ဓဝါဒဆိုင်ရာသိသင့်သောဝေါဟာရများ | ၃၅၄ |

# ကိုယ်ရေး အထုပ္ပတ္တိ

အမည်ရင်း ဦးလှတင် ဖြစ်သည်၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့၊ ကျောင်းအုပ်ကြီး ဦးဖန် - ဒေါ်ငွေတို့မှ ၁၉၂၃-ခုနှစ် ဖေဖော်ဝါရီလ ၇-ရက်နေ့တွင် ဖွားမြင်သည်။ မြန်မာစာကို လောကဓာတ်ကျောင်းတွင်သင်၍ လောကုတ္တရာစာကို ဘုန်းကြီးကျောင်းတွင်သင်ပြီး အင်္ဂလိပ်စာကို ဘုရင်ဂျီ သာသနာပြု ကျောင်းတွင် သင်ယူခဲ့သည်။ ကျောင်းဆရာ၊ ပန်းချီဆရာ၊ တော်လှန်ရေးရဲဘော်၊ နိုင်ငံရေး သမား၊ ဘဝအမျိုးမျိုးကျင်လည်ခဲ့သည်၊ ရွှေဆောင်သတင်းစာ၊ စီးပွါးရေးသတင်းစာ၊ လမ်းညွှန်သတင်းစာ၊ ဒီမိုကရေစီ ဂျာနယ်များတွင် အယ်ဒီတာအဖြစ် လုပ်ကိုင်ရင်း ၁၉၄၆-ခုနှစ်မှစ၍ ကဗျာ၊ ဆောင်းပါး ဝတ္ထုတိုများ ရေးသားခဲ့သည်။ ဘာသာပြန်စာပေအသင်းတွင် စွယ်စုံကျမ်းအတွက် စာပြုအဖြစ် ဆောင်ရွက်ခဲ့ပြီးနောက်၊ ၁၉၅၃-ခုနှစ်မှစ၍ ပြည်ထောင်စု ယဉ်ကျေးမှုဌာနတွင် ရေးဟောင်းစာပေနှင့် ယဉ်ကျေးမှုဌာနစိတ် အထက်တန်းအရာရှိအဖြစ် ဆောင်ရွက်လာခဲ့သည်။

စာပေ, ဂီတ, ပန်းချီ, ပန်းပု စသော အနုပညာရပ်များကို ဝါသနာထုံ၍ လေ့လာခဲ့သည်။ ကဗျာပေါင်း ၇၀၀, ကျော်၊ စာပေအနုပညာ၊ လူမှုရေး၊ ဂီတ၊ ဆောင်းပါး ၆၀၀, ကျော်၊ ဝတ္ထုရှည်ပင်ကိုယ်နှင့် ဘာသာပြန် ၁၁, အုပ်၊ မှီးငြမ်းပြုစု စာအုပ်ပေါင်း ၂၀, ကျော်နှင့် အထွေထွေ နည်းနာဗဟုသုတကျမ်း ၄, အုပ် ရေးသားပြုစု ထုတ်ဝေခဲ့သည့်ပြင် စာပေကျမ်း အများအပြား စုဆောင်းတည်းဖြတ် ဖြေဆိုထုတ်ဝေခဲ့သည်။ မထုတ်ဝေရသေးသော ပြုစုပြီး စာပေကျမ်း အများအပြားလည်း ရှိနေသေး၏။ စာပေ ပညာရှင်ကြီးများ အားလုံးသည် သူ၏ မြင်ဆရာ, ကြားဆရာများ ဖြစ်ကြ၍ ယခုတိုင် လေ့လာဆဲ, သင်ဆဲ, မှတ်ဆဲ, ဆည်းပူးဆဲ ဖြစ်သတည်း။

## ကိုးကားသော ကျမ်းများ၊

၁။ ဋီကာကျော် မြန်မာပြန်၊ (မေဓာဝီ ဆရာဆိုင်)
ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်။ ။၁၃၁၇။

၂။ ပါဠိစာပေသမိုင်း၊(ဒေါ်အုန်း မဟာဝိဇ္ဇာ)
ပိဋကတ်တော်လျှပ်စစ်ပုံနှိပ်တိုက်။ ။၁၃၁၇။

၃။ သင်္ဂြိုဟ်ဘာသာဋီကာ၊ (ရှင်ဇနကာဘိဝံသ)
ဟံသာဝတီပုံနှိပ်တိုက် ၊၁၃၁၄။

၄။ သမထကျမ်း (ဦးဖေအောင် မဟာဝိဇ္ဇာ)
မေ ပုံနှိပ်တိုက် ။၁၃၁၈။

၅။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာမြန်မာပြန် (အရှင်နန္ဒမာလာ)
ပ-ဒု-တ ဗုဒ္ဓဘာသာအဖွဲ့ပုံနှိပ်တိုက် ။၁၃၂၃-၁၃၂၅။

၆။ ဘုရားဥပဒေတော်ကြီး (ရှင်ဇနကာဘိဝံသ)
ဟံသာဝတီပုံနှိပ်တိုက် ။၁၃၁၈။

၇။ ဝိပဿနာဒီပနီ (လယ်တီဆရာတော်)
ဟံသာဝတီပုံနှိပ်တိုက် ။၁၃၁၀။

၈။ ပဋ္ဌာန်း အမေးအဖြေ (လယ်တီပဏ္ဍိတ)
ဟံသာဝတီပုံနှိပ်တိုက် ။၁၃၁၈။

၉။ တိပိဋက အတ္ထုဒ္ဒါရသူစိ (အသျှင်ကေလာသ)
ကံထူးပုံနှိပ်တိုက် ။၁၃၂၃။
၁၀။ ပဋိစ္စသမုပ္ပါဒ်အခြေပြု (ညောင်လေးပင်တောရ
ဆရာတော်) ဟံသာဝတီပုံနှိပ်တိုက် ။၁၃၂၄။
၁၁။ နိဗ္ဗာန သုတသင်္ဂဟ (အရှင် အာဒိစ္စဝံသ)
မင်္ဂလာပိဋက ပုံနှိပ်တိုက် ။၁၃၂၅။
၁၂။ သတိပဋ္ဌာန်အရသာ (ဦးအရိယ)
ဟံသာဝတီပုံနှိပ်တိုက် ။၁၃၁၈။
၁၃။ မဟာသတိပဋ္ဌာနသုတ် နိဿယ (ဆရာတော်ဦးဗုဓ်)
ဟံသာဝတီပုံနှိပ်တိုက် ။၁၃၁၇။
၁၄။ အခြေပြုသင်္ဂြိုဟ် ( ရှင်ဇနကာဘိဝံသ )
နယူးဘားမား ပိဋကပုံနှိပ်တိုက် ။၁၃၁၈။
၁၅။ စင်ပြိုင်သာသနာ ( သျှင်ဥက္ကဋ္ဌ )
ရွှေပြည်တန်ပုံနှိပ်တိုက် ။၁၃၂၆)
၁၆။ သမန္တစက္ခုဒီပနီ ပ-ဒု- (မုံရွေးဆရာတော်)
ဘိက္ခုပါဠိမောက် မြန်မာပြန် )
၁၇။ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်။ ။၁၃၂၂။

အညွှန်း

ဘုရားရှင်အား လေးမြတ်စွာ
ဦးညွှတ်ကန်တော့ပါသတည်း။

ယခုအခါ၌ သံသရာဘေးကို မျှော်တွေး ကြောက်ရွံ့ကြသော သူတော်စင်တို့သည် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို လေ့လာအားထုတ်ရန် ဆန္ဒထက်သန် လာကြပေသည်။ ဗဟုသုတလိုလာသော ပုဂ္ဂိုလ်တို့သည်၎င်း၊ ခွဲခြားဝေဖန်မှု၊ သုံး သပ် ဆန်း စစ်မှု တို့ကို လိုလာသော သုတေသီတို့သည်၎င်း၊ ဗုဒ္ဓဝါဒ ဗုဒ္ဓဓမ္မ ဗုဒ္ဓအဆုံးအမတို့ကား မည်သို့ ရှိသည်ဟူ၍သိနားလည်လိုသော ဆန္ဒထက်သန်လာကြပေသည်။ ဤသို့အားဖြင့် ဘာသာရေး ဆိုင်ရာစာပေတို့ကို လေ့လာကြည့်ရှုခြင်း တိုးတက် လာ ခဲ့ လေသည်။ သို့ရာတွင် ထိုသို့လေ့လာရာ၌ အခက်အခဲများ ရှိပေသည်။ ထိုအခက်အခဲများအနက်။

ပိဋကတ်တော်သည် ကျယ်ဝန်းများပြားလှခြင်း။
ပါဠိတော် (ပါဠိဘာသာ)နှင့် ရေးသားထားခြင်း။
မြန်မာပြန်ကျမ်းများကို ကျယ်ပြန့်စွာ အချိန်ယူ၍ မလေ့လာနိုင်ခြင်း။
အဓိပ္ပာယ်အကောက်အယူ ခက်ခဲခြင်း။
အဖွင့်ကျမ်းဂန်များပြားလွန်း၍ မထောက်မိခြင်း။

စသည်တို့ကြောင့် လေ့လာရာတွင်အားငယ်တွန့်ဆုတ်ခြင်း ဖြစ်ကြရပေသည်။

ထိုမှတပါး မိရိုးဖလာကိုးကွယ်ခဲ့ကြသောဗုဒ္ဓဘာသာဝင်များအနက် အချို့သောသူတို့မှာ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ သိသင့်သိထိုက်သမျှကို ကျယ်ပြန့်စွာ သိရှိထားကြခြင်းမရှိသဖြင့်ဗုဒ္ဓဩဝါဒနှင့် ဆန့်ကျင်သည်တို့ကိုပင် ဗုဒ္ဓ၏တရားတော်နှင့် လွဲမှား မှတ်ယူမိသည်အထိ ဆုံးရှုံးနစ်နာခြင်း ရှိတတ်ကြပေသည်။ ဗုဒ္ဓဘာသာဝင်ဖြစ်လာလျှင် ပိဋကတ်အလုံးစုံကို မသိမထောက်မိစေကာမူ အခြေခံအားဖြင့်သိသင့်သိထိုက်သမျှကိုကား သိနားလည်ရန် လိုအပ်သည်သာ ဖြစ်ပေသည်။

ဗုဒ္ဓဒေသနာနှင့်ပတ်သက်၍ လေ့လာရာ၌ မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်ကပင် ပါဠိဘာသာကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာပြီးမှသာ ပိဋကတ်တော်တို့ကို ကူးဝင်လေ့လာကြရပေသည်။ ထို့ပြင် ပိဋကတ်ကျမ်းဂန်များကို ဖွင့်ဆိုသော ပုဂ္ဂိုလ်တို့ကလည်း မိမိတို့နားလည်ခံယူထားသော ပါဠိစကားလုံး၊ သို့မဟုတ် ပါဠိသက်သက်စကားလုံးဖြင့် ဗျာန။ ဗျာန်။ သန်္ဒါရာ။သန်္ဒါရ။ သမုဒယာ။ သမုဒယ။ စသည်ဖြင့် ဖော်ပြခဲ့ကြလေရာ။ ပါဠိအခြေခံမရှိသော ပုဂ္ဂိုလ်တို့မှာ ဆရာစဉ်ဆရာဆက်၊ ဤသို့ရှုတ် ဤသို့မှတ် ဟူသောအသိမှတဆင့် ကိုယ်တိုင်ဆင်ခြင်သုံးသပ်၍ ခွဲခြားနားလည်သော အသိသို့ ကူးမြောက်ရန်နှေးကွေးခဲ့ရပေသည်။

ဤအချက်တွင် မြန်မာပြန်ဆိုကြကုန်သော ပညာရှင်ကြီးများသည် ဗုဒ္ဓ၏အဆိုအမိန့် စင်ထွက်ချွတ်လွဲ၍ တမျိုး

တခြား လွဲမှားမည့်အရေးကို အထူးဒ္ဓ ကွက်တော်မူကြခြင်း ကြောင့် တကြောင်း။ ကိုယ်တိုင် ခံစား သိ နား လည် ပြီး ဖြစ်၍ကို အခြားသူများလည်း နားလည် လောက်တန်ရာ သည်ဟုယူဆ၍တကြောင်း။ အစဉ်အဆက်သင်ကြားဆည်း ပူးခဲ့သော ပါဠိတော်၏ စိကုံးနှုန်းဖွဲ့မှုနှင့် ဝေါဟာရလိုက်၍ တ ကြောင်း။ ထိန်း ကွပ်ပြန် ဆို တော် မူကြရသဖြင့်မြန်မာ ပြန်အချို့တို့သည် အဓိပ္ပာယ် ကွယ်ဝှက်မြဲ ကွယ်ဝှက်ခဲ့ရပြန် လေသည်။

ဥပမာ....

ဆွေမျိုးတို့၏ ပျက်စီးခြင်း အစ ရှိသည်တို့ဖြင့် နှိပ်စက်အပ်သောသူ၏သာလျှင် ဝစီပညတ်နှင့်တကွ ဖြစ်သော အထူးထူးအပြားပြား အားဖြင့် ဆိုသော အသံသည် ပရိဒေဝ မည်၏။

ဟူ၍ ပြန်ဆိုရာ၌ အဓိပ္ပာယ် သိတန်သမျှ သိစေ နိုင်သည်မှန် သော်လည်း ခေတ်လူငယ်လူရွယ်များစွာတို့သဘောမပေါက် မထောက်မိဘဲ ရှိရလေသည်။

ဆွေမျိုး တစုံတယောက်သေဆုံး၍ အမျိုးမျိုးဖွဲ့နွဲ့ ငိုယိုသော အသံသည် ပရိဒေဝပင် ဖြစ်၏။

စသော အရေ အဖွဲ့မျိုးသာလျှင် တိုက်ရိုက် ထိခတ်လျှံနိုး နိုင်ဘွယ်ရာရှိလေသည်။ ထိုမှတပါး ဥပမာ တို့တွင် လည်း ဝေးလံသော ဥပမာထက် နီးစပ်သော ဥပမာ သည်သာ ပို၍ထင်မြင်လွယ်ပေမည်။

ထိုကြောင့် မြတ်စွာဘုရား၏ အဆုံးအမ ပိဋကတ်တော်တို့ကို လွယ်ကူရှင်းလင်းစွာ တတ်နိုင်သမျှ နားလည်လွယ်အောင် ဖွင့်ဆိုသော စာအုပ်စာတမ်းတို့ကို လူအများပင် လိုလားတောင့်တလျက် ရှိကြပေသည်။

ထိုကာလ အတော အတွင်း၌ ဗုဒ္ဓဝါဒ ဗုဒ္ဓတရားတော်နှင့် စပ်လျဉ်း၍ အခြေခံအားဖြင့် သိသင့်သိထိုက်သမျှကို နားလည်လွယ်အောင် စုပေါင်းရှင်းလင်းဖွင့်ဆိုပြုစုရသော်ကောင်းပေမည်ဟူသော ဆန္ဒ တက်သန် သည်နှင့်အမျှ သိသင့်ရာတို့ကို မိမိခံစားနားလည်သည့်အတိုင်း ဖွင့်ဆိုရေးသား လိုက်ပေသည်။

ဤအခြေခံ ဖွင့်ဆိုချက်များတွင် တရားတော်၏ သဘောအနက် မတိမ်းမယိမ်းစေရန် ကြိုးစားအားထုတ်၍ သက်ဆိုင်ရာ ပိဋကတ်ကျမ်းဂန်များကို ညှိနှိုင်း ကိုးကားခြင်းပြုထားသော်လည်း အနက်ဖော်ပြရာတွင် အချို့နေရာ၌ မိမိနားလည်သည့်အတိုင်း စကားလုံးများဖြန့်ချဲ၍ အရဲစွန့်ကာ ရေးသားထားပေသည်။

သုံးစွဲရိုးပါဠိစကားလုံးများကို ပစ်ပယ်၍ မရစေကာမူ ပါဠိစကားလုံးများနှင့် တပြိုင်တည်းရှေးဦးသုံးစွဲသည့်အခါတွင် မြန်မာအဓိပ္ပာယ်ရမိသမျှ ဖော်ပြထားပေသည်။ တနေရာတည်းတွင် မဖော်ပြသည့်အခါ သက်ဆိုင်၌ ဖော်ပြထားပြီးခြင်းကြောင့် ချွင်းလှပ် ထားပေသည်။

သိလွယ်လောက်သောနေရာ၌၎င်း၊ တိကျတိုတောင်းသော မြန်မာစကားလုံး မရှိသောနေရာ၌၎င်း၊ အတိုအားဖြင့် ခေါ်မှတ်ရေးသားလိုရာ၌၎င်း၊ ပါဠိစကားလုံးဖြင့်ပင် ထပ်၍ သုံးစွဲထားပေသည်။ ပါဠိစကားလုံးများကို လိုအပ်ရာ၌ဖြည့် စွက်၍ဖော်ပြထားပေသည်။

ထိုသို့ ဖော်ပြခြင်းမှာ မည်သည့်ပါဠိစကား လုံးကို ရည်ညွှန်းကြောင်း ထောက်ဆ စေနိုင်ရန်နှင့် တပါ တည်းပင် ပါဠိဝေါဟာရ ဗဟုသုတရ၍ ပိဋကတ်ကျမ်းဂန် သို့မဟုတ် မြန်မာပြန်ကျမ်းရင်းအပြည့်အစုံကို လေ့လာရာ၌ ကူးဆက်မိစေရန် ရည်ရွယ်ပေသည်။

မည်သို့ပင်ဖြစ်စေ၊ တတ်နိုင်သမျှသိနားလည် လွယ်အောင် မြန်မာစကားလုံးများဖြင့် ရှင်းလင်းဖွင့်ဆို ထားပေသည်။ အများအားဖြင့် နားလည်ကြပြီးသော ပါဠိ စကားလုံးများကိုကား ထည့်သွင်းသုံးစွဲ ထားပေသည်။

ဤအခြေခံတွင် ဗုဒ္ဓတရားတော် တို့အဆီအနှစ်တို့ အပြည့်အဝ ပါရှိနိုင်မည် မဟုတ်သည်ကို ၎င်း။ ပါဠိလုံးဝမပါဘဲ ရှင်းလင်းရေးသားခြင်း မပြုနိုင်သေး သည်ကို၎င်း၊ ဝန်ခံရပေမည်။ ပါဠိရှောင်လွှန်းပါက စကား များ ရှည်လွန်း၍ ထပ်ကာထပ်ကာ ရှင်းလင်း သုံးနှုန်းနေရ သဖြင့် ဖတ်သူအဖို့ ပို၍ ရှုတ်ထွေးရှည်လျား နိုင်ပေသည်။

သို့ရာတွင် ဗုဒ္ဓဘာသာဝင်တယောက်အနေ ဖြင့် သိရှိတန်သမျှကို အတော်ခရီး ရောက်အောင် အသိ

အမြင် ပွင့်လင်းနိုင်မည်သာဖြစ်၍ အခက်အခဲတို့သည် ရှင်းလင်းပြေပြစ်တန်သမျှ တဆင့်အားဖြင့် ပြေပြစ်စေနိုင်မည်ဟူ၍ကား ယုံကြည်ပေသည်။ ပိဋကတ်တော်ကိုပြန်ဆိုရှင်းလင်းကာ ကျမ်းအစောင်စောင် ပြုခဲ့ကြသော ပညာရှင်များကို ဦးညွတ်လေးစားလျက် မျက်မှောက်ခေတ်၏ အလိုနှင့် လျော်အောင် ထိုပညာရှင်တို့၏ နောက်မှ နည်းခံ၍ တဆင့်ပြန်လည်ဖြန့်ဖြူးရမည်သာ ဖြစ်ပေသည်။

ဤအခြေခံကို ဖတ်ရှုလေ့လာ၍ ဗုဒ္ဓဘာသာဝင်တယောက်ဖြစ်လေပြီဟူ၍ ဝမ်းမြောက်ခြင်း ဖြစ်ကြပါမူကား ရည်ရွယ်ချက်အောင်မြင်ပြီဟု ဆိုရလိမ့်မည် ဖြစ်ပေသည်။ အသိညာဏ်ဖြန့်ဖြူးရခြင်းသည် မွန်မြတ်လှသည်ဟူသော အသိ၏ ရှေ့ဆောင်မှုဖြင့် ပြုစု ခြ င်းသာ ဖြစပေသည်။

ဗုဒ္ဓသာသနာ စည်ပင်ထွန်းလင်းပါစေသော်၊

လှသမိန်

# ဗုဒ္ဓဘာသာ

ဗုဒ္ဓဘာသာမှာမြတ်စွာဘုရား(ဗုဒ္ဓ)၏ လောကမှ ထွက်မြောက်ကြောင်း အဆုံးအမတရားတော်များပင် ဖြစ်လေသည်။ ရှေးဦးအခါကမူကား ဗုဒ္ဓသာသနာ ဟူသော အခေါ်အဝေါ်သည်သာ ထင်ရှားခဲ့လေသည်။ သို့ရာတွင် ဗုဒ္ဓမြတ်စွာ၏ တရားတော်သည် လူသတ္တဝါတို့ လောက သံသရာမှလွတ်မြောက်ရာ၊ ဒုက္ခအေးငြိမ်းရာလမ်းစကို ရှာဖွေနေကြခိုက်တွင် ထိရောက်တိုက်ဆိုင်လှသောကြောင့် လူအများ လိုလားမြတ်နိုးစွာ လက်ခံကျင့်ဆောင်ခဲ့ကြရာမှ ကိုးကွယ်ရာ တရပ်ဖြစ်လာခဲ့လေသည်။

ကမ္ဘာပေါ်၌ အချိန်ကာလ (ခေတ်)အသီးသီးတွင် ပညာရှိဘုရားအဆူဆူ ပေါ်ပေါက်ခဲ့လေသည်။ ထိုပညာရှိတို့သည် လူတို့အတွက် အကျိုးရှိရာ

ရှိကြောင်း နည်းလမ်း အမျိုးမျိုးတို့ကို ညွှန်ကြားခဲ့ကြသည့် အတိုင်း လိုက်နာသူများလည်း ပေါများလာကာ သီးခြား ကိုးကွယ်ရာဂိုဏ်းကြီးများ ပေါ်ထွက် လာခဲ့ကြလေသည်။

သို့ရာတွင် ဗုဒ္ဓမပေါ်မီရှေးအထက်က ပေါ်ပေါက်ခဲ့သော ပညာရှင်ကြီးများကား များစွာထင်ရှား ခြင်းလည်း မရှိ။ သံသယကိုချေပျက်နိုင်လောက်သော အခိုင် အမာ တရားစုလည်း များစွာ ကြွင်းကျန်ခြင်းမရှိသဖြင့် ဗုဒ္ဓ သည်သာ ထင်ရှားလာခဲ့လေသည်။

ဗုဒ္ဓ၏နောက်တွင် ကိုးကွယ်ရာ ဂိုဏ်း များ ထူထောင်ဦးဆောင်နိုင်ခဲ့သော ဘုရားအဆူဆူပေါ်ထွန်း ခဲ့သော်လည်း သံသရာမှ လွတ်မြောက်ကြောင်း ကျင့်စဉ်နှင့် ပတ်သက်၍ကား အယူအဆတမျိုးတဖုံစီ ကွဲပြားခြားနား လေသည်။

ကမ္ဘာလောကကြီးကို ဖန်ဆင်းသော တန်ခိုးရှင်နှင့် အတ္တကို ထင်ရှားစွဲယူကြရာတွင် မူမတူသော ဗုဒ္ဓ၏အယူအဆနှင့် လမ်းညွှန်တို့ကား ကွဲပြားခြားနားစွာ ရပ် တည် ထင်ရှား နေခဲ့ပေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် သီးခြားလမ်းစဉ်တရပ်အဖြစ် အခိုင်အမာ ရပ်တည်၍ သီးခြား ဂုဏ်သဘောကိုသာ ဆောင်ပေသည်။

ဗုဒ္ဓ၏အဆုံးအမများသည်ဖန်ဆင်းသူ ဣဿရနိမ္မာနအပြင်၊ ယာဝရမြဲတည်သော အတ္တဝါဒနှင့်

ခြားနား၍ လောက၌ ရှုမြင်ကို သုံး သပ် သော အယူအဆ အဘိဓမ္မာသာလျှင် ဖြစ်၍ ကိုးကွယ်ရာပုဂ္ဂိုလ်၊ ကိုးကွယ်ရာ ဂိုဏ်းသာမက အယူအဆအဘိဓမ္မာတရားအဖြစ်လည်း ခိုင်ခိုင် မာမာရပ်တည်လျက် ရှိလေသည်။ ထို့ကြောင့် ဗုဒ္ဓဝါဒ၊ ဗုဒ္ဓ အဘိဓမ္မာ၊ ဗုဒ္ဓလမ်းစဉ်ဟူသော စကားရပ်တို့ကို သုံးစွဲပညတ် ခဲ့ကြလေသည်။

ဗုဒ္ဓ၏ အဆုံးအမ တရားတို့တွင် ထိုတရားအခြေခံရာ ပရမတ္ထ တရားတို့နှင့် ပတ်သက်၍ငင်း၊ နည်းလမ်းကျင့်စဉ်နှင့် ပတ်သက်၍ငင်း၊ ရှင်းလင်း ဖွင့် ဆို ရန် လိုအပ်သော သဘောအချက်တို့ကို ပိုင်နိုင်လုံလောက်စွာ ရှင် ဖွင့်ရာ၌ အဘိဓမ္မာ သဘောတရားများ ပေါ်ပေါက်လာခဲ့ လေသည်။ ဝါ။ ရုပ်,နာမ်နှင့် လောကကို ရှုမြင်ပုံ သဘော တရား ထင်ကျန်နေခဲ့လေသည်။

ကျင့်စဉ်ဓမ္မကိုရှင်းလင်း၍ခိုင်မာသော သဘောသတ္တိကို အရင်းအမြစ်မှနေ၍ ထုတ်ဆောင်တင်ပြရာ၌ လောကကို ရှုမြင်သုံးသပ်ပုံ သဘောတရား အဘိဓမ္မာလည်း ပါရှိလာလေသည်။

ထို့ကြောင့် ဗုဒ္ဓလမ်းစဉ်ကို အချို့က 'ကိုးကွယ်ရာ ဘာသာတရား' ဟုယူဆ၍ အချို့က သဘာဝတ္တ တရား' ဟု ယူဆလေသည်။ စင်စစ်အားဖြင့်မူကား ဗုဒ္ဓ အဆုံး အမသည် သိရှိဆင်ခြင်ရှုံအတွက် သဘာဝတ္တ တရားမျိုးချည်း သာမဟုတ်ဘဲ လိုက်နာရန်၊ ကျင့်ဆောင်ရန်၊ အားထုတ်ရန်

နှင့် လောကအတွက်၎င်း၊ သံသရာ လွတ် မြောက်ရေး အတွက် ၎င်း၊ အကျိုးခံယူရရှိရန် နည်းလမ်းများနှင့်တကွ ထိုနည်း

လမ်းတို့၏ အခြေတကျခိုင်မာကြောင်းကို အထောက် အထား အားဖြင့် အရင်းမှစ၍ ဖော်ပြသော အဘိဓမ္မာ တရားတို့ ပေါင်းစပ်ထားသော သဘောဝါဒဖြစ်လေသည်။

ထိုကြောင့် ဝိနည်းမှတပါး သုတ်နှင့် အဘိဓမ္မာဟူသော ကဏ္ဍများ ပါရှိ နေလေသည်။ သဘော အယူအဆ (ဝါ) အဘိဓမ္မာနှင့် ကျင့်စဉ်များက မှန်မြတ်၍ ကျနမှန်ကန်သောအခါ ယုံကြည်မှုပေါ်၍ ယုံကြည်သည်နှင့် အမျှ ကိုးစားအားထားမှုပေါ်လာ၍ ကိုးကွယ်ဆည်းကပ်ခြင်း ပြုကြမြဲဖြစ်ရာ၊ ဗုဒ္ဓဝါဒသည်၎င်း၊ ဗုဒ္ဓသည်၎င်း၊ ဗုဒ္ဓ၏တပည့် ရဟန်းတို့သည်၎င်း၊ ကိုးကွယ်ရာများဖြစ်လာ၍ ဗုဒ္ဓဝါဒသည် ကိုးကွယ်ရာ ဘာသာတရပ် ဖြစ်လာရပြန်လေသည်။

အချို့သော ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓကို ကြည်ညို လွန်းလှသဖြင့် လူ့လောကမှ ပွင့်ပေါ်သော ပါရမီရှင်၊ ဉာဏ်တော်ရှင်၊ ကရုဏာရှင် ပုဂ္ဂိုလ်ကြီးတပါး အဖြစ်မခံယူလိုဘဲ မှန်းဆ၍မရသော အာဏာသဘော်နန်းမှ တွေးဆ၍မရနိုင်လောက်သော တန်ခိုးရှင်အဖြစ် သဘောထား

---

(ကမ္ဘာပေါ်တွင်ဗုဒ္ဓဘာသာဝင် သန်းပေါင်း ၁၆၀-ခန့် ရှိမည်ဟုခန့်မှန်း ရလေသည်။ )

သကဲ့သို့ လောကနှင့် ခွာ၍ စဉ်းစားယူဆရုံသာမက ထိုထက် လွန်၍ ဗုဒ္ဓမြတ်စွာ၏ တရားတော်နှင့် ဆန့်ကျင်လျက် မိမိတို့အား စောင်မကယ်တင်မည့် ဝိညာဉ်လောကမှ ဆုပေးတန်ခိုးရှင်အဖြစ်ယူဆကာ မိမိတို့ပြုလုပ်သမျှ ဘုရားရှင်အား မိမိတို့လိုရာကို ဖန်ဆင်းပေးသနားရန် တမ်းတတိုင်တည်မှု ပြုနေတတ်ကြပေသည်။

မိမိပြုလုပ်သမျှ မိမိခံစားရသည်ဟူသော ကံသဘောကို ဟောကြားတော်မူသော ဗုဒ္ဓသည် တစုံတဦးအား မှိုင်းမခြင်း၊ ကိုယ်စားဒဏ်ခံခြင်း၊ အစီအမံ ကွပ်ကဲခြင်း စသည်တို့ကို ပြုလုပ်မည် မဟုတ် သည် သာမက ပရိနိဗ္ဗာန်စံဝင်တော်မူပြီးဖြစ်၍ ရည်မှန်းကိုးကွယ်ရာ ဥဒ္ဒေသ မြတ်စွာဘုရားနှင့် ဗုဒ္ဓ-ဓမ္မနှင့် သံဃာတို့သာ ကျန် ရှိ နေ ပေသည်။ ဘုရားစင်စစ်ကား သက်တော်ထင်ရှားမရှိတော့ပေ။

ဘုရားဂုဏ်နှင့် ဘုရား ရတနာ ဟူ၍ မြတ်နိုးကိုးကွယ်ရာ၊ အာရုံပြုရာ၊ ရည်မှန်းရာ၊ လေးစားရာ ကျေးဇူးတော်တို့သာ ကျန်ရှိနေပေသည်။

မြတ်စွာဗုဒ္ဓက သတ္တဝါတို့ အား ကယ်မပုံမှာ သံသရာဝဋ်မှ ထွက်လမ်းကို ကျင့်ဆောင်ရန်နှင့် လောက အကျိုးပေါ်ရှိစေသော အဆုံးအမတို့ကို လိုက်နာရန် လမ်းပြခြင်းဖြင့် ဗုဒ္ဓသာသနာ တည်တံ့သည်နှင့်အမျှ ကယ် တင်၍မဆုံးအောင် ကယ်တင်ထားခဲ့ခြင်းသာ ဖြစ်လေသည်။

သို့ရာတွင် ပရိနိဗ္ဗာန် စံဝင်ပြီးသော ဗုဒ္ဓမြတ်စွာအား ရည်မှန်းပူဇော်ခြင်းသည် စေတနာ မွန်မြတ်သည်နှင့်အမျှ သက်တော်ထင်ရှားမြတ်စွာဘုရားအား ပူဇော်သည်နှင့် ထပ်တူအကျိုးများသည်သာ ဖြစ်လေသည်။

ရုပ်ပွားဆင်းတုကို ဖူးမြော်၍ရှင်း၊ ဥဒ္ဒိဿစေတီပုထိုးတို့ကို ဖူးမြော်၍ရှင်း၊ ပူဇော် သက္ကာယ ပြုခြင်းသည် မိမိအားရုံ၌ သက်တော် ထင်ရှား မြတ်စွာဘုရားကို ရည်၍ ညာဏစက္ခုအာရုံဖြင့် ဖူးမြင်ကာ ပူဇော်သက္ကာ ပြုခြင်းတို့နှင့် အတူအမျှပင်ဖြစ်၍ အခြေခံမှာ သဒ္ဓါယုံကြည်မှုသာပင် ဖြစ်လေသည်။ ပရမတ္ထတရားသဘောဖြင့် ကောက်ယူသော်။ ဂေါတမဗုဒ္ဓ၏ ကိုယ်စားတော်အဖြစ် ကိုးကွယ်ရာ ဆင်းတုရုပ်ပွား စေတီပုထိုးဟူသမျှသည် မည်သည်က ပို၍ ဆုတောင်းပြည့်သည် တန်ခိုးကြီးသည်ဟူ၍ ခြားနားရှုမြင်ရန် မလိုဘဲ ထပ်တူထပ်မျှ ယုံကြည်ညွတ်တွားခြင်းသာ ပြုဘွယ်ရှိလေသည်။

ဗုဒ္ဓမြတ်စွာကို ကြည်ညိုသည်နှင့်အမျှ ဗုဒ္ဓ၏အဆုံးအမ သာသနာတော်ကို ပူဇော်ချီးမြှောက်ခြင်း။ လိုက်နာကျင့်သုံးခြင်း ပြုကြရပေသည်။ ဗုဒ္ဓဘာသာဝင်ဟုဆိုသော်လည်း မိရိုးဖလာအစဉ်တစိုက် ကိုးကွယ်ခြင်း ထက် အနည်းဆုံး ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို သဘောပေါက်နားလည်ခြင်း (ဝါ) သရဏဂုံတည်ခြင်း ရှိရပေသည်။

ထိုထက်တဆင့်မူကား ဗုဒ္ဓမြတ်စွာ၏ အခြေခံတရားတော်များအနက် ငါးပါးသီလ ဒုစရိုက် (၁၀) ပါး စသည်တို့ကို သိနားလည်ရပေမည်။ ထိုထက်သော်ကား တရားတော်များကို တတ်နိုင်သမျှ သိမြင်အောင် ကြိုးစား လေ့လာရပေမည်။ ထိုသို့ လေ့လာသည်နှင့် တပြိုင်တည်း ဗုဒ္ဓမြတ်စွာ၏ အဆုံးအမများကို တတ်နိုင်သမျှလိုက်နာရမည် ဖြစ်လေသည်။

ထိုထက်သော်ကား အဆုံးအမ အားလုံးကိုလိုက်နာ၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရေးကို ကြိုးပမ်းရပေမည်။ သာမန်လူများ၊ ကိလေသာကာမစင်သော ပုတုဇဉ်များအဖို့ ဒုစရိုက်အားလုံး အယိုအပေါက်မရှိ လုံခြုံရန်သော်၎င်း၊ ကောင်းမှုကောင်းကျင့်များကို အပြည့်အဝ အား ထုတ်ရန် သော်၎င်း၊ တတ်စွမ်းနိုင်ခြင်းမရှိဟု ဆိုစေကာမူ အား ထုတ်နိုင်သမျှ မိမိအတွက် အကျိုးရှိသည်သာ ဖြစ်လေသည်။

ထိုကြောင့် တရားမသိသော အန္ဓ၊ (အကန်းအမိုက်) ပုထုဇဉ်အဖြစ်မှ ကလျာဏသူတော်ကောင်း ပုထုဇဉ်အဖြစ် ဗုဒ္ဓဘာသာဝင်အဆင့်မြင့်တက်ရန် လိုပေသည်။

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူများအား ဗုဒ္ဓဘာသာဝင်ဟု ခေါ်ဆိုရာ၌ ဂိုဏ်းအားဖြင့် မဟာယာန၊ ဟိနာယာ စသည်ဖြင့် ခွဲခြားခြင်း မပြုပေ။

သို့ရာတွင် မိမိ ယုံကြည်သော ဝါဒ၊ ယုံကြည်သောဂိုဏ်းအယူကိုကွဲပြားစေလိုရာ၌ကား မဟာယာန ဗုဒ္ဓဘာသာဝင်၊ ထေရဝါဒဗုဒ္ဓဘာသာဝင်ဟူ၍ခွဲခြားဖော်ပြ နိုင်လေသည်။

ယခုအခါတွင် 'ဗုဒ္ဓဘာသာ'ဟူသော စကားလုံးသည် ဗုဒ္ဓ၏အဆုံးအမ၊ ဗုဒ္ဓကိုအစွဲပြု၍ ပေါ်လာသော တပည့်ကိုးကွယ်သူ အထုအထည်အင်အားစုနှင့် ဗုဒ္ဓဘာသာ သက်ဝင်သူများကိုပါ တင်စား၍ ခေါ်ဆိုပေသည်။

# သာသနာတော်ပြန့်ပွားခြင်း။

ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ဗုဒ္ဓသာသနာတော် မည်သို့ ပြန့်ပွားဝင်ရောက် လာပုံကိုလည်း အကျဉ်းအားဖြင့် သိရှိထားရန် လိုအပ်ပေသည်။ သာသနာကြီးပွားပုံနှင့် ပတ်သက်၍ သာသနာဝင် (သာသနာဝံသ) ကျမ်းများတွင် အကျယ်တဝင့် ပြဆိုထားကြသည်သာ ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာသည်၊ မဟာသက္ကရာဇ်-၁၀၃-ခုနှစ်တွင်၊ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသည်မှ

စ၍၊ ဗုဒ္ဓသာသနာဟူသော အဆုံးအမတို့သည် ကျယ်ပြန့်လာခဲ့၍၊ ယုံကြည်ကိုးကွယ်သူများသည် တိုးတက် များပြားလာခဲ့လေသည်။ မြတ်စွာဘုရားသည် သက်တော်ထင်ရှားရှိစဉ်၊ ၄၅-ဝါပတ်လုံး အရပ်ရပ်သို့ လှည့်လည်ကာ ကျွတ်ထိုက်သော သတ္တဝါတို့အား တရားဟောပြောကာ ဗုဒ္ဓဝါဒကို ကျယ်ပြန့်စေခဲ့လေသည်။ အထူးသဖြင့် ဂင်္ဂါ မြစ်ဝှမ်းတွင် အထူးထွန်းကားခဲ့လေသည်။

ထို သို့ သာ သနာ တော် တည် ဆဲ၊ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်မှာပင်၊ အရှင်အာနန္ဒာစသော သာဝကတို့သည်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပါက၊ အစဉ်သဖြင့် ကိုးကွယ်ရာကိုင်း၊ သံဃာတော်တို့နှင့်တကွ သာသနာတော်ကို ဦးဆောင်မည့် ပုဂ္ဂိုလ်ကိုင်း ရရှိလိုကြသဖြင့်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံခါနီးတွင်၊ မြတ်စွာဘုရားအား လျှောက်ထား မေးမြန်းလေသည်။ ထိုအခါ မြတ်စွာဘုရားက၊ နောင်အခါတွင်-

၁။ ဖွားမြင်တော်မူရာဒေသ၊
၂။ သစ္စာလေးပါးသိမြင်၍ဘုရားဖြစ်တော်မူရာဒေသ၊
၃။ ဓမ္မစကြာတရား ဟောကြားတော်မူရာဒေသ၊
၄။ ပရိနိဗ္ဗာန်ပြုတော်မူရာဒေသ၊

များကို ကိုးကွယ်ပူဇော် လေးမြတ်ခြင်း ပြုကြ လိမ့်မည့်အကြောင်းကိုင်း၊ ဘုရားပရိနိဗ္ဗာန်စံလွန်ပြီးနောက်၊ တရား

ခမ္မနှင့် ဝိနည်းတို့သည် ရဟန်းတို့အား ဦးဆောင် ဆုံးမနေမည့် ဆရာပင်ဖြစ်နေမည့် အကြောင်းကိုရှင်း၊ မိန့်ကြားတော်မူခဲ့လေသည်။

ထိုမှတပါးမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်မှာပင်၊ မြတ်စွာဘုရား အရပ်တပါးသို့ ကြွသွားခိုက်တွင် ဖူးမြော်ဆည်းကပ်ရန် ကိုယ်စားတော် တစုံတရာကို တောင်းပန်သဖြင့်၊ ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ကို ပူဇော်ခွင့်ပြုခဲ့သည့်ပြင်၊ မြတ်စွာဘုရား ကိုယ်တော် တိုင်ပင်လျှင်၊ ဆံတော်ခေတ်တို့ကိုရှင်း၊ ခြေတော်ရာကိုရှင်း၊ ကိုးကွယ်ရာ သနားတော်မူခဲ့လေသည်။

ဤနည်းဖြင့် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က၊ ပွင့်တော်မူ၍ ၄၉-ရက်မြောက်သောနေ့၌ ဥက္ကလာဇနပုဒ်မှ၊ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ကို အကြောင်းပြု၍၊ ဘုရားရတနာနှင့် တရားရတနာဟူသော ဒွေဝါစိကသရဏဂုံနှင့်၊ ဆံတော်မြတ်တို့ကို ဥက္ကလာဇနပုဒ်တိုင်းသားတို့ ကိုးကွယ် ပူဇော်ခွင့် ရသည့် အကြောင်းနှင့် တဆက်တည်းပင် ဆံတော်မြတ် ၄-ပနာရာ လေးဆူခေတ်ပုံ ရွှေတိဂုံစေတီတော်ကို သိင်္ဂုတ္တရကုန်း (ဒဂုံ) တွင် တည်ထားခဲ့သဖြင့်၊ မြန်မာနိုင်ငံသို့ သာသနာတော် အရိပ်ဖြန့်လွှမ်းခဲ့သည်ဟူ၍ မှတ်ယူရလေသည်။

ထိုမှတပါး မြတ်စွာဘုရား ပွင့်တော်မူချိန်လောက်တွင် သာကီဝင်မင်း ဓမ္မရာဇာသည်၊ တိုင်းရေးပြည်မှုကြောင့်၊ မြန်မာနိုင်ငံမြောက်ပိုင်းသို့ဝင်ရောက် အခြေစိုက် ခဲ့ရာတွင် မြတ်စွာဘုရား၏ သာသနာ အဆုံးအမတော်တို့လည်း ပါရှိလာနိုင်ဘွယ်ရှိသည်ဟု ယူဆကြပေသည်။ သို့ရာတွင် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်အလုံးစုံကား ပြန့်ပွားနိုင်ဦးမည် မဟုတ်သည်မှာ ထင်ရှားပေသည်။

ထို့နောက် မြတ်စွာဘုရား ကိုယ်တော်တိုင်ပင်လျှင်၊ သုဝဏ္ဏဘုမ္မိ သထုံမှ အရှင် ပဝမ္မတိ၏တောင်းပန် ပင့်လျှောက်ချက်အရ၊ ရဟန္တာငါးရာနှင့် အတူသထုံပြည်သို့ကြွရောက်လာကြောင်းကိုရှင်း၊ ဝါတော် ၂၀။ အရတွင် သန္တာပရတိုင်းမှ စူဠပုတ်-မဟာပုတ် ညီနောင်တို့ကို အကြောင်းပြု၍၊ အထက်မြန်မာနိုင်ငံလယ်ကိုင်းအရပ်သို့ ကြွတော်မူ၍ သီတင်းသုံးကာ တရားဟော၍၊ သစ္စဗဒ္ဓတောင်ခြေနှင့် တောင်ထက်တွင် ခြေတော်ရာများ ချခဲ့ကြောင်း ကိုရှင်း သိမှတ်ကြရလေသည်။ ဤနည်းဖြင့် မြတ်စွာဘုရား လက်ထက်တော်ကပင်လျှင်၊ မြန်မာနိုင်ငံသို့ သာသနာ ရောက်ရှိကြောင်းကို မှတ်ယူဘွယ်ရှိလေသည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီးနောက်တွင်ကား ဓာတ်တော် မွေတော်တို့ကို ဇမ္ဗုဒီပါကျွန်းရှိ မင်းရှစ်ပါးတို့ ခွဲဝေပူဇော်ခွင့်ရရှိခဲ့လေသည်။ ဓာတ်တော်

မွေတော်တို့ကို အရပ်ရပ်တွင် ဌာပနာ၍ စေတီတည်ထားကိုးကွယ်ကြရာ၊ ထိုသို့ကိုးကွယ်ခြင်းသည် သာသနာတော်ကို သက်ဝင်ယုံကြည်၍ အဆုံးအမတော်ကို ခံယူခြင်း၏ အမှတ်အသားပင်ဖြစ်ရာ သာသနာတော် ပြန့်ပွားခြင်း၏ အမှတ်လက္ခဏာပင်လျှင် ဖြစ်လေသည်။

ထိုခေတ်တော် မွေတော်တို့ကို နောင်ခေတ်များတွင် ဒေသအရပ်ရပ်သို့ဖြန့်၍ ပူဇော်ခွင့်ရရှိခဲ့လေရာ သာသနာတော် တည်ထွန်းရေးအတွက် ထင်ထင် ရှားရှား အားပေးရပ်တည်နေခဲ့သော ဗုဒ္ဓရှင်တော်၏ နိမ္မိတကိုယ်စားတော်ကဲ့သို့ သာသနာတော်ကို ကျေးဇူးပြုခဲ့လေသည်။

ထိုနောက် ရှင်မဟာကဿပ အမှူးပြုသော ပထမသင်္ဂါယနာပွဲသည်လည်း သာသနာ ဆက်လက်ထွန်းလင်းစေသည့် မှတ်တိုင်ကြီးတတိုင်ပင် ဖြစ်ခဲ့ရလေသည်။ ပထမသင်္ဂါယနာပွဲအပြီးတွင် ဗုဒ္ဓသာသနာတော်သည် မဇ္ဈိမဒေသအိန္ဒိယနိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် မင်းများကိုယ်တိုင် ချီးပံ့စောင့်ရှောက်မှုဖြင့် အနှစ်တရာကျော်ခန့် ပြန့်ပွားစည်ပင်ခဲ့လေသည်။

ထိုနောက်တွင်ကား ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းတို့က ဝိနည်းနှင့် ပတ်သက်၍ ကဲ့လွဲယူဆချက် ၁၀-ခုကိုအကြောင်းပြု၍ ဂိုဏ်းကွဲရိပ်များ ပေါ်

ထွက်လာသည့်အတွက် ဒုတိယသင်္ဂါယနာတင်ရပြန်လေသည်။ ထိုအချိန်တွင် ဝဇ္ဇီတိုင်းသား ရဟန်းများသည် ရဟန်း တသောင်းပါဝင်သော စင်ပြိုင် အစည်းအဝေး ပြုလုပ်ကြ၍ မဟာသံဃိကအဖွဲ့ကို သီးခြားထူထောင်ခဲ့ကြလေသည်။

သို့ရာတွင် ဝိနည်း အတန်ငယ်မျှလွဲ၍ ကျန်ဒေသနာတော် အရပ်ရပ်တွင်ကား ကွဲလွဲခြင်းမရှိခဲ့သဖြင့် သာသနာ၏ တိုးတက်မှုမှာ ထိခိုက်ခြင်း မရှိခဲ့ပေ။

ထိုမဟာသံဃိကဂိုဏ်းသည် နောင် နှစ်ပေါင်း ၄၀၀-ကျော် ၅၀၀-အတွင်း၌ တရားတော်အယူအဆကိုအခြေပြု၍ မဟာယာန ဂိုဏ်းကွဲကို ထင်ရှားစွာ ထူထောင်ခဲ့လေသည်။

ဒုတိယ သင်္ဂါယနာပွဲတွင် အိန္ဒိယ နိုင်ငံအရပ်ရပ်မှ ရဟန်းတော်များ တက်ရောက်ခဲ့ကြခြင်းကို ထောက်ရှု၍ သာသနာတော် နှစ်ပေါင်း ၁၀၀-အတွင်း အိန္ဒိယနိုင်ငံအရပ်ရပ်သို့ ပြန့်ပွားခဲ့သည်မှာ ထင်ရှားလေသည်။ ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီး၏ လက်ထက် သာသနာနှစ် ၂၃၅-ခုနှစ်တွင်မူကား သာသနာတော်သည် အိန္ဒိယနိုင်ငံတွင်း၌သာမက အိန္ဒိယနိုင်ငံ ပြင်ပသို့ပင် ပြန့်ပွားခဲ့လေသည်။

အသောက မင်းကြီးသည် အိန္ဒိယ နိုင်ငံကြီးတခုလုံးကို တပေါင်း တစည်းတည်း ထူထောင်

စုစည်းနိုင်ရုံသာမက ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုများ လည်း စေလွှတ်ခဲ့လေသည်။ မြတ်စွာဘုရားရှင်အား အလေး အမြတ်ပြု၍ နေရာမြတ်လေးပါးသို့ ကိုယ်တိုင်ကြွရောက်ဝတ် ပြုရုံမက စေတီပုထိုး ကျောက်တိုင်များကိုပါ တည်ဆောက် ထားခဲ့လေသည်။ ထိုမျှမက ဓာတ်တော် မွေတော်များကို လည်း နိုင်ငံအနှံ့ ဖြန့်ဖြူးခဲ့လေသည်။

ထိုသို့ ဓာတ်တော်များ ဖြန့်ဝေမှုကို အကြောင်းပြု၍ရင်း၊ အရှင်သောနက ထေရ်နှင့် အရှင်မဟိန္ဒ ရက္ခိတထေရ်တို့ကို အကြောင်းပြု၍ သုနာပရန္တ တိုင်း တွင် သာသနာတော်ပြန့်ပွားခဲ့၍ အရှင် သောဏ ထေရ်တို့ကို အ ကြောင်းပြု၍ သုဝဏ္ဏဘူမိတိုင်းတွင်လည်း သာသနာတော် ပြန့်ပွားခဲ့လေသည်။

။ အသောက ကျောက်စာများတွင် ကား မြန်မာနိုင်ငံနှင့်ပတ်သက်၍ဖော်ပြထားခြင်းမတွေ့ရပေ။

---

သာသနာနှစ် ၁၀၁-ခုနှစ်တွင် သရေခေတ္တရာ ဒွတ္တပေါင်မင်းကြီးသည် နဖူး သင်း ကျစ် တော် ကို ဌာပနာ၍ စေတီတည်ကြောင်းကို သမိုင်းတို့တွင် ဖော်ပြထားလေသည်။ ထိုအချိန်၌ သာသနာတော် ပြန့်ပွားလျက်ရှိကြောင်း မှတ်ယူရပေသည်။

အထူးသဖြင့် တတိယ သင်္ဂါယနာပွဲအပြီးတွင် သီရိဓမ္မာသောကမင်းကြီး၏ သားတော် ရှင်မဟိန္ဒသည် အခြားရဟန်း ၄-ပါးနှစ်အတူ သီဟိုဠ်ကျွန်း သို့ သာသနာပြုကြွတော်မူရာ၊ အထူးအောင်မြင်ခဲ့၍ တိဿမင်းကြီး၏အကူအညီဖြင့်ဗုဒ္ဓသာသနာကိုထူထောင်နိုင်ခဲ့လေသည်။ ထိုအချိန်၌ အိန္ဒိယနိုင်ငံတွင် ထေရဝါဒဂိုဏ်းမှပင် ဂိုဏ်းသေးဂိုဏ်းမွှားများ ပေါ်ပေါက်လာခဲ့၍ သီရိဓမ္မာသောကမင်းကို ဆက်ခံသော မင်းများမှာလည်း သာသနာတော်ကို ကြည်ညိုခြင်း ယုတ်လျော့လာခဲ့ကြသဖြင့် သာသနာမှေးမှိန်လာခဲ့လေသည်။

စင်စစ်အားဖြင့် သာသနာတော်၏ အခြေစိုက်ရာဌာနသည် အိန္ဒိယနိုင်ငံမှ သီဟိုဠ်ကျွန်းသို့ ယွန်းရွေ့လာခဲ့လေသည်။ ထေရဝါဒဂိုဏ်း၏ စာပေ များ လည်း အိန္ဒိယနိုင်ငံ၌ ပျောက်ကွယ်လုမတတ်ဖြစ်၍ သီဟိုဠ်ကျွန်းမြန်မာနိုင်ငံနှင့် အရှေ့တောင် အာရှများတွင်ကား သာသနာအရှိန်ပို၍ မြင့်တက်လာခဲ့လေသည်။ သာသနာနှစ် ၄၅၀-တွင်ကား ထေရဝါဒဗုဒ္ဓဘာသာသည် သီဟိုဠ်ကျွန်း၌ပင် စတုတ္ထသင်္ဂါယနာတင်ပွဲကျင်းပခဲ့လေသည်။

သီရိဓမ္မာ သောကမင်းကြီး၏ နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဖက်ပိုင်းတွင် သာသနာတော်ညှိုးခဲ့၍ အနောက်မြောက်ပိုင်းဖက်တွင်ကား ထွန်းကားမြဲရှိခဲ့ပေသည်။ ထိုနောက် အနှစ် ၂၀၀-ခန့်တွင် အိန္ဒိယနိုင်ငံ

အနောက်မြောက်ဖက်ပိုင်းကို ဂရိတ်လူမျိုးတို့သိမ်းပိုက်ခဲ့သော်လည်း ဂရိတ်လူမျိုးတို့သည် သဘောထားကြီးသည့် အတိုင်း ဗုဒ္ဓသာသနာတော်သည် ထွန်းကားမြဲ ထွန်းကား နိုင်ခဲ့ရုံသာမက ဂရိတ်အဆက်အနွယ်ဖြစ်သော မေနန္ဒ 'မိလိန္ဒမင်းကြီး' သည် အရှင်နာဂသေန 'အရှင်နာဂသိန်'၏ ကျေးဇူးဖြင့် သာသနာ၌တည်၍ ရဟန်းဘောင် သို့ ပင် တက် ရောက် ခဲ့လေသည်။

သာသနာနှစ် ၅၆၉-ခု နှစ် ခန့်တွင် မေနန္ဒ၏နိုင်ငံကို 'ခတ်ပိစိမင်း' ခေါင်းဆောင်သော ကုသျှာန်မင်းများက တိုက်ခိုက်ပြီးနောက် ပထမမင်းနှစ်ဆက်တွင် ဗုဒ္ဓသာသနာတော်ကို မထိပါးစေဘဲ အုပ်ချုပ် ခဲ့လေသည်။

သာသနာနှစ် ၆၂၂-ခုနှစ်တွင် ကနစ်သျှတ 'ကနိသိတ' မင်းဆက်ခံလေရာ၊ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုခြင်းဖြစ်လာပြန်၍ မြတ်စွာဘုရား၏ ဓာတ်တော် မွေတော်တို့ကို ရှာဖွေစုဆောင်းပြီးနောက် အိန္ဒိယနိုင်ငံ တ ဝှမ်း တွင် စေတီများတည်၍ ဥပနာကာ ကိုးကွယ်စေခဲ့လေသည်။

ထို မင်း လက်ထက်တွင် သင်္ဂါယနာပွဲကျင်းပရာ၊ မဟာယာနဂိုဏ်းက တိုသင်္ဂါယနာပွဲကို စတုတ္ထသင်္ဂါယနာဟု အသိအမှတ်ပြုသော်လည်း ထေရဝါဒဂိုဏ်းကမူ အသိအမှတ်မပြုခဲ့ချေ။ ထိုသင်္ဂါယနာမှာ မဟာသံဃိကဂိုဏ်းတခိုးစိ ကျင်းပခြင်းလည်း မဟုတ်ဘဲ၊ ထေရဝါဒရှေး

ဦးဂိုဏ်းမှဂိုဏ်းခွဲ၊ သဗ္ဗတ္ထိဝါဒဂိုဏ်းက လက်အောက်ခံ ဂိုဏ်းများနှင့် ပူးပေါင်းကျင်းပခြင်းသာ ဖြစ်လေသည်။

ကနစ်သျှကမင်း လက်ထက် တွင် ပင် ထေရဝါဒဂိုဏ်းနှင့် အခြားဂိုဏ်းများမှာ ကွဲသည်ထက်ကွဲလာ၍ အိန္ဒိယနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာအားနည်း၍လာခဲ့လေသည်။ ထိုအချိန် မြတ်စွာဘုရား ပွင့်ချိန်မှ စ၍ တိမ်ကောခဲ့သော ဟိန္ဒူအယူဝါဒ ပြန်လည်ဖွံ့ဖြိုးခဲ့ပြီး ဗုဒ္ဓဝါဒတွင် ဟိန္ဒူအယူအဆများ အရိပ်ထင်လာခဲ့လေသည်။

ထိုအချိန်တွင် ကနစ်သျှကမင်း၏ သင်္ဂါယနာကိုအရှိန်ယူ၍ မဟာယာန ဗုဒ္ဓဘာသာဂိုဏ်း သီးခြားပေါ်ထွက်လာလေသည်။ ထိုမဟာယာနဂိုဏ်းမှ ဂန္ဓာရတိုင်း တက္ကသိလ-စသောမြို့ကြီးများတွင် ဗုဒ္ဓဘာသာကျောင်းများ ဖွင့်လှစ်၍ တိဗက်နှင့် တရုပ်နိုင်ငံမှ ရဟန်းများလည်း လာရောက်လေ့လာဆည်းပူးခဲ့ကြလေသည်။

ထိုနောက်တွင် ကနစ်သျှကမင်းဆက်ပြတ်၍ ဗုဒ္ဓသာသနာကို ချီးမြှောက်သူများ အိန္ဒိယနိုင်ငံ၌ နည်းပါးပျောက်ကွယ်ခဲ့၍ ဟိန္ဒူဘာသာဝင် ဂုတ္တမင်းများ လက်ထက်တွင် တချိန်တချိန်၌သာ ထွန်းလင်းပြီးနောက် သာသနာဆုတ်ယုတ်ခဲ့လေသည်။ ဂန္ဓာရတိုင်းနှင့် မာဂဓတိုင်းတို့တွင်ကား မဟာယာနဗုဒ္ဓဘာသာထွန်းတောက်ခွင့် ရခဲ့ပေသေးသည်။ သို့ရာတွင် ကြာမရှည်ဘဲ ဂုတ္တမင်းများခေတ်တွင် မဟာယာနဗုဒ္ဓဘာသာ မှေးမှိန်သွားခဲ့လေသည်။

သာသနာနှစ် ၁၀၀၀- ကျော်တွင်ကား အိန္ဒိယနိုင်ငံမြောက်ပိုင်းသို့ ယန်း 'ဟုန်'လူမျိုးများ အလုံးအရင်းနှင့် ဝင်ရောက်၍ဂန္ဓာရတိုင်းရှိ ရဟန်းကျောင်းများ၊ သာသနာအဆောက်အဦးများကို ပျက်စီး၍ ရဟန်းတော်များ၊ ပညာရှိများကိုပါ နှိပ်စက် သတ်ဖြတ် လေသည်။ ထိုအချိန်၌ တက္ကသိလ ကျောင်းတော်ကြီးလည်း ပျက်စီး၍ ဂုတ္တာမင်းတို့၏ နိုင်ငံလည်း အစိပ်စိပ်ကွဲလေသည်။

ထိုအချိန် မတိုင်မီ သာ သ နာ နှစ် ၉၄၀-ခန့်တွင်ကား ပုဂံပြည် ကြောင် ဒုရစ် မင်း လက်ထက်တွင် ရှင်ဗုဒ္ဓဃောသထေရ်သည် ဗုဒ္ဓပိဋကတ် တော် များ ကို သီဟိုဠ်ကျွန်းမှ ရေးကူးယူလာ၍ သထုံပြည်သို့ ပင့်ဆောင်၍ လေ့လာကြသဖြင့် သထုံပြည်တွင် သာသ နာ တော် ထွန်းတောက်လာခဲ့ရပြန်လေသည်။

သာသနာနှစ် ၁၆၀၁-ခုနှစ် သက္ကရာဇ် ၄၁၉-ခုနှစ်တွင် ပုဂံပြည်အနော်ရထာမင်းကြီးသည် ပုဂံပြည်၌ ကိုးကွယ်နေကြသော မဟာယာနဂိုဏ်း၏ ဗုဒ္ဓဘာသာကိုးကွယ်သော အရည်းကြီးသာသနာကို ကျေနပ်ကြည်ညိုနိုင်ခြင်းမရှိဘဲ ရှင်အရဟံ၏ညွှန်ပြချက်ဖြင့် သထုံမှ ထေရဝါဒ ပိဋကတ်တော်များကို ပင့်ဆောင်၍ လေ့လာ ကျင့်သုံးစေသဖြင့် မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓ ဘာသာ သည် အရှိန်အဟုန်ကြီးစွာ အမြစ်တွယ်၍ စည်ပင်လာခဲ့လေသည်။

သာသနာနှစ် ၁၁၄၉- ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ဟာရှာမင်းကြီး နန်းတက်လေရာ၊ အိန္ဒိယ နိုင်ငံသည် စည်းလုံးမှုရရှိလာခဲ့ပြန်လေသည်။

ထိုမင်းကြီးသည် ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်၍ မိမိနိုင်ငံ ဂင်္ဂါမြစ်ဝှမ်း တလျှောက်တွင် စေတီပုထိုးများတည်ခြင်း၊ ရဟန်းကျောင်းများဆောက်ခြင်း၊ စာသင်တိုက်များ ဖွင့်လှစ်ခြင်းတို့ကို အားထုတ်ခဲ့၍ ဗုဒ္ဓစာပေများပို့ချရာ၊ နာလန္ဒတက္ကသိုလ်ကြီးကို ထူထောင်အားပေးခဲ့လေသည်။ သို့ရာတွင် ထိုမင်းကြီးသည် အခြားဘာသာ ကိုးကွယ်လိုသူများကိုလည်း ခွင့်ပြုခဲ့ရာ၊ ဟိန္ဒူဘာသာဝင်များသည် ပူရာဏဟိန္ဒူဝါဒဂိုဏ်းသစ်ကို ထူထောင်၍ ဇာတ်ဝါဒကိုကျင့်သုံးကာ သာသနာတော်ကို ထိုးဖေါက်လှမ်းမိုးစပြုလာခဲ့လေသည်။

သာသနာနှစ် ၁၄၀၀-ကျော်တွင် မာဂဓတိုင်း၌ ပါလမင်းများအုပ်စိုးခဲ့၍ ဗုဒ္ဓသာသနာအတန်ကြာ ထွန်းတောက်ခဲ့လေသည်။ ပါလမင်းများသည် ဗုဒ္ဓဘာသာ သံဃတက္ကသိုလ်အသစ် နှစ်ဌာနအပြင် နာလန္ဒတက္ကသိုလ်ကိုပါ ထောက်ပံ့အားပေးခဲ့ကြသဖြင့် ဗုဒ္ဓသာသနာပြန်လည် စည်ပင်ခဲ့ပြန်လေသည်။

ထိုပါလနိုင်ငံမှ ရဟန်းတော်များသည် အရှေ့အာရှတောင်ပိုင်း နိုင်ငံများနှင့် တိဗက်နိုင်ငံများသို့ မဟာယာနဗုဒ္ဓသာသနာကို ဖြန့်ဖြူးနိုင်ခဲ့လေသည်။

သာသနာနှစ် ၁၅၀၀- ကျော် တွင် ကား မွတ်စလင်ပသီမင်းများ အိန္ဒိယနိုင်ငံကို သိမ်း ပိုက် ခဲ့ သဖြင့် ဗုဒ္ဓသာသနာတော်သည် အိန္ဒိယ နိုင်ငံတွင် ကွယ် ပျောက်လုနီးပါး မှေးမှိန်သွားခဲ့လေသည်။

သာသနာနှစ်၁၇၃၆-ခုနှစ်တွင်ကား သီဟိုဠ်ကျွန်းတွင် ကျမ်းဂန်သင်ကြား၍ ပဥ္စင်းတက်ခဲ့သော အရှင်ဥတ္တရာဇီဝထေရ်၏တပည့် ဆပဒထေရ်နှင့် ရဟန်းတော် ၄-ပါးတို့သည် ပုဂံပြည်သို့ ရောက်ရှိလာခဲ့ပြီး ပုဂံမှရဟန်း တော်တို့ ရဟန်းခံမှု၌ ဝိနည်းတော်နှင့် မညီဟု မှတ် ယူ၍ သီးခြားကင်းကြီ ကင်ယ်ဆောင်ရာမှ ဂိုဏ်းကွဲများ ပေါ်ထွက် လာခဲ့လေသည်။

သို့ရာတွင် ထိုအချိန်၌ သီဟိုဠ်ကျွန်း မြန်မာနိုင်ငံနှင့် သာသနာနှစ် ၁၇၀၀- ပတ်ဝန်း ကျင် တွင် ယိုးဒယားနိုင်ငံတို့တွင် ပါဠိထေရဝါဒ ဗုဒ္ဓဘာသာ စည်ပင် လာခဲ့၍ ပုဂံမင်းအဆက်ဆက်တို့သည်လည်း ကိုး ကွယ် ရာ ဆရာတော်များ၏ ဩဝါဒကိုခံယူကာ သာသနာကိုအားပေး ချီးမြှောက်ခဲ့ကြလေသည်။

ပုဂံခေတ်မှ ဆင်း သက် လာ သော ထေရဝါဒဗုဒ္ဓသာသနာသည် အချို့သော မင်းများ လက် ထက်တွင် မှေးမှိန် သော်လည်း စစ်ကိုင်း၊ ပင်း ယ ခေတ်၊ အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ်အဆက်ဆက်တွင် ပြန့်ပွား

စည်ပင်သည့်သာဖြစ်၍ ကုန်းဘောင်နောက်ဆုံး မင်းတုန်းမင်းကြီး လက်ထက် သာသနာ ၂၄၁၅-ခုနှစ်တွင် ပဥ္စမသင်္ဂါယနာတင်ပွဲ ကျင်းပနိုင်ခဲ့လေသည်။

သီပေါမင်း ပါတော်မူ သည် မှစ၍ သာသနာအရှိန်အဝါ ဆုတ်ယုတ်ခဲ့သော်လည်း ဝိတိုရိယဘုရင်မကြီးအမိန့်ဖြင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို ထိပါးခြင်း မပြုသောကြောင့် သာသနာ ပွင့်လင်းမြဲ ပွင့်လင်းခဲ့ရာ၊ လွတ်လပ်ခဲ့သော မြန်မာနိုင်ငံတွင်ကား သာသနာ ၂၅၀၀ ပြည့်တွင် ဆဋ္ဌသင်္ဂါယနာတင်နိုင်သည်အထိ သာ သ နာ ပွင့်လင်းလျက် ရှိလေသည်။

# မဟာယာန ဗုဒ္ဓဘာသာ

ဗုဒ္ဓမြတ်စွာ၏အဆုံးအမကို ခံယူသော ဗုဒ္ဓဘာသာဝင်တို့တွင် ဂိုဏ်းအသီးသီး ကွဲပြားသည့် အနက် ထင်ရှားသော ဂိုဏ်းကြီးနှစ်ခုမှာကား မြန်မာနိုင်ငံ၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို စသောနိုင်ငံများက ခံယူလိုက်နာကိုးကွယ်လျက်ရှိသော ထေရဝါဒဂိုဏ်း 'ဟီယာန' နှင့် တိဗက်၊ တရုပ်ပြည်၊ ဂျပန်ပြည်၊ ကိုးရီးယားပြည် စသည်တို့တွင် ခံယူလိုက်နာ ကိုးကွယ်လျက် ရှိသော 'မဟာယာန' ဂိုဏ်းတို့ပင်ဖြစ်လေသည်။

ထေရဝါဒဂိုဏ်းသည် ဟိနယာနဂိုဏ်း အမျိုးမျိုးအနက် တည်တံ့ကျန်ရှိသောတခုတည်းသောဂိုဏ်း ပင်ဖြစ်လေသည်။ ဗုဒ္ဓဘာသာဂိုဏ်းကြီး နှစ်ဂိုဏ်း အနက်

မြောက်ပိုင်းနိုင်ငံများက လက်ခံသော ဂိုဏ်းကို မြောက်ပိုင်းဗုဒ္ဓဘာသာ ဟူ၍၎င်း၊ တောင်ပိုင်းနိုင်ငံများက လက်ခံသော ဂိုဏ်းကို တောင်ပိုင်းဗုဒ္ဓဘာသာ ဟူ၍၎င်း၊ ခေါ်ဆိုခဲ့ကြလေသည်။ သို့ရာတွင် တောင်ပိုင်းဗုဒ္ဓဘာသာဖြစ်သည့်ထေရဝါဒ ဂိုဏ်နှင့် အခြား ဟိနယာန ဂိုဏ်းများမှ အိန္ဒိယနိုင်ငံမြောက်ပိုင်းမာဂဓတိုင်း အနီးတဝိုက်နယ်ပယ်တို့တွင်သာ စတင်ပေါ်ပေါက်ခဲ့လေသည်။

အများအားဖြင့် မဟာယာန ဗုဒ္ဓဘာသာမှာ မစင်ကြယ်သော ဗုဒ္ဓဘာသာဟူ၍၎င်း၊ ဖောက်ပြန်သော ဗုဒ္ဓဘာသာဟူ၍၎င်း၊ တဆင့်ခံအထိ သာမန်မျှဖြင့် အထင်အမြင် မကွဲမပြား ဝိုးဝါး ရှိတတ်ကြပေသည်။ မဟာယာနဗုဒ္ဓဘာသာ၏ ပိဋကတ်သည်၎င်း၊ ဗုဒ္ဓဝင်သည်၎င်း၊ ကျွန်ုပ်တို့၏ ထေရဝါဒပိဋကတ်၊ ဗုဒ္ဓဝင်တို့နှင့် ကွဲလွဲခြင်းရှိစေကာမူ၊ ပင်ရင်းကိုးကွယ်ရာသည် ဗုဒ္ဓမြတ် စွာ ပင် လျှင် ဖြစ် ၍ ဗုဒ္ဓဘာသာ၏ အခြေခံသဘောတူညီချက်များလည်း ရှိတန်သမျှ ရှိပေသေးသည်။

ကွဲလွဲချက်များရှိရာ၌ကား မည်ကဲ့သို့ ကွဲပြားသည်တို့ကို လေ့လာသုံးသပ်၍အခြေခံကျသောအဆုံးအဖြတ်များကို ကိုယ်တိုင်ချမှတ်နိုင်အောင် ကြိုးစားရန် လိုအပ်ပေသည်။

မဟာယာန ဗုဒ္ဓဘာသာ အကြောင်းကို မဖတ်ကောင်း မလေ့လာကောင်း ဟူ၍ကား မယူဆသာ

ပေ။ဖတ်ရှုလေ့လာခြင်းဖြင့် ထေရဝါဒဗုဒ္ဓဘာသာ၏အခြေခံ ဗုဒ္ဓဓမ္မတို့ကိုမှားယွင်းသည်ဟူ၍လည်း အမြင်ဖေါက်ပြန်ယုံမှား သွားဘွယ်ရာ အကြောင်းလည်း ရှိမည်မဟုတ်ပေ။

ဆင်ခြင်ဉာဏ်ကို အသုံးပြုသည်နှင့် အမျှ သာသနာတော်၌ ယုံကြည်မှုသည်လည်း ပျက်စီးယုတ်လျော့နိုင်ဘွယ်မရှိပေ။

ဤတွင် မဟာယာနဗုဒ္ဓ ဘာ သာ အကြောင်းကို အကျဉ်းသိသာရုံမျှသာ တင်ပြထားပေသည်။ အကျယ်ကို မြောက်ပိုင်းဗုဒ္ဓဘာသာ 'ဦးဖိုးကျား' စင်ပြိုင်သာသနာ 'သျှင်ဉက္ကဋ္ဌ'နှင့် (Mahayara by edward conz) စသည်တို့တွင် ဖတ်ရှုနိုင်ပေသည်။

ဗုဒ္ဓဘာသာ ဂိုဏ်းကြီးနှစ်ခုနှင့် ပတ်သက်၍ ထေရဝါဒ ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်ကျမ်းဂန်များကို ပါဠိဘာသာနှင့် ရေးသား၍ မဟာယာနဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းများကို သက္ကဋဘာသာနှင့်သာ ရေးသားသည်ဟု တထစ်ချမှတ်ယူခြင်းလည်း မပြုသင့်ပေ။

အချို့သော ဟိနယာန ဂိုဏ်းကွဲများသည် သက္ကဋဘာသာကိုသုံးစွဲ၍ စာပေဖြန့်ဖြူးခဲ့ကြပြီး မဟာဝတ္ထု 'ဗုဒ္ဓဝင်'ဟူသော ဟိနယာန ဂိုဏ်း၏ဂိုဏ်းခွဲ * လောကုတ္တရဝါဒဂိုဏ်း၏ အခြေခံကျမ်းကိုပင် သက္ကဋဘာသာနှင့်

---

* ပါဠိစာပေသမိုင်း စာမျက်နှာ ၃၀ ။

ပြုစုထားလေသည်။ ထေရဝါဒဂိုဏ်း အနေနှင့်ကား ပါဠိ ပိဋကတ်တော်များကိုသာလျှင် အခြေခံပြုလေသည်။

ဗုဒ္ဓဘာသာ ဂိုဏ်းကွဲမှု အခြေခံမှာ ဒုတိယသင်္ဂါယနာတင်ပွဲအပြီးမှ အစပြုခဲ့လေသည်။ အချို့သော သံဃာအစုတို့သည် အဝိနယဝတ္ထုဟု ဆိုအပ်သော ဝိနည်းနှင့်ပတ်သက်၍ ရဟန်းတို့ ဆောင်ရွက် ဘွယ်ရာ များ၌ ဆောင်ရွက်အပ်သည် မဆောင်ရွက်အပ်သည်ဟု အငြင်း ပွားခဲ့သော အငြင်းအခုံအချက် ၁၀....မျိုးတို့ကို အကြောင်းပြု၍ ဂိုဏ်းကွဲခဲ့လေသည်။ ထေရဝါဒ ဗုဒ္ဓဘာသာ အဖွဲ့က မူကား ထိုအချက် ၁၀....ချက်ကို လက်မခံခဲ့ကြပေ။

## ☆ ဝိဝါဒ အဝိနယဝတ္ထု ၁၀ ပါး ☆

အငြင်းအခုံဖြစ်ပွားသော အဝိနယ ဝတ္ထု ၁၀....ပါးမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ သားချိုဖြင့် သားကိုဆောင်ထား၍ လိုသောအခါ ရောစပ်၍ စားကောင်းသည်ဟု ယူဆခြင်း။

၂။ နေမွန်းတည့်ပြီး အရိပ်လက်နှစ်သစ်လွန်မှ ဘောဇဉ် စားသောက် ဘုဉ်းပေးခြင်းသည် စားအပ်သည်ဟု ယူဆခြင်း။

၃။ တန်ပြီဟုဆုံးဖြတ်ပြီးမှ အခြားရပ်ဝေးသို့ သွားရန်ရှိသဖြင့် အတိရိတိ ဝိနည်းကံမပြုဘဲ ထပ်ပြန်၍ စားအပ်သည်ဟု ယူဆခြင်း။

၄။ သိမ်တခုတည်း၌ နေရာခွဲ၍ အသီးသီး ကံဆောင်အပ်သည်ဟု ယူဆခြင်း။

၅။ မရောက်လာသေးသော ရဟန်း၏ ဆန္ဒကိုယူ၍ ကံဆောင်အပ်သည်ဟု ယူဆခြင်း။

၆။ ဥပဇ္ဈာယ်ဆရာ၏ အယူအလေ့ဟူသမျှကို လိုအပ်သည်ဟု ယူဆခြင်း။

၇။ နို့လည်းမက နို့ဆွမ်းလည်းမဖြစ်သေးသော နို့ရည်ကို ပဝါရိတ်သင့်သော ရဟန်းသည် ဝိနည်းကံမပြုဘဲ စားအပ်သည်ဟု ယူဆခြင်း။

၈။ ပေါသောအရက်'ထန်းရည်စသောသေနု'ကိုသောက်အပ်သည်ဟု ယူဆခြင်း။

၉။ အဆာ မရှိသော နိသီဒိုင်သည် သုံး အပ် သည် ဟု ယူဆခြင်း။

၁၀။ ရွှေငွေကို အလှူခံအပ်သည်ဟု ယူဆခြင်း။
ဟူ၍ပင် ဖြစ်လေသည်။

ဒုတိယ သင်္ဂါယနာမှ စတင်ခဲ့သော ကွဲအက်ကြောင်းသည် စတုတ္ထသင်္ဂါယနာတွင် ထင်ရှားစွာ ကွဲလေတော့သည်။ အဃူဝါဒသစ်တင်သော ရဟန်း သံဃာတို့သည် မဟာသံဃိက ဂိုဏ်းကို ထူထောင်ခဲ့ရာမှ တတိယ သင်္ဂါယနာမတင်မီ သံဃာဂိုဏ်း ၁၀ ဂိုဏ်းမျှ ကွဲပြားပြီး ဖြစ်လေသည်။

ထိုဂိုဏ်းကွဲများအနက် ရှေးအကျဆုံးနှင့် မူရင်းဂိုဏ်းဖြစ်သော ဝိဘဇ္ဇဝါဒဂိုဏ်း၊ 'ကျန်ရပ်တို့လက်ခံသော ထေရဝါဒဂိုဏ်း'က ပါဋလိပုတ်ပြည်တွင် တတိယ သင်္ဂါယနာတင်ခဲ့လေသည်။ အခြားဂိုဏ်းများမှာ မင်းကိုအမှီမရဘဲ ဆုတ်ယုတ်ခြင်း ရှိခဲ့ကြလေသည်၊

သို့ရာတွင် သာသနာနှစ် ၄၅၀ တွင် ထေရဝါဒဂိုဏ်းက စတုတ္ထသင်္ဂါယနာကို သီဟိုဠ်ကျွန်းတွင် ကျင်းပသောအခါ မဟာယာနဂိုဏ်းဝင် သံဃာများသည် လက်ခံခြင်း မပြုဘဲ သာသနာ ၄၇၅....ခုနှစ်တွင် ဂန္ဓာရတိုင်း ဇာလမ္ဗိုဠ် ကနိသျှကမင်း၏ အကူအညီဖြင့် အရှင်ဝါသုမိတ္တကို အမှူးပြု၍ စင်ပြိုင်သင်္ဂါယနာ တင်ကြလေသည်။

ထိုသင်္ဂါယနာပွဲကိုလည်း ထေရဝါဒဂိုဏ်းက အသိအမှတ်မပြုခဲ့ကြချေ။ ထိုစတုတ္ထသင်္ဂါယနာဟု ဆိုအပ်သော နိသျှက သင်္ဂါယနာပွဲတွင် အသျှင်နာဂဇေန၊ အသွဃောသ၊ အသင်...စသော ထေရ်ကြီးများက ပညာပါ

ရမိကား သဒ္ဓမ္မပုဏ္ဍရိကဒသဘူမိကသုတ္တ၊ ဂန္ဒဗျူဟာ၊လင်္ကာဝတာရ....စသော ကျမ်းများကို တင်သွင်းရာ တောင်ပိုင်းမှ တက်ရောက်လာသော သံဃာများက ကန့်ကွက် ကြလေသည်။ သို့ရာတွင် မြောက်ပိုင်းသံဃာတို့က အင်အားကြီးမားသဖြင့် အလျှော့ပေးခဲ့ကြရလေသည်။သို့သော်လည်း ထိုသင်္ဂါယနာပွဲ၌ တိကျစွာဆုံးဖြတ်ချက်ဟူ၍ မရှိခဲ့ပေ။

ပင်ရင်း ဖြစ်သော အစဉ်အလာ ထေရဝါဒဗုဒ္ဓဘာသာကို ဆင့်ပွားမွမ်းမံပြင်ဆင်လက်ခံခဲ့ကြသော မဟာယာနဂိုဏ်းဝင်တို့က အားနည်းသောအဖွဲ့။ အားနည်းသော နိဗ္ဗာန်ပို့ဆောင်ရေးယဉ် သဘောရှိသည်။ နိုင့်သော သယ်ဆောင်အား ရှိသည်ဟူ၍ ဟိနယာနအမည်ဖြင့် သမုတ်ခဲ့လေသည်။

---

* ပါဠိစာပေသမိုင်း စာမျက်နှာ ၃၁။
စင်ပြိုင်သာသနာ စာမျာ ၁၇။

၁၄ နိဒါနကထာ သဗ္ဗာသဟိ ဝါဒီဂိုဏ်းဟုဖော်ပြသည်။နောက်မှလောကုတ္တရာဝါဒဂိုဏ်းက ဆက်လက် အသုံးပြုလေသည်။ ယင်း စာမျက်နှာ ၁၆။

မဟာယာန ဗုဒ္ဓဘာသာ ဆိုင်ရာ ကျမ်း များသည် ထေရဝါဒဗုဒ္ဓသာသနာအကြောင်းကို လုံးဝဖယ်ချန်သည်မဟုတ်ဘဲ အကြောင်းသင့်ရာ၌ ထုတ်နုတ် တင်ပြထားကြသည်သာ ဖြစ်၍ မဟာယာနဂိုဏ်းတွင်လည်း သုတ်- ဝိနည်း- အဘိဓမ္မာ ပိဋကတ်များရှိသည့်ပြင် အချို့သောဟီနယာနဂိုဏ်းခွဲ (သဗ္ဗာသတိဝါဒီဂိုဏ်း)၏ ကျမ်းများသည်ပင်လျှင် မူရင်းနိုင်ငံများ၌ ပျောက်ကွယ်နေစေကာမူ တိဗက်နိုင်ငံ၌ ဘာသာပြန်များ ကြွင်းကျန်နေလေသည်။

သို့ရာတွင် မဟာယာန ဗုဒ္ဓ ဘာ သာ ပိဋကတ်တို့တွင်ပါရှိသောအဘိဓမ္မာမှာ ထေရဝါဒအဘိဓမ္မာနှင့် ကွဲလွဲလေသည်။ (ထေရဝါဒအဘိဓမ္မာကို ဗုဒ္ဓ ဟောမြွက်ရင်းဟူ၍ မယူဆကြချေ။) ဝိနည်းပိဋကတ်တော်၌ကား ကွဲပြားချက် အလွန်အထူး များပြား ခြားနားခြင်း မရှိချေ။ သာဝကယာန (သာဝကဆုဖြင့် နိဗ္ဗာန် ဝင်လမ်း) အစား ဗောဓိသတ္တယာန (ဘုရားလောင်းတမျိုးအဖြစ်ဖြင့် နိဗ္ဗာန်ဝင်လမ်း)ကို ဖြည့်စွက်၍ ဝိနည်းတို့ကိုလည်း ဇာတကအပါဒါန်တို့မှ ဖြည့်သွင်းလေသည်။ မူရင်းဝိနည်းထက် အဖြည့်ဝိနည်းတို့ကို အရေးတကြီး ထားကြလေသည်။

ဗုဒ္ဓဝင်နှင့်ပတ်သက်၍ အရှင် အသူဃော သထေရ်၏ လလိတဝိတ္ထာရနှင့် ဗုဒ္ဓစရိယကျမ်းများကို မဟာယာနဂိုဏ်းသားတို့က ချဲ့ထွင်ပြင်ဆင်၍ ပိဋကတ်တော်၌သွင်းလေသည်။ ထို့ပြင် ဘုရားရှင်၏ ရှေးဖြစ်ဇာတ်တော် (၃၀)ကျော်

(၅၅၀ ဇာတ်တော်များနှင့်တူညီသည်)ကို ဇာတကမာလာဟူ၍ ဇာတကကျမ်း၌ သွင်းထားလေသည်။

မဟာယာနသုတ္တန် ပိဋကတ်တွင် သုတ်ပေါင်း မရေတွက်နိုင်အောင် များပြားလှ၍ အဝတံသက၊ ဝါ၊ ဂန္ဓဗျူဟာသုတ် (ဗောဓိသတ္တ အကြောင်းများ ပါရှိသည်) နှင့် သုခါဝတီဗျူဟာသုတ်များကိုအထူးအလေးအမြတ်ပြုလေသည်။ ဂန္ဓဗျူဟာသုတ်ကို တရားဦးသုတ်အဖြစ် ယူဆ၍ သဒ္ဓမ္မပုဏ္ဍရိက သုတ်ကို နောက်ဆုံးထား၍ ဟောကြားချက်များဟု ယူဆလေသည်။

ထိုသုတ္တန်တွင် ဟောကြားချက်များမှာ ကား ထေရဝါဒဗုဒ္ဓဘာသာနှင့် ဆန့်ကျင်ဘက်ဖြစ်၍ ထာဝရ မြဲသော ဗုဒ္ဓသဘောသို့သက်ဝင်နေလေသည်။ ဤအယူအဆများ ကြောင့်ပင်လျှင် ထေရဝါဒဗုဒ္ဓဘာသာဝင် များသည် မဟာ ယာနဗုဒ္ဓဘာသာကို ယွင်းပျက်ဖောက်ပြန်သည်ဟု ပယ်လှန်ခြင်း ဖြစ်လေသည်။ မဟာယာနဗုဒ္ဓဘာသာတွင် အခြားထင်ရှားသော သုတ်များမှာ ပညာပါရမီတာသုတ်၊ သုရင်္ဂမသုတ်၊ ဝိမလ ကိတ္တိနိဒ္ဒေသသုတ်၊ လင်္ကာဝတာရသဒ္ဓမ္မဓနသုတ်နှင့် သုဝဏ္ဏ ပဘာသသုတ်တို့ဖြစ်လေသည်။

မဟာယာန ဗုဒ္ဓဘာသာ၏ အဘိဓမ္မာ ကျမ်းတို့တွင် အားလုံးသော အရာဟူသမျှတို့မှာ ခိုင်မြဲသော သဘာဝမရှိဟု ယူဆသော သုညဝါဒကို အကျယ်ဖွင့်ခြင်းများ သာ ပါဝင်လေသည်။ မဟာယာနဗုဒ္ဓကျမ်းစာများတွင်ဂိုဏ်းကို

ထူထောင်သော အရှင်ဝါသုဗန္ဓုစသောပညာရှင်တို့က ရေးသား ပြုစု ဖြည့်သွင်းသော တရားများ ပါရှိနေ၍ အရိမေတ္တာယျဘုရား အလောင်းတော်ကိုယ်တိုင် ကြွမြန်း၍ ဟောကြားတော်မူသော တရားတော်များအဖြစ်နှင့် သွင်းထားကြလေသည်။

စင်စစ်အားဖြင့် အတာယာနအဘိဓမ္မာ မှာ မဟာယာနဂိုဏ်းဝင် ပညာရှင် ရဟန်းတော် အသီးသီးက ရေးသားဖွင့်ဆိုခဲ့ကြသော ကျမ်းတို့သာလျှင်ဖြစ်လေသည်။ မဟာ ယာနကျမ်းများသည် တိဗက်နိုင်ငံ၌ရှိ၍ တရုပ်ဘာသာသို့ရင်း၊ အချို့ကို မွန်ဂိုလီယားဘာသာ၊ မန်ချူးရီးယား ဘာသာနှင့် ဂျပန်ဘာသာများသို့ရင်း ပြန်ဆိုထားလေသည်။

ဗုဒ္ဓဝင်နှင့် ပတ်သက်၍ကား ဟီနယာန ဗုဒ္ဓဘာသာဝင်တို့က ဗုဒ္ဓဝံသကိုအခြေခံ၍ လက်ခံ ယုံကြည်ကြ ပေသည်။ မဟာယာနဗုဒ္ဓဘာသာဝင်တို့ကား လဟိတဝိတ္ထာရ နှင့် ဗုဒ္ဓစရိယကိုအခြေခံ၍ လက်ခံယုံကြည်ကြပေသည်။

ထေရဝါဒ၌ သိဒ္ဓတ္ထ မင်း သား သည် ၂၉ နှစ်အရွယ်၌ တောထွက်၍ ဒုက္ကရစရိယာ ၆ နှစ် ကျင့်ကာ ၃၅ နှစ်တွင် ဘုရားဖြစ်သည်ဟုမှတ်ယူရာ၌ မဟာယာနဗုဒ္ဓဝင်၌ သက်တော် ၁၉ နှစ်တွင်တောထွက်ကာ ဒုက္ကရစရိယာ ၁၁ နှစ် ကျင့်ကာသက်တော် ၃၀ ၌ ဘုရားဖြစ်သည်ဟုမှတ်ယူလေသည်။

ထိုနည်းတူပင် အလောင်းတော်ကိုမီးရှူး သန့်စင်ခဏ်း၌ မဟာယာနဗုဒ္ဓဝင်က လက်ကျာနံတောင်းမှ ဖွား မြင်သည်ဟု ရေးသားလေသည်။ ဤသို့စသည်ဖြင့် မဟာယာန ဗုဒ္ဓဘာသာတွင် ပြုပြင်မွမ်းမံ ဖြည့်စွက်ချက်များဖြင့် ပြွမ်းတီး၍ ထေရဝါဒနှင့် ကွဲလွဲလာခဲ့သည်ကို သတိပြုနိုင်လေသည်။ လွန်ခဲ့

သော နှစ်ပေါင်းများစွာက ကွဲပြားခဲ့သော မဟာယာနဗုဒ္ဓဘာသာသည် မြောက်ပိုင်းနိုင်ငံတို့၌ အခြေစိုက်၍ အခိုင်အမာသဖွယ် လက်ခံထားခဲ့ကြလေသည်။

စင်စစ်သော်ကား ဗုဒ္ဓ၏အယူဝါဒတို့ကို သဘာဝအားဖြင့် စဉ်းစားချင့်ချိန်ခြင်းအားဖြင့်အခြေခံဖြစ်သော ဗုဒ္ဓဝါဒကို ကောင်းစွာ ခွဲခြား သိမြင်၍ ယထာဘူတကျစွာ ကောက်ယူနိုင်ကြမည်သာဖြစ်၍ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ အဖို့ လွန်ကဲစွာ ထူးမြတ်လှပေတော့သည်။

## ☆ ကန္တာရဗုဒ္ဓဘာသာ ☆

မဟာယာန ဂိုဏ်းခွဲ များတွင် နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာအကျင့်ထက် လောကီစျာန်အတွက် သမာဓိလမ်းကြောင်း၊ သမထလမ်းကြောင်းများကို အားထုတ်ခြင်းများပြား၍ လောကီစျာန်တန်ခိုးရရှိသောပုဂ္ဂိုလ်များ များပြားသည်ကိုလည်း ကြားသိကြပြီးဖြစ်ပေသည်၊

ဗုဒ္ဓ၏ လောကမှ ထွက်မြောက်ကြောင်းလမ်းစဉ်မှ တန်ခိုးဣဒ္ဓိပါဒ်နှင့်လောကီသုခလမ်းစဉ်သို့ ရည်ရွယ်ချက် ဦးလှည့် လမ်းပြောင်း သွားကြပုံကိုလည်း သတိပြုနိုင်ပေသည်။ ဂါထာမန္တန်တန်ခိုးဖြင့် လောကီတန်ခိုးကို ဖန်တီးသော

ကန္တရဗုဒ္ဓဘာသာဂိုဏ်းဟူ၍လည်းရှိသေးရာ ကန္တရဝါဒီတို့သည် လောကီသုခကိုငြင်း၊ တဏှာကာမကိုငြင်း၊ တဏှာကာမဖြင့်ပင် လျှင် ပြန်၍သတ်ခြင်းဟူသော အယူအဆများ၊ သံသရာကိုငြင်း၊ နိဗ္ဗာန်ကိုငြင်း အမှတ်မထားဘဲ ထိုနှစ်ရပ် တသားတည်း ပေါင်း စပ်ရေးအယူအဆကိုငြင်း၊ ထူးထွေဆန်းကျယ်စွာ ယူဆ၍ ဝါဒ သစ်တရပ်ထူထောင်ခဲ့ကြရာ ထိုဘာသာအယူအဆသည် ပြန့်ပွား စည်ပင်ခြင်းမရှိစေကာမူ မဟာယာနဂိုဏ်းနှင့် ယှဉ်၍ အဆက် မပြတ် ရှင်သန်နေခဲ့သည်ကို သတိပြုသင့်ပေသည်။

(မြတ်စွာဘုရားလက်ထက်တော်က တိတ္ထိ အယူအမျိုးစုံရှိခဲ့သည်ကို သတိမူဘွယ် ဖြစ်လေသည်။)

ကန္တရဘာသာ၌ ထင်ရှားသော ကျမ်း များမှာ စိတ္တဝိသုဒ္ဓိပြကရနကျမ်း၊ ဂုယှသမာဇကန္တရကျမ်း၊ သဟရဒေါဟာကောသျှကျမ်း၊ ပြညောပါယာဝိနိစ္ဆသိဒ္ဓိကျမ်း၊ အဒ္ဒွယဝဇရသံဂြဟကျမ်း၊ သာဝနမာလာကျမ်း၊ ဟေဝဇရတန္တရ ကျမ်းစသည်တို့ဖြစ်လေသည်။

ထိုကျမ်းများကို တိဗက်ဘာသာ၊ တရုပ် ဘာသာတို့၌ တွေ့ရှိနိုင်လေသည်။ တန္တရဝါဒ ဗုဒ္ဓဝါဒနှင့် ဆန့် ကျင် ကွဲလွဲချက်များ၊ ဘုရားလောင်းနှင့်တန်ခိုးရှင်များ၊ မန္တရား များစသည်တို့ပါရှိနေသော်လည်း ဗုဒ္ဓနှင့်စပ်လျဉ်းသော အချက် များကို အခြေခံကို အုံဖွဲ့ထားသည် ဖြစ်သောကြောင့် သီးခြား ဘာသာတရပ်ဟူ၍ မယူဆသာဘဲ ဗုဒ္ဓဝါဒဂိုဏ်းခွဲတမျိုး၊ ဝါ တန္တရဗုဒ္ဓဘာသာဟူ၍ ခေါ်တွင်နေရလေသည်။ ထိုဘာသာ၌ လည်း အယူအဆဆိုင်ရာတို့ကို ကြီးကျယ်စွာပင် ဖွင့်ဆိုထားသည် သာ ဖြစ်လေသည်။

## ☆ ဘုရားရတနာ ☆

ကမ္ဘာပေါ်ရှိ လူ သတ္တဝါ အားလုံးတို့သည် ဘေးရန်အန္တရာယ်ကို ကြောက်ရွံ့မြဲသဘောရှိပေသည်။ ဘေးရန်လွတ်ကြောင်းကိုလည်း ရှာလေသည်။ ကမ္ဘာဦးကာလက မီး-ရေ-လေ-သမုဒ္ဒရာ၊ မီးတောင်-မိုးကြိုးစသည်တို့သည် ကြောက်မက်ဘွယ်အန္တရာယ်များအဖြစ်မြင်၍ ထိုအန္တရာယ်တို့မှကင်းလွတ်စေရန် ထိုအန္တရာယ်ကြီးများကို တန်ခိုးရှင်ကြီးများအဖြစ်ပူဇော်ပသကြလေသည်။ အသနားခံကြလေသည်။ စိတ်မှ လိုရာကို ပန်တောင်းကြလေသည်။ ဤနည်းဖြင့် ကိုးကွယ်ရာ နတ်အမျိုးမျိုးပေါ်ထွန်းလာခဲ့ကြလေသည်။

လူတို့၏အသိဉာဏ်နှင့် ယဉ်ကျေးမှု တိုးတက်လာသော အခါတွင်ကား သဘာဝ အရာဝတ္ထု တို့သည် အန္တရာယ် ဖန်တီးသူများ မဟုတ်ကြောင်းကို သိမြင်လာရုံမက

လူတို့စွမ်းအားဖြင့် ထိုသဘာဝတို့ကို တားဆီးကာကွယ် အန်တု၍ အသုံးချ ထိန်းနိုင်လာတတ်ကြလေသည်။

သို့ရာတွင် လူသတ္တဝါတို့၏ အသက်ရှင်ရေး၌ စားရေး၊နေရေး၊ဝတ်ရေးတို့ကြောင့် ပင်ပန်းမှု၊ ကြောင့်ကြမှုနှင့် ကိုယ်ဒုက္ခ-စိတ်ဒုက္ခ တို့သည် အမြဲ ငြိတွယ်လျက်ရှိရာ ထိုဒုက္ခတို့မှ လွတ်ကင်းမှုကို ရှာကြံကြပြန်လေသည်။

ထိုသို့ ရှာဖွေရာ၌ ဒြပ်ထင်ရှား မမြင်ရသော ရှိအံ့နိုးနိုးထင်ရသည့် တန်ခိုးရှင်များကို၎င်း၊ အကျိုးပြုအံ့နိုးနိုးထင်ရသည့် ဂါထာမန္တန် အစီအရင်တို့ကို၎င်း၊ အမျိုးမျိုး အဖုံဖုံ မှီကိုးအားထားခဲ့ကြပြန်လေသည်။

ထိုအားထားမှုတို့သည် ဒုက္ခများမှကယ်တင်ခြင်းမပြုနိုင်သောအခါ နည်းသစ် လမ်းသစ်၊ အားကိုးရာ တန်ခိုးရှင်သစ်များကို ပြောင်းလဲ၍ တရှာထည်း ရှာဖွေခဲ့ကြလေသည်။

ဤသို့ စူးစမ်း ရှာဖွေရာမှ တန်ခိုးသတ္တိ ရရှိရာရရှိကြောင်း အလေ့အကျင့်များကို စူးစမ်း ကျင့်ဆောင်ခဲ့ကြပြန်ရာ ထိုအကျင့်ဆရာအမျိုးမျိုး (ဝါ)တိတ္ထိအမျိုးမျိုးတို့သည်လည်း ကောင်းနိုးရာ နည်းအဖုံဖုံဖြင့် လောက၏ ဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်သော စွမ်းရည်နှင့် နည်းလမ်းတို့ကို ရှာဖွေခဲ့ကြလေသည်။

လူတို့၏ စိတ်ထဲတွင်ရှိသော ကာမဂုဏ်ဆန္ဒများကြောင့် ဒုက္ခများရသည်ဟု ယူဆကြသူများသည်လည်း ကိုယ်တွင်းမှ ကာမဂုဏ်စိတ်များ ခန်းခြောက်စေရန် မီးလှုံခြင်း၊

ရေငုပ်ခြင်း၊ အာရုံပြောင်းလဲပစ်ရန် တုန်းခုန်ခြင်း၊ဇယ်ခတ်ခြင်း စသည်တို့ကိုလည်း ပြုလုပ်ခဲ့ကြလေသည်။

သို့ရာတွင် လမ်းစဉ်မှန်ကို မရကြသဖြင့် အောင်မြင်မှုမရရှိလေရာ ထိုဒုက္ခတို့မှလွတ်မြောက်ရာ နည်းလမ်းကို အဘယ်သူ တွေးကြံသိရှိပါမည်နည်းဟု စောင့်စားသူတို့က စောင့်စား၍ မိမိတို့စိတ်ကူးရသည့်နည်းဖြင့် ကျင့်ကြံကြိုးစားသူများကလည်း ကြိုးစားနေခဲ့ကြလေသည်၊

ဤသို့ ကြံစည်သူများတွင် အယူအဆအားဖြင့်လည်း အမျိုးမျိုးရှိကြလေသည်၊ အချို့ကဖြစ်ပျက်သမျှမှာ နောက်နောင်ဘဝက ကံကြောင့်သာ ဖြစ်သည်ဟု ကံတခုတည်းကိုသာ ယိုးမယ်ဖွဲ့ကြလေသည်၊ (ပုဗ္ဗေကတဟေတုဝါဒ)။

အချို့ကလည်း တန်ခိုးရှင်၏ ဖန်တီးမှုကြောင့်သာဖြစ်သည်၊ ထိုတန်ခိုးရှင်သည် ကမ္ဘာပတ်လုံး တည်ရှိနေသည်ဟုယူဆကြလေသည်။ (ဣဿရနိမ္မာနဟေတုဝါဒ)

အချို့ကလည်း လောကကြီးသည် ဖြစ်ချင်သလိုဖြစ်နေသည်ဘာဖြစ်၍ဘာမျှ ထိန်းကွပ် ကြံစည်ရန်မလိုဟုယူဆကြလေသည် (အဟေတုအပစ္စယဝါဒ)။

ထိုသို့ထွက်ရပ်လမ်း ကြံဆသူများ၊လောကအမြင်အယူအဆကွဲပြားသူများ အလျှိုအလျှိုပေါ်ပေါက်နေသော ခေတ်ကာလတချိန်တွင် သက္ကရာဇ်အားဖြင့် မဟာသက္ကရာဇ်(၆၇)ခုနှစ် (လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ကျော်) ကဆုန်လပြည့်နေ့တွင် အိန္ဒိယနိုင်ငံ မြောက်ပိုင်း၊ ယခုအခါ နီပေါနိုင်ငံ အဝင်အပါ ဖြစ်လျက်ရှိသော ကပိလဝတ်ပြည်ရှင်

သာကီဝင်အနွယ် သုဒ္ဓေါဒနအမည်ရှိသော မဟာရာဇာတဦး၏ ဖုရားမာယာဒေဝီမှ သားတော်တပါးကို ဖွားမြင်ခဲ့လေသည်။

ထိုမင်းသားကို ဖွားရာဒေသမှာ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား လုမ္ဗိနီအင်ကြင်းတောပင်ဖြစ်လေသည်။ မာယာဒေဝီသည် သန္ဓေအရင့်အမာနှင့် မိမိ၏ဆွေတော်မျိုးတော်များရှိရာ ဒေဝဒဟပြည်သို့အသွား ခရီးလမ်း၌ ဖွားမြင်ခြင်းဖြစ်လေသည်၊ ဖွားမြင်ပြီးနောက် မယ်တော်နတ်ရွာစံသဖြင့် မယ်တော်၏ညီမ (မိထွေးတော်)ဖြစ်သော ပဇာပတိဂေါတမီက ပြုစုကျွေးမွေးခဲ့ရလေသည်၊ မင်းသားငယ်အမည်ကိုကား သိဒ္ဓတ္ထဟူ၍ ပေးလေသည်။

မင်းသားကိုဖွားမြင်ပြီးနောက် နန်းတွင်ရှိ ပုဏ္ဏားပညာရှိတို့အား မင်းသား၏ဇာတာကို တွက်စစ်စေရာ ပုဏ္ဏားအချို့က မင်းသားငယ်သည် စကြာမင်းသော်၎င်း၊ဘုရားသော်၎င်း ဖြစ်မည်ဟူ၍ နှစ်ခွဟောပြော၍ ကောဏ္ဍည ပုဏ္ဏား (ပဉ္စဝဂ္ဂီအပါအဝင် ကောဏ္ဍညထေရ် ဖြစ်မည့်သူ) ကမူ ဘုရားဖြစ်မည်ဟူ၍ တချက်တည်းဟောကြားလေသည်။

ဘုရားဟူသည်မှာ ထွက်ရပ်လမ်း ရှာဖွေနေကြသော လူသားတို့အား လမ်းညွှန်ပြမည့် ထူးမြတ်သော ပညာရှင် ပုဂ္ဂိုလ်ဟူ၍သာ ယူဆကြပေသည်၊ ထိုအချိန်၌ သမ္မာသမ္ဗုဒ္ဓကို၎င်း၊ ဗုဒ္ဓမ္မကို၎င်း သိ နား လည် ကြ ရ သေး သည် မဟုတ်ပေ။

သိဒ္ဓတ္ထ မင်းသားသည် တတ်အပ်သော အတတ်ပညာတို့ကို သင်ကြားတတ်မြောက်၍ ၁၆ နှစ်အရွယ်သို့ ရောက်သောအခါ သာကီဝင်မင်းမျိုးဖြစ်သော သုပ္ပဗုဒ္ဓမင်း၏ သမီးတော် ယသော်ဓရာနှင့် စုလျားရစ်ပတ်လက်ထပ်လေသည်။

မင်းမျိုးမင်းနွယ်ဖြစ်သည့်အတိုင်း သာကီဝင်မင်းသမီးလေးသောင်းတို့နှင့် နွေစံအိမ်၊ မိုးစံအိမ်၊ ဆောင်းစံအိမ်တို့တွင် တလှည့်စီ ပျော်ပါးနေထိုင်ခဲ့ရာ ယသော်ဓရာမှ သားငယ်ရာဟုလာကို ဖွားမြင်ခဲ့ပြီး ၁၃ နှစ်မျှ စည်းစိမ် ခံစားခဲ့၍ အသက် ၂၉ နှစ်သို့ရောက်သောအခါ ဥယျာဉ်တော်သို့ထွက်သောနေ့တွင် သူအို, သူနာ, သူသေနှင့် ရဟန်းတို့ကို အလီလီတွေ့မြင်ရသဖြင့် တရားသံဝေဂရလေသည်၊ မိမိသည်လည်းတနေ့တွင် အိုရ, နာရ, သေရမည့်အရေးကို သတိပြု၍ သာယာမှုစည်းစိမ်များကို ရှုံမုန်းစက်ဆုတ်မိလေသည်။

မင်းသားသည် နန်းတော်သို့ပြန်ရောက်လျှင် စည်းစိမ်ကိုစွန့်ပယ်၍ တောထွက်ကာ ရဟန်းပြုရေးကိုသာ စိတ်အားထက်သန်လေသည်၊ ထိုအချိန်၌ မည်သည့်တရားအလင်းရောင်မျှ မရသေးစေကာမူ ကိလေသာကိုစွန့်ခွာ၍ သံယောဇဉ်ပယ်ဖြတ်ရမည့် လိုအပ်ချက်ကိုကား ကောင်းစွာသဘောပေါက်ပြီးဖြစ်လေသည်။

ထိုနေ့ညတွင် ဆန္နအမတ်ကို ခေါ်၍ ကဏ္ဍကမြင်းကိုစီးကာ မည်သူမျှမသိစေဘဲ တောထွက်သွားလေသည်။

မဟာယာနဗုဒ္ဓဝင်တို့တွင် ယသော်ဓရာနှင့် ဆွေးနွေးပြီးနောက် ခွင့်ပန်ကာ တောထွက်သည်ဟု ဖော်ပြပေသေးသည်၊ ဗုဒ္ဓတရားတော် အယူအဆနှင့် ဖီလာ ဆန့်ကျင်သော ကိစ္စရပ်များမဟုတ်သဖြင့် ယင်းသို့သော မှုကွဲများစွာကို ချန်လှပ်ထားခဲ့ပေသည်။

အနော်မာမြစ်ကမ်းသို့ရောက်သောအခါ သဲသောင်ပေါ်တွင် ဆံတော်ကိုဖြတ်ပယ်လျက် ဝတ်လဲများကို စွန့်ကာ ရဟန်းပရိက္ခရာတို့ကို ဆင်မြန်းပြီးနောက် ဆန္ဒအမတ်အား ပြန်၍လွှတ်လိုက်လေသည်။

သိဒ္ဓတ္ထမင်းသားသည် ရဟန်းအသွင်ကို ရယူပြီးစေကာမူ ဝဋ္ဋဆင်းရဲအပေါင်းတို့မှ လွတ်မြောက်စေမည့် နည်းကိုရှာကြံရသေးသည်မဟုတ်သဖြင့် မိမိအား နည်းလမ်းညွှန်ပြမည့်သူများကို ရှာဖွေရာ အာဠာရ ရသေ့နှင့် ဥဒကရသေ့ကြီးများကိုတွေ့ရှိရလေသည်။

သို့ရာတွင် ရသေ့ကြီးများသည်လောကီချမ်းသာကိုသာရစေနိုင်သော လမ်းစဉ်ကိုသာ ပြသပေးနိုင်သဖြင့် မင်းသားရဟန်းသည် ကျေနပ်ရောင့်ရဲခြင်းမရှိဘဲ၊ ဥရုဝေဠတောသို့ ကြွသွားပြန်လေသည်၊ ထိုတောအုပ်တွင် ကောဏ္ဍည ပုဏ္ဏားအပါအဝင် ပဉ္စဝဂ္ဂီရဟန်း ၅ဦးတို့က မင်းသား ရဟန်းအား တရားထူးရနိုင်မည့်ပုဂ္ဂိုလ်ဖြစ်လိမ့်မည်ဟု အထင်ကြီးစွာပြုစုကူညီကြလေသည်။

(၃)

သိဒ္ဓတ္ထရဟန်းသည် ဆရာမရှာတော့ဘဲ မိမိဘာသာ ကြံစည်တွေးတောကျင့်ဆောင်တော့မည်ဟု ဆုံးဖြတ်ကာ အစာအာဟာရလျှော့ဖြတ်ခြင်း၊ ထွက်သက်ဝင်သက် ချုပ်တီးခြင်းစသည်ဖြင့် ဆင်းရဲဒုက္ခအမျိုးမျိုးခံကာ ကျင့်ဆောင်၍ တရားအမြင်ကို စဉ်းစားအာရုံစိုက်ပါသော်လည်း ၆နှစ်ကြာသည် အထိ သံသရာဝဋ်မှ လွတ်စေနိုင်သောလမ်းကောင်းကို မတွေ့ဘဲ ရှိလေသည်။

သို့နှင့် သိဒ္ဓတ္ထရဟန်းသည် မည်သူမျှ သည်းမခံနိုင်လောက်သော ဆင်းရဲဒုက္ခမျိုးကိုခံကာကျင့်နိုင်ခဲ့သောဒုက္ခစရိယာအကျင့်ကို ကျင့်ပါလျက် တရားအမြင် မပေါက်သေးသည်မှာ ကျင့်စဉ် မမှန်ကန်သေးကြောင်းသိရှိ၍ ကာမဂုဏ်ကို ခံစားခြင်းလည်းမရှိ၊ မိမိကိုယ်ကို ညှဉ်းပန်းခြင်းလည်း မရှိသော အလယ်အလတ်လမ်းစဉ်ဖြင့် ကျင့်ကြံအားထုတ်ဦးမည်ဟု ကျုံ့လှီအားနည်းလှန်းသော ကိုယ်ခန္ဓာအတွက်ဆွမ်းခံ၍ အာဟာရ ဖြည့်ပြန်လေသည်၊ ထိုအခါ ပဥ္စဝဂ္ဂီတို့က အကျင့် လျှော့သွားလေပြီဟု စိတ်ပျက်၍ ဝိုင်းပယ်ထွက်ခွာသွားကြလေသည်။

သိဒ္ဓတ္ထရဟန်းသည် ထိုနည်းဖြင့် ဆက်လက်အားထုတ်ရာ မဟာသက္ကရာဇ် ၁၀၃ခုနှစ် ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်ကြီးအောက်၌ တရားအမြင် ဉာဏ်စဉ်များပေါ်ထွန်းပေါက်ရောက်ကာ သစ္စာအမှန်တရားလေးပါးနှင့်တကွ တရားအလုံးစုံကို သိသော သဗ္ဗညုတ ဉာဏ်ကို ရ ရှိလေသည်။

ထိုအခါမှ မိမိသည် ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိပြီဟုသိ၍ မိမိအား ကူညီပြုခဲ့သော ပဉ္စဝဂ္ဂီတို့အား မိမိမြင်သိ အာရုံပြုအပ်ပြီးသော သစ္စာလေးပါးတရားကို တဆင့် ဟောကြားရန် မိဂဒါဝုန်တောသို့ ကြွတော်မူလေသည်။

အထင်လွဲနေသောပဉ္စဝဂ္ဂီတို့အားအမြင်မှန် ရစေပြီးနောက် ဓမ္မစကြာတရား၊ အနတ္တလက္ခဏာ တရားများကို ဟောကြားလေသည်။ ပဉ္စဝဂ္ဂီတို့လည်း ဗုဒ္ဓ၏သွန်သင်ညွှန်ကြား မှုကို ခံယူ၍ ရဟန်းပြုကြလေသည်။

-ဤ နည်းဖြင့် ဗုဒ္ဓ မြတ်စွာဘုရားသည် တရားရတနာ၊ သံဃာရတနာတို့ကိုလည်းပေါ်ထွန်းစေ၍၄၅-ဝါ ပတ်လုံး နက်နဲသောတရားတော်များကို ဟောပြော၍ သာသနာ ကို ထူထောင်တော်မူခဲ့ပြီးလျှင် မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် စံဝင်တော်မူ လေသည်၊ မြတ်စွာဘုရားသည် ဂေါတမအမည်ရှိ အနွယ်ဝင်ဖြစ် သောကြောင့် ဂေါတမမြတ်စွာဘုရားဟု ထင်ရှားတော်မူလေ သည်။

ကမ္ဘာလောကကြီး၌ လောကီ ဒုက္ခ အ ပေါင်းမှ လွတ်မြောက်ရာစစ်မှန်သော အယူအဆ စစ်မှန်သော အကျင့်တို့ကို ရှာဖွေနေကြသူ အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာ၏ ကျေးဇူးကြောင့် ဗုဒ္ဓအယူဝါဒလမ်းစဉ်မှန် အလင်းရောင်ကို ရရှိ ကြသဖြင့် မြတ်စွာဘုရားအား ကိုးကွယ်ရာပုဂ္ဂိုလ်၊ ကျေးဇူးရှင် ပုဂ္ဂိုလ်၊ ထူးမြတ်သောပုဂ္ဂိုလ်ဟူ၍ အသိအမှတ်ပြုလျက် ပရိနိဗ္ဗာန် စံဝင်ပြီးသည့်နောက်တွင်လည်း ရှိသေမြတ်နိုးစွာ ကိုးကွယ်ပူဇော် ခဲ့ကြလေသည်။

မြတ်စွာဘုရားအားကိုးကွယ်ရာသရဏဂုံ အဖြစ်ရင်း၊ မြတ်နိုးရာရတနာအဖြစ်ရင်း၊ အဦးအစ ထား၍ လူသားတို့က သတ်မှတ်ခဲ့လေသည်၊ မြတ်စွာဘုရား၏ ဆံတော်၊ သွားတော်၊ စွယ်တော်၊ ညှပ်ရိုးတော်စသော သရီရဓာတ်တော် မွေတော်များကိုရင်း၊ ပရိဘောဂအသုံးအဆောင်တို့ကိုရင်း ဌာပနာ၍ ကိုယ်စားအဖြစ် စေတီပုထိုးတည်ကာ ကိုးကွယ်ကြလေသည်။

ပွင့်တော်မူရာ မဟာဗောဓိ ပင်ကို ရင်း၊ ထိုမျိုးစေ့မှ ဆက်ပွားသောမဟာဗောဓိပင်များကိုရင်း ကိုးကွယ်ကြလေသည်။

ဖွားမြင်ရာပွင့်တော်မူရာ ဓမ္မစကြာတရားဦးဟောရာ ပရိနိဗ္ဗာန်ပြုရာအရပ်တို့ကိုလည်း အမွန်အမြတ်ပူဇော်ကြလေသည်။ တရားတော်တို့ကိုရေးသား၌ဌာပနာ၍လည်း စေတီပုထိုး တည်ထားပူဇော်ကြလေသည်။

မြတ်စွာဘုရား၏ခြေတော်ရာတို့ကိုလည်း ပူဇော်ကြလေသည်။ သက်တော်ထင်ရှား မြတ်ဘုရား၏ကိုယ်စား ရုပ်ပွားတော်အဖြစ် ဆင်းတု ရုပ်ပွားတော်များကိုလည်း မူဒြာတော်အမျိုးမျိုးထုလုပ်တည်ထား ကိုးကွယ်ခဲ့ကြလေသည်။

ဗုဒ္ဓ၏ အဆုံးအမသာသနာ ပျံ့ပွားရာ ကမ္ဘာ့ဒေသအသီးသီးတွင်သာမက ဗုဒ္ဓဘာသာဟူသော ကမ္ဘာ့ဘာသာအယူဝါဒတရပ်ကို စတင်ထူထောင်ခဲ့သော ပုဂ္ဂိုလ်မြတ်အဖြစ် တကမ္ဘာလုံးကပင် လေးစားကြည်ညိုရသောပုဂ္ဂိုလ်အဖြစ် ကြည်ညိုမှု တည်မြဲကြွင်းကျန်နေခဲ့လေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်ခဲ့သည်မှာ နှစ်ပေါင်း ၂၅၀၀ကျော်လွန်ခဲ့ပြီဖြစ်သော်လည်း ဗုဒ္ဓဂုဏ်သတင်းသည် ကမ္ဘာချင်း၍ လှိုင်ပျံ့ဆဲဖြစ်လေသည်၊ သံသရာမှ ထွက်မြောက်ကြောင်း၌ ဗုဒ္ဓ၏တရားနှင့် အလားတူသော ပြိုင်ဘက်တရားဟူ၍ မပေါ်နိုင်ခဲ့ကြပေ။

ဗုဒ္ဓတရားတော် ဗုဒ္ဓဝါဒတို့သည် သိပ္ပံသဘောအားဖြင့် ချိန်တိုးမှတ်တင်ခံသောတရားများဖြစ်၍မတိမ်းလည်း မပြောင်းလဲဘဲ အဒွန့်တည်၍ နေလေသည်။

မြတ်စွာဘုရားသည် ကောင်းကင်၌ရင်း၊ ဝိဥာဉ်အားဖြင့်ရင်း မည်သို့မျှ ရုပ်တည်ထင်ရှားခြင်းမရှိတော့ပေ။ ရုပ်နာမ်ချုပ်ပျောက်၍ ဘဝလမ်းဆုံးခဲ့ပြီးလေပြီ။ သို့ရာတွင် ဂုဏ်ကျေးဇူးနှင့်တရားဓမ္မတို့သည် ကြွင်းကျန်ရစ်သဖြင့် ဂုဏ်ကျေးဇူးကို အလေးအနက်ပြုကာ တချိန်တခါက သက်တော်ထင်ရှား မုချပေါ်ပေါက်တရားဟောပြတော်မူခဲ့သော ဗုဒ္ဓဘုရားရှင်ကို ရည်စူးလျက် ပူဇော်အပ်သော ဝတ္ထုဒြပ်ရှိလျက်ဖြစ်စေ၊ မရှိဘဲ အာရုံ၌ ရည်စူး၍ဖြစ်စေ၊ ဂုဏ်တော်ကိုအောက်မေ့၍ဖြစ်စေ၊ စိတ်၌ ရုပ်ပွားတော် တင်စားဖန်တီးတွေးထင်ယူ၍ဖြစ်စေ၊ ဘုရားရတနာကို ကိုးကွယ်ကြရပေသည်။

စင်စစ်သော်ကား မြတ်စွာ ဘု ရား အား အကောင်းဆုံးသော ကိုးကွယ်နည်းတွင် မြတ်စွာဘုရား၏ဩဝါဒ တရားကျင့်စဉ်အတိုင်း လိုက်နာကျင့်ဆောင်ခြင်းလည်း ပါဝင်

ရပေမည်၊ သာမန်အားဖြင့် ဘုရားဟူ၍ ရွတ်ဆိုခြင်း၊ ဦးနှိမ်ကန်တော့ခြင်းဟူသော ဝစီကံ၊ ကာယကံတို့အပြင် စိတ်၌ရှင်လန်းကြည်ညိုကာ ကျေးဇူးသိတတ်သော မနောကံ လေးစားမြတ်နိုးခြင်းဖြင့်လည်း ဘုရားရတနာကိုပူဇော်ကြပေသည်။

## * မြတ်စွာဘုရား ဂုဏ်တော် (၉) ပါး *

မြတ်စွာဘုရား၏ဂုဏ်တော်ကျေးဇူးတော်တို့ကား ဗုဒ္ဓဂုဏာအနန္တာဆိုသည့်အတိုင်း အတိုင်းအဆ ပိုင်းခြား၍ မဖြစ်နိုင်သော်လည်း ထင်ရှားသောအားဖြင့် ၉ ပါးကိုဖွင့်ဆိုကြပေသည်။ ထိုဂုဏ်တော် ၉ ပါးမှာ....

၁။ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၏ပူဇော်ခြင်းကို ခံထိုက်ခြင်း (အရဟံ)။

၂။ အမှန်တရားကို ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူခြင်း (သမ္မာသမ္ဗုဒ္ဓေါ)။

၃။ ကြီးမြတ်သောပညာ၊ ကောင်းမွန်သော အလေ့အကျင့်နှင့် ပြည့်စုံခြင်း (ဝိဇ္ဇာစရဏသမ္ပန္နော)။

၄။ ကောင်းသောစကားကိုသာ မြွက်ဟတော်မူခြင်း (သုဂတော)။

၅။ လောကသုံးပါးကို အကြွင်းမဲ့သိမြင်တော်မူခြင်း (လောကဝိဒူ)။

၆။ မယဉ်ကျေးသောသူတို့အားဆုံးမတော်မူနိုင်ခြင်း (အနုတ္တရောပုရိသဒမ္မသာရထိ)။

၇။ လူနတ်ပြဟ္မာတို့အား ဆုံးမတော်မူသော ဆရာတဆူဖြစ်ခြင်း (သတ္ထာဒေဝမနုဿာနံ)။

၈။ သစ္စာ လေးပါးကို အဦးအစ သိတော် မူခြင်း (ဗုဒ္ဓေါ)။

၉။ ဘုန်း၊ ဥာဏ်၊ ကံ၊ ပါရမီတော်တို့နှင့် ပြည့်စုံခြင်း (ဘဂဝါ)ဟူ၍ ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားရတနာကို ကိုးကွယ်ရာ၌ အဘယ်ကြောင့် ပူဇော်ကိုးကွယ်ခြင်း ဖြစ်သည်ကို သိနားလည်ရန်လိုလေသည်။ မြတ်စွာဘုရားအား မိမိတို့အကုသိုလ်မှုများကို အကာအကွယ်ပေးရန်အတွက်ငှင်း၊ ဘာမျှအားမထုတ်ဘဲ ဆုတောင်းရန် သက်သက်အတွက်ငှင်း၊ ကိုးကွယ်ကောင်းသည်ဟူသော သာမန်အသိဖြင့်ငှင်း၊ ကိုးကွယ်ခြင်းသည် မှန်ကန်မည်မဟုတ်ပေ။

လူသတ္တဝါတို့သည် မိမိတို့ ပြုလုပ် အားထုတ်မှုအလိုက် အကျိုးခံစားရကြောင်းကိုသာ ဗုဒ္ဓဘုရားရှင်က ဟောကြား ထားခဲ့သည် ဖြစ်ရာ ဘုရားရတနာကို ကိုးကွယ်ရာ မြတ်စွာဘုရား၏တရားတော်ကို မမေ့မလျော့စေရန်၎င်း၊ ကြည်ညိုသော စေတနာလွှမ်းမိုးသဖြင့် စိတ်အစဉ်၌ အကုသိုလ်စိတ်များ ကင်းဝေးစင်ကြယ်မှုရစေရန်၎င်း၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကို နှစ်လုံးသွင်းသဖြင့် ဘုရား၏ တရားတော်၌ ကြည်ညိုယုံကြည်မှု လေးနက် ထက်သန်စေရန်၎င်း၊ ရည်စူးခြင်းဖြင့်သာ ကိုးကွယ်ဆည်းကပ်သင့်ပေသည်။

## တရားရတနာ

မြတ်စွာဘုရားအား ကြည်ညိုခြင်း၊ လေးမြတ်ခြင်း၊ သဒ္ဓါတရား ကြီးမားခြင်း တို့သည် မြတ်စွာဘုရား၏ တရားတော်ကြောင့်ပင် ဖြစ်လေသည်။ မြတ်စွာဘုရား၏ ဂုဏ်တော်၊ ပါရမီတော်၊ အကျင့်သိက္ခာတော်၊ မဟာကရုဏာတော် တို့သည် ကြည်ညိုဘွယ်ရာအတိပင်ဖြစ်ပေသည်။

သို့ရာတွင် မြတ်စွာဘုရားဟူ၍ ပွင့်ပေါ်တော်မူရခြင်း၌ ထူးမြတ်သောတရားတော်ကို ဟောကြားတော်မူခြင်းဖြင့် သတ္တဝါတို့၏အကျိုးကိုဆောင်တော်မူခြင်း၊ အလင်း

ရောင်လမ်းပြတော်မူခြင်းဟူသော ကျေးဇူးတရားသည် နှိုင်းစရာ မရှိအောင် ကြီးမားတော်မူလေသည်။

တရားတော်ကို ဟောကြားတော်မူခြင်း ကြောင့်သာလျှင် လူအပေါင်းတို့ တရားအလင်းရောင် ရကြပေသည်။ အထီးတည်းပွင့်တော်မူသော ပစ္စေကဗုဒ္ဓါတို့ထက် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် သာလွန်တော်မူပေသည်။ လောကအကျိုး(လောကတ္တစရိယာ) ဆွေမျိုးတို့အကျိုး (ဉာတတ္ထစရိယာ)တို့ကိုပါ ဖြည့်စွမ်းတော်မူလိုရင်းဖြင့် ပစ္စေကဗုဒ္ဓါအနေဖြင့်ရင်း၊ သာဝကအနေဖြင့်ရင်း၊ နိဗ္ဗာန်ကို မကူးမြောက်ဘဲ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်ဖြင့် နိဗ္ဗာန်သို့ကူးမြောက်တော်မူလေသည်။

မြတ်စွာဘုရားဟူ၍ ပွင့်တော်မူခြင်းဖြင့် ဗုဒ္ဓ၏ တရားတော် နှစ်ပေါင်းရှည်ကြာ တည်ထွန်းကျန်ခဲ့သော သာသနာခေတ်သည် အမြတ်ပင် ဖြစ်လေသည်။ မြတ်စွာဘုရားကို ကိုယ်တိုင် ဖူးမြင်ခွင့်ကြုံ၍ တရားတော်ကို နာကြားခွင့်ကြုံသဖြင့် ကျွတ်တမ်းဝင်လေသော သူတို့သည် မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က အမြောက်အမြားပင်ရှိခဲ့လေသည်။

သို့ရာတွင် တရားတော်သည် ကျန်ရှိထွန်းလင်းနေခဲ့ခြင်းကြောင့် ယနေ့တိုင် ဗုဒ္ဓ၏အဆုံးအမ တရားတော်အတိုင်း ကျင့်ဆောင်ပွားများသူတို့သည် အကျိုးတရားကို ခံယူနိုင်ကြဆဲပင်ဖြစ်လေသည်။

ထိုတရားတော်ကို ဆက်လက် နာကြားလေ့လာကြရသူများသည် ထိုမျှ သိမြင်တော်မူသော ပုဂ္ဂိုလ်၊ ထိုမျှ ဉာဏ်အလင်းရောင်ဖွင့်ပေးခဲ့သော ပုဂ္ဂိုလ်၊ ထိုမျှ လောကီငြိမ်းချမ်းမှု၊ လောကုတ္တရာထွက်မြောက်မှုတို့ကိုရှေ့ဆောင်လမ်းပြခဲ့သော ပုဂ္ဂိုလ်ဖြစ်ပါပေတကားဟူ၍ အလွန်လျှင် ကြည်ညိုခြင်း၊ ကျေးဇူးတော်သိမှတ်ခြင်း၊ ယုံကြည်အားထားခြင်းများ ထပ်ကာထပ်ကာ ဖြစ်ပေါ်ရပေသည်။

တရားတော်၏ ကျေးဇူးကို သိလေလေ၊ မြတ်စွာဘုရားအား ကြည်ညိုမိလေပင် ဖြစ်ရပေသည်။ ထို့ကြောင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို သိမှတ်လျက် ဘုရားဟူ၍ ကိုးကွယ်ခြင်းသည် မြတ်သော-မှန်သော-အကျိုးပြုသောတရားတော်ကြောင့်လည်းဖြစ်လေသည်။ တရားတော်သည် မြတ်စွာဘုရား၏ မကုန်ခန်းနိုင်သော ကျေးဇူးကို ပြနေပေသည်။

ဗုဒ္ဓအား ကောင်းသော ကြည်ညိုခြင်း၊ နာခံခြင်းသည် မြတ်စွာဘုရား၏ရုပ်အဆင်းကို တစိမ့်စိမ့် ကြည့်၍ ကြည်နူး နှစ်သိမ့်နေသည်ထက် မြတ်စွာဘုရား၏ တရားတော်အတိုင်း ကျင့်ဆောင်အားထုတ်ခြင်းသာဖြစ်ကြောင်းကို ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူခဲ့လေသည်။ တရားတော်ကို နှလုံးသွင်းမိသောပုဂ္ဂိုလ်သည် ထိုတရားတော်ကို စတင်ညွှန်ပြပေးသောပုဂ္ဂိုလ်အား မည်သည့် နည်းနှင့်မျှ မကြည်ညိုဘဲ နေနိုင်မည်မဟုတ်ပေ။

ထိုကြောင့် ဘုရားရတနာဟူ၍ ထင်ရှား ရခြင်းသည် တရားရတနာကို စတင်ဖော်ထုတ်ပေးသောကျေးဇူး ရှင်အဖြစ်ရင်း၊ သင်ကြားညွှန်ပြသောဆရာအဖြစ်ရင်း၊ အားကိုး လေးစားရာမဏ္ဍိုင်အဖြစ်ရင်း တည်တံ့နေခြင်းကြောင့်ပင် ဖြစ်လေသည်။

မြတ်စွာဘုရား၏ ဂုဏ်တော် များသည် တရားတော်နှင့်စပ်လျဉ်း၍ စွမ်းဆောင်ချက်များအပေါ်၌ တည် ကြောင်းကို အရဟံ အစ-ဘဂဝါအဆုံးရှိသော ဂုဏ်တော်၉ပါး ကို ခွဲခြမ်းစိတ်ဖြာ၍ သုံးသပ်က သိမြင်နိုင်လေသည်။ ထိုကြောင့် သာသနာတော်၏ အခြေခံသည် ဓမ္မဟူသော တရားရတနာပင် ဖြစ်လေသည်။ တရားကိုအကြောင်းပြု၍ ဘုရားရတနာ၊ သံဃာ ရတနာတို့အား ပို၍ညွှတ်နူးကြည်ညိုရပေသည်။

မြတ်စွာဘုရား၏ တရားတော် များ ကို တစိတ်တဒေသမျှ မသိနားမလည်ပါက ဘုရားရတနာကိုကြည်ညို နေရခြင်းသည် လှိုက်လှဲလေးနက်မှုရှိမည်မဟုတ်ပေ။ အစဉ်အလာ စရိုက်အလေ့ကြောင့်ဖြစ်စေ၊ မိဘဆရာသမား၏ဩဝါဒကြောင့် ဖြစ်စေ ကိုးကွယ်နေရခြင်းထက် မြတ်စွာဘုရားဟောကြားခဲ့သော တရားတို့ကို အလုံးစုံမဟုတ်စေကာမူ တစိတ်တဒေသ၊ တခွန်း တပါဒမျှ သိရှိနားလည်ခြင်းဖြင့် "မှန်ပါပေသည်၊ အကျိုးရှိပါ ပေသည်"ဟူသော ကိုယ်တိုင်သိနားလည်စိတ်ဖြင့် ကြည်ညို ကိုး ကွယ်ရခြင်းက ပို၍လေးနက်တန်ဘိုးရှိပေသည်။

တရားတော်တစုံတခုကို သိမြင်မှတ်သား ဝေဘန်စေခြင်းဖြင့် မြတ်စွာဘုရား အပေါ်၌ အကြောင်းမဲ့ မဟုတ်ဘဲ ပင်ကိုယ်သိ-ပင်ကိုယ်ကြည်ညိုမှုဖြင့် ကြည်ညို လာရသည်သာဖြစ်၍ မိမိသည် အဘယ်ကြောင့် ဗုဒ္ဓကိုကြည်ညိုနေရကြောင်းကိုလည်း ကွဲကွဲပြားပြား သိနားလည်မည် ဖြစ်လေသည်။ သို့မှလည်း ဘုရားရတနာ၏မွန်မြတ်ပုံကို သဘောပေါက်နားလည်ပေမည်။ အကြောင်းမရှိ၊ အကျိုးမရှိဘဲလျက် ပုဂ္ဂိုလ်တဦးဦးကိုသော်၎င်း၊ ရုပ်ပုံ၊ အထုအထည်တစုံတရာကိုသော်၎င်း ကြည်ညို၍ ရမည်မဟုတ်ပေ။ ကြည်ညိုစေလျှင်လည်း စွဲမြဲမည်မဟုတ်ပေ။ သို့ရာတွင် ထိုပုဂ္ဂိုလ်၊ထိုရုပ်ပုံ၊ထိုအထုအထည်တို့သည် မည်သို့ ကိုယ်စားပြုသည်၊ ထိုကိုယ်စားပြုခံ ပုဂ္ဂိုလ်သည် မည်သို့ ကြည်ညိုစရာ ကောင်းသည်တို့ကို သိနားလည်စေရပေမည်။ ထို နားလည်စေမှုတွင် ထိုပုဂ္ဂိုလ်၏ စွမ်းဆောင်မှုကို လက်ငင်းဒိဋ္ဌ သက်ဝင် သိမြင် သဘောပေါက်စေခြင်းသည် ပို၍ ကောင်းပေသည်။

ဗုဒ္ဓ၏စွမ်းဆောင်မှုဂုဏ်ရည်တို့သည် ဟောကြားတော်မူသော တရားအပေါင်း၌ ကိန်းအောင်းနေပေသည်။ တရားရတနာကို ယုံကြည်သော် ဘုရားရတနာ၌ ယုံမှားခြင်း၊ သံသယရှိခြင်း တို့သည် ကင်းဝေးပေတော့သည်။ တရားမြင်၍ ပုဂ္ဂိုလ်ခင်ခြင်းမျိုးပင်ဖြစ်လေသည်။

တရား ရတနာ၌ မြတ်စွာဘုရား ဟောကြားခဲ့သော တရားတော်အလုံးစုံတို့ ပါရှိလေသည်။ ထိုတရားတော်သည် ပိဋကတ်သုံးပုံဟုဆိုအပ်သော တရားအစုပင် ဖြစ်လေ

သည်။ ထိုတရားတို့ကိုခြုံ၍ကြည့်မည်ဆိုက ကိလေသာကို သတ်တတ် ပယ်တတ်သော မဂ်တရားစု၊ ကိလေသာပြတ်စဲကုန်ခန်းစေတတ်သော ဖိုလ်တရားစု၊ ဆင်းရဲခပ်သိမ်း ငြိမ်းစေသော နိဗ္ဗာန်တရားစုနှင့်မဂ်ဖိုလ်တို့ကို မျက်မှောက်ပြုနိုင်စေရန် လမ်းညွှန်သော ပရိယတ်တရားစုဟူ၍ လေးမျိုးသာလျှင် ရှိပေသည်။

ထိုတရားတော်တို့သည် နက်နဲခြင်း လေးပါးနှင့်လည်း ပြည့်စုံလေသည်။ နက်နဲခြင်း လေးပါးမှာ တရားတော်၏နက်နဲခြင်း၊အနက်အဓိပ္ပာယ်၏နက်နဲခြင်း၊ ဟောပြောပုံ၏နက်နဲခြင်း၊ ကြံဆထိုးထွင်းမှုကိစ္စ၌ နက်နဲခြင်း ဟူ၍ဖြစ်ပေသည်။

တရားတော်၏ ဂုဏ်သည် အတိုင်းမရှိ၊ အနန္တပင် ဖြစ်လေသည်။ လောကီဒုက္ခ အပေါင်းမှ ငြိမ်းအေးကြောင်း နည်းလမ်းတို့၏တန်ဘိုးကို မည်သူ ဖြတ်ဝံ့ပါအံ့နည်း။ ထင်ရှားသောအားဖြင့် ကောက်နှုတ်ပါမူကား တရားတော်သည် ဂုဏ်တော် ၆ ပါးနှင့် ပြည့်စုံ လေသည်။

ထိုဂုဏ်တော် ၆ ပါးကား....

၁။ တရားတော်သည် တစိတ်တဒေသ၊ တပိုင်းတနေရာ မျှသာ ကောင်းမြတ်သည် မဟုတ်ဘဲ အစ အလယ် အဆုံး သုံးပါးစလုံး ကောင်းမွန်ခြင်း (သွာက္ခာတ)။

၂။ ကျင့်ဆောင် လိုက်နာသူအတွက် နောင်ဘဝမှ အကျိုးပေးမည်ဟူ၍ရွှေ့မဆိုင်းဘဲ လက်ငင်းမှချ မျက်မှောက်ဘဝ၌ပင်လျှင် အကျိုးရှိစေ နိုင်ခြင်း (သန္ဒိဋ္ဌိက)။

၃။ အချိန်အခါမရွေး ကျင့်ဆောင်သည့် အချိန်၌ပင် ကောင်းကျိုးဖြစ်စေခြင်း (အကာလိက)။

၄။ မယုံကြည်သူများအား လက်တွေ့စမ်း၍ ကြည့် မည်ဆိုက အမှန်အကန် လက်တွေ့ အစမ်းခံနိုင် ခြင်း(ဧဟိပဿိက)။

၅။ သူတပါး အပြောအဟောမျှသာမဟုတ်ဘဲ ကိုယ် တိုင် ပေါက်မြောက်အောင် ကျင့်ဆောင်၍ ရနိုင် ခြင်း(ဩပနယိက)။

၆။ ကျင့်ဆောင်သူတိုင်းအား ကိုယ်တွေ့ ချမ်း သာ ပေစွဟု တရားအရသာကို ခံစား သိမြင်နိုင်စွမ်း ရှိစေခြင်း (ပစ္စတ္တံ ဝေဒိတဗ္ဗောဝိညူဟိ) ဟူ၍ ဖြစ်ပေသည်။ ဤဂုဏ်တော်တို့ကား တရားစစ်တရားမှန်ဖြစ်ခြင်း ကြောင့် ရရှိအပ်သော ထူးထွေကြေးကြော်စကောင်းသောဂုဏ်အင်္ဂါ တို့ပင်ဖြစ်လေသည်။

## ❋ ပိဋကတ်ဒေသနာ ❋

တရားတော်သည် ဓမ္မခန္ဓာ အားဖြင့် ဝိနည်းတွင် ၂၁၀၀၀၊ သုတ္တန်တွင် ၂၁၀၀၀၊ အဘိဓမ္မာတွင် ၄၂၀၀၀ ဟူ၍ စုစုပေါင်း တရားအရပ်ရပ် ရှစ်သောင်းလေးထောင်ရှိသည်ဟု ရေတွက်ကြပေသည်။ သို့ရာတွင် ပိဋကတ်သုံးပုံအားဖြင့် ဝေခွဲထားသမျှကို အကြမ်းအားဖြင့် သိရှိလျှင်ပင် လုံလောက်ပြီ ဖြစ်လေသည်။ ပိဋကတ်သုံးပုံမှာ ညွှန်ကြားဆုံးမချက်များ(သုတ္တန်) သံဃာ့စည်းမျဉ်း(ဝိနည်း)နှင့်သဘာဝတရားသဘော(အဘိဓမ္မာ)ဟူ၍ဖြစ်ပေရာ ၎င်းတို့ကို အတန်ငယ် စိတ်ဖြာ၍ ဖော်ပြရန် လိုလေသည်။

## (၁) သုတ္တန်ပိဋကတ်

သုတ္တန်ပိဋကတ်တွင် နိကာယ်ဟူ၍အပိုင်း ၅-ပိုင်း ထပ်မံခွဲခြားထားလေသည်။

၁။ **"ဒီဃနိကာယ်"** တွင် သုတ်ရှည်ပေါင်း ၃၄ သုတ် ပါဝင်လေသည်။ ထိုဒီဃနိကာယ်၌ပင် သီလအကြောင်းနှင့်စပ်လျဉ်းသော သီလက္ခန္ဓနှင့်မဟာဝဂ္ဂ၊ ပါထေယျဟူ၍ ၃ ပိုင်း ထပ်မံခွဲခြားထားလေသည်။

ဒီဃနိကာယ်တွင် ပါဝင်သော သုတ်များမှာ-

ဗြဟ္မဇာလ သုတ်၊ သာမညဖလ သုတ်၊ အမ္ဗဋ္ဌသုတ်၊ သောဏဒဏ္ဍသုတ်၊ ကူဋဒန္တသုတ်၊ မဟာလိသုတ်၊ ဇာလိယသုတ်၊ ကဿပသီဟနာဒသုတ် ပေါဋ္ဌပါဒသုတ်၊ သုဘသုတ်၊ ကေဝဋ္ဋသုတ်၊ လောဟိစ္စသုတ်၊ တေဝိဇ္ဇသုတ်၊မဟာပဒါနသုတ်၊ မဟာနိဒါနသုတ်၊ မဟာပရိနိဗ္ဗာနသုတ် မဟာသုဒဿနသုတ်၊ဇနဝသဘသုတ်၊မဟာဂေါဝိန္ဒသုတ်၊ မဟာသမယသုတ်၊ သက္ကပဉှာသုတ် မဟာသတိပဋ္ဌာနသုတ်၊ ပါယာသိသုတ်၊ ပါဋိက

သုတ်၊ဥဒုမ္ဗရိကသီဟနာဒသုတ်၊ စက္ကဝတ္တိသီဟနာဒသုတ် အဂ္ဂညသုတ်၊ သမ္ပသာဒနီယသုတ်၊ ပါသာဒိကသုတ်၊ လက္ခဏာသိင်္ဂါလောဝါဒသုတ်၊အာဋာနာဋိယသုတ်၊သင်္ဂီတိသုတ်ဒသုတ္တရသုတ် ဟူ၍ ဖြစ်လေသည်။

၂။ "**မဇ္ဈိမနိကာယ်**"တွင်သုတ်အလတ် ပေါင်း ၁၅၀ ပါဝင်လေသည်။ အချို့သော သုတ်များမှာ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားသော သုတ်များဖြစ်၍ အချို့မှာ တပည့်သား သာဝကတို့၏ ညွှန်ကြားချက်များ ပါဝင်လေသည်။

မဇ္ဈိမနိကာယ်တွင် ပါဝင်သော သုတ်များမှာ-

မူလပရိယာယသုတ်၊ သဗ္ဗာသဝသုတ်၊ ဓမ္မဒါယာဒသုတ်၊ ဘယဘေရဝသုတ်၊ အနင်္ဂဏသုတ်၊ အာကင်္ခေယသုတ်၊ဝတ္ထူပမသုတ်၊ သလ္လေခသုတ်၊ သမ္မာဒိဋ္ဌိသုတ်၊ သတိပဋ္ဌာနသုတ်၊ စူဠသီဟနာဒသုတ်၊ မဟာသီဟနာဒသုတ်၊ မဟာဒုက္ခက္ခန္ဓသုတ်၊စူဠဒုက္ခက္ခန္ဓသုတ်၊အနုမာနသုတ်၊ စေတောခိလသုတ်၊ ဝနပတ္ထသုတ်၊ မဓုပိဏ္ဍိကသုတ်၊ ဒွေဓာဝိတက္ကသုတ်၊ ဝိတက္ကသဏ္ဌာနသုတ်၊ကကစူပမသုတ်၊အလဂဒ္ဒူပမသုတ်၊ ဝမ္မိကသုတ်၊ ရထဝိနီတသုတ်၊နိဝါပသုတ်၊အရိယပရိယေသနသုတ်၊ စူဠဟတ္ထိပဒေါပမသုတ်၊ မဟာဟတ္ထိပဒေါပမသုတ်၊ မဟာသာရောပမသုတ်၊ စူဠသာရောပမသုတ်၊စူဠဂေါသိင်္ဂသုတ်၊ မဟာဂေါသိင်္ဂသုတ်၊ မဟာဂေါပါလကသုတ်၊စူဠဂေါပါလကသုတ်၊ စူဠသစ္စကသုတ်၊မဟာ

သစ္စကသုတ်၊ စူဠတဏှာသင်္ခယသုတ်၊ မဟာတဏှာသင်္ခယသုတ်။ မဟာအဿပုရသုတ်၊ စူဠအဿပုရသုတ်၊ သာလေယျကသုတ်၊ ဝေရဉ္စကသုတ်၊မဟာဝေဒလ္လသုတ်၊စူဠဓမ္မသမာဒါနသုတ်၊မဟာ၊ ဓမ္မသမာဒါနသုတ်၊ ဝီမံသကသုတ်၊ ကောသမ္ဗိကသုတ်၊ ဗြဟ္မနိမန္တနိကသုတ်၊မာရတဇ္ဇနီယသုတ်။ (၅၀)။

ကန္ဒရကသုတ်၊အဋ္ဌကနာဂရသုတ်၊သေခသုတ်၊ပေါတလိယသုတ်၊ဇီဝကသုတ်၊ ဥပါလိသုတ်၊ ကုက္ကုရဝတိသုတ်၊ အဘယရာဇကုမာရသုတ်၊ ဗဟုဝေဒနီယသုတ်၊ အပဏ္ဏကသုတ်၊ အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ်၊ မဟာရာဟုလောဝါဒသုတ်၊ စူဠမာလုကျသုတ်၊ မဟာမာလုကျသုတ်၊ ဘဒ္ဒါလိသုတ်၊ လဋုကိကောပမသုတ်၊ စာတုမသုတ်၊ နဠကပါနသုတ်၊ ဂေါလိယာနိသုတ်၊ ကီဋာဂိရိသုတ်၊ တေဝိဇ္ဇဝစ္ဆဂေါတ္တသုတ်၊ အဂ္ဂိဝစ္ဆဂေါတ္တသုတ်၊ မဟာဝစ္ဆဂေါတ္တသုတ်၊ ဒီဃနခသုတ်၊ မာဂဏ္ဍိယသုတ်၊သန္ဒကသုတ်၊မဟာသကုလုဒါယိသုတ်၊သမဏမုဏ္ဍိကပုတ္တသုတ်၊ စူဠသကုလုဒါယီသုတ်၊ ဝေခနသသုတ်၊ ဃဋိကာရသုတ်၊ ရဋ္ဌပါလသုတ်၊ မဃဒေဝသုတ်၊ မဓုရိယသုတ်၊ ဗောဓိရာဇကုမာရသုတ်၊ အင်္ဂုလိမာလသုတ်၊ ပိယဇာတိကသုတ်၊ ဗာဟီတိကသုတ်၊ ဓမ္မစေတိယသုတ်၊ကဏ္ဏကတ္ထလသုတ်၊ဗြဟ္မယုသုတ်၊ သေလသုတ်၊ အဿလာယနသုတ်၊ ဃောဋမုခသုတ်၊ စင်္ကီသုတ်၊ ဧသုကာရီသုတ်၊ဓာနဉ္စာနိသုတ်၊ ဝါသေဋ္ဌသုတ်၊ သုဘသုတ်၊ သင်္ဂါရဝသုတ်။ (၁၀၀)။

ဒေဝဒဟသုတ်၊ ပဉ္စတ္တယသုတ်၊ ကိန္တိသုတ် သာမဂါမသုတ်၊ သုနက္ခတ္တသုတ်၊ အာနေဉ္ဇသပ္ပါယသုတ်၊ ဂဏကမောဂ္ဂလာနသုတ်၊ ဂေါပကမောဂ္ဂလာနသုတ်၊ မဟာပုဏ္ဏမသုတ် စူဠပုဏ္ဏမသုတ်၊ အနုပဒသုတ်၊ ဆဗ္ဗိသောဓနသုတ်၊ သပ္ပုရိသသုတ်၊ သေဝိတဗ္ဗာသေဝိတဗ္ဗသုတ်၊ ဗဟုဓာတုကသုတ်၊ ဣသိဂိလိသုတ်၊ မဟာစတ္တာရိသသုတ်၊ အာနာပါနဿတိသုတ်၊ ကာယဂတာသတိသုတ်၊ သံခါရုပ္ပတ္တိသုတ်၊ စူဠသုညတသုတ်၊ မဟာသုညတသုတ်၊ အစ္ဆရိယဗ္ဘုတဓမ္မသုတ်၊ ဗာကုလသုတ်၊ ဒန္တဘူမိသုတ်၊ ဘူမိဇသုတ်၊ အနုရုဒ္ဓသုတ်၊ ဥပက္ကိလေသသုတ်၊ ဗာလပဏ္ဍိတသုတ်၊ ဒေဝဒူတသုတ်၊ ဘဒ္ဒေကရတ္တသုတ်၊ အနန္ဒဘဒ္ဒေကရတ္တသုတ်၊ မဟာကစ္စက ဘဒ္ဒေကရတ္တသုတ်၊ လောမသင်္ဂိ ဘဒ္ဒေက ရတ္တသုတ်၊ စူဠနှင့် မဟာကမ္မ ဝိဘင်္ဂသုတ်၊ သဠာယတန ဝိဘင်္ဂသုတ်၊ ဥဒ္ဒေသ ဝိဘင်္ဂသုတ်၊ အရဏဝိဘင်္ဂသုတ်၊ ဓာတု ဝိဘင်္ဂ သုတ်၊ အနာထ ပိဏ္ဍိ ကော ဝါဒသုတ်၊ ဆန္နောဝါဒသုတ်၊ ပုဏ္ဏောဝါဒသုတ်၊ နန္ဒကောဝါဒသုတ် စူဠရာဟုလောဝါဒသုတ်၊ ဆဆက္ကသုတ်၊ မဟာသဠာယတနိကသုတ်၊ နဂရဝိန္ဒေယျသုတ်၊ ပိဏ္ဍပါတပါရိသုဒ္ဓိသုတ်၊ ဣန္ဒြိယဘာဝနာသုတ်၊ (၁၅၀) ဟူ၍ဖြစ်လေသည်။

၃။ "သံယုတ္တနိကာယ်"တွင် သုတ်ပေါင်း ၇၇၆၁ ပါဝင်၍ အစုဝဂ်အားဖြင့် သဂါထာဝဂ်၊ နိဒါနဝဂ်၊ ခန္ဓဝဂ်၊ သဠာယတနဝဂ်၊ မဟာဝဂ် ဟူ၍ ၅ ပိုင်း ခွဲခြားထားလေသည်။ ထိုဝဂ်တခုစီတွင် သံယုတ်အသီးသီးခွဲခြားထား၍ သံယုတ်အချို့တွင် သုတ်အစု(၁)မှ (၁၈)စုအထိ အမျိုးမျိုးပါဝင်လေသည်။

ဤတွင်သံယုတ်အမည်များကိုသိသာရန် ဝဂ် ၅ ခုရှိ သံယုတ်ပေါင်း ၅၆ မျိုးကို ဖော်ပြထားပေသည်။ ပိဋကတ်ကို အကျယ်မလေ့လာနိုင်ကြစေကာမူ အကျဉ်းအားဖြင့် ကြားသိဘူးရန် လိုအပ်ပေသည်။

သဂါထာဝဂ်၌ ဒေဝတာသံယုတ်၊ ဒေဝပုတ္တသံယုတ်၊ ကောသလသံယုတ်၊ မာရသံယုတ်၊ ဘိက္ခုနီသံယုတ်၊ ဗြဟ္မသံယုတ်၊ ဗြဟ္မဏသံယုတ်၊ ဝင်္ဂီသသံယုတ်၊ ဝနသံယုတ်၊ ယက္ခသံယုတ်၊ သက္ကသံယုတ်။ (၁၁)။

နိဒါနဝဂ်၌ နိဒါနသံယုတ်၊ အဘိသမယသံယုတ်၊ ဓာတုသံယုတ်၊ အနမတဂ္ဂသံယုတ်၊ ကဿပသံယုတ်၊ လာဘသက္ကာရသံယုတ်၊ ရာဟုလသံယုတ်၊ လက္ခဏသံယုတ်၊ ဩပမ္မသံယုတ်၊ ဘိက္ခုသံယုတ်။ (၁၀)။

ခန္ဓဝဂ်၌ ခန္ဓသံယုတ်၊ ရာဓသံယုတ်၊ ဒိဋ္ဌိသံယုတ်၊ ဩက္ကန္တိကသံယုတ်၊ ဥပ္ပါဒသံယုတ်၊ ကိလေသသံယုတ်၊ သာရိပုတ္တသံယုတ်၊ နာဂသံယုတ်၊ သုပဏ္ဏသံယုတ်၊ ဂန္ဓဗ္ဗသံယုတ်၊ ဝလာဟကသံယုတ်၊ ဝစ္ဆဂေါတ္တသံယုတ်၊ ဈာနသံယုတ်။ (၁၃)။

သဠာယတနဝဂ်၌ သဠာယတနသံယုတ်၊ ဝေဒနာ သံယုတ်၊ ဇမ္ဗုခါဒက သံယုတ်၊ သာမဏ္ဍက သံယုတ်၊ မောဂ္ဂလာနသံယုတ်၊ စိတ္တသံယုတ်၊ ဂါမဏိသံယုတ်၊ အသင်္ခတသံယုတ်၊ အဗျာကတသံယုတ်။ (၁၀)။

မဟာဝဂ်၌ မဂ္ဂသံယုတ်၊ ဗောဇ္ဈင်္ဂသံယုတ်၊ သတိပဋ္ဌာနသံယုတ်၊ ဣန္ဒြိယသံယုတ်၊ သမ္မပ္ပဓာနသံယုတ်၊ ဗလသံယုတ်၊ ဣဒ္ဓိပါဒသံယုတ်၊ အနုရုဒ္ဓသံယုတ်၊ ဈာနသံယုတ်၊ အာနာပါနသံယုတ်၊ သောတာပတ္တိသံယုတ်၊ သစ္စသံယုတ်။ (၁၂)၊

၄။ "အင်္ဂုတ္တရနိကာယ်"တွင် သုတ်ပေါင်း ၉၅၅၇သုတ်ပါဝင်၍ နိပါတ်ပေါင်း ၁၁ ခု ပါဝင်လေသည်။ ဧကနိပါတ်၌တရား ၂၁စု၊ ဒုကနိပါတ်၌ ၁၆စု၊ တိကနိပါတ်၌ ၁၆စု၊ စတုက္ကနိပါတ်၌ ၂၆ စု၊ ပဉ္စကနိပါတ်၌ ၂၆ စု၊ ဆက္ကနိပါတ်၌ ၁၂ စု၊ သတ္တကနိပါတ်၌ ၉ စု၊ အဋ္ဌကနိပါတ်၌ ၉ စု၊ နဝကနိပါတ်၌ ၉ စု၊ ဒသကနိပါတ်၌ ၂၂ စု၊ ဧကာဒသကနိပါတ်၌ ၃စု အသီးသီးပါဝင်လေသည်။

၅။ "ခုဒ္ဒကနိကာယ်"၌ ကျမ်းအမျိုးပေါင်း ၁၆မျိုးခွဲခြားထားလေသည်။ ဗုဒ္ဓ၏အဆုံးအမနှင့် ဗုဒ္ဓဘာသာ၏ အခြေခံတရားများသည် ခုဒ္ဒကနိကာယ်၌ အများအပြား ပါဝင်လေသည်။

က။ "ခုဒ္ဒကပါဌ"တွင်မင်္ဂလသုတ်၊ရတနသုတ်၊ တိရောကုဋ္ဋသုတ်၊ နိဓိကဏ္ဍသုတ်၊ ကရဏီယမေတ္တသုတ်စသည်နှင့် သီလအကြောင်း၊သရဏဂုံအကြောင်း၊ ၃၂ကောဋ္ဌာသ(ကိုယ်အင်္ဂါအစု)တို့အကြောင်းများပါဝင်လေသည်။

ခ။ "ဓမ္မပဒ" တွင် ကျင့်ဝတ်များကို ဝဂ်ပေါင်း၂၆စုခွဲ၍ ဖော်ပြထားလေသည်။ (၄၂၃)ပိုဒ်ပါဝင်လေသည်။

ဂ။ "ဥဒါန" တွင် ဝဂ်ပေါင်း ၈ စုခွဲခြားဖော်ပြထားလေသည်။

ဃ။ "ဣတိဝုတ္တက" တွင် အခဏ်းတိုပေါင်း ၁၁၂ စု ခွဲခြား၍ထားလေသည်။

င။ "သုတ္တနိပါတ" တွင် ဝဂ်ပေါင်း ၅ စု ခွဲထားလေသည်။

ထိုဝဂ်ဘခုစီပါ သုတ်များကိုလည်း သိရှိရန် လိုပေသည်။ အချို့သောသုတ်များကို ဗုဒ္ဓကျမ်းစာများတွင် ကိုးကားဟောပြခြင်းများကိုတွေ့ကြရမည်ဖြစ်လေသည်။

"ဥရဂဝဂ်" တွင်....

ဥရဂသုတ်၊ ဓနိယသုတ်၊ ခဂ္ဂဝိသာဏသုတ်၊ ကသိဘာရဒွါဇသုတ်၊ စုန္ဒသုတ်၊ ပရာဘဝသုတ်၊ ဝသလသုတ်၊ မေတ္တသုတ်၊ ဟေမဝတသုတ်၊ အာဠဝကသုတ်၊ ဝိဇယသုတ် မုနိသုတ်ဟူ၍ ၁၂ သုတ်။

"စူဠဝဂ်" တွင်....

ရတနသုတ်၊ အာမဂန္ဓသုတ်၊ ဟိရိသုတ်၊ မဟာမင်္ဂလသုတ်၊ သူစိလောမသုတ်၊ ဓမ္မစရိယသုတ်၊ ဗြာဟ္မဏဓမ္မိကသုတ်၊ နာဝါသုတ်၊ ကိံသီလသုတ်၊ ဥဋ္ဌာနသုတ်၊ ရာဟုလသုတ်၊ ဝင်္ဂီသသုတ်၊ သမ္မာပရိဗ္ဗာဇနိယသုတ်၊ ဓမ္မိကသုတ် ဟူ၍ ၁၄ သုတ်။

"မဟာဝဂ်"တွင်....

ပဗ္ဗဇ္ဇာသုတ်၊ ပဓာနသုတ်၊ သုဘာသိတသုတ်၊သုန္ဒရိကဘာရဒွါဇသုတ်၊မာဃသုတ်၊သဘိယသုတ်၊ သေလသုတ်၊သလ္လသုတ်၊ဝါသေဋ္ဌသုတ်၊ ကောကာလိယသုတ်၊ နာလကသုတ်၊ဒွယတာနုပဿနာသုတ်ဟူ၍ ၁၂ သုတ်။

"အဋ္ဌကဝဂ်"တွင်....

ကာမသုတ်၊ဂုဟဋ္ဌကသုတ်၊ဒုဋ္ဌဋ္ဌကသုတ်၊သုဒ္ဓဋ္ဌကသုတ်၊ပရမဋ္ဌကသုတ်၊ ဇရာသုတ်၊ တိဿမေတ္တေယျသုတ်၊ ပသူရသုတ်၊ မာဂဏ္ဍိယသုတ်၊ ပုရာဘေဒသုတ်၊ ကလဟဝိဝါဒသုတ်၊ စူဠဝိယူဟသုတ်၊ မဟာဝိယူဟသုတ်၊ တုဝဋ္ဋကသုတ်၊ အတ္တဒဏ္ဍသုတ်၊သာရိပုတ္တသုတ်ဟူ၍ ၁၆သုတ်။

"ပရာယနဝဂ်"တွင်....

ဝတ္ထု ဂါထာ သုတ် နှင့် ပုစ္ဆာ သုတ် ၁၆ သုတ်။ စသည်တို့ပါရှိလေသည်။

၈။ "ဝိမာနဝတ္ထု"တွင် ရွှေပြည် နတ်ပြည် အကြောင်းအရာတို့နှင့် ကံ-ကံ၏ အကျိုးဆက်တို့ကို ဥပမာအားဖြင့် ဖော်ပြထားလေသည်။

၉။ "ပေတဝတ္ထု"တွင်လည်း ရွှေပြည်နတ်ပြည် အကြောင်းအရာ တို့နှင့် ကံ-ကံ၏ အကျိုးဆက် တို့ကို ဖေါ်ပြထားလေသည်။

၈။ "ထေရဂါထာ"တွင်မြတ်စွာဘုရား
လက်ထက် ထူးခြားထင်ရှားသော ထေရ်ရဟန်းတို့၏အတ္ထုပ္ပတ္တိကို ထုတ်ဖော်မိန့်ကြားချက်များ၊ ဩဝါဒနှင့်သင်္ချိုဟ်းစာများ ပါဝင်လေသည်။

၉။ "ထေရီဂါထာ"တွင်လည်းမြတ်စွာဘုရားလက်ထက်တွင် ထူးခြားထင်ရှားသော ထေရီရဟန်းမတို့၏ အတ္ထုပ္ပတ္တိကို ထုတ်ဖော်မိန့်ကြားချက်များ၊ ဩဝါဒနှင့်သင်္ချိုဟ်းစာများပါဝင်လေသည်။

၁၀။ "ဇာတက" ဇာတ်တော်များတွင်ကား မြတ်စွာဘုရားအဖြစ်သို့ရောက်သော နောက်ဆုံးဘဝမှအပ သံသရာ၌ ကျင်လည်ခဲ့သော ဘဝအသီးသီးတွင် ဖြစ်ပျက်ခဲ့ပုံများကို သင်္ချိုဟ်းစာများနှင့်ပူးတွဲ၍ ဟောကြားချက် ဇာတ်ဝတ္ထုများပါဝင်လေသည်။

ဇာတ်တော်များကို အနီးဆုံးသချ်ာအားဖြင့် ၅၅၀ဟူ၍ ရေတွက်သော်လည်း ၅၄၇ ဇာတ်ရှိလေသည်။ မဟာဝဂ်ဟူသော ဇာတ်ဝမျိုးကို ဇာတ်တော်ကြီးဝဝတ္ထု ဟူ၍ ခေါ်တွင်ကြလေသည်။ * ဇာတ်တော်များမှာ ပိဋကတ်ကျမ်းရင်းတွင် အတွေ့ရနည်းပါး၍ ဇာတ်တော်များ၏အဖွင့်အဋ္ဌကထာဖြစ်သည့် ဇာတကဋ္ဌဝဏ္ဏနာတွင်သာ တွေ့ရှိကြရလေသည်။

ထိုကျမ်းကို အမည်မသိ သီဟိုဠ်ရဟန်းတော်တပါး ရေးသားခဲ့၍ ပါဠိဇာတက အဋ္ဌကထာ ကျမ်းကို

မှီးထားခြင်းဖြစ်လေသည်။ ရှင်ဗုဒ္ဓဃောသက သီဟိုဠ်ဘာသာမှ ပါဠိဘာသာသို့ပြန်ဆိုတော်မူလေသည်။

ဇာတ်တော်များတွင် ဂါထာတပုဒ်စီဖြင့် ဖွဲ့သော ဇာတ်၁၅၀ ကေနိပါတ်။ ဂါထာ ၂ ပုဒ်စီဖြင့် ဖွဲ့သော ဇာတ်ပေါင်း၁၀၀(ဒုကနိပါတ်)။ ဂါထာသုံးပုဒ်စီဖြင့် ဖွဲ့သော ဇာတ်ပေါင်း ၅၀ (တိကနိပါတ်) စသည်အား ဖြင့် ၄-ဂါထာ ဇာတ်ပေါင်း၅၀(စတုကနိပါတ်)။ ၅-ဂါထာဇာတ်ပေါင်း၂၅ (ပဉ္စကနိပါတ်)။ ၆-ဂါထာဇာတ်ပေါင်း ၂၀ (ဆက္ကနိပါတ်)။ ၇-ဂါထာ ဇာတ်ပေါင်း ၂၁ (သတ္တကနိပါတ်)။ ၈-ဂါထာဇာတ် ပေါင်း ၁၀(အဋ္ဌကနိပါတ်)။ ၉-ဂါထာဇာတ်ပေါင်း၁၂(နဝ နိပါတ်)။ ၁၀-ဂါထာဇာတ်ပေါင်း၁၆(ဒသနိပါတ်)။ ၁၁-ဂါထာဇာတ်ပေါင်း၉(ဧကာဒသနိပါတ်)။ ၁၂-ဂါထာဇာတ် ပေါင်း၁၀ (ဒွါဒသနိပါတ်)။ ၁၃-ဂါထာဇာတ်ပေါင်း ၁၀။ (တေရသနိပါတ်)။ ဂါထာအမျိုးမျိုး ဇာတ်ပေါင်း၁၃(ပကိဏ္ဏက နိပါတ်)။ ဂါထာ ၂၀ ဇာတ်ပေါင်း ၁၄ (ဝီသတိနိပါတ်)။ ဂါထာ ၃၀ ဇာတ်ပေါင်း ၁၀ (တိံသနိပါတ်)။ ဂါထာ ၄၀ ဇာတ်ပေါင်း၅(စတ္တာလီသနိပါတ်)။ ဂါထာ ၅၀ ဇာတ်ပေါင်း ၃(ပဏ္ဏာသနိပါတ်)။ ဂါထာ၆၀ ဇာတ်ပေါင်း၂(သဋ္ဌိနိပါတ်)။ ဂါထာ ၇၀ ဇာတ်ပေါင်း၂ (သတ္တတိနိပါတ်)။ ဂါထာ ၈၀

---

* ပါဠိစာပေသမိုင်း(ဒေါ်အုန်း-မဟာဝိဇ္ဇာ) စာမျက်နှာ ၂၁၄-၂၁၅။

ဇာတ်ပေါင်း၅ (အသီတိနိပါတ်)။ ဇာတ်ကြီး ၁၀ စောင် (မဟာနိပါတ်) ဟူ၍ ပိုင်းခြားထားလေသည်။

၄။ "မဟာနိဒ္ဒေသ" တွင် ဒေသနာဆိုင်ရာပါဠိပုဒ်တို့၏ သရုပ်ကို ခွဲခြားဖော်ပြထားလေသည်။

၅။ "စူဠနိဒ္ဒေသ" တွင်လည်း ဒေသနာဆိုင်ရာပါဠိပုဒ်တို့၏သရုပ်ကိုပင် ခွဲခြားဖော်ပြထားလေသည်။

၆။ "ပဋိသမ္ဘိဒါမဂ္ဂ" တွင် ၃ ပိုင်း ခွဲခြား၍ အရေးကြီးသောဒေသနာများကိုဖော်ပြထားလေသည်။ ထိုသုံးပိုင်းတွင် မဟာဝဂ္ဂ၌ အနိစ္စတရား၊ ပဋိစ္စသမုပ္ပါဒ်တရား၊ ပြာဋိဟာ၊ သဗ္ဗညုတဉာဏ်၊ မိစ္ဆာဒိဋ္ဌိ စသော အကြောင်းများကို ဖော်ပြ၍ ယုဂနန္ဓဝဂ္ဂ၌ သစ္စာလေးပါး၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ မဂ္ဂင် ၈ ပါး စသည်တို့ကို ဖော်ပြထားပြီး ပညာဝဂ္ဂ၌ စရိယာ ၈ ပါး၊ အာယတန ၆ ပါး၊ ရဟန်းဘာဝအကျိုးတရား စသည်တို့ကို ဖော်ပြလေသည်။

၇။ "အပဒါန" တွင် ဘာသာရေး ကျင့်ဝတ်ဆိုင်ရာ မြတ်စွာဘုရားလက်ထက် ပစ္စုပ္ပန်ဝတ္ထုနှင့် အတိတ်ဝတ္ထုများပါရှိ၍ ဗုဒ္ဓပဒါန၊ ပစ္စေကဗုဒ္ဓပဒါနနှင့် ထေရနှင့် ထေရီအပဒါနဟူ၍ သုံးမျိုးတွေ့ရှိနိုင်လေသည်။ ထေရအပဒါန်တွင် အပဒါန်ပေါင်း ၁၀ ခုစီ ပါသည့် ကဏ္ဍပေါင်း ၅၅ ခုပါဝင်၍ ထေရီအပဒါန်တွင် အပဒါန် ၁၀ ခုစီ ပါသည့် ကဏ္ဍပေါင်း ၄ ခုမျှရှိလေသည်။

ဏ။ "ဗုဒ္ဓဝံသ"တွင်ဂေါတမမြတ်စွာဘုရားမတိုင်မီ ပွင့်တော်မူသော ဘုရား ၂၄ ဆူတို့၏ ဗုဒ္ဓဝင်နှင့်ကမ္ဘာကြီး ၁၂ခု အကြောင်းများပါဝင်၍ ၂၅ ကဏ္ဍ ပါဝင်လေသည်။

တ။ "စရိယာပိဋက" တွင် ရှေး မရေမတွက်နိုင်သော ဘဝအဆက်ဆက်တွင် ဘုရားအလောင်းတော်တို့ ကျင့်ဆောင်ခဲ့သောကျင့်စဉ်များကို ဖော်ပြသည့် ဂါထာများပါဝင်သော ဇာတ်တော်ပေါင်း ၃၅-ဝတ္ထု ပါရှိလေသည်။ ထိုဇာတ်တော်များကို ဇာတကနိပါတ်များတွင်လည်း တွေ့ရလေသည်။ သို့ရာတွင် စရိယာပိဋကဌ ပါရမီ၁၀-ပါးကို အထူးပြု၍ဟောကြားလေသည်။ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူသော ဇာတ်တော်များဖြစ်လေသည်။

## (၂)။ ဝိနည်းပိဋကတ်

ဝိနည်းပိဋကတ်တွင် သံဃာတော်များ (ဘိက္ခုရော ဘိက္ခုနီပါ)လိုက်နာရန် စည်းမျဉ်းများကို ပြဋ္ဌာန်းထားလေသည်။ ထိုပိဋကတ်တွင် အပိုင်းကြီး ၃ ပိုင်း ပါဝင်လေသည်။

"ဥဘတောဝိဘင်း" တွင် ဘိက္ခုဝိဘင်းနှင့်ဘိက္ခုနီပိဘင်းဟူ၍ နှစ်ပိုင်း ခွဲခြားထားလေသည်၊ ရဟန်းတို့၏ကျူးလွန်မှု အလေးအပေါ့ကိုလိုက်၍ စည်းမျဉ်းချိုး ဖေါက်မှု အတွက် သင့်ရောက်သော အာပတ်နှင့် အာပတ် ဖြေချက် များ ကို ဝဂ် ၈ ခု ခွဲ၍ ဖေါ်ပြထားလေသည်၊ သိက္ခာပုဒ်ပေါင်း ၂၂၇ မျိုး ပါဝင်လေသည်၊ စည်းမျဉ်းချိုးဖေါက်မှုအတွက် အာပတ်ပြဋ္ဌာန်းသော ပါတိမောက်သည် ဝိနည်းတော်၏ အခြေခံဖြစ်၍ ဥဘတောဘင်း

၏ အစိတ်အပိုင်း အဖြစ် ပါဝင်လေသည်၊ ဥဘတောဝိဘင်း သည် ပါတိမောက်၏အဖွင့် အဋ္ဌကထာပင် ဖြစ်လေသည်၊ ဘိက္ခုဝိဘင်းကို မဟာဝိဘင်းဟူ၍လည်း ခေါ်လေသည်။

၂။ ခန္ဓကတွင် မဟာဝဂ်နှင့် စူဠဝဂ် ဟူ၍ နှစ်ပိုင်းခွဲခြားထားလေသည်၊ ခန္ဓကတွင် ရဟန်းတော် တို့၏ နေထိုင်စားသောက် ကျင့်ကြံမှုတို့ကို သွန်သင်ညွှန်ပြ ချက်များ ပါဝင်လေသည်၊ မဟာဝဂ်တွင် ဝိနည်းနှင့် ပတ် သက်၍ စည်းမျဉ်းသိက္ခာများ၊ ဥပုသ်ပြုခြင်း၊ ဝါကပ်ခြင်း၊ ပဝါရဏာပွဲသုံးဆောင်မှိဝမှုဆိုင်ရာ စည်းမျဉ်း၊ ဆေးဝါးကု သခြင်း၊ ကထိန်ခင်းခြင်း၊ သင်္ကန်းစီရင်ခြင်း၊ ကံကြီး က ငယ်ဆောင်ခြင်း၊ ဘိက္ခုတို့ အညီအညွတ်စုဝေးခြင်းစသော အကြောင်းရပ်များ ပါဝင်လေသည်၊ စူဠဝဂ်တွင် အသေး အဖွဲ့အမှုကိစ္စဆိုင်ရာ စည်းမျဉ်းများနှင့်ဘိက္ခုကျင့်ဝတ်စည်း မျဉ်းများ ပါရှိလေသည်၊ ကမ္မဝါစာသည် ခန္ဓကဝဂ်တွင် ပါဝင်လေသည်။

၃။ "ပရိဝါရ"တွင် ဝိနည်း ပိဋကတ် တော်၏ အခြေခံများ ပါဝင်လေသည်။

## ၃။ အဘိဓမ္မာပိဋကတ်၊

အဘိဓမ္မာ ပိဋကတ်သည် ဗုဒ္ဓဘာသာ အဆုံးအမ ဒေသနာတရားတော်နှင့်ဆက်သွယ်အပ်စပ်သော လောကအမြင် သဘာဝအနုစိတ် သဘောတရားများပင်ဖြစ်လေသည်၊ သုတ္တန်ပိဋကတ်တော်၌ အကျဉ်းဟောကြားချက်များကို အကျယ်ဖွင့်ဆိုထားပေသည်၊ အဘိဓမ္မာ အခြေခံသဘောပေါက်ပါမှ ရှုဆင်ခြင်အပ်သော ဗုဒ္ဓတရားတော်များ၏ မှန်ကန်လေးနက်မှုကို ပို၍သက်ဝင် ခံစားရမည်ဖြစ်လေသည်။ အဘိဓမ္မာတွင် ၇ ပိုင်းခွဲခြားထားလေသည်။

၁။ "ဓမ္မသင်္ဂဏီ" မှာ အဘိဓမ္မာ၌ အရေးကြီးသော တရားပေါင်းချုပ်ဖြစ်၍ ကာမာဝစရ၊ ရူပါဝစရစသော တရားတို့ကိုအကျဉ်းချုံး၍ ရေတွက်ပြထားလေသည်။

၂။ “ဝိဘင်း”တွင် ဓမ္မသင်္ဂဏီ၏ အဖွင့်သဘောအပြင် နောက်ဆက်တွဲအဖြစ် မပါသေးသော အကြောင်းများကို ဖြည့်စွက်ဖွင့်ဆိုထားလေသည်၊ ပထမပိုင်းတွင် ဗုဒ္ဓဘာသာမူရင်း တရားသဘောများ ဒုတိယပိုင်းတွင် သာမန် အသိဉာဏ်မှ ဗုဒ္ဓ၏ အသိဉာဏ်အထိ ဉာဏ်များ၊ တတိယပိုင်းတွင်ဉာဏ်၏ဆန့်ကျင်ဖက်တရားများ၊ စတုတ္ထပိုင်းတွင် လူသားနှင့် အခြားသတ္တဝါတို့၏ အခြေအနေများကို အသီးသီးရှင်းပြထားလေသည်။

၃။ “ဓာတုကထာ”တွင် ဓာတ်ဟု ခေါ်သည့် ပရမတ္ထတရားတို့ကို အမေးအဖြေသဘောဖြင့် ဖော်ပြထား၍ ၁၄ ပိုင်းပါရှိလေသည်။

၄။ “ပုဂ္ဂလပညတ်”တွင် ပုဂ္ဂိုလ် အမျိုးမျိုးကို ဥပမာအမျိုးမျိုးဖြင့် ပိုင်းခြား ပြဆိုထား၍ အပိုင်း ၁၁ ပိုင်း ပါဝင်လေသည်။

၅။ “ကထာဝတ္ထု”တွင် ဗုဒ္ဓဘာသာ၏ သမိုင်းတွင် အရေးပါသော ဗုဒ္ဓဘာသာဂိုဏ်းကြီး ၁၈ ဂိုဏ်း အတွင်း အငြင်းအခုန်များကို ကျနစွာ ဖြေရှင်းထားလေသည်၊ * ထိုကျမ်းကိုတတိယသင်္ဂါယနာတင်ပွဲ သံဃနာယက မောဂ္ဂလိပုတ္တတိဿထေရ်၏ ဟောကြားချက်များဖြစ်ဘွယ်ရှိသည်ဟု ယူဆကြလေသည်။

---

* ပါဠိစာပေသမိုင်း ၂၅၈။

၆။ "ယမက" 'ယမိုက်'တွင် မူလယမိုက် စသည်ဖြင့် ၁၀ခန်းရှိ၍ ကထာဝတ္ထုတွင် ကျွင်းကျန်သော တရားအချက်များကို အမေးနှင့်အဖြေ၊ သံမိဋ္ဌာန်နှင့်သံသယ၊ အနုလုံနှင့် ပဋိလုံစသည်ဖြင့် အစုံအစုံယှဉ်တွဲရှင်းလင်း ဟော ပြထားလေသည်။

၇။ "ပဋ္ဌာန""ပဋ္ဌာန်း'တွင်သက်ရှိသက်မဲ့ လောကဓာတ်တခုလုံးတွင် တခုနှင့်တခု အကြောင်း ဆက်ပုံ ဆက်နည်း ၂၄မျိုးကို အကျယ်တဝင့် ရှင်းလင်း ပြဆိုထား လေသည်၊ လောကတခုလုံးသည် ပဋ္ဌာန်းပစ္စည်း ဆက် စပ်မှု သဘောမှ လွတ်ထွက်ခြင်း မရှိကြောင်းကို ထင်ရှားစေလေ သည်။

"သင်္ဂြိုဟ်"ကျမ်းဟူသည်မှာ နက်နဲသော အဘိဓမ္မာရကျမ်းကို အခြေခံမရသူတို့ အလွယ် တကူနားလည်စေရန် အကျဉ်းရုံးပြီးလျှင် သာ သနာနှစ် ၉၀၀ ကျော်ခန့်တွင် အိန္ဒိယ နိုင်ငံ တောင်ပိုင်း ကဉ္စိတိုင်း ကာဝိရမြို့ဖွား အရှင် အနုရုဒ္ဓါက အဘိဓမ္မတ္ထ သင်္ဂဟအမည်ဖြင့် ပြုစု ခဲ့သောကျမ်းဖြစ်လေသည်၊ ထိုကျမ်းကို သီဟိုဠ် ကျွန်း အနုရာဓမြို့ တမူလသောမကျောင်းတိုက် တွင် သီတင်းသုံးစဉ် ပြုစုတော်မူခဲ့လေသည်။

(၇)

> ထိုကျမ်းကို သုမင်္ဂလာ သာမိတေရိက အဘိဓမ္မတ္ထဝိဘာဝနီအမည်ဖြင့် အဖွင့် ဋီကာကျမ်းဖြင့် ထပ်မံ ရှင်းလင်းဖွင့်ဆိုခဲ့ရာ ထိုကျမ်းကို "ဋီကာကျော်"ဟူ၍ အသိများကြလေသည်'။

ဤသို့အားဖြင့် တရားရတနာ အပါအဝင် မြတ်စွာဘုရား၏ ဒေသနာစုံ၊ 'ပါဠိ' ဗုဒ္ဓဘာသာ၏ တရားသဘောအရင်းခံကျမ်းစုံဖြစ်သော ပိဋကတ်သုံးပုံတို့ကို အကျဉ်းချုံး၍ သိနားလည်နိုင်ပေသည်၊ အကျယ်အားဖြင့် ပိဋကတ်သုံးပုံကို အလုံးစုံချောက်ချားနှံ့စပ်အောင်လေ့လာနိုင်ကြခြင်း မရှိစေကာမူ ပိဋကတ်တော်သည်ကား အဘယ်နည်း၊ အဘယ်အကြောင်းအရာများ ပါဝင်လေသနည်း၊ တရားတော်ဟူသည် မည်တို့သောအကြောင်းအရာများကို ရုံးစုံ ခေါ်ဆိုထားလေသနည်းဟူ၍ အမြွက်အကျဉ်းမျှ သိနားလည်ခွင့်ရလျှင်ပင် တရားရတနာကို ယုံကြည်မြတ်နိုးခွင့်ရနိုင်လေသည်၊ ကျန သေချာစွာ လေ့လာဆည်းပူးလိုသူတို့မူကား၊ ပါဠိတော်ကို သင်ကြားကာ ပိဋကတ်တော်ရင်းကို မွှေနှောက်၍ရင်း၊ နိသျှနှင့် အဋ္ဌကထာ ဋီကာများကို ရှာဖွေစိစစ်၍ရင်း လေ့လာနိုင်ကြပေသည်၊ ပါဠိဘာသာကို မပေါက်မြောက်စေကာမူ နိသျှများမှရင်း၊ မြန်မာပြန်ပိဋကတ်ဆိုင်ရာ မြန်မာဘာသာ တရားကျမ်းစာများစွာမှရင်း ပြည့်ပြည့်ဝဝဆည်းပူးသောက်စို့နိုင်ကြမည်ဖြစ်လေသည်။

မြတ်စွာဘုရား၏ တရားတော်တို့ကို အကျဉ်းချုပ်လျှင် အလှူနှင့်စပ်သော အဆုံးအမ၊ အကျင့်သီလနှင့် စပ်သော အဆုံးအမ နတ်ပြည်လောကနှင့် ပတ်သက်သော အဆုံးအမ ကာမဂုဏ်၏ အပြစ်နှင့်စပ်သော အဆုံးအမ တောထွက်ခြင်း၏အကျိုးနှင့် စပ်သော အဆုံးအမ သစ္စာလေးပါးနှင့်စပ်သော အဆုံးအမ စသည်တို့သာပါဝင်လေသည်။

* သံဃာရတနာ *

မြတ်စွာဘုရား ပွင့်တော် မူ ပြီးသော်.... ဓမ္မစကြာ တရားဦး ဒေသနာကို ဟောကြားတော်မူပြီးသည့် နောက်တွင် ကောဏ္ဍညထေရ်သည် ပထမ သံဃာတော် အဖြစ် ဧဟိဘိက္ခုရဟန်းဖြစ်လာခဲ့လေသည်။ ဘုရားရတနာ၊ တရား ရတနာပေါ်ပြီးနောက် ဘုရားရတနာအားယုံကြည်လေးမြတ်စွာ ဖြင့် မြတ်စွာဘုရား၏ အဆုံးအမ၊ ညွှန်ပြချက် များ ဖြစ် သော တရားရတနာကို ဆက်လက်ခံယူကာ ထိန်းသိမ်းခြင်း၊ ပွား ဆက် ခြင်း ပြုမည့် တပည့်သားသံဃာရတနာ ပေါ်ထွန်း ရသည်မှာ ဓမ္မတာပင် ဖြစ်လေသည်။

သာမန်လူတို့မှာကား ဘဝရှင်သန်ရေးနှင့် သားယာမှု ခံစားရေးတို့အတွက် တဏှာသံယောဇဉ်တို့ဖြင့် အားထုတ်ဆောင်ရွက် နေကြသည်ဖြစ်ရာ၊ ဗုဒ္ဓသာသနာတော် အဓွန့်ရှည်ရေးအတွက် လောကီမှုကိုစွန့်လျက် ဆက်လက်၍အာရုံစူးစိုက်စွာ ဆောင်ရွက်ပေးသော ပုဂ္ဂိုလ် မြတ် တို့ သည် လည်း ကိုးကွယ်ရာရတနာပင် ဖြစ်လေသည်။

ထိုပုဂ္ဂိုလ်တို့သာ မပေါ်ထွန်းလျှင်လည်း သာသနာသည် ဆုတ်ယုတ်ကွယ်ပမည်သာ ဖြစ်လေသည်။ ဗုဒ္ဓ၏ မွန်မြတ်သော တရားတော်တို့သည် ထိုပုဂ္ဂိုလ်တို့၏ ကျေးဇူးကြောင့်ပင် အစဉ်တည်ထွန်းရပေသည်။ ထိုကြောင့် တရားတော်ကို ကြည်ညိုလေးမြတ်သည်နှင့်အမျှ တရားတော်ကိုကျင့်ဆောင်သူ၊ ပို့ချဖြန့်ဖြူးသူ၊ စောင့်ရှောက်ထိန်းသိမ်းသူ၊ သံဃာတော်များ၊ 'ဝါ' သံဃာရတနာကိုလည်း ကြည်ညို လေးမြတ်ကြရပေသည်။

သံဃာတော်တို့သည် တာဝန်၊ သို့မဟုတ် အားထုတ်မှုကြီးသုံးရပ်ကို ဖြည့်တင်းကျင့်ဆောင်ရပေသည်။

၎င်းတာဝန်ကြီးများမှာ-

၁။ ပိဋကတ်တရားတော်တို့ကို ပေါက်မြောက်သိနားလည်အောင် လေ့ကျင့်သင်ကြားရခြင်း၊ 'ပရိယတ္တိ'

၂။ တရားတော်နှင့်အညီ ကိုယ်တိုင်ကျင့်ကြံဆောက်တည်၍ ရှေ့သွား ဥပမာပြုရခြင်း။ 'ပရိပတ္တိ'

၃။ သာသနာတော် တည်ထွန်းပြန့်ပွားအောင် တရား အမှန်ကို ဟောကြားဖြန့်ချွေ ဆုံးမညွှန်ကြားခြင်း။ 'ပဋိဝေဒ' ဟူ၍ဖြစ်ပေသည်။

ဤဘာဝန်ကြီးသုံးရပ်ကို ထမ်းဆောင် နေကြရသော သံဃာတော်များသည် ကိုးကွယ် ဆည်းကပ် မြတ်နိုးအပ်သော ကျေးဇူးရှင်များဖြစ်ကြသည်မှာ အထူးဖော်ပြ ဖွယ်မလိုပေ။

သံဃာတော်ကို အမျိုးအစား အားဖြင့် နှစ်မျိုးခွဲခြားနိုင်ပေသည်။ ယင်းတို့မှာ-

၁။ ကိလေသာလုံးဝစင်ကြယ်ပြီးသော အရိယာသံဃာ များ။ 'ပရမတ္ထသံဃာတော်'

၂။ ကိလေသာ ခေါင်းပါး နည်းလျော့သော ပုထုဇဉ် သံဃာများ။ 'သမ္မုတိသံဃာတော်' ဟူ၍ဖြစ်ပေသည်။

မျက်မှောက်ခေတ် သမ္မုတိသံဃာတော် များသည် မြတ်စွာဘုရား လက်ထက်တော်မှ ပရမတ္ထသံဃာ တော်တို့၏ အနွယ်များပင်ဖြစ်၍ ကျင့်ဝတ်သိက္ခာ အားဖြင့်ကား ထပ်တူထပ်မျှကျင့်သုံးစောင့်စည်းတော်မူကြရလေသည်။

## * ပေဟိဘိက္ခု *

မြတ်စွာ ဘု ရား လက် ထက် တော် တွင် အရှင်ကောဏ္ဍညမှအစပြု၍ မြတ်စွာဘုရားက ဧဟိဘိက္ခုရဟန်း လာလော့....ဟူ၍ ခေါ်အပ်သည်နှင့်တပြိုင်နက် ပရိက္ခရာနှင့်တကွ ရဟန်းအဖြစ်သို့ အလိုအလျောက် ရောက်သော ဧဟိဘိက္ခု ရဟန်းပေါင်းကား '၂၈၄၃' ပါးဖြစ်လေသည်။

ပဉ္စဝဂ္ဂီ ၅-ဦးတို့၏နောက်တွင် ယသ, သတို့သားနှင့် အပေါင်းဖြစ်သော ယသ,ဝဂ္ဂီ ၅၅-ပါး၊ ဘဒ္ဒ ညီနောင်သုံးကျိပ်၊ ရသေ့ ၁၀၀၀၊ အဂ္ဂသာဝက နှစ်ပါး အပါအဝင် ပရိဗိုဇ်ရဟန်းပေါင်း ၂၅၀၊ အင်္ဂုလိမာလ,စသည် အားဖြင့် ဝိနည်းပိဋကတ်၌ ၁၃၃၆-ပါးတွေ့ရှိရလေသည်။

သုတ္တန်ပိဋကတ်၌ကား သေလပုဏ္ဏားနှင့် အပေါင်း ၃၀၀၊ မဟာကပ္ပိနမင်းနှင့် အမတ် ၁၀၀၀၊ ကပ္ပိ လဝတ်ပြည်သား ၁၀၀၀၀ ပါရှိရာ၊ ပါယနိကပုဏ္ဏားနှင့်တကွ အပေါင်း ၁၆၀၀၀ ဟူ၍ ဧဟိဘိက္ခုရဟန်း ၂၇၃၀၀၊ တွေ့ရှိရ လေသည်။ နှစ်ရပ်ပေါင်းသော် ၂၈၆၃၃ ပါးဖြစ်လေသည်။

မြတ်စွာဘုရား လက်ထက်တော်တွင် ပေါဘိကျွ ရဟန်းမှတပါး တရားတော်၌ ကြည်ညို သက်ဝင်၍ ရဟန်းပြုခဲ့၍ ရဟန်းသံဃာတော်များလည်း အများပင် ရှိပေသေးသည်။ ထိုသံဃာတော်တို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးသည့်နောက်တွင် ဟောကြားတော်မူသော တရားတော်များ မပျောက်မပျက်ရအောင်စုဆောင်းထိန်းသိမ်း၍ သင်္ဂါယနာ အတန်တန်တင်၍ သန့်စင်ဆက်ပွားခဲ့သည်ဖြစ်ရာ၊ သာသနာ အစဉ် တည်ထွန်းကြွင်းကျန် နေခဲ့ခြင်းသည် သံဃာတော်တို့၏ ဂုဏ်ကျေးဇူးပင် ဖြစ်လေသည်။

---

ဝိနည်းနှင့် သုတ္တန်ပိဋကတ်တော်အရဖြစ်၍ ထိုလက်ပိုလွန် နိုင်ဘွယ်ရှိပေသေးသည်။

## ❀ သံဃာ့ဂုဏ်တော် ●

သံဃာတော်တို့တွင် ဂုဏ်တော်၉-ပါးနှင့် ပြည့်စုံတော်မူကြောင်းကို ဟောကြားတော်မူခဲ့လေသည်။ စင်စစ် အားဖြင့် သံဃာ့ဂုဏ်တော်သည် အနန္တမရေမတွက်နိုင်အောင်ပင် ရှိငြားသော်လည်း အကြောင်းထင်ရှားရာကို အမျိုးအစားအား ဖြင့် ခွဲခြား၍ ဖော်ပြထားလေသည်။ ထိုဂုဏ်တော် ၉ ပါးမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ သိက္ခာ သုံးပါး အကျင့်တရားနှင့် ပြည့်စုံတော်မူခြင်း။ (သုပ္ပဋိပန္န).

၂။ သိက္ခာ သုံးရပ်ကို ဖြောင့်မတ်စွာ ကျင့်တော်မူခြင်း။ (ဥဇုပ္ပဋိပန္န)။

၃။ နိဗ္ဗာန် ကို သာ ရည်မှန်း၍ သိက္ခာ သုံးပါးကို ဆောက်တည်ခြင်း။ (ဉာယပ္ပဋိပန္န)။

၄။ လူ, နတ်, ဗြဟ္မာတို့ ရိုသေ ဦးခိုက်ခြင်း ခံထိုက်အောင် ကျင့်ဆောင်တော်မူခြင်း။ (သာမိစိပ္ပဋိပန္န)။

၅။ လှူရန် ရည်စူးထားသော အလှူဝတ္ထုတို့ကို ခံယူထိုက်ခြင်း။ (အာဟုနေယျ)။

၆။ လက်ဆောင်အလို့ငှာ မွန်မြတ်သောအလှူဝတ္ထု တို့ကိုလည်း ခံယူထိုက်ခြင်း။ (ပါဟုနေယျ)။

၇။ မွန်မြတ် ကြီးကျယ်လှသော အလှူမျိုး ကိုလည်း ခံယူထိုက်ခြင်း။ (ဒက္ခိဏေယျ)။

၈။ လူ၊ နတ်၊ ဗြဟ္မာ တို့၏ ရှိခိုး ပူဇော်ခြင်းကို ခံယူ ထိုက်ခြင်း။ (အဉ္ဇလိကရဏီယ)။

၉။ ကုသိုလ်အလို့ငှာ ကောင်းမှုပြုစု စိုက်ပျိုးမြုပ်နှံ ရင်းနှီးရာ လယ်မြေသဘွယ် လွန်စွာ အဖိုးတန် ကျေးဇူးပြုနိုင်လှခြင်း။

(အနုတ္တရံပုညက္ခေတ္တံလောကဿ)။

ဤဂုဏ်ကျေးဇူးတို့နှင့်ပြည့်စုံခြင်းကြောင့် သံဃာရတနာဟူ၍ ဗုဒ္ဓဘာသာဝင်တို့သည် လေးမြတ်စွာ ပူဇော် ကိုးကွယ်ကြ လေသည်။ သာသနာ၏ အမွေခံရန်၊ သာသနာ မျိုးစေ့ဖြန့်ချရန် စေတနာထက်သန်သော ဗုဒ္ဓဘာသာဝင်တို့ သည် သားယောကျ်ားတို့အတွက် အရွယ်သင့်ချိန်၌ ရှင်သာမ

---

သိက္ခာ ၃-ပါးမှာ လွန်ကဲ ထူးမြတ်သော သီလ "အဓိ သီလ"၊ လွန်ကဲ ထူးမြတ်သော တည်ကြည်စိတ် "အဓိ စိတ္တ"၊ လွန်ကဲထူးမြတ်သော လောကုတ္တရာပညာ"အဓိ ပညာ"ဟူ၍ဖြစ်လေသည်။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။

ကျောပြုစေခြင်း၊ အရှယ်ရောက်လျှင် ရဟန်းအဖြစ် ဥပသမ္ပဒါကံ ဆောင်စေခြင်း၊ ဒုလ္လဘရဟန်းအဖြစ် တက်ရောက်ခြင်း စသည် တို့ကို မြတ်နိုးစွာဆောင်ရွက်ခြင်းဖြင့် သံဃာရတနာကို တိုးပွား စည်ပင်အောင် ထောက်ပံ့ကြလေသည်။ "ရွာရှိလျှင် ကျောင်း ရှိမှ"ဟူသောဆောင်ပုဒ်ဖြင့် ကျေးရွာအနှံ့ အပြားတွင် ကျောင်း ကန် ဘုရားတည်ထားကာ သံဃာတော်များကို ပင့်ဆောင် ကိုး ကွယ်ကြလေသည်။

## ☆ ဘိက္ခုနီ ☆

သံဃာတော်ဟူသော အပိုင်းအခြားတွင် မြတ်စွာ ဘုရား လက်ထက်တော်က မိထွေးတော် ပဇာပတိ ဂေါတမီကို အကြောင်းပြု အစတည်လျက် ဘိက္ခုနီ ရဟန်းမ တို့ကိုလည်း ထည့်သွင်း၍ ဘိက္ခုနီသံဃာဟူ၍ ခေါ်မှတ်လေ သည်၊ ဝိနည်းတော်တွင် ဘိက္ခုနီတို့ အတွက်လည်း သီးခြား ပြဋ္ဌာန်းထားလေသည်။ ယခုအခါ ဘိက္ခုနီသာသနာတိမ်ကော၍ သီလရှင်များအနေဖြင့်သာ အမျိုးသမီးတို့ သာသနာဝန်ကို ထမ်း ဆောင်ကြလေသည်။

မြတ်စွာဘုရား ထုတ်ပြန်တော်မူသော ဝိနည်းတော်တွင် ဘိက္ခုနီများအတွက် ဝိနည်းနှင့် ဘိက္ခုနီတို့နှင့် ဆိုင်ရာဝိနည်းကိုပါ ထုတ်ပြန်တော်မူခဲ့လေသည်။ ထိုမှတပါး

ဘိက္ခုနီအဖြစ်ကိုရယူလိုသူသည် ဂရုဓမ္မတရားရှစ်ပါးကို လိုက်နာနိုင်သူသာဖြစ်ရမည်ဟု ကြိုတင်၍စည်းကမ်းသတ်မှတ်ခဲ့လေသည်။ ပဇာပတိဂေါတမီသည် ထိုတရား ၈ ပါးကို ခံယူနိုင်ပါသည်ဟု ဝန်ခံသော ကြောင့်သာ ဘိက္ခုနီ သာသနာကို ခွင့်ပြုတော်မူခဲ့လေသည်။

## ☆ ဂရုဓမ်တရား "၈" ပါး ☆

ဂရုဓမ္မတရား "၈" ပါးမှာ-

၁။ ဘိက္ခုနီသည် ဝါတရာပင် ရစေကာမူ ယနေ့မှဖြစ်သော ဘိက္ခု ရဟန်းအား ရှိခိုးခြင်း၊ ခရီးဦးကြိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း ရှိရမည်။

၂။ တနေ့တာအတွင်း ပေါက်ရောက်နိုင်သော ခရီးအနီးအပါး၌ ဩဝါဒပေးမည့်ရဟန်းယောကျ်ား ရှိသော အရပ်၌သာ ဝါဆိုရမည်။

၃။ လခွဲတကြိမ်ကျ ဥပုသ်ကိုမေးခြင်း၊ ဩဝါဒခံယူရန် ချဉ်းကပ် ခွင့်တောင်းခြင်းအတွက် အသင့်တောင်းတနိုးကြားခြင်းရှိရမည်။

၄။ ဝါကျွတ်ပြီးသော ဘိက္ခုနီသည် ဘိက္ခုနီသံဃာ၊ နှစ်ဘက်လုံး၌ ပဝါရဏာပြုရမည်။

၅။ သံဃာဒိသေသ်အာပတ် သင့်သော ဘိက္ခုနီသည် ဘိက္ခုနီသံဃာ၊ ဘိက္ခုသံဃာ နှစ်ဘက်လုံးထံ၌ ၁၅-ရက်ကျင့်ရသော မာနတ်အကျင့်ကို ကျင့်ဆောင်ရမည်။

၆။ နှစ်နှစ်ပတ်လုံး ၆ပါးသော သိက္ခာပုဒ် တို့ကို မကျိုးမပေါက်အောင် စောင့်ထိန်းမှ ဘိက္ခုနီ ရဟန်းခံခြင်းပြုရမည်။

၇။ ဘိက္ခုနီသည် ဘိက္ခုရဟန်းအား ဆဲရေးမောင်းမဲခြင်းမပြုရ။

၈။ ဘိက္ခုနီတို့က ဘိက္ခု ရဟန်းတို့အား ပြောဆိုဆုံးမခြင်းမပြုရ။ တို့မှဘိက္ခုတို့ကဘိက္ခုနီတို့အား ဝိနည်းအရ ပြောဆိုဆုံးမခွင့်ရှိရမည်။

ဤဂရုဓမ္မတရားတို့ဖြင့် စည်းသားသတ်မှတ်ပြီးနောက် ဘိက္ခုနီပြုခွင့် ပေးခဲ့လေသည်၊ ထိုနောက်တွင် မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်၌ပင် ဘိက္ခုနီတို့၏လောကမှားယွင်း၊လစ်ဟင်းသော အပြစ်များကို တွေ့ရှိရသည့် အခါတိုင်း ပညတ်ချက်များ ထုတ်ပြန်ခြင်းအားဖြင့် လို အပ် သ လို ထိန်းသိမ်းလမ်းညွှန်ခြင်းပြုပေသည်။

## ☆ သိက္ခာပုဒ်များ ☆

မြတ်စွာဘုရားသည် သံဃာဟူသော ဘပည့်ရဟန်းများ ဆက်ပွားလာစအခါ၌ ဝိနည်းစည်းကမ်းများ ထုတ်ပြန်ခြင်းမပြုဘဲ အကျင့်သိက္ခာစင်ကျယ်ခဲ့စေကာမူ စရိုက်အမျိုးမျိုးရှိသော ပုဂ္ဂိုလ်တို့ သာသနာ့အရိပ်သို့ဝင်ရောက်ခိုလှုံခဲ့ကြရာ၌ ချို့ယွင်းချက်များ ပေါ်ပေါက် လာသောအခါ.... အကြောင်းအရာ အခါအခွင့်ကိုလိုက်၍ စည်းကမ်းကျင့်ဝတ်များ ထုတ်ပြန်ခဲ့ရလေသည်၊ ဝိနည်းသိက္ခာများလည်း ကြိုတင်၍ အကြောင်းမရှိဘဲ ထုတ်ပြန်သော ဝိနည်းသိက္ခာပုဒ်များမဟုတ်သည့်အပြင် ဝိနည်းအားလုံးကိုလည်း တကြိမ် တခါတည်းဖြင့် ထုတ်ပြန်သည်မဟုတ်ပေ၊ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်အတွင်း ထုတ်ပြန်သင့်သောအခါ၌ ထပ်ဆင့်ထုတ်ပြန်ခြင်းပြုလေသည်၊ ထိုသို့ပညာသိက္ခာပုဒ်တခုကိုထုတ်ပြန်တိုင်း အကျိုးအပြစ်တို့ကို ထင်မြင်စေသည်ဖြစ်သောကြောင့် ရဟန်းပရိသတ်တို့အစုံအညီ အပြေအလည်သဘောနှစ်ချိုက်ကြသည်သာဖြစ်၍ သံဃာတော်တို့၏ဆန္ဒနှင့်လည်း ဆန့်ကျင်ခြင်းမရှိခဲ့ပေ၊ သိက္ခာပုဒ်တော်များတွင် တားမြစ်ခြင်းသာမက ညွှန်ကြားခြင်း၊ နည်းလမ်းပြခြင်းသဘောပါဝင်သည့် သိက္ခာပုဒ်တော်များလည်း ပါဝင်လေသည်။

ရဟန်းတော်တို့ လိုက်နာ ကျင့်ဆောင်ရမည့်သိက္ခာပုဒ်များမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်အထိ အရပ်ရပ်ထုတ်ပြန်ခဲ့သမျှကို စုပေါင်းရေတွက်ရာ၌အကျဉ်းအားဖြင့် ၂၂၇ ပါးဟူ၍ မှတ်သားကြလေသည်၊ ထိုဝိနည်းတို့မှာ ပိဋကတ်သုံးပုံအဝင်အပါ ဝိနယပိဋကတ်တွင် စုဆောင်းမှတ်သားချက်အရဖြစ်၍ မဟာဝဂ္ဂနှင့် စူဠဝဂ္ဂခန္ဓကတို့၌လည်း သိက္ခာပုဒ်ငယ်များရှိပေသေးသည်။

ဘိက္ခုနီတို့အတွက် သိက္ခာပုဒ် များကို ပြဋ္ဌာန်းရာ၌ကား ဘိက္ခုဝိနည်းတော်မှ ဘိက္ခုနီတို့ လိုက်နာရန် သက်ဆိုင်သမျှသိက္ခာပုဒ်တို့ကို ထုတ်နှုတ်ပြဋ္ဌာန်း၍သီးခြားအားဖြင့် ဘိက္ခုနီတို့နှင့်သာ သက်ဆိုင်သော ဝိနည်း သိက္ခာ တို့ကိုလည်း ဖြည့်စွက်ပြဋ္ဌာန်းလေသည်၊ ဘိက္ခုနီခန္ဓက၌လည်း သိက္ခာပုဒ်ငယ်အချို့ပါရှိနေပေသေးသည်၊ ဘိက္ခုဝိနည်းနှင့် ဘိက္ခုနီဝိနည်းဆိုင်ရာ သိက္ခာပုဒ် အရေအတွက် မှာကား အောက်ပါအတိုင်းပင်ဖြစ်ပေသည်။

## ☆ ဘိက္ခုသိက္ခာပုဒ်များ ☆

၁။ ပါရာဇိကသိက္ခာပုဒ် ၄ ပါး။
၂။ သံဃာဒိသေသ်သိက္ခာပုဒ် ၁၃ ပါး။
၃။ အနိယတသိက္ခာပုဒ် ၂ ပါး။
၄။ နိဿဂ္ဂိယပါစိတ်သိက္ခာပုဒ်
(စီဝရဝဂ်၊ ကောသိယဝဂ်၊ ပတ္တဝဂ် ၃၀ ပါး။
၅။ သုဒ္ဓပါစိတ်သိက္ခာပုဒ်
(မုသာဝါဒဝဂ်၊ ဘူတဂါမဝဂ်၊
ဘိက္ခုနောဝါဒဝဂ်၊ ဘောဇန
ဝဂ်၊ အစေလကဝဂ်၊ သုရာပါန
ဝဂ်၊ သဟာဓမ္မိကဝဂ်၊ ရာဇဝဂ်) ၉၂ ပါး။
၆။ ပါဋိဒေသနီယသိက္ခာပုဒ် ၄ ပါး။
၇။ သေခိယသိက္ခာပုဒ် ၇၅ ပါး။
၈။ အဓိကရဏသိက္ခာပုဒ် ၇ ပါး။
၂၂၇ ပါး။

## ဘိက္ခုနီသိက္ခာပုဒ်များ။

၁။ ပါရာဇိက ‘၄ + ဘိက္ခုသိက္ခာ ၄ ပါး’ ပေါင်း ၈ ပါး။
၂။ သံဃာဒိသေသ ‘၇ ဘိက္ခုသိက္ခာမှ ၁၀’ ပေါင်း ၁၇ ။
၃။ နိဿဂ္ဂိယပါစိတ် ‘၁၂ + ဘိက္ခုသိက္ခာမှ ၁၈’ ပေါင်း ၃၀ ။
၄။ သုဒ္ဓပါစိတ် ‘၉၆ ဘိက္ခုသိက္ခာမှ ၇၀ ။ ပေါင်း ၁၆၆ ။
၅။ ပါဋိဒေသနိယ ၈ ။
၆။ သေခိယ ၇၅ ။
ပေါင်း ၃၀၄ ။

သံဃာတော်များအနေနှင့် ထိန်းသိမ်းစောင့်ရှောက်ရသော သိက္ခာပုဒ်များကား ကျဉ်းမြောင်းလှသည်မှန်၏၊ လူတို့၏စရိုက်နှင့် နှိုင်းစာသော် စောင့်စည်းမှုများထွန်းကားသည်မှန်၏၊ သို့ရာတွင် တရားတော်ကို မျက်မှောက် ပြုလျက် လောကုတ္တရာအကျိုးငှာ ကျင့်ဆောင် ကြံကုန်သည်ဖြစ်၍ရင်း၊

တခုတည်းသောစိတ်ကို ထိန်းလျက် လူပုဂ္ဂိုလ်တို့၏ ပူဇော်ခြင်း၊ သဒ္ဓါတရားပွားခြင်းတို့ကို ခံယူထိုက်အောင် ကျင့်ဆောင်ကြကုန်သည်ဖြစ်၍ရှင်း၊ သံဃာတော်တို့သည် သိက္ခာပုဒ်တို့ကို ထိန်းသိမ်းရာ၌ တွန့်ဆုတ်ခြင်းမရှိ ရဲရင့်တော်မူကြသည်သာဖြစ်လေသည်။

သံဃာတော်တို့သည် နေမှု၌ရှင်း၊ စားမှု၌ရှင်း၊ ပြောဆိုမှု၌ရှင်း၊ ဒါယကာတို့နှင့် ဆက်ဆံမှု၌ရှင်း၊ ပတ်ဝန်းကျင်နှင့် ဆက်ဆံမှု၌ရှင်း၊ ကျင့်ကြံမှု၌ရှင်း၊ သွားလာမှု၌ရှင်း၊ တရားဟောပြောမှု၌ရှင်း၊ သက်နိုးဝတ်ရုံမှု၌ရှင်း၊ ပစ္စည်းပိုင်ဆိုင်မှု၌ရှင်း၊ ဖိနပ်စီးနင်းမှုစသည်များစွာတို့တွင် မည်သို့မပြုရ၊ မည်သို့ပြုရမည် ဟူသော ပညတ်ချက်များ ရှိသည်ဖြစ်ရာ ထိုကျင့်ဝတ်သိက္ခာ တို့သည် ရဟန်းတော်အားရှင်း၊ တရားတော်ကို ကျင့်ဆောင်ရာ၌ရှင်း၊ ဒါယကာတို့၏ သဒ္ဓါတရားကိုခံ ယူရာ၌ရှင်း၊ အကျိုးပြုသည်ချည်းသာ ဖြစ်လေသည်။ ဝိနည်းသိက္ခာနှင့်အညီ ကျင့်ဆောင်သော သံဃာတော်အား ကြည်ညိုရခြင်းဖြင့် ဗုဒ္ဓဘာသာဝင် မဟုတ်သူများအတွက်ပါ ကြည်ညို ပီတိပွားရသည်သာ ဖြစ်လေသည်။

ထို့ကြောင့် ရဟန်းတို့တွင် လူပုဂ္ဂိုလ်တို့ထက် ထူးခြားစွာချီးကျူးခြင်း၊ ဆောက်တည်ခြင်း၊ ကြည်ညိုဘွယ်ရှိခြင်းစသော သာလွန်ထူးကဲချက်များကို မိလိန္ဒပဉှာ၊ သေဋ္ဌဓမ္မပဉှာဝဂ်တွင် *ရဟန်းတို့၏ အမှုအယာ ၂၀ ဟူ၍ အောက်ပါအတိုင်း ပြဆိုထားလေသည်။

---

* မိလိန္ဒပဉှာ စာမျက်နှာ ၂၉၁။

၁။ မြတ်သောအရိယာတို့နှင့်တူသောအကျင့်ရှိခြင်း။
၂။ မြတ်သောအရိယာတို့နှင့်တူသောနေထိုင်မှုရှိခြင်း။
၃။ မြတ်သောအရိယာတို့နှင့်တူသောဣန္ဒြေရင့်ကျက်မှုရှိခြင်း။
၄။ မြတ်သော အရိယာ တို့ နှင့် တူသော သည်းခံမှု ရှိခြင်း။
၅။ မြတ်သော အရိယာတို့နှင့် တူသော ဆင်းရဲခံမှု ရှိခြင်း။
၆။ တကိုယ်ထီးတည်း ကျင့်ကြံအားထုတ်မှုရှိခြင်း။
၇။ တကိုယ်ထီးတည်း နေထိုင်မှု၌ မွေ့လျော်ခြင်း။
၈။ တကိုယ်ထီးတည်းကျိန်းစက်ခြင်း။
၉။ မကောင်းမှုမှ ရှက်ခြင်း။
၁၀။ မကောင်းမှုမှထိတ်လန့်ခြင်း။
၁၁။ လောကုတ္တရာအကျင့်ကို အားထုတ်ခြင်း။
၁၂။ ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်း။
၁၃။ ကာမဂုဏ်မှရှောင်ရှားခြင်း။
၁၄။ ပါဠိတော်ကိုသင်ကြားခြင်း။
* မိလိန္ဒပဉှာ၊ စာမျက်နှာ-၂၉၁။
၁၅။ အဋ္ဌကထာကိုသင်ကြားခြင်း။
၁၆။ အကျင့်သီလအားဖြင့်မွေ့လျော်ခြင်း။
၁၇။ တပ်မက်မှုကင်းခြင်း။
၁၈။ သိက္ခာပုဒ်များကိုလိုက်နာခြင်း။
၁၉။ ဖန်ရည်ဆိုးသင်္ကန်းကိုဝတ်ဆင်ခြင်း။
၂၀။ ဦးပြည်းခေါင်းတုံးရိပ်ထားခြင်း။

ဤသို့ သဘောရှိသော အမှုကို အိမ်ယာထောင်သောသူတို့သည် ပြည့်စုံအောင် အားထုတ်ဖြည့်စွမ်းနိုင်ကြသည်မဟုတ်ချေ။ ထိုကြောင့်မြတ်သောတရားကိုမြင်၍ သောတာပန်ဖြစ်သော ပုထုဇဉ် လူပုဂ္ဂိုလ်သည်ပင်လျှင် ပုထုဇဉ်ဖြစ်သော ရဟန်းသာမဏေကိုရှိခိုးပူဇော်ထိုက်ကြောင်းကို မြတ်စွာဘုရားက ဝါသေဋ္ဌလုလင်အား ဟောကြားတော်မူခဲ့လေသည်။

ရဟန်းတော် တို့ သည် သိက္ခာပုဒ် တို့ကို ချိုးဖျက်မိချေသော် ကြီးစွာသောအပြစ်ကိုရင်း၊ ငယ်သောအပြစ်ကိုရင်း၊ ချိုးဖျက် ကျူးလွန်မှုအလိုက် ခံစားစေရန် သတ်မှတ်ပြဋ္ဌာန်းထားလေသည်။ ထိုအပြစ်ဒဏ်ကို အာပတ်(အာပတ္တိ) ဟူ၍ခေါ်ဆိုလေသည်။ စင်စစ်သော်ကား အာပတ်သည် အပြစ်ကို နောက်ထပ်တိုးပွားခြင်းမရှိအောင် ဟန့်တားပိတ်ဆို့နိုင်သော သဘောရှိ၍ ကျူးလွန်လေတိုင်း အာပတ်ဖြေလိုက်ပါက အပြစ်ဟူသမျှ ပျောက်သွားသည်ဟူ၍ကား မှတ်ယူရန် မဟုတ်ပေ။ မိမိအ ြစ်ကိုဝန်ခံခြင်း၊ ဒဏ်ကို ထမ်းဆောင်ခြင်းဖြင့် မိမိကိုယ်စားပြန်လည် ပြုပြင် ဆုံးမခြင်း သဘော သို့သာ ရောက် ပေ သည်။ ထိုကြောင့် အာပတ်“၇”မျိုးတွင် ကုစား၍ရနိုင်သော ပေါ့သည့်အပြစ်နှင့် ရဟန်းအဖြစ်ကို စွန့်လွှတ်ရလောက်အောင် ကြီးလေးသောအပြစ်ဟူ၍ခွဲခြားထားလေသည်။

## ☆ အခန်း "၇" ပါး ☆

အခန်း '၇' ပါးမှာအောက်ပါအတိုင်းဖြစ်လေသည်။

၁။ သာသနာဝန်ထမ်း ရဟန်းအဖြစ်မှ လျှောကျစေသောအပြစ်မျိုး၊ "ပါရာဇိက"။

၂။ သံဃာတော် အ များ ထံ ၌ ပရိဝါသ်နေခြင်း၊ မာနတ်ကျင့်ခြင်း စသည်ဖြင့် မိမိအဆင့်ကို နှိမ့်၍ သံဃာတော်များထံ ကျိုးနွံစွာ ဝတ်ပြုခြင်းဖြင့် ကုစားရသောအပြစ်မျိုး၊ "သံဃာဒိသေသ်"။

၃။ သံဃာတပါးပါးထံတွင် မိမိအပြစ်ကိုဖွင့်ဆိုဝန်ခံ ဖော်ကျူးခြင်းဖြင့် မိမိ အပြစ်ကို နောက် တကြိမ် မကျူးလွန်ဝံ့အောင် ဆုမ္မရသော အပြစ်မျိုး၊ "ထုလ္လစ္စဥ်း"

၄။ အထက်နည်းအတူအပြစ်မျိုး၊ "ပါစိတ်"။

၅။ သီးခြားအပြစ်ထုတ်ဖော် တာဝန်ခံ ဆုမ္မရသော အပြစ်မျိုး၊ "ပါဋိဒေသနီ"။

၆။ သံဃာတပါးပါးထံတွင် မိမိအပြစ်ကိုဖွင့်ဆိုဝန်ခံ လျှောက်ထားခြင်းဖြင့် မိမိ အပြစ်ကို နောက် တကြိမ် မကျူးလွန်ဝံ့အောင် ဆုမ္မ ရသော အပြစ်မျိုး၊ "ဒုက္ကဋ်"။

၇။ အထက်နည်းတူအပြစ်မျိုး၊ "ဒုဗ္ဘာသိတ"။

ဤအပြစ် "၇" ပါးတွင် ပါရာဇိကနှင့် သံဃာဒိသေသ်မှတပါး ကျန်အပြစ်များမှာ ပေါ့သောအပြစ်များ ဖြစ်စေကာမူ တဆင့်ထက် တဆင့် အပြစ်ကြီးရင့်ပုံချင်း ကွာခြား ပေသည်။ ဒုဗ္ဘာသီအာပတ်သည် အငယ်ဆုံးဖြစ်၍ ဒုက္က၊ပါဋိ ဒေသနီ စသည်ဖြင့် အပြစ်ဆင့်တက်ကာ ပါရာဇိကာသည် အကြီး ဆုံးအပြစ်ဖြစ်၍ ရိုးရိုးဖြေ၍မရတော့ဘဲ ရဟန်းအဖြစ်ကို စွန့်လွှတ် ရလေသည်။

## ☆ သာမဏေ ☆

သာမဏေတို့အဖို့မှုကား ရဟန်း၏ ကျင့်ဝတ်သိက္ခာမျှလောက် များပြားကြီးလေးခြင်းမရှိစေကာမူ ထိုက်သင့်သောအပြစ်များ၊ကျင့်ဝတ်များရှိလေသည်။

ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်သော ယောကျ်ားတို့သည် သာသနာ့ဝန်ကိုထမ်းဆောင်ရန် သာမဏေအဖြစ်နှင့်သော်၎င်း၊ ရဟန်းအဖြစ်နှင့်သော်၎င် ထမ်းဆောင်နိုင်ခွင့်ရှိလေသည်။ ရဟန်းအတွက် အသက်၂၀(ပဋိသန္ဓေတည်ချိန်ကိုပါ ထည့်သွင်းရေတွက်မည်ဆိုက ရေတွက်နိုင်သည်။) ကျော်လွန်ပြီးနောက် ပဥ္စင်း၏အင်္ဂါနှင့်ပြည့်စုံပါက ရဟန်းအဖြစ်ကိုခံယူနိုင်လေသည်။ သာမဏေတွက်မှာမူကား သရဏဂုံပါသစ္စာရွတ်ဆိုနိုင်ပါက ထမ်းဆောင်နိုင်ကြလေသည်။ မြတ်စွာဘုရားလက်ထက်ရှေးဦးအခါက သာမဏေ အတွက် အသက်ကန့်သတ်ခြင်းမပြုသော်လည်း ငယ်ရွယ်သော သာမဏေငယ်သည် အိမ်ခြေမစောင့်စည်းနိုင်သည်ကို အကြောင်းပြု၍ ၁၅-နှစ်ပြည့်မှ ရှင်ပြုပေးရန် ပညတ်လေသည်။ * သို့ရာတွင် အရှင်အာနန္ဒာ လျှောက်ထားချက်အရ အသက်၁၅-နှစ်မပြည့်သော်လည်း ကျီးကိုမောင်းနိုင်သောသူငယ်ကို သာမဏေပြုခွင့်ပေးလေသည်။ ဤနည်းအားဖြင့်

ခုနစ်နှစ်သား ရဟန္တာဖြစ်သော ရှင်ပဏ္ဍိတ၊ ရှင်သုခ၊ ရှင်သောပါက စသော သာမဏေများနှင့် အာပါဒါန် ပါဠိတော်လာ ၇-နှစ်သား ရဟန္တာသာမဏေများပေါ်ထွန်းလာခဲ့လေသည်။

သာမဏေတို့သည် သေခိယ သိက္ခာပုဒ် (ရဟန်းဝိနည်းတွင် ပါဝင်သည်။) ၇၅-ပါးကို လိုက်နာကျင့်ဆောင်ရသည့်အပြင် ရဟန်းတို့တွင် အာပတ်ရှိသည့်နည်းတူ သာမဏေတို့တွင် လိင် ၁၀-ပါး၊ ဒဏ် ၁၀-ပါး ဟူသော အပြစ်အလျောက် ကုစားထမ်းဆောင်မှုများရှိ၍ ဆောင်ရွက်ရန် ခန္ဓကဝတ် ၁၄-ပါးကိုလည်း ဖြည့်ကျင့်ရလေသည်။

သေခိယသိက္ခာပုဒ်တွင် သင်္ကန်းဝတ်ရုံမှုဆိုင်ရာသိက္ခာပုဒ်များနှင့် မြို့တွင်း ရွာတွင်း၌ သွားလာနေထိုင်ဆိုင်ရာသိက္ခာပုဒ်များ 'ပရိမဏ္ဍလဝဂ်'၊ မြို့တွင်းရွာတွင်း၌ သွားလာနေထိုင်မှုဆိုင်ရာ သိက္ခာပုဒ်များ "ဥဇ္ဇဂ္ဃိကဝဂ်"၊ မြို့တွင်း ရွာတွင်း၌ သွားလာနေထိုင်မှုဆိုင်ရာသိက္ခာပုဒ်များနှင့် ဆွမ်းခံမှုဆိုင်ရာသိက္ခာပုဒ်များ "ခမ္ဘကတဝဂ်"၊ ဆွမ်းစားမှုဆိုင်ရာသိက္ခာပုဒ်များ "သက္ကစ္စဝဂ်"၊ ဆွမ်းစားမှုဆိုင်ရာသိက္ခာပုဒ်များ "ကဗဠ

---

* နဘိက္ခဝေ ဦနပန္နရဝဿောဒါရကော ပဗ္ဗာဇေတဗ္ဗော။

× အနုဇာနာမိဘိက္ခဝေ ဦနပန္နရသဝဿံ၊ ဒါရက ကာကုဍ္ဍေပကံ ပဗ္ဗာဇေတုံ။

ဝဂ်"၊ ဆွမ်းစားမှုဆိုင်ရာသိက္ခာပုဒ်များနှင့် တရားဟောမှုဆိုင်ရာသိက္ခာပုဒ်များ "သုရုသုရုဝဂ်"၊ တရားဟောမှုဆိုင်ရာသိက္ခာပုဒ်များနှင့် ကျင်ကြီးကျင်ငယ်စွန့်မှုဆိုင်ရာ သိက္ခာပုဒ်များ "ပါဒုကဝဂ်"စသည်တို့ပါရှိလေသည်။

ခန္ဓကဝတ် ၁၄-ပါးတွင် သာမဏေတပည့်တို့က ပြုရမည့် ဝတ် ၁၂-ပါးနှင့် တပည့်တို့၌ ဥပဇ္ဈာယ်ဆရာနှင့် ဆရာလေးမျိုးတို့က ပြုရမည့် ဝတ် ၂-ပါး ရှိလေသည်။ ထို ၂-ပါးတို့မှာ သာမဏေတို့က သိရှိထားရန်ဖြစ်လေသည်။

လိင် ၁၀-ပါးမှာကား သာမဏေအသွင်ပျောက်၍ လူ့အသွင်သို့ ပြန်၍ ရောက်စေတတ်သော အပြစ်ကြီး ၁၀မျိုးကိုခွဲခြားသတ်မှတ်ပညတ်ထားခြင်းဖြစ်လေသည်။ လိင်ကျခြင်းသည် သာမဏေတို့အတွက် အကြီးဆုံးအပြစ်ဒဏ်ပင် ဖြစ်လေသည်။ ထိုအပြစ်သင့်ခြင်းမှ ကင်းလွတ်အောင် စောင့်စည်းရမည့် သိက္ခာ (ဝါ)အပြစ်ကြီးလေးသော ကျူးလွန်မှုကြီး ၁၀-ပါးမှာ အောက်ပါအတိုင်းဖြစ်လေသည်။

## ☆ လိင် "၁၀" ပါး ☆

၁။ သူ့အသက်ကိုသတ်ခြင်း "ပါဏာတိပါတီ"။
၂။ သူ့ဥစ္စာခိုးယူခြင်း "အဒိန္နာဒါယီ"။
၃။ မေထုန်အကျင့်ကိုကျင့်ခြင်း "အဗြဟ္မစာရီ"။
၄။ မမှန်သောစကားကိုပြောဆိုခြင်း "မုသာဝါဒီ"။
၅။ သေရည်သေရက်ကိုသောက်ခြင်း "သုရာမေရယမဇ္ဇပါယီ"။
၆။ မြတ်စွာဘုရားအား အပြစ်ပြောဆိုခြင်း "ဗုဒ္ဓဿအဝဏ္ဏံ"။
၇။ တရားတော်ကို အပြစ်ပြောဆိုခြင်း "ဓမ္မဿအဝဏ္ဏံ"။
၈။ သံဃာတော်ကိုအပြစ်ပြောဆိုခြင်း "သံဃဿအဝဏ္ဏံ"။
၉။ မိစ္ဆာအယူကိုယူခြင်း "မိစ္ဆာဒိဋ္ဌိကော"။
၁၀။ ဘိက္ခုနီမကို မေထုန်ပြုကျင့်ခြင်း "ဘိက္ခုနီဒူသကော"။

လိင်၁၀-ပါးအပြင် သာမဏေ အဖြစ်မှ လျောကျခြင်းမရှိသော်လည်း သဲဒဏ်-ရေဒဏ် စသော ဆရာဖြစ်သူက ပေးချသည့်ဒဏ်ကို ထမ်းဆောင်ခြင်းဖြင့် ကုစားရသော အပြစ် ၁၀ မျိုး ရှိပေသေးသည်။ ထိုအပြစ် ၁၀-ပါးကို ဒဏ် ၁၀-ပါးဟုခေါ်လေသည်။

## ☆ ဒသ "၁၀" ပါး ☆

၁။ နေ့လွဲညစာစားသောက်ခြင်း
"ဝိကာလဘောဇနာ"

၂။ ကခြင်း၊ ကစေခြင်း၊ သီချင်းဆိုခြင်း၊ ဆိုစေခြင်း၊ တီးမှုတ်ခြင်း၊ တီးမှုတ်စေခြင်းနှင့် ကြည့်ရှုနားထောင်သာယာခြင်း
"နစ္စ-ဂီတ-ဝါဒိတ-ဝိသူက-ဒဿနာ"။

၃။ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာမှုန့်တို့ဖြင့် တင့်တယ်အောင်ပြုခြင်း "မာလာဂန္ဓ၊ဝိလေပန၊ ဓာရဏ၊မဏ္ဍန၊ဝိဘူသနာ"။

၄။ မြင့်သောနေရာ၊အထူးမွမ်းမံအပ်သောနေရာတို့၌ နေထိုင်ခြင်း "ဥစ္စာသယနမဟာသယနာ"။

၅။ ရွှေ ငွေ ဒင်္ဂါး ပိုက်ဆံတို့ကို ခိုင်ခံခြင်း
"ဇာတရူပ၊ရဇတပဋိဂ္ဂဟာနာ"။

၆။ ရဟန်းတော်များကို လာဘ် မရ အောင် အာထုတ်ခြင်း "ဘိက္ခူနံအလာဘာယပရိသက္ကတိ"။

၇။ ရဟန်းတော်များကို နေမြဲကျောင်း၌ မနေနိုင်အောင် အားထုတ်ခြင်း
"ဘိက္ခုနံအဝါသာယပရိသက္ကတိ"။

၈။ ရဟန်းတော်များကို အကျိုးမဲ့ဖြစ်အောင် အားထုတ်ခြင်း "ဘိက္ခုနံအနတ္ထာယပရိသက္ကတိ"။

၉။ ရဟန်းတော်များကို ဆဲရေးကြိမ်းမောင်းခြင်း
"ဘိက္ခုအဟောသတိပရိဘာသတိ"။

၁၀။ ရဟန်းတော်ချင်း ကွဲပြားအောင် ကုန်းတိုက်ခြင်း
"ဘိက္ခုဘိက္ခုဟိဘေဒေတိ"

ဤသည်တို့ကား သာပဏောတို့၏ ကျင့်ဝတ်ဝိနည်းသိက္ခာများပင် ဖြစ်လေသည်၊ သာမဏေတို့သည် သာမဏေဘောင်သို့ တက်ရောက်ကတည်းကပင် ရတနာသုံးပါး (ဝါ)သရဏဂုံသုံးပါးတို့ကိုခံယူ၍ ၁၀-ပါးသီလကို စောင့်ထိန်းရန် ဝန်ခံကြရလေသည်။

ဗုဒ္ဓသာသနာဝင် ရဟန်းကောင်းဖြစ်ရန်အတွက်မူကား—

အမှန်တရားကိုသိမြင်အောင်ကြိုးစားခြင်း
(အတ္တကာမသလေန-သက္ကောစ)။
ဖြောင့်မတ်ရခြင်း (ဥဇုစ)။
စိတ်ကောင်းရှိရခြင်း (သုဟုဇုစ)။
ဆုံးမလွယ်ကူစေခြင်း (သုဝစောစ)။
သိမ်မွေ့ခြင်း (မုဒုစ)။
မာန်မာနမရှိခြင်း (အနတိမာနီစ)။
ရောင့်ရဲလွယ်ခြင်း (သန္တုဿကောစ)။
မွေးမြူလွယ်ခြင်း (သုဘရောစ)။
တာဝန်နည်းခြင်း (အပ္ပကိစ္စောစ)။
ပေါ့ပါးစွာရှိခြင်း (သလ္လဟုကဝုတ္တိစ)။
တည်ကြည်ငြိမ်သက်ခြင်း (သန္တိန္ဒြိယောစ)။
ဆင်ခြင်တုံရင့်သန်ခြင်း (နိပကောစ)။
ရိုင်းစိုင်းကြမ်းတမ်းမှုမရှိခြင်း (အပ္ပဂဗ္ဘောစ)။
တကာ တကာမတို့ သံယောဇဉ်မထားခြင်း (ကုလေသွနနုဂိဒ္ဓေါ)။

သူတော်ကောင်းတို့ကဲ့ရဲ့ဘွယ်ကိုလုံးဝမပြုခြင်း
(နစ ခုဒ္ဒဉပဝဒေယျုံ)

စသော * ကျင့်ဝတ်များကိုထိန်းသိမ်းရပေသည်။ ဤသို့သော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ထုတ်ချောက် မျက်မှောက်ပြုနိုင်ရန် ရှိပေသည်။

ဤသို့လျှင် ဗုဒ္ဓသာသနာတော်တွင် အရေးပါအရာရောက်သော ရတနာတပါးဖြစ်သည့် သံဃာရတနာနှင့်စပ်လျဉ်း၍ မှတ်သားနားလည်ထားရန် လိုပေသည်။

---

* မေတ္တာသုတ်။

## * ပိဋကတ်သုံးပုံ ပေါ်ထွန်းခြင်း။ *

"ပိဋကတ်သုံးပုံ"ဟူသော စကားကို ဗုဒ္ဓဘာသာဝင်တိုင်း သိရှိကြပြီးဖြစ်လေသည်၊ ဗုဒ္ဓမြတ်စွာ ဘုရားဟောကြားတော်မူသော တရားတော်များကို စုပေါင်း၍ ပိဋကတ်ဟူ၍ ခေါ်သမုတ်ထားသည်ကိုလည်းနားလည်ကြပေသည်။

စင်စစ်အားဖြင့် ဗုဒ္ဓမြတ်စွာသည် သက်တော်ထင်ရှားရှိစဉ်က ၄၅ ဝါကာလပတ်လုံး တရားတော်များကို နှုတ်ဖြင့်သာဟောကြားတော်မူခဲ့လေသည်၊ မှတ်ဉာဏ်အားထက်သန်သောကာလဖြစ်၍ တစုံတရာရေးမှတ်ထားခြင်းကားမရှိခဲ့ချေ၊ တရားနာကြားရသော ပုဂ္ဂိုလ်တစုံတဦးက ရေးမှတ်ထား

ကောင်း ထားပေမည်၊ သို့ရာတွင် ထိုသို့ရေးမှတ်ခြင်းကို ထုတ် ဖေါ်ခြင်းမရှိခဲ့ချေ၊ ကြားနာရသူများနှင့် တပည့် သံဃာတော် (သာဝက)များသည် စိတ်ဖြင့်သာ မှတ်သား ကျင့်ဆောင်ခဲ့ကြ ပေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီး နောက် မဟာသက္ကရာဇ် ၁၄၈ (သာသနာနှစ် ၁၃) နှစ် ဝါ ခေါင်လပြည့်ကျော် ၅ရက်နေ့တွင် အဇာတသတ်မင်း၏ အကူ အညီဖြင့် ရှင်မဟာကဿပ အမှူးပြုသော ရဟန္တာ ၅၀၀ နှင့် အရှင်သံဃာတော် ၇သိန်းတို့က မြတ်စွာဘုရား ဟောကြားတော် မူသော တရားတော်များကိုပြန်လည်ပေါင်းစု၍ မမေ့မပျောက် စေရန် နှုတ်ဖြင့်စုပေါင်းရွတ်ဆို မှတ်တမ်းတင်ကြလေသည်၊ ထို အခါ၌ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြု၍ မကြာမြင့်မီ၌ပင် သုဘ အမည်ရှိသော ရဟန်းတပါးသည် ဗုဒ္ဓအဆုံးအမကို ဖီဆန်လို သော သဘောကိုပြလာသဖြင့် ရှင်မဟာကဿပ အစရှိသော ရဟန္တာတို့က မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော် မူရ၍မျှ မကြာ သေးမီ ဤသို့သာသနာပျက်စီးကြောင်းပေါ်၍ လာချေသော် နှစ်ကာလကြာရှည်လျှင် မြတ်စွာဘုရား၏ တရားတော်များမေ့ ပျောက်ဆိတ်သုဉ်းဘွယ်ရာသာရှိတော့သည်၊ အချိန်မီ ပြန်လည် စုရုံးရွတ်ဆို၍ ပြန်လည် ပွားများကြဦးမှ ဖြစ်တော့မည်....ဟူ၍ စုပေါင်းရွတ်ဆိုကြလေသည်၊ ရွတ်ဆိုပွဲကား ရာဇဂြိုဟ်ပြည် ဝေ ဘာရတောင်ယံ သတ္တပဏ္ဏိလိုဏ်ဂူတွင်ဖြစ်၍ ၇ လတိုင် ကြာ လေသည်၊ ထိုပွဲကို "ပထမသင်္ဂါယနာပွဲ" ဟူ၍ ခေါ် မှတ် လေ သည်။

ထိုအချိန်အထိ တရားတော်ဟူ၍ရှိသော်လည်း ပိဋကတ်ကျမ်းဂန်ဟူ၍ ရေးသားမှတ်တမ်းတင်ခြင်း မပြုကြသေးချေ။

ထိုနည်းတူပင် သာသနာနှစ် ၁၀၀ပြည့်တွင် ဝဇ္ဇီတိုင်းသား အကျင့်ပျက်ရဟန်းများကိုအကြောင်းပြု၍ ဝေသာလီပြည် ဝေဠုကာရုံကျောင်းတော်ကြီး၌ ကာလာသောကမင်း၏ အကူအညီဖြင့် ရှင်မဟာယသ အမှူးပြုသော ရဟန္တာ ၇၀၀အရှံသံဃာ ၁၂သိန်းတို့က စုပေါင်း၍ ဗုဒ္ဓတရားတော်များကိုနှုတ်တက်တကြိမ်ထပ်မံ၍ ပြန်ဆိုရွတ်ပွားကြပြန်ရာ ၈လတိုင်ကြာလေသည်၊ ထိုရွတ်ဆိုပွဲကို "ဒုတိယသင်္ဂါယနာပွဲ" ဟူ၍ ခေါ်မှတ်လေသည်။

ထိုအချိန်တွင်လည်းတရားတော်များကိုမှတ်သားမိသည့်အတိုင်း နှုတ်ဖြင့် ရွတ်ဆိုကြလေသည်။

တဖန် သာသနာနှစ် ၂၃၅ခုနှစ် နယုန်လတွင် ဗာဟိရကတိတ္ထိရဟန်းတို့ကို အကြောင်းပြု၍ မြတ်စွာဘုရား၏ တရားတော်များကို မှတ်မှတ်ရရ ပြန်လည်ရွတ်ဆို ထပ်ပွားမှုဖြစ်တော့မည်ဟု ပဋလိပုတ်ပြည် အာသောကာရုံကျောင်းကြီးတွင် အသောကမင်း၏ အကူအညီဖြင့် ရှင်မောဂ္ဂလိပုတ္တတိဿထေရ်အမှူးပြုသော ရဟန္တာတထောင်နှင့် အရှံသံဃာတော် သိန်း ၆၀တို့က ၉လတိုင်တိုင်ကြာမြင့်အောင် နှုတ်တက်ရွတ်ပွားကြပြန်လေသည်၊ထိုအချိန်မှာလည်းနှုတ်တက်ရွတ်ဆိုမှတ်

တမ်းတင်ခြင်းကိုသာ ပြုကြပေသည်၊ ထိုရွတ်ဆိုပွဲကို "တတိယသင်္ဂါယနာပွဲ"ဟူ၍ ခေါ်မှတ်လေသည်။

သာသနာနှစ် ၄၅၀ပြည့်တွင်ကား နှုတ်ဖြင့် အစဉ်အဆက်ရွတ်ဆိုမှတ်သားခြင်းဖြင့်မူကား မမေ့မပျောက် အရှည်တည်တံ့ရန် ခက်ခဲပေတော့မည်ဟု သဘောရရှိထင်မြင်ကြ၍ သီဟိုဠ်ကျွန်း မလယနဇပုဒ် အာသောကလိုဏ်ဂူတွင် ဝဋ္ဋဂါမဏိမင်း၏ အကူအညီဖြင့် မဟာသံဃရာဇာ အမှူးပြုလျက် ရဟန္တာ ၅၀၀တို့က မြတ်စွာဘုရား၏တရားတော်များကို ပေစာဖြင့် ရေးသား မှတ်တမ်း တင်ခဲ့ကြလေသည်၊ ထိုရေးမှတ်ပွဲကို "စတုတ္ထသင်္ဂါယနာ"ဟု ခေါ်မှတ်ကြလေသည်။

ဤသို့အားဖြင့် စတုတ္ထသင်္ဂါယနာပွဲတွင်မှ အက္ခရာစာအရေးအသားဖြစ်သော ပိဋကတ်တော်တို့ ပေါ်ပေါက်လာခဲ့လေသည်၊ သို့ရာတွင် ပေထက်၌ အက္ခရာမတင်စေကာမူ ပိဋကတ်တော်ကိုတူရာ အစိတ်အပိုင်း ညှိနှိုင်းခန့်ခွဲခြင်းတို့ကိုမူ ပဌမသင်္ဂါယနာပွဲကတည်းကပင်လျှင် ခွဲခြားဆောင်ရွက်ခဲ့၍ ပိဋကတ်သုံးပိုင်းအဖြစ် ပိုင်းခြားခြင်းပြုခဲ့လေသည်။

စင်စစ်သော်ကား သင်္ဂါယနာပွဲ များသည် မြတ်စွာဘုရား ၄၅နှစ်အတွင်း အရပ်ဌာန အသီးသီး၌ ဟောကြားခဲ့သော တရားတော်များကို တစုတပေါင်းတည်း စုဆောင်းခြင်းနှင့် အပိုင်းကဏ္ဍအလိုက် ခွဲခြားသတ်မှတ်ခွဲကန့်မှုပြုခြင်းပင်ဖြစ်လေသည်။

"ပထမသင်္ဂါယနာတင်"ပွဲတွင် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များကို မှတ်မိသမျှ ပြန်လှန်ရွတ်ဆို၍ အပိုင်းအကန့်ခွဲရာ၌ တရားတော်နှင့် ပတ်သက်၍ 'ဓမ္မ'တပိုင်းနှင့် သံဃာတော်တို့၏ ကျင့်ဝတ် စည်းကမ်းနှင့် ပတ်သက်၍ 'ဝိနယ'တပိုင်းအားဖြင့် နှစ်ပိုင်း ခွဲခြားလေသည်၊ တရားတော်ပိုင်းအတွက် အရှင်အာနန္ဒာက သိမှတ်ရသမျှကို ပြန်လည်ပြောပြတော်မူ၍ စည်းကမ်းပိုင်းအတွက် အရှင်ဥပါလိက ပြောပြတော်မူလေသည်၊ ထိုသာဝကကြီးများသည် ဗုဒ္ဓရှင်တော်နှင့် မပြတ်မလပ်ဆက်ဆံဝတ်ပြု ခွင့်ရကြသည် ဖြစ်သောကြောင့် တရားဟောကြားလေသမျှကိုရှင်း၊ ကျင့်ဝတ်သတ်မှတ် ပညတ်လေသမျှကိုရှင်း သိရှိမှတ်သားထားကြသော ပုဂ္ဂိုလ်ကြီးများဖြစ်လေသည်။

## ☆ တရားတော်အင်္ဂါ ၉ ပါး။ ☆

ထိုအခါက သတ်မှတ် ခွဲ ခြား ရာတွင် တရားတော်အပိုင်း၌ ၉ ချက်းထည့်သွင်းကြလေသည်၊ ၎င်းတို့မှာ-

၁။ စကားပြေနှင့် ဟောကြားသော တရားတော်များ 'သုတ်'။

၂။ စကားပြေနှင့် ဂါထာရောစပ်၍ ဟောကြားသော တရားတော်များ 'ဂေယျ'။

၃။ ရှင်းလင်းချက်၊ ဝေဖန်ချက်များ 'ဝေယျာကရဏ'။

၄။ ဂါထာများ 'ဂါထာ'။

၅။ ကျူးရင့်စကားများ 'ဥဒါန'။

၆။ မိန့်ခွန်းတိုများ 'ဣတိဝုတ္တက'။

၇။ ဘုရားအလောင်းတော် ဖြစ်စဉ် နိပါတ်များ 'ဇာတက'။

၈။ အံ့ဘွယ်ဖြစ်သောတရားများ 'အဗ္ဘုတ'။

၉။ အမေးအဖြေသဘောဖြင့် ညွှန်ကြားချက်များ 'ဝေ

ဒလ္လ’ဟူ၍ ဖြစ်လေသည်၊ ပထမ သင်္ဂါယနာပွဲတွင် တရားတော်နှင့်စည်းမျဉ်းဝိနည်းများကို အခြေခံအားဖြင့်အများ အပြားစုံဆောင်းမိကြသည်မှန်သော်လည်းနောင်အခါစုံဆောင်း ရပြန်သမျှကိုထပ်၍ တိုးဖြည့်ခြင်းလည်း ရှိမည်ဟု ယူဆရလေ သည်။

‘ဒုတိယသင်္ဂါယနာတင်’ပွဲ၌ကား သံဃာ တော်တို့ အယူအဆကွဲပြားမှု ပေါ်ပေါက်ခဲ့၍ မဟာသံဃိက ဂိုဏ်းသစ်တခုပေါ်ပေါက်ခဲ့ပြီးလျှင်မဟာသင်္ဂီတိသင်္ဂါယနာတင် ပွဲတရပ်ကို ကြီးကျယ်စွာ သီးခြားကျင်းပခဲ့သေးသည်၊ ဤနည်း ဖြင့် မဟာယာနဗုဒ္ဓဘာသာဂိုဏ်းတရပ် ကွဲပြားပေါ်ထွက်လာရန် အစပျိုးခဲ့လေသည်။

‘တတိယ သင်္ဂါယနာတင်’ ချိန်တွင် သံ ဃာတော်များသည် အယူအဆကွဲပြား၍ ဂိုဏ်း ၁၈ဂိုဏ်းမျှ ကွဲ ပြားပေါ်ပေါက်နေခဲ့လေသည်၊ သို့ရာတွင် ရှေးအကျဆုံးနှင့် မူ ရင်းဂိုဏ်းဖြစ်သော ထေရဝါဒ၊ သို့မဟုတ် ဝိဘဇ္ဇဝါဒ ဂိုဏ်း သည် ဘုရင်၏ယုံကြည်မှုကို ခံယူရ၍ တိုးပွား စည်ပင်လာခဲ့ရာ အခြားဂိုဏ်းသားတို့လည်း ခိုဝင်လာခဲ့လေသည်၊ ထိုသို့ခိုဝင်ရာမှ မိမိတို့ အယူအဆကို ထေရဝါဒဂိုဏ်း၏ အယူအဆ အဖြစ်ရော ယှက်ကြားညှပ်၍ လာကြသဖြင့် ဗုဒ္ဓတရားတော်စစ်များကို သန့် စင်အောင် စိစဉ်ရန် တတိယ သင်္ဂါယနာပွဲ ကျင်းပခဲ့ရလေသည်၊ ထိုသင်္ဂါယနာပွဲတွင် အတည်ပြုပြဋ္ဌာန်းခဲ့သော တရားပိဋကတ် တော်အတိုင်း အရှင်မဟိန္ဒသည် သီဟိုဠ်ကျွန်းသို့ ကြွရောက်၍

နှုတ်တက် သင်ကြား ပို့ချ ကမ်းလှမ်း ခဲ့လေသည်၊ ထို့ကြောင့် သီဟိုဠ်ကျွန်း၌ စတုတ္ထသင်္ဂါယနာပွဲအဖြစ် တရားတော်တို့ကို ပြန်လည်စီစစ် စုဆောင်း မှတ်တမ်းတင်ကြသော အခါတွင် တတိယသင်္ဂါယနာပွဲတွင်စုဆောင်းစီစဉ်ခဲ့ရသည်တို့ကို အခြေပြု၍ စီစစ်မှတ်တမ်းတင်ခဲ့သည်ဟု ဆိုရပေမည်။

တရားတော်များအားလုံးကို ပထမသင်္ဂါယနာတင်စဉ်ကတည်းကပင် စုဆောင်းနိုင်ခဲ့သည်ဟူ၍ကား မဆိုသာပေ၊ ထပ်မံ၍ အဆင့်ဆင့် ဖြည့်စွက်ပေါင်းရုံးခဲ့ကြရသည့်ပြင် ပေထက်အက္ခရာတင်ပြီးနောက်လည်း ဖြည့်စွက်ချက်များ ရှိနိုင်ဘွယ်ရှိပေသည်၊ သို့ရာတွင် ဗုဒ္ဓတရားတော်သည် သီဟိုဠ်ကျွန်း၌ သင်္ဂါယနာ မတင်မီနှစ် ၂၀၀ ကျော်ကတည်းက ရောက်ရှိပြီး ဖြစ်စေကာမူ သီဟိုဠ်ကျွန်းနှင့် ပတ်သက်၍ရင်း၊ တတိယ သင်္ဂါယနာတင်ခေတ်၊ အသောကမင်းလက်ထက်နောက်ပိုင်း အဖြစ်အပျက်များနှင့်ပတ်သက်၍ရင်း၊ တစုံတရာဖြည့်စွက်ခြင်းမရှိသည်တို့ကိုထောက်၍ တတိယ သင်္ဂါယနာတင်စဉ်က စုဆောင်း မှတ်သားချက်များအတိုင်းပင်လျှင် စတုတ္ထသင်္ဂါယနာ၌ ရေးသွင်းမှတ်သားခြင်းပြုကြသည်ဟု ဆိုရမည်ကဲ့သို့ရှိလေသည်၊ စတုတ္ထသင်္ဂါယနာတွင် ပိဋကတ်တော်များကို သီဟိုဠ်ဘာသာဖြင့် ရေးမှတ်ခဲ့ကြပေသည်၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကမူကား မာဂဓီဘာသာဖြင့်ပင် ဟောကြားတော်မူခဲ့လေသည်၊ ထို့နောက်တွင် တပည့်သံဃာတော်တို့က အနက်သဘောကိုမှတ်ယူကာ မိမိတို့ဒေသသုံး ဘာသာစကားများဖြင့် မှတ်သားခဲ့ရာ မာဂဓီနှင့်မတူသော်လည်း များစွာမကွဲသော ပါဠိဘာသာဖြင့်

လည်း မှတ်သားခဲ့ကြလေသည်၊ မြတ်စွာဘုရား ကလည်း မိမိ တရားတော်များကို တပည့်သံဃာတို့၏ မူရင်းဘာသာအသီးသီး ဖြင့် လေ့လာမှတ်သားရန် ခွင့်ပြုတော်မူခဲ့ပေသည်၊ ပိဋကတ် ကျော်များကို သက္ကတဘာသာဖြင့်လည်း ရေးသား ခဲ့ကြလေ သေးသည်၊ သို့ရာတွင် သက္ကတပိဋကတ်သည် ပါဠိပိဋကတ်တော် များထက် နောက်ကျလေသည်၊ ထေရဝါဒဂိုဏ်းက အစဉ်သ ဖြင့် ဆက်ခံမှတ်သားခဲ့သော ပိဋကတ်တော်တို့ကိုကား ပါဠိဘာ သာဖြင့်ပင် ရေးသားလေ့ရှိခဲ့ပေသည်။

ပထမ သင်္ဂါယနာပွဲတွင် တရားဓမ္မပိုင်း နှင့် စည်းမျဉ်း ဝိနယပိုင်းဟူ၍ နှစ်ပိုင်းခွဲခြားသည်ဟု ဆိုရသော် လည်း တရားတော်ပိုင်း၌ 'သုတ္တ' သုတ်ဒေသနာနှင့် 'အဘိဓမ္မာ' ဒေသနာဟူ၍ နှစ်မျိုးကွဲပြန်ခြင်းကြောင့် စုစုပေါင်းအားဖြင့်-

သုတ် 'သုတ္တ'။
ဝိနည်း 'ဝိနယ'။
အဘိဓမ္မာ 'အဘိဓမ္မ'။

ဟူ၍ ပိဋကတ်သုံးပုံအဖြစ်မှတ်ယူရလေသည်။

စင်စစ်သော်ကား.... အဘိဓမ္မာပိဋကတ် တော်သည် သုတ္တန်ပိဋကတ်တော်၌ အကြမ်းမျဉ်း ဟောဆိုချက် များကို သန့်ရှင်းစင်ကြယ်စွာ အကျယ်တဝင့် ချဲ့ထွင်စီစဉ်ထား ခြင်းသာ ရှိလေသည်။ သုတ္တန်ပိဋကတ်လာ တရားအချက် အလက်များ၏ အဖွင့်ကျမ်းဟူ၍လည်း ဆိုနိုင်ပေသည်။

မြတ်စွာဘုရားသည် အဘိဓမ္မာ တရားတော်ကို တာ ဝ တိံ သာ နတ် ပြည် ၌ မယ် တော် ဟောင်း သန္တုဿိတနတ်သားနှင့် နတ်ပရိသတ်တို့ကိုသာလျှင် ဟောကြားခဲ့၍ လူ့ပြည်တွင်မူကား ရှင်သာရိပုတ္တရာသည် တချိန်တည်း၌ အတူနေ ရဟန်း ၅၀၀ တို့အား မြတ်စွာဘုရား ဟောကြားတော်မူသမျှကို မကျဉ်းမကျယ်အားဖြင့် မြတ်စွာဘုရား စီစဉ်ပို့ချတော်မူသည့်အတိုင်း တဆင့်ဟောကြားခဲ့ခြင်း ဖြစ်လေသည်။ ထို့ကြောင့် မြတ်စွာဘုရား ကိုယ်တော်တိုင် လူ့ပြည်၌ မဟောကြားစေကာမူ မြတ်စွာဘုရား ဟောကြားရင်း တရားဖြစ်၍ ပိဋကတ်တော်တွင် ထည့်သွင်းထားပေသည်။

ဝိနည်းတရားသည် တရားတော်ကို ဆက်ပွားပို့ချဖြန့်ချိကြမည့် သံဃာတော်တို့၏ ကိုယ်နှုတ် အမူ တို့ကို ယဉ်ကျေးသိမ်မွေ့အောင် သွန်ပြတော်မူသော ဥပဒေစည်းကမ်းများဖြစ်၍ အဘိဓမ္မာတရားသည်ကား လောက၏ အစစ်အမှန် သဘာဝတရားအစုကို တင်ပြသော တရားတော် ဖြစ်လေသည်။ ရုပ်အစု နာမ်အစုတို့ကို အခြေခံကလာပ်တခုစီ ခွဲစိပ်ပြ၍ လေးနက်မှန်ကန်သော ဖြစ်စဉ်များကို ထွင်းထုတ်၍ ဖေါ်ပြ ထားပေသည်။ ထိုသို့ ဟောပြခြင်းဖြင့် ရုပ်နာမ်ဓမ္မတို့၏ ပြုပြင်စီစဉ်ပုံကိုရင်း၊ မမြဲပုံကိုရင်း၊ အတပ်သေချာ မငြင်းမဆိုနိုင်အောင် သိမြင်စေသဖြင့် သုတ္တန်တရားအဆုံးအမတို့ကို ကောင်းစွာ သက်ဝင်နှလုံးသွင်းနိုင်၍ အလင်းရောင်ရလွယ်စေမည်ဖြစ်လေသည်။

မြတ်စွာဘုရား ဟောကြားတော်မူသော တရားတိုင်းသည် ငြင်းဆန်ပယ်လှန်ရန် အချက်မရှိအောင်မှန်ကန်

တိကျရှိသာမက အကျိုးတစုံတရာကို ရည်ရွယ် ကျေးဇူးပြုသည်သာ ဖြစ်ပေသည်။

အမှန်အားဖြင့် သုတ္တပါဠိအားအကျင့်မှန်တရားနှင့် ဆုံးမသြဝါဒတို့ကိုပြည့်ပြည့်ဝဝပေးသည်များကား သုတ္တန်အပိုင်းအခြားတွင် ပါဝင်သော တရားစုသာပင် ဖြစ်လေသည်။ သို့ရာတွင် သုတ္တန်ဟုဆိုလျှင် သုတ္တန်ဒေသနာ၌ အစိပ်အပိုင်းတခုမျှသာပါဝင်သော ဇာတက ဇာတ်နိပါတ်များကိုအကြောင်းပြု၍ အလှမ်းအဆွေးပုံဝတ္ထုများဟူ၍သာ အမှတ်ထားကြခြင်းနှင့် ဒါနအတွက် အကျိုးပြုသော တရားများ....ဟူ၍မျှလောက်သာ ထင်မှတ်ကြလေသည်။ ဗုဒ္ဓဘာသာ အတွက် အခြေခံဖြစ်သော ဓမ္မစကြာ၊ အနတ္တလက္ခဏာနှင့် များစွာသော အဆုံးအမတရားတော်များသည်။ သုတ္တန်အပိုင်းအခြား၌ ပါရှိနေပေသည်။

ယခု လေ့ကျက် ဆည်း ပူး ကြရ သော ပိဋကတ်သုံးပုံပါဠိတော်များသည် ဗုဒ္ဓမြတ်စွာဘုရားဟောကြားလေသမျှ အလုံးစုံပြည့်ဝကုန်စင်ပါဝင်သည်ဟူ၍ကား ဆိုနိုင်မည်မဟုတ်ပေ။ စုဆောင်းရရှိသမျှ စုဆောင်း ထားခြင်းမျှသာဖြစ်လေသည်။

သို့ရာတွင် အခြေခံဖြစ်သောတရားတော်၏အများစုကား ပါဝင်လျက်ရှိပေသည်။ ပိဋကတ်ပါဠိတော်ကို ရဟန္တာအသီးသီးတို့ နောင်အခါ ဖွင့်ဆိုခဲ့ကြသော အဋ္ဌကထာ

များတွင် ဗုဒ္ဓတရားတော်နှင့် ပတ်သက်၍ ပိဋကတ်တော်၌ မသွင်းခဲ့ဘူးသေးသည့် ပကိဏ္ဏကဒေသနာခေါ် အလွတ်တရား အချို့ကို ကျိုးကြားတွေ့ရှိနိုင်ပေသည်ဖြစ်ရာ၊ ထိုအဋ္ဌကထာတို့၌ မပါသေးသော တရားတို့လည်း ကျန်ရှိနေပေဦးမည်။

* ထေရဝါဒဆိုင်ရာ ဗုဒ္ဓပိဋကတ်များ တွင်မပါဝင်သော မဟာယာနဗုဒ္ဓဘာသာဆိုင်ရာပိဋကတ်တို့တွင် ဗုဒ္ဓ၏ အာဘော်နှင့် တိုက်ဆိုင်သော ဒေသနာ အချက်အလက် များ မပါဝင်ဟူ၍လည်း ဆိုနိုင်မည်မဟုတ်ပေ။ ထိုမှတပါး ပိဋကတ်တော်၌ပင် ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် ဟောကြားခြင်း မဟုတ်သော ပါဠိစာသားများ ပါရှိ နေ ကြောင်း ကို လ ည်း သုတေသနပညာရှင်များ ထောက်ပြခဲ့ပြန်လေသည်။

ဥပမာ.... ဝိနည်းပိဋကတ်ပါ ပရိဝါရ ကျမ်းသည် ဝိနည်းတော်လေ့လာရန် အခြေခံ ကျမ်းထူး ကျမ်း [မြ]တ်တစောင်ဖြစ်သော်လည်း နှောင်းခေတ် သီဟိုဠ်ကျွန်း၌ ပြုစု သော ကျမ်းဖြစ်သည်ဟူ၍ ပိဋကတ်တွင် သွင်းခြင်းကို မဟာ

---

* ဓမ္မစကြာနှင့် အနတ္တလက္ခဏာ ဓမ္မရတနာ၊
စာပလင် စာမျက်နှာ ၂။
(ရှင်ဇနကာဘိဝံသ)
ပါဠိစာပေသမိုင်း စာမျက်နှာ ၆။ ၂၅၃။
(ဒေါ်အုန်း မဟာဝိဇ္ဇာ)

သင်္ဂါယနာ ဂိုဏ်းက ဖယ်ရှားလေသည်။ ထို့အတူ ဝိနည်းတော် စူဠဝဂ် (စူဠဝါပါဠိတော်)၌ ပထမသင်္ဂါယနာ၊ ဒုတိယ သင်္ဂါယနာတို့နှင့် ပတ်သက်၍ဖော်ပြထားသဖြင့် မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားသော မူလပါဠိ (ဗုဒ္ဓစကားစစ်)ဖြစ် သည်ဟု မဆိုနိုင်ပေ။

မည်သို့ပင်ဖြစ်စေ၊ ဓမ္မစကြာ၊ အနတ္တ လက္ခဏာ-စသော ဘုရားဟောစင်စစ် တရားတော်များနည်းတူ ရဟန္တာတို့တဆင့်တင်ပြသော မြတ်စွာဘုရားထံမှ နာကြားရ သည့် တရားတော်များသည်လည်း ဗုဒ္ဓ၏အလိုတော်ကျ ဖြစ်၍ ပိဋကတ်တော်အဖြစ် လက်ခံရပေသည်။

ပိဋကတ်တော်တို့ကို စတုတ္ထ သင်္ဂါယနာ ပွဲတွင် ပေထက်အက္ခရာ တင်ပြီးနောက်တွင်ကား သာသနာနှစ် ၂၄၁၅။ သက္ကရာဇ် ၁၂၃၃... ခုနှစ်တွင် မြန်မာနိုင်ငံမန္တလေး မြို့တော်၌ မင်းတုန်းမင်းကြီး၏ အားထုတ်မှုဖြင့် ဒက္ခိဏာရာမ ဘုရားကြီးဆရာတော်၊ စိုးတော် မြင်းဝန်တိုက် ဆရာတော်၊ ဆီးဘန်းနီဆရာတော်-စသော ဆရာတော်တို့ကြီးမှူး၍ သံဃာ တော် ၂၀၀၀... တို့ကြပ်မတ်၍ ပိဋကတ်တော်ကို ရွတ်ဆိုကြပြီး လျှင် ကျောက်ပေါ်၌ထွင်းထု၍ ပိဋကတ်ကျောက်စာများ စိုက် ထူခဲ့လေသည်။

ဤပွဲကား 'ပဥ္စမသင်္ဂါတနာ' တင်ပွဲပင် ဖြစ်လေသည်။

ထိုနောက် သာသနာနှစ် ၂၄၉၈....ခုနှစ် သက္ကရာဇ် ၁၃၁၆....ခုနှစ် ကဆုန်လတွင် ရန်ကုန်မြို့၌ ထေရဝါဒ ၅....နိုင်ငံ၊ (မြန်မာ၊ သီဟိုဠ်၊ ကမ္ဘောဒီးယား၊ ယိုးဒယား၊ လာအို)တွင် သီတင်းသုံးတော်မူသော သံဃာတော်တို့ ဆန္ဒတူညီစွာဖြင့် အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီးမှူးသော သံဃာတော် ၂၄၇၃....ပါးနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ထေရဝါဒသံဃာတော် ၁၄၄....ပါးတို့ဖြင့် မဟာပါသာဏလိုဏ်ဂူတွင် နိုင်ငံတော် အစိုးရ၏အကူအညီဖြင့် ပိဋကတ်ဘော်များကို ရွတ်ဆိုညှိနှိုင်းကာ ပုံနှိပ်ပိဋကတ်တော်များ အဖြစ်ရိုက်နှိပ်ပြန်လေသည်။

ဤပွဲကို 'ဆဋ္ဌသင်္ဂါယနာပွဲ'ဟူ၍ မှတ်ယူလေသည်။

## ☆ ဗုဒ္ဓရုပ်ပွားတော် ကိုးကွယ်မှု ☆

မြန်မာနိုင်ငံတွင် ဗုဒ္ဓရုပ်ပွားတော်များကို ထုတ်လုပ် ကိုးကွယ်ခဲ့ကြသည်မှာ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသမှ ဗုဒ္ဓဘာသာနှင့်အတူ ပန်းပုပညာများကို အခြေခံ၍ ထုလုပ် ကိုးကွယ်မှု ပေါ်ထွန်းလာခဲ့ရခြင်း ဖြစ်လေသည်။ အိန္ဒိယနိုင်ငံတွင် ရုပ်ပွားထုလုပ်ကိုးကွယ်မှုမှာ မြန်မာနိုင်ငံထက် နှစ်ပေါင်းများစွာ စောသည့်ပြင် အိန္ဒိယနှင့်မြန်မာနိုင်ငံတို့ဆက်သွယ်ကူးသန်းမှုရှိခဲ့ သည်မှာလည်း ထင်ရှားလေသည်။ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓရုပ်ပွား တော်များကို အစောဆုံးထုလုပ်ကိုးကွယ်ခဲ့သောဒေသမှာ မြောက်

ပိုင်း ဂန္ဓာရပြည်နယ် (အနောက်ပါကစ္စတန်၊ ပက်ရှဝါပြည်နယ်) ဖြစ်လေသည်။

ဂန္ဓာရပြည်နယ် အကြောင်းကို မြတ်စွာဘုရားပွင့်တော်မူပြီးချိန် (ခရစ်တော်မပေါ်မီ ၅၁၆) လောက်တွင် ရေးထိုးသော ဒေးရီယပ်စ်ဘုရင်၏ ဘီဆုတွန် ကျောက်စာတွင် အစောဆုံးတွေ့ရှိရလေသည်။

ထိုစဉ်က ဂန္ဓာရပြည်သည် ပါရှား လက်နက်နိုင်ငံလက်အောက်သို့ကျရောက်နေခဲ့၍ သာသနာနှစ် ၂၁၇ ခုနှစ်လောက်တွင် ဂရိတ်ဘုရင် အလက်ဇန္ဒားက အိန္ဒိယမြစ်ဝှမ်းကို တိုက်ခိုက်ခဲ့ပြီး ဂရိတ်စစ်သူကြီး ဆီလူစီဒိစ်က ထပ်မံ သိမ်းယူခဲ့ပြန်၍ သာသနာနှစ် ၂၂၀ တွင် စန္ဒဂုတ်မင်းကြီးက သိမ်းပိုက်၍ မောရိယနိုင်ငံ ထူထောင်ခဲ့လေသည်။

ထိုနောက် မောရိယ နိုင်ငံ ပျက်စီးပြီးနောက် ဒီမီထရိရိုစ်ကရင်း၊ တဖန် ဂရိတ်စစ်ဗိုလ်အူခရေးတိဒိစ်ကရင်း သိမ်းပိုက်ပြန်လေသည်။ ထိုနောက်မှ ကုသျှန်လူမျိုး၊ မွန်ဂိုလူမျိုးတို့လက်အောက်သို့ ရောက်ရှိခဲ့ရလေသည်။

ထိုကြောင့် ဗုဒ္ဓရုပ်ပွားထုလုပ်ကိုးကွယ်မှုများသည် ဂရိတ်လူမျိုးတို့၏ယဉ်ကျေးမှုကျောက်ဆစ်ပန်းပုပညာနှင့်ပေါင်းစပ်၍ ပေါ်ပေါက်လာဘွယ်ရှိသည်ဟု အချို့က ယူဆကြလေသည်။ ဂရိတ်နိုင်ငံတွင် မြတ်စွာဘုရားပွင့်တော်မမူမီ မဟာ

သက္ကရာဇ်၄၀-ပြည့်နှစ် ပတ်ဝန်းကျင်(ခရစ်တော်မပေါ်မီ ၆၅၀) ကပင်လျှင် ရုပ်တုထုလုပ်ခြင်းအတတ် ပြောင်မြောက်ထွန်းကားပြီး ဖြစ်လေသည်။ သို့ရာတွင် ထိုကာလမတိုင်မီ စောစွာကပင်လျှင် အိန္ဒိယနိုင်ငံ၌ ပန်းပုထုလုပ်သည့်အတတ် ထွန်းကားပြီးဖြစ်ရုံမယ ကိုးကွယ်မှုဆိုင်ရာရုပ်ပွားများ ထုလုပ်ကိုးကွယ်သော အလေ့အထ ရှိနေပြီးဖြစ်ကြည်ကိုလည်း တွေ့ရှိရပေသည်။

အိန္ဒိယနိုင်ငံတွင် သိန္ဓုနယ် မိုဟန်ဂျိုဒါ နှင့် ပန်ဂျပ်ပြည်နယ် ဟာရပ္ပမြို့ကြီးများ ကောင်းစားစဉ် ခရစ်တော်မပေါ်မီ ၂၅၀၀နှင့် ၁၅၀၀အကြား မြတ်စွာဘုရား ပွင့်တော်မမူမီ နှစ်ပေါင်း၁၀၀၀ကျော် ၂၀၀၀အကြား ကာလက ပင်လျှင် ကိုးကွယ်မှုဆိုင်ရာဘုမ်ဒေဝီရုပ်နှင့် ယက္ခရုပ်များ ထုလုပ်ခဲ့ကြပြီးဖြစ်သည်ကို ထင်ရှားစွာအထောက်အထားပြနိုင်ပေသည်။

မည်သို့ပင် ဖြစ်စေ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကမူ ရုပ်ပွားတော်များ ထုလုပ် ကိုးကွယ်ခြင်း မရှိခဲ့ရုံမျှမက အသောကမင်းကြီး လွန်ပြီးခေတ်အထိ ရုပ်ပွား ထုလုပ်ခြင်းမရှိသေးသည်ကို တွေ့ရှိရလေသည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ဘုရားရှင်ဖွားမြင်တော်မူရာ၊ပွင့်တော်မူရာ၊တရားဦးဟောတော်မူရာ၊ ပရိနိဗ္ဗာန်ပြုတော်မူရာ၊ နေရာမြတ်လေးပါးကို ပူဇော်နိုင်ကြောင်းကို ဖော်မြွက်ခဲ့သည် ဖြစ်သောကြောင့် ထိုနေရာမြတ်တို့ကိုရင်း၊ ထိုနေရာမြတ်တို့၏အထိမ်းအမှတ်ပုံစံတို့ကိုရင်း အလေးအမြတ်ပြုခဲ့ကြပေသည်။

ထို့ကြောင့် ဆန်ချီပုထိုးတော်၏ ထုရိုက်တိုင်များတွင် ဗုဒ္ဓရုပ်ထုရုပ်ပွားလုံးဝမပါရှိဘဲ ကြာပန်း၊ ဗောဓိပင်၊ခြေတော်ရာစသော အမှတ်လက္ခဏာများကိုသာ ထုလုပ်ထားသည်ကိုတွေ့ရှိရလေသည်။

သို့ရာတွင် ဒုတိယသင်္ဂါယနာပွဲပြီးနောက် ဗုဒ္ဓဝါဒီတို့ ဂိုဏ်းကွဲခဲ့ရာမှ မဟာယာနနှင့် ဟိနယာန ဂိုဏ်းများ ကွဲပြားလာသောအခါ၌ မဟာယာန ဂိုဏ်းသည် ရှေးဦး ရှိရင်း ဟိန္ဒူဘာသာနှင့်အပြိုင်အဆိုင်ရောယှက်ခြင်းများရှိလာပြီးနောက် ဗုဒ္ဓမြတ်စွာအား မဟာပုရိသ၊မြတ်သောလူသားအသွင်ဖြင့် ရုပ်တုရုပ်ပွားများ ထုလုပ် ကိုးကွယ်ခြင်း ပြုလာကြသည်ဟု ယူဆဘွယ်ရှိလေသည်။

ဘာသာဝါဒများ အပြိုင်အဆိုင်ဖြန့်ရာ၌ ရုပ်ဝတ္ထုထင်ရှားကိုးကွယ်ရာရစေခြင်းဖြင့် ဗုဒ္ဓသာသနာပိုမိုကျယ်ပြန့်စေနိုင်မည်ဟု ယူဆခဲ့ခြင်းကြောင့် ထိုသို့ရုပ်ပွားထုလုပ်ခဲ့ခြင်းဖြစ်ဘွယ်လည်း ရှိလေသည်။

မဟာယာနဗုဒ္ဓဘာသာတွင်ဘုရားမြတ်စွာနှင့် ဗောဓိသတ္တဘုရားလောင်းတို့အား ဝပ်တွားဆည်းကပ်ခြင်းပြုကြသည့်အတိုင်း ဗုဒ္ဓနှင့် ဗောဓိသတ္တဖြစ်သော အဝလောကိတေသွာရ၊ သို့မဟုတ် လောကနာထတို့၏ ရုပ်ထု ရုပ်ပွားတို့ကို ရှိရင်း အိန္ဒိယတိုင်းရင်းသားတို့၏ ရုပ်ထုပန်းပု၊ ကျောက်ဆစ်ပညာတို့နှင့် ပေါင်းစပ်၍

ရုပ်တုရုပ်ပွားကိုးကွယ်ခဲ့ကြလေသည်။ ထိုအချိန်မှာ ကနစ်သျှက မင်းလက်ထက် သာသနာနှစ် ၆၀၀ ကျော်တွင် ဖြစ်လေသည်။ ထိုကြောင့် ရှေးဟောင်းအိန္ဒိယနိုင်ငံ၏ ရုပ်ထုများကို လေ့လာရာ၌ ထိုခေတ်မထူရ၌ရင်း၊ ဂန္ဓာရ၌ရင်း ထုလုပ်ခဲ့ကြသော ဗုဒ္ဓ ရုပ်ပွားနှင့် ဗောဓိသတ္တဘုရားလောင်းရုပ်ပွားတော်များကို တွေ့ရှိကြရလေသည်။

ရုပ်ပွားထုလုပ်မှုသည် အိန္ဒိယ နိုင်ငံ၏ ရိုးရာအတတ်ပညာပင်ဖြစ်စေကာမူ ထိုခေတ်၌ ကျောက်ဆစ်၊ပန်းတော့၊ပန်းတမော့လက်ရာတို့တွင် ရှေ့ပြေးနေသော ဂရိတ် ယဉ်ကျေးမှုကို တုမှီးခြင်းများကား ရှိမည်ဖြစ်လေသည်။ ရုပ်တုထုလုပ်ခြင်း သဘောတရပ်လုံးကို သာလျှင် ဂရိတ်တို့ထံမှ လုံးဝဥဿုံ အမွေခံယူခြင်း မဟုတ်ကြောင်း ထင်ရှားပေသည်။ ကိုးကွယ်မှုနှင့် စပ်လျဉ်း၍ အာရယန် လူမျိုး များက အမှတ်လက္ခဏာများကို အသုံးပြုခဲ့၍ ဒရာဝိဒိယန်လူမျိုးတို့က ရုပ်တုရုပ်ပွားများကိုပြုလုပ်ခဲ့ကြလေသည်။

ရုပ်ပွားတော် ထုလုပ်မှုနှင့် ပတ်သက်၍ မြတ်စွာဘုရားလက်ထက်တော်နှင့် ပရိနိဗ္ဗာန်စံပြီး နှစ်အတန်ကြာ အတွင်း၌ ရုပ်ပွား ထုလုပ်မှု မတွေ့ရခြင်းမှာ ဥပကနှင့် တွေ့ရာ၌ မြတ်စွာဘုရားကိုယ်တော်တိုင် မိန့်ကြားတော်မူသော "သဒိသော မေ၊ နဝိဇ္ဇတိ" ဟူသော (ဝိနည်းမဟာဝါပါဠိတော်) "ငါနှင့် တူသောသူသည် ထင်ရှားမရှိ" အစရှိသည့် အဆိုအမိန့်ကို ထောက်

သောအားဖြင့် ဘုရားရှင်၏ ရုပ်တုရုပ်ပွားများ ထုလုပ်ရန် မဝံ့စားခဲ့ကြဟန်တူလေသည်။ ရုပ်တု ရုပ်ပွား ထုတ်လုပ်ခြင်းအားဖြင့် ဘုရားရှင်အား အဂါရဝမလေးစားရာရောက်မည်ဟုယူဆကြဟန်တူလေသည်။

စင်စစ်အားဖြင့် မြတ်စွာဘုရားလက်ထက်တော်ကပင် အဘိဓမ္မာ တရား ဟောကြားတော် မူသော အခါ နိမ္မိတ ကိုယ်စား ဖန်ဆင်းတော်မူသည် ဟူသော စကား ရှိပေသည်၊

ထိုမှ တပါး မြတ်စွာဘုရား လက်ထက်တော်တွင် ကောသလမင်းကြီးသည် ဇေတဝန်ကျောင်းတော်သို့ မြတ်စွာဘုရားရှင်အား ဖူးမျှော်ရန် သွားသည် ရှိသော်. မြတ်စွာဘုရားဒေသစာရီကြွတော်မူသည်နှင့် မတွေ့ရသဖြင့် စိတ်ပူပန်ခြင်းဖြစ်ရပြီးနောက် မြတ်စွာဘုရား ပြန်ကြွလာတော် မူသော အခါ ကိုးကွယ်ရာကို တောင်းပန်သည့်အတွက် မြတ်စွာဘုရားက "အကြင်သူသည် အားနှင့်လျော်စွာ မြေစိုင်စသော တစုံတခုသောဝတ္ထုဖြင့် ကိုးကွယ်ရန် ကိုယ်တော်မြတ်၏ရုပ်တုတော်ကို ပြုလုပ်သည်" ဟူ၍ ခွင့်ပြုတော်မူပျက် ဝဋ္ဋဂုလိရာဇဇာတ်တော်ကို ဟောကြားတော်မူကြောင်းနှင့် ကောသလမင်းကြီးကသည် စန္ဒကူးနှစ်ကို ရုပ်တုပြု၍ ကိုးကွယ်ကြောင်းများနှင့်မှတ်သားကြရပေသည်။

× သို့ရာတွင် ဝဋ္ဋဂုလိရာဇ ဇာတ်စကားမှာ သင်္ဂါယနာတင် ပိဋကတ်မှ အလွတ်ဖြစ်သော ယွန်းပဏ္ဏာသထွက်

စကားရပ်များဖြစ်သဖြင့် လက်ခံယူဆရန် ခက်ခဲလေသည်။ ထိုမှ တပါးထေရဝါဒဗုဒ္ဓဝင်နှင့်မဟာဝင်တို့၌ ကောသလမင်းကြီးကို အကြောင်းပြု၍အာနန္ဒာဗောဓိ(မဟာဗောဓိ)ပင်ကို ကိုးကွယ်ရန် မိန့်ကြားသည်ဟူသော စကားရပ်နှင့် ကွဲလွဲသည်ကိုလည်း သတိပြုနိုင်လေသည်။

မည်သို့ပင်ဖြစ်စေ အိန္ဒိယ နိုင်ငံ၌ နှစ်ပေါင်းများစွာပေါ်ထွန်းခဲ့ပြီးသော ရုပ်ပွားဆင်းတု ထုလုပ်ကိုးကွယ်ခြင်း အလေ့နှင့် ကျောက်ဆစ် ပန်းပုပညာ ရုပ်များသည် မြန်မာနိုင်ငံနှင့်လည်း ကူးလူးဆက်သွယ်မှုရှိခဲ့ပေသည်၊ မြန်မာနိုင်ငံတွင် စောစွာ (သရေခေတ္တရာခေတ်တဝိုက်)ကပင် ဂူပုထိုးစေတီများ တည်လုပ်သောဗိသုကာနှင့် ပန်းရံပညာများ ထွန်းကားခဲ့ပြီးဖြစ်၍ ပုဂံခေတ်တွင်ကား ဗုဒ္ဓဝင် ဇာတ်တော်များကို ထွင်းထုသောစဥ့်ကွင်း၊ ကျောက်ဆစ်လုပ်လုံးများကိုတွေ့မြင်ရ၍ ဗုဒ္ဓရုပ်ပွားတော်နှင့်ပတ်သက်၍ ရုပ်ထုပုံစံ အမျိုးမျိုးတည်ထားခဲ့ကြသည်ကိုလည်း တွေ့ရှိရလေသည်။

အနော်ရထာခေတ် ပတ်ဝန်းကျင်တွင်မူ အာနန္ဒာ (အနန္တ)ရုပ်ပွား၊ မနူဟာရုပ်ပွားစသော များစွာသော ရုပ်ပွားတော်များနှင့် ဗုဒ္ဓဝင်ဆိုင်ရာ အုံတကူ ကျောက်ဆစ်ရုပ်တုများကိုပါ တွေ့ရှိလာကြရပြီဖြစ်လေသည်၊ ကြေးသွန်း ရုပ်ပွားများနှင့် မြေအုတ်ခွက်ရုပ်ပွားတို့ကိုလည်းတွေ့မြင်လာရလေသည်၊

---

x သမန္တစက္ခုဒီပနီ၊အတွဲ-၁၊စာမျက်နှာ ၄၁၄-၄၁၉။

စေတီ ၄ပါးတွင် သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်စူး ကိုးကွယ်ရာ ဥဒ္ဒိဿစေတီအဝင်အပါဖြစ်၍ ကိုးကွယ်သင့်ကိုးကွယ် ထိုက်သည့်အတိုင်း ရုပ်ပွားဆင်းတုကိုးကွယ်မှုကား အဆင့်ဆင့် တိုးတက် ပြန့်ပွားလာသည်သာဖြစ်လေသည်။

ရုပ်ပွားတော်များ ထုလုပ်ကိုးကွယ်ကြရာ တွင် ရုပ်ပွားတော်ထုလုပ်ပုံ အချိုးအဆ အတိုင်း အထွာစနစ် များနှင့် ပတ်သက်၍ ရုပ်ပွားဆင်းတုထုလုပ်နည်းဆိုင်ရာ အမှတ် အသားများလည်း ပေါ်ပေါက်ခဲ့လေသည်။

ရုပ်ပွားတော် ထုလုပ်ရာတွင် မြတ်စွာ ဘုရား၏ကိုယ်တော်ပုံဟန်နှင့်ပတ်သက်၍ မုဒြာဟုခေါ်သော ပုံစံ တော်များ သတ်မှတ်ထားခြင်းရှိလေသည်၊ အိန္ဒိယ နိုင်ငံတွင် အစဉ်အဆက် ထုလုပ်ခဲ့ကြသည့် ရုပ်ပွား ဆင်းတုတော်များ၏ တည်ဟန်များကို မည်သို့သော မုဒြာပုံစံဖြင့် တည်ထားသည်ကို ပိုင်းခြား၍ လေ့လာကြရလေသည်၊ ထိုသို့သော မုဒြာများမှာ အောက်ပါအတိုင်းပင်ဖြစ်လေသည်။

## ☆ မုဒြာ-မုဒ္ဒါများ။ ☆

၁။ 'ဘူမိဖဿ'။ (ဘူမိသပါသ) မုဒြာ။ ဝသုန္ဒြေနတ်မင်းအား တိုင်တည်တော်မူသည်ကိုအကြောင်းပြု၍ ထက်ဝယ်ဖွဲ့ခွေသောပုံတော်တွင် လက်ဝဲလက်တဖက်ကို ပေါင်ခွင်ထက်၌ ပက်လက်တင်တော်မူ၍လက်ျာလက်တဖက်ကို လက်ျာဒူးတော်အနီးမှ အောက်ဖက်သို့ တည့်တည့်ချလျက် မြေပြင်သို့ညွှန်ပြဟန် ထုလုပ်လေသည်။

၂။ 'ပရလမ္ဗပဒ'။ ထိုင်တော်မူဟန်ထုလုပ် ခြေတော်ကို တွဲလွဲချထားလျက် ထုလုပ်လေသည်။

၃။ 'ဓမ္မစကြာမုဒြာ'။ ဓမ္မစကြာတရား ဟောကြားတော်မူသည်ကို အကြောင်းပြု၍ လက်ဝဲလက် တဖက်မှ လက်ချောင်းများကို ထောင်လျက်၊ လက်ျာလက် ချောင်းများဖြင့် သစ္စာလေးပါးကို ရေတွက်ပြဟန် ထက်ဝယ်ဖွဲ့ခွေပုံအတိုင်း ထုလုပ်လေသည်။

၄။ 'ဝရဒမုဒြာ'။ ဆုတော်ချွေပုံဖြစ်၍ မတ်ရပ်တော်ပုံတွင် လက်တော်နှစ်ဖက်ကို အောက်သို့ဆန့်ချကော်မူဟန် ထုလုပ်လေသည်။

၅။ 'အဘယမုဒြာ'။ မတ်ရပ်တော်ပုံတွင် လကျ်ာဘက် လက်ဝါးတော်ကို ဖြန့်လျက် မစိုးရိမ် ကြကုန် လင့် တရားပြအံ့ဟု ဘေးရန်ကို ကွယ်ကာ တားဆီးတော် မူဟန် ထုလုပ်လေသည်။

၆။ 'ဝိတက္ကမုဒြာ'။ ထက်ဝယ် ဖွဲ့ခွေတော်မူပုံတွင် မျက်လွှာကိုချ၍ လက်တော်နှစ်ဖက်ကို ပေါင်ခွင်ပေါ်တွင် ပက်ထက်ဖွဲ့ယှက်ယပ်လျက် တင်ထားဟန် ထုလုပ်လေသည်၊ 'ဈာနမုဒြာ' ဟူ၍လည်း ခေါ်တွင်လေသည်။

၇။ 'မဟာကရုဏာမုဒြာ' ထက်ဝယ်ဖွဲ့ခွေပုံတွင် လက်ဝဲလက်တဖက်ကို ပေါင်ခွင်ထက်တွင် တင်၍ လကျ်ာလက်တဖက်ကို ရင်ပတ်တော်၌ လက် ဝါး မှောက်လျက် ကပ်ထားဟန်ဖြင့် ဒုက္ခိတ သတ္တဝါတို့အား သနားတော်မူသဖြင့် ကယ်ချွတ်ရန် ဆန္ဒရှိတော်မူဟန် ထုလုပ်လေသည်။

မြန်မာနိုင်ငံတွင် ဝရဒမုဒြာနှင့် အဘယမုဒြာဟူသော မတ်ရပ်တော်ပုံများ၊ ဘူမိ ဖဿ ထက် ဝယ် ဖွဲ့ ခွေ (တင်ပြင်ခွေ)ပုံတော်များနှင့် လျောင်းတော်မူဟူသော 'မဟာပရိနိဗ္ဗာနမုဒြာ' ပုံတော်များကို ထုလုပ်သည်သာများလေသည် အခြားမုဒြာများကိုကား ဖူးတွေ့ရခြင်းနည်းပါး၍ ဝရဒမုဒြာကဲ့သို့သော တွဲလဲထိုင်လျက် (ကျိုက်မရောရုပ်ပွားပုံတော်မျိုး)ပုံတော်နှင့် အခြားလက်တော်အနေအထား ကွဲလွဲသော ပုံအချို့ကို

ဖူးတွေ့နိုင်လေသည်၊ ထိုမှတပါး သတ္တဋ္ဌာနစံတော်မူပုံနှင့်အခြား ပုံတော်များကိုလည်းသဒ္ဓါပသန္န ကြည်ညိုဘွယ်ဖြစ်အောင်ထုလုပ် ကြပေသေးသည်။

ရုပ်ပွားတော်များနှင့် ပတ်သက်၍ ကြာဖက်ဆောင်း၊ မှိုကိုးချက်၊ ထီးခြင်းငါးပါးစသည်တို့နှင့်ညီညွတ်စွာထုလုပ်သော ဒက္ခိဏသာခါ ပုံတော်စသည်တို့ကို ဆင်းတုရုပ်ပွားငယ်များ ထုလုပ်ကိုးကွယ်ကြခြင်းနှင့် ဇမ္ဗုပတိချွတ်ခဏ်းဟု ဟူဆသော မကိုဋ်နှင့်တကွ မဟာမြတ်မုနိ ပုံတော် စသည်တို့ကိုလည်း ထုလုပ်ကိုးကွယ်ကြလေသည်။

ဒက္ခိဏသာခါ ရုပ်ပွားတော်နှင့် ပတ်သက်၍ သိမှတ်ရန်မှာကား အောက်ပါအတိုင်းဖြစ်လေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် သာသနာတော်နှစ် ၂၁၈ ခုနှစ်တွင် ပါဋ္ဌလိ ပုတ်ပြည်၌နန်းစံတော်မူသော သီရိဓမ္မာသောက မင်းကြီးသည် သာသနာနှစ် ၂၃၆ခုနှစ် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့ ညချမ်းအချိန်တွင် မဟာဗောဓိပင်သို့ ကြွရောက်ကြည်ညို၍ မဟာဗောဓိသည် သီဟိုဠ်၌တည်၍ မိမိသည် သာသနာတော်၌ ယုံမှားကင်းသည်ဖြစ်ပါက မဟာဗောဓိသည် ရွှေဖျဉ်းအိုး၌ တည်ပါစေ သတည်းဟု အဓိဋ္ဌာန်ပြုတော်မူလေရာ မဟာဗောဓိပင်၏ တောင်ဘက်ကိုင်း (ဒက္ခိဏသာခါ)သည် အလိုအလျောက်အိုး၌ စိုက်တည်၍ ကျလေသည်၊ (သမန္တပါသာဒိကအဋ္ဌကထာ၊ စာမျက်နှာ ၆၃)။

ထို့နောက် ထိုနှစ်တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့တွင် သီရိဓမ္မာအသောကမင်းကြီးသည် ပွားအပ်သော မဟာဗောဓိတောင်ဘက်ကိုင်းကို သီဟိုဠ်ကျွန်း၌ သာသနာပြန့်ပွားစေရန် မဟာမိတ်တိဿ မင်းကြီးထံသို့ ပို့ဆောင်တော်မူ၍ အသောကမင်းကြီး၏ သမီးတော် သံဃမိတ္တာ ထေရီသည် ပင့်ဆောင်ခဲ့၍ နတ်တော်လဆန်း ၇ရက်နေ့တွင် ဇမ္ဗုကောသလသင်္ဘောဆိပ်သို့ ရောက်ရှိ၍ အနုရာဓမြို့သို့ ပင့်ဆောင်ကာ မဟာမေဃဥယျာဉ်၌ စိုက်ပျိုးကိုးကွယ်လေသည်၊ ထိုမဟာဗောဓိမျိုးမှ အပင် ၂၀မျှ ပွားခဲ့လေသည်၊ ထိုဗောဓိပင်က ဒက္ခိဏသာခါ ဗောဓိပင်ဟူ၍ပင် ခေါ်ဆိုလေသည်။

ထိုဗောဓိပင်ကြီး ရင့်ဆွေး မြေ့ ရာ၌ ဗောဓိသားများကို ဥဒ္ဒိသစေတီအဖြစ် ရုပ်တုတော်များထုလုပ်ကိုးကွယ်လေရာ ဒက္ခိဏသာခါရုပ်ပွားတော်ဟူ၍ပင် ခေါ်မှတ်ခဲ့ကြလေသည်၊ ထိုနောက် ဒက္ခိဏသာခါ ရုပ်ပွားတော်သည် ရှင်အရဟံပင့်ဆောင်ချက်အရ ပုဂံ အနော်ရထာမင်းကြီး ကိုးကွယ်ခွင့်ရခဲ့ရာမှ မြေးတော် အလောင်းစည်သူမင်းသည် ဖေါင်တော်ဦး၌ မပြတ်ကိုးကွယ်တော်မူခဲ့လေသည်။

ထိုနောက် သက္ကရာဇ် ၇၈၈၊ သာသနာနှစ် ၁၉၇၀တွင် အင်းဝမိုးညှင်းဘုရင်ထံသို့ ဒက္ခိဏသာခါ ရုပ်ပွားကြီးငယ်ဆူရေ ၃၀၀ကျော် ရောက်ရှိလာ၍ သားတော် မြေးတော် အဆက်မပြတ် အရပ်ရပ်အနှံ့အပြား ကိုးကွယ်ကြသည်ဟုဆိုလေသည်၊ ထိုနောက်တွင်ကား ဒက္ခိဏသာခါပုံတော်

ရုပ်ပွားများကို လောကီအစီအရင်များ ရောစွက်၍ နေ့နံသင့် အင်းစံများသွင်း၍ ဂါထာမန္တရားများနှင့် လောကီသိဒ္ဓိအမျိုးမျိုးအတွက် အထူးအထွေ စီရင်ကိုးကွယ်ကြလေသည်။

(ရုပ်ပွားတော်တည်ပုံနှင့် ပတ်သက်၍ စံနစ်ဆိုင်ရာကျမ်းများ၊ အညွှန်းလက်ျာများကို အကျယ်လေ့လာနိုင်ကြပေသည်။)

## ☆ စေတီတည်ထားကိုးကွယ်ခြင်း။ ☆

မြတ်စွာဗုဒ္ဓအား ကိုးကွယ်ပူဇော်ရာတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ကိုယ်စားတော် ကိုးကွယ်ရာအဖြစ် ရည်မှတ်ပူဇော်ကြရာ အာရုံ ထင် ထင် လင်းလင်း နှလုံးသွင်းကြည်ညိုနိုင်ရန် စေတီပုထိုးများကိုလည်း တည်ထားခဲ့ကြလေသည်။

စေတီများ တည်ထား ကိုးကွယ်သော အခါကာလကို ဆန်းစစ်လျှင် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် တောထွက်စဉ် ပယ်သောဆံတော်ကို နတ်ပြည်၌စူဠာမုဏိစေတီတော်တည်ခြင်း၊ ဝတ်လဲဟောင်းကို ဒုဿစေတီ တည်ထားခြင်းစသည်ဖြင့် တည်ထား ကိုးကွယ်ကြောင်းကို သိရှိလေသည်။

စင်စစ်အားဖြင့် စေတီပုထိုး တည်ခြင်းမှာ မြတ်စွာဘုရား၏ ကိုးကွယ်ရာမြောက်သော ဆံတော်၊ အံ့တော်၊ စွယ်တော်၊ ညှပ်ရိုးတော်၊ ခြေတော်ရာစသော ဓါတုဓါတ်နှင့် ပရိဘောဂစသည်တို့ကို၎င်း၊ ရဟန္တာတို့၏ သရီယဓာတ်တော် မွေတော်တို့ကို၎င်း၊ ပကတိအတိုင်း ထားရှိ ကိုးကွယ်ပါက ပျောက်ဆုံးပျက်စီးခြင်းကြောင့် အဓွန့်ရှည်စွာကိုးကွယ်ရာမကြွင်းကျန်မည်ဖြစ်သောကြောင့် ယာဝရစောင့်ရှောက်ပူဇော်ထားအံ့သောငှါ ဌာပနာတိုက်ပြုလုပ်ခြင်း၊ အုံဖွဲ့အမွန် တင်ခြင်း စသည်ဖြင့် စေတီပုထိုးအဖြစ် တည်ခဲ့ကြလေသည်၊ ထိုမှတပါးလည်း ကြည်ညိုသဒ္ဒါတရားတိုးပွားစေ၍ ရုပ်ဝတ္ထုခံ့ညား မားမတ်စွာ ထင်ရှားစေရန်အလို့ငှါလည်း ပုံတော်အနည်းနည်းဖြင့် စေတီတော်တည်ထားခဲ့ကြလေသည်။

စေတီများတွင် မုခ်ပေါက် လိုဏ်ဂူပါသော ထူပါ၊ ပုထိုးပုံတော်နှင့် စေတီလုံးဟူသောစေတီတော် ဟူ၍ နှစ်မျိုးနှစ်စားတည်ခဲ့ကြလေသည်၊ စေတီ တည်ထားကိုးကွယ်မှုနှင့်ပတ်သက်၍ မြတ်စွာဘုရားသက်တော်ထင်ရှား ရှိစဉ်က အနာတပိဏ်သူဌေးတောင်းပန်သဖြင့် အာနန္ဒာ လျှောက်ကြားချက်အရ စေတီ ၃ မျိုး ခွင့်ပြုခဲ့လေသည်၊ (တေရသနိပါတ်၊ ကာလိင်္ဂဗောဓိဇာတ်)။

ထိုသုံးမျိုးမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

## ☆ စေတီ ၃မျိုး။ ☆

၁။ မြတ်စွာဘုရားကိုယ်တော် ဒြပ်မှုဖြစ်သမျှဓါတ်တော်များ၊ (သာရီရိကစေတီ)(ဓါတုစေတီ)။

၂။ ပေါ်မိပင်နှင့်တကွ မြတ်စွာဘုရား၏ အသုံးအဆောင်ပရိက္ခရာစသည် (ပရိဘောဂစေတီ)

၃။ မှန်းဆပူဇော်အပ်သော မြတ်စွာဘုရား၏အဆင်းတော် "ဥဒ္ဒိဿစေတီ"။

ဟူ၍ဖြစ်လေသည်။ * ဥဒ္ဒိဿစေတီတွင် ရုပ်ပွားဆင်းတုတော်ကိုထည့်သွင်းမှတ်ယူလေသည်။ သာရတ္ထဒီပနီဋီကာ၌ တရားဒေသနာရေးသားအပ်သော ပေ၊ ရွှေပြားငွေပြား (စာအုပ်)စသည်တို့ကို "ဓမ္မစေတီ" ဟူ၍ ထည့်သွင်းပူဇော်ကိုးကွယ်ရန် ဖွင့်ဆိုလေသည်။

---

* ဗုဒ္ဓပဋိမာ၊ ဥဒ္ဒိဿစေတိယ၊ ခုဒ္ဒကပါဌ အဋ္ဌကထာ

## ☆ စေတီ တည်ထိုက်သူ "၄" မျိုး ☆

ထိုသို့ စေတီ တည်ထား ကိုးကွယ်ထိုက်သူ လေးမျိုးကိုလည်း မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာတွင် ဖော်ပြထားရာ-

၁။ ဘုရားရှင်။

၂။ ပစ္စေကဗုဒ္ဓါ (သီးခြား ပွင့်သော ဘုရားငယ်)။

၃။ မြတ်စွာဘုရား၏ တပည့်သာဝက။

၄။ စကြာမင်း။

ဟူ၍ တွေ့ရှိနိုင်လေသည်။

စေတီ တည်ထား ကိုးကွယ် ခြင်းကြောင့် မြတ်စွာဘုရားကို သက်တော်ထင်ရှား ပူဇော် ကိုးကွယ်သည်နှင့် အကျိုးတူမျှကြောင်းကို (အင်္ဂုတ္တိုရ် ပါဠိတော်)၌ သက်တော်ထင်ရှား ဘုရားရှင်အားရင်း၊ ဘုရားရှင်၏ကိုယ်စား စေတီ၄-ပါး အားရင်း ရှိခိုးပူဇော်ရာ၌ စေတနာတူမျှလျှင် တူမျှသောအကျိုးကို ပေးသည်ဟူ၍ ဟောကြားခဲ့လေသည်။

ပူဇော်ကိုးကွယ်ခြင်း၏ အကြောင်းတရားကိုင်း၊ ဗုဒ္ဓ-ဓမ္မ စသော ရတနာမြတ်တို့၏ ဂုဏ်ကျေးဇူးကိုင်း မသိမမြင်သော သူတို့အဖို့ အုတ်ပုံကို အကြောင်းမဲ့ ရှိခိုးနေသည်ဟူ၍ အမနာပ အယူတိမ်းမှားတတ်သည် ဖြစ်သော်လည်း မိမိတို့ မြတ်နိုးသော ကျေးဇူးရှင်တို့အား မိဘ-ဆရာခေါင်းဆောင်အကြီးအကဲတို့မှအစ ရုပ်ပုံ၊ ဓာတ်ပုံ၊ ရုပ်တု စသည် ကိုယ်စားထား၍ လေးမြတ်ခြင်းပြုကြသည်သာဖြစ်ရာ လူ့လောကယဉ်ကျေးမှု၊ ကျေးဇူးသိတတ်မှုသဘောတရားသာပင် ဖြစ်လေသည်။

ထိုကြောင့် စေတီတော်တို့အား ပူဇော်ကန်တော့ခြင်း၌ ယုံကြည်မှုနှင့်ရည်ရွယ်ချက် လေးနက်လှပေသည်။ ထိုယုံကြည်မှု၏နောက်တွင် တရားတော်ကိုလေးမြတ်ခြင်းနှင့် လိုက်နာ ကျင့်ဆောင်ခြင်းဟူသော လက်တွေ့ အကျိုးရပ် များ လည်း တဆက်တည်းထင်ရှားနိုင်သည်သာ ဖြစ်လေသည်။

စေတီတော်ကို ပူဇော်သဖြင့် အကျိုးများကြောင်းကိုလည်း ဒီဃနိကာယ်သုတ် မဟာဝဂ္ဂပါဠိတော်၊ ဥပဟာပရိနိဗ္ဗာနသုတ်-၁၀၂။အဋ္ဌကထာ ၁၅၇။ ဒုကင်္ဂုတ္တရအဋ္ဌကထာ၊ ပုဂ္ဂလဝဂ်၊ထူပါရဟသုတ်-၄၅၊ထေရအပဒါန်ပါဠိတော်၊ပဒုမကထေရအပဒါန် စသည်များ၌ များပြားစွာ တွေ့ရှိနိုင် လေသည်။

---

* ဗုဒ္ဓပဋိမာ၊ ဥဒ္ဒိဿကစေတိယ၊ ခုဒ္ဒကပါဌအဋ္ဌကထာ။

သံယုတ္တနိကာယ်သဂါထာဝဂ္ဂ-၁၀၊ ယက္ခသံယုတ် အဠမသုတ် ၁၂၇၊ ဝိနည်းစူဠဝါပါဠိတော် သေနာသနက္ခန္ဓက-၂၆၉စသည်တို့တွင်လည်း ဘုရားဖူးမျှော်ရန် သွားသူ၏ ခြေတလှမ်း လှမ်းလေတိုင်း ဖြစ်ပေါ်သော အကျိုးကို တန္ဖိုးဘွယ်မရှိကြောင်း ဟောကြားထားလေသည်။

ထိုစေတီ များ သာမက ဗုဒ္ဓမြတ်စွာကို ရည်မှန်း၍ သဲပုံစေတီကိုပင်လျှင် တည်ထားကိုးကွယ်၍ အကျိုးများကြောင်းကို ပုပ္ပိနတ္ထုပိယထေရအပဒါန် ပါဠိတော်တွင် ထင်ရှားစွာ ဟောကြားထားခဲ့လေသည်။ ပုဋိနတ္ထုပိယထေရအလောင်းဖြစ်သော နာရဒရသေ့သည် မြတ်စွာဘုရားတို့၏ စေတီတော်ကို ရည်မှန်း၍ အမရိကမြစ်အနီး၌ သဲပုံစေတီတည်၍ ဂါရဝထားကာ ပူဇော်လေသဖြင့် ဘဝများစွာ အကျိုးခံစားရပုံကို ဟောကြားထားလေသည်။ (ထေရဂါထာ ပါဠိတော် အဌကထာတို့၌ ဝသဘရဟန္တာဖြစ်လာသည်ဟုဖော်ပြလေသည်။)

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးနောက် သီရိဓမ္မာသောကမင်းကြီး လက်ထက်တွင် ဆန်ခါ ပုထိုးတော်ကို တည်ထားခဲ့၍ သာသနာပြန့်သောနိုင်ငံတိုင်း၌လည်း စေတီတော်များ အဆူဆူ တည်ထား ကိုးကွယ်ခဲ့ကြလေသည်။ စေတီတော်များသည် သာသနာ ပြန့်ပွားရောက်ရှိရာဒေသ၏ အကျယ်အဝန်းနိမိတ်ကိုထင်ရှားပြသရာ သာသနာ့အထိမ်းအမှတ်များလည်း ဖြစ်လေသည်။

စေတီတော် အကြောင်းနှင့် ပတ်သက်၍ ခုဒ္ဒကပါဌအဋ္ဌကထာ နိဓိကဏ္ဍသုတ်၊ သုတ္တသင်္ဂဟအဋ္ဌကထာ နိဓိကဏ္ဍသုတ်၊ ဓမ္မပဒအဋ္ဌကထာ ဗုဒ္ဓဝဂ်၊ ကဿပဒသဗလသုဝဏ္ဏ စေတိယဝတ္ထု၊ အာနန္ဒာဗောဓိကထာ၊ သာရတ္ထဒီပနီကာဗာတိရ နိဒါန်းစသည်တို့တွင် ဖော်ပြထားလေသည်။

## ☆ ဓမ္မစကြာဒေသနာ ☆

ဓမ္မစကြာဒေသနာတော်မှာ ဗုဒ္ဓမြတ်စွာဘုရား ဦးစွာဟောကြားတော်မူသော တရားတော်ဖြစ်ရုံသာမက ဗုဒ္ဓဝါဒဟုဆိုအပ်သော ဗုဒ္ဓဘာသာ ကျင့်နည်းကျင့်စဉ်မှတ်သား ဆင်ခြင်ပုံဆင်ခြင်နည်းများနှင့် ပတ်သက်၍ အခြေခံ အကျဆုံးသော တရားတော်လည်း ဖြစ်လေသည်။

ဓမ္မစကြာတရားသည် သစ္စာလေးပါး....ဟူသော အမှန်တရားလေးပါးကို ရှင်းလင်းပြဆိုသော တရားတော်ပင် ဖြစ်၍ ဗုဒ္ဓသည် ထိုသစ္စာလေးပါး၌ ဉာဏ်ပေါင်း ၁၂ ပါးကို ပိုင်းခြားသိမြင်တော်မူပြီးနောက်မှ သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ပြီဟူ၍ ဝန်ခံတော်မူလေသည်။

(၁၁)

ထိုကြောင့် ဘုရားပွင့်တော် မူသည်ဆို ခြင်းသည် သစ္စာလေးပါးတရားပေါ်ထွန်းခြင်းပင် ဖြစ်လေသည်။ * ၄၅-ဝါပတ်လုံး ဟောကြားတော်မူသော ဘုရားတော်ဟူ သမျှသည် အမှန်တရား သစ္စာလေးပါးမှ သဘောမကင်းကွာ သည်သာ ဖြစ်လေသည်။

မြတ်စွာဘုရား ဖြစ်လာမည့် သိဒ္ဓတ္ထမင်း သားသည် အသက် ၂၉-နှစ်အရွယ်တွင် အမြိုက်တရားကို ရှာရန် ကာမစည်းစိမ်ကို စွန့်ခွာ၍ သံယောဇဉ်ဘိုကို ဖြတ်တောက်ကာ တောထွက်ခဲ့လေသည်။

ထိုနောက် အမြိုက်တရားရရာရကြောင်း ကို ကျင့်ကြံ အားထုတ်မှုအတွက် နည်းလမ်း ရလို ရငြားဖြင့် အာဠာရနှင့် ဥဒကရသေ့ အသိမ်းသိမ်းတို့ထံသို့ ချဉ်းကပ်၍ နည်းခံ သော်လည်း လောကီစျာန်ကိုသာရနိုင်၍ သံသရာဆင်းရဲဝဋ်မှ ကျွတ်လွတ်နိုင်သော တရားမျိုးကို မကြံမစည်နိုင်သေးသဖြင့် မကျေနပ်နိုင်ဘဲ ဥရုဝေလတောသို့ထွက်၍ တရားကြံဆ ပြန်လေ သည်။ ထိုအခါ၌ သိဒ္ဓတ္ထမင်းသားသည် ဘုရားစင်စစ်ဖြစ်လိမ့်မည် ဟူ၍ လက္ခဏာဖတ်ခဲ့သော ကောဏ္ဍညပုဏ္ဏားနှင့် အပေါင်းပုဏ္ဏား တစုသည် မြတ်သော တရားတော်ကိုနာကြားရန် စောင့်ဆိုင်း တောထွက်၍ ရသေ့ပြုလျက်နေခဲ့ကြရာမှ သိဒ္ဓတ္ထမင်းသားတော ထွက်လာသောအခါ လိုက်ပါ၍ ပြုစုကူညီခဲ့ကြလေသည်။

---

* စတုသစ္စဝိနိမုတ္တောဓမ္မောနာမနတ္ထိ။

သိဒ္ဓတ္ထမင်းသားသည် တရားစစ်ကို ရှာကြံစဉ်းစား၍ မရလျှင် မနေဟု အထူးဝီရိယထားကာ တွေးတောကြံစည် စဉ်းစား၍သာနေလေသည်။ အကုသိုလ်စိတ်များမဝင်ရအောင်ငြင်း၊ စဉ်းစားမှုပြတ်တောက်မသွားစေရန်ငြင်း၊ စိတ်ကိုအတင်းဖိ၍ ကြံစည်ခြင်း၊ ထွက်သက် ဝင်သက်ကိုပင် ရပ်တံ့၍ စဉ်းစားကြံစည်ခြင်း၊ အစားအစာလျော့၍ တရားသဘောကိုသာစုံမြဲကြံစည်ခြင်းစသည်အားဖြင့် ကြီးစွာသော ပင်ပန်းဆင်းရဲခြင်းခံ၍ ၆-နှစ်တာအထိ နည်းအမျိုးမျိုးဖြင့် ကြံစည် စဉ်းစားခဲ့ရာ ဆင်းရဲခံလွန်းသဖြင့် ကိုယ်ခန္ဓာပိန်ရှုံးခြောက်ကပ်၍ အရိုးပေါ်အရေတင်ရုံမျှ ကျန်သည်အထိ ဆုတ်ယုတ် သွား သော် လည်း လောကဝဋ္ဋဆင်းရဲမှ လွတ်မြောက်နိုင်သောတရားလမ်းစကိုကား ရှာကြံ၍မရဖြစ်နေခဲ့လေသည်။

သိဒ္ဓတ္ထမင်းသားသည် မည်သူမျှ မိမိထက်ပို၍ဒုက္ခခံနိုင်သူမပေါ်လောက်အောင် ဆင်းရဲဒုက္ခခံကာ ကြံစည်စဉ်းစားပါလျက် တရားအမြင် မရသောအခါ စည်းစိမ်ခံစားပျော်ပါး၍နေသည့်အခါတွင်လည်း တရားအမြင်မပေါ်သကဲ့သို့ ဆင်းရဲခံလွန်းလျှင်လည်း တရားအမြင်မပေါ်နိုင်ကြောင်း ရိပ်မိနားလည်လာသဖြင့် တရားရှာကြံစဉ်းစားရန် နည်းလမ်းသစ်ကိုရှာဖွေပြန်လေသည်။ ထိုအခါတွင် အားအင် ကုန်ခန်းနေသော သိဒ္ဓတ္ထမင်းသည် တရားဥာဏ်ကြံစည်နိုင်ရန် အာဟာရပြန်၍ဖြည့်တင်းအားယူမှ သင့်တော့မည်ဟု ဆင်ခြင်မိ၍ အစားဖြတ်ခဲ့ရာမှ အစားအစာများပြန်၍ စားသောက်လေသည်။

ထိုအခါ၌ ဆည်းကပ် ပြုစုနေကြသော ပုဏ္ဏားရသေ့ ၅ဦး(ပဉ္စဝဂ္ဂီ)တို့သည် သိဒ္ဓတ္ထကား အကျင့် လက်လျှော့၍ အဓိဋ္ဌာန်ဖျက်လေပြီဟု အထင်အမြင်လွဲကာ မကြည်မညိုဖြစ်ကြပြီးလျှင် သပိတ်မှောက်သည့်အလား ရှောင်ရှား ထွက်ခွာသွားကြလေသည်။

အလောင်းတော်ကား အသား အရေ ပြည့်တင်းလာပြန်၍ ဉာဏ်လန်းဆန်းအားတက်လာသည်နှင့်အမျှ ထွက်ရပ်လမ်းတရားကို ဆက်လက် ကြံစည် အားထုတ် လေရာ သစ္စာလေးပါး အမှန်တရားတို့ကို သိမြင်၍ တရားအလင်းရောင် တို့ကို တဆက်ထည်းသဘောပေါက် ဉာဏ်ထင်၍ လာလေတော့ သည်။

ထိုအခါမှ ဘုရားအဖြစ်သို့ရောက်ရှိပြီဟု သိ၍ မိမိဉာဏ်တော်၌ ထင်လာသော တရားတို့ကို မည်သူ့အား တဆင့် ပြန်၍ အလင်းရောင်ပေးရပါမည်နည်းဟု စဉ်းစားလေ သည်။ ထိုအခါ၌ ဆရာဟောင်းဖြစ်သော အာဠာရနှင့် ဥဒက ရသေ့တို့လည်း ပြန်လွန်ကြပြီကိုသတိပြုမိသဖြင့် ထပ်မံစဉ်းစား ပြန်ရာ မိမိအား တရားရလိမ့်နိုးနှင့် စောင့်စားကာ ပြုစုခဲ့ကြ သော ပဉ္စဝဂ္ဂီတို့ကို သတိရ၍ ယင်းတို့ရှိရာ မိဂဒါဝုန်တောသို့ တရားဟောရန် ကြွချီတော်မူလေသည်။

ပဉ္စဝဂ္ဂီ တို့ ကား ဘုရားလောင်းအား အကျင့်ပျက်သူဟူ၍ အထင်လွဲနေခဲ့ကြသည့်အတိုင်း မိမိတို့ထံသို့

ဘုရားလောင်းသိဒ္ဓတ္ထလာလျှင် ဝတ်မပြုစတမ်းအဖော်ညှိ၍(ဝါ) စည်းရုံး၍ နေခဲ့ကြလေသည်။ သို့ရာတွင် မြတ်စွာဘုရားကြွလာသောအခါ ရိုသေမြတ်နိုးစွာ ဝတ်ပြုမိကြလေသည်။ ထိုအခါ ဗုဒ္ဓက သစ္စာလေးပါး ထွက်မြောက်ကြောင်းတရားကို သိပြီဖြစ်၍ အမတလမ်းကို ညွှန်ပြဟောကြားတော့မည်ဟု ပြောဆိုပါသော်လည်း ပဥ္စဝဂ္ဂီတို့၏စိတ်၌ ဆင်းရဲဒုက္ခခံ၍ ကျင့်စဉ်ကပင်လျှင် တရားမပေါက်ခဲ့ဘဲ အစာပြန်၍ စားကာမှ တရားအမြင်ရသည် ဆိုခြင်းကို မယုံမကြည်ရှိကြလေသည်။ ထိုနောက် ဗုဒ္ဓက အကြိမ်ကြိမ်ရှင်းပြလေမှ "ဟုတ်ပေလိမ့်မည်" ဟု သဘောပေါက် လက်ခံကာ တရားနာကြားကြလေသည်။

ထိုအချိန်ကား မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့် စနေနေ့ည နေတခြမ်းဝင် လတခြမ်းထွက်ခိုက် ကာလပင် ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာသည် မိမိသိမြင်တော်မူသည့်အတိုင်း သစ္စာလေးပါးတရားတော်ကို ဟောကြားတော်မူလေသည်။ ပထမနေ့၌ပင် အရှင်ကောဏ္ဍညထေရ်သည် ဟောပြတော်မူသည့်အတိုင်း သဘောပေါက်၍ သောတာပန် ဖြစ်လေသည်။ (နတ်ဗြဟ္မာ ၈-ကုဋေတို့လည်း အကျွတ်တရားရ၍ သောတာပန် တည်လေသည်။) ထိုတရားတော်ကို ဓမ္မစကြာတရားတော်ဟုခေါ်မှတ်လေသည်။ မြတ်စွာဘုရားသည် ထိုတရားတော်ကိုပင် ၅ ရက်တိုင်တိုင် ထပ်မံ၍အကျယ်တဝင့်ဟောပြောလေရာ ဒုတိယနေ့တွင် အရှင်ဝပ္ပ၊ တတိယနေ့တွင် အရှင်ဘဒ္ဒိယ၊ စတုတ္ထ

နေ့တွင် အရှင်မဟာနာမ်၊ ပဉ္စမနေ့တွင် အရှင်အဿဇိ တို့သည် အသင့်သင့် သောတာပန်ဖြစ်ကြလေသည်။

ထို့ကြောင့် ဓမ္မစကြာတရားတော်သည် ဗုဒ္ဓမြတ်စွာ၏တရားဦးပင်ဖြစ်၍ တရားရတနာပေါ်ထွန်းကြောင်းလည်း ဖြစ်လေသည်။ ထိုမှတပါး သောတာပန် ပဉ္စဝဂ္ဂီတို့အား ဗေဟိဘိက္ခုအဖြစ် ရဟန်းအရာ၌ တည်စေသောကြောင့် သံဃာရတနာကိုလည်း ပေါ်ထွန်းစေလေသည်။

မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားရတနာပေါ်၍ ဝါဆိုလပြည့်နေ့တွင် လူသတ္တဝါတို့ စောင်နာကြားရသောတရားရတနာပေါ်ပြီး ဝါဆိုလပြည့်နေ့တွင် အရှင်ကောဏ္ဍညမှအစပြု၍ သံဃာရတနာ ပေါ်ထွန်းခဲ့လေသည်။

ဓမ္မစကြာဒေသနာ၏ အချုပ်မှာ သစ္စာလေးပါး၊ အမှန်တရားလေးပါးပင်ဖြစ်၍ အကျင့်သုံးပါး၊ သစ္စာဉာဏ်စဉ် ၁၂ ပါး၊ မဂ္ဂင် ၈ ပါးတို့ကိုလည်း ဆက်စပ်ဟောကြားညွှန်ပြထားလေသည်။

ဗုဒ္ဓမြတ်စွာသည် သံသရာမှထွက်ရပ်လမ်းအရေးကိုရှာဖွေရာတွင် မိမိကိုယ်တိုင် ကြုံတွေ့မှုအရ လမ်း၃-ပါး (ဝါ) အကျင့် သုံးပါးအနက် အလယ် အလတ် မယုတ်မလွန် အကျင့်ဖြင့်သာလျှင် ဉာဏ်အမြင်မှန်ကန်စွာပွင့်လင်းနိုင်ကြောင်းကိုသိရှိ၍ ထိုအကျင့်သုံးပါးကိုလည်း ရှင်းလင်းတင်ပြလေသည်။ ထိုအကျင့်သုံးပါးမှာ–

၁။ ပုထုဇ္ဇန်တို့၏အလေ့အတိုင်း ကိလေသာ ကာမ
စည်းစိမ်ကို အထပ်ထပ်ခံစားခြင်း။

၂။ တိတ္ထိတို့၏ အလေ့အတိုင်း ကိုယ်ကို ညှဉ်းပန်း
ဒုက္ခခံခြင်းကို အထပ်ထပ်ပြုလုပ်ခြင်း။

၃။ ထိုအစွန်းနှစ်ဖက်မှလွတ်သော မဂ္ဂင်ရှစ်ပါးလမ်း
စဉ်ဖြင့် အလယ်အလတ် နေထိုင်ကျင့်သုံးခြင်း။

ဟူ၍ ဖြစ်လေသည်။ ဗုဒ္ဓကိုယ်တော်တိုင်ပင် တောမထွက်မီ ကာမစည်းစိမ်ကို အစွမ်းကုန် ခံစားခဲ့သော်လည်း တရားအလင်းရောင် မရသည့်အပြင် ခြောက်နှစ်ပတ်လုံး သင်းရဲဒုက္ခခံရာ၌လည်း တရားအလင်းရောင်မရဘဲ ရှိခဲ့လေသည်။ အလယ်အလတ် ကျင့်စဉ်အတိုင်း ကျင့်ဆောင် အားထုတ်သည့်အခါမှသာ တရားအလင်းရောင်ရခဲ့ပေသည်။ ထိုကြောင့် တရားဉာဏ်အမြင်ရလိုသူသည် မဇ္ဈိမပဋိပဒါ အလယ်အလတ်အကျင့်၊ တရားလွန် အစွန်းထွက်ခြင်းမှ ကင်းသော အကျင့်မျိုးဖြင့်သာ ကျင့်ဆောင်သင့်ကြောင်း ဟောကြားတော်မူလေသည်။

## * သစ္စာလေးပါး *

သစ္စာလေးပါးကား အမှန်တရား လေးပါးပင် ဖြစ်လေသည်။ မြတ်စွာဘုရားသည် သံသရာဝဋ်မှ မည်ကဲ့သို့ လွတ်ထွက်နိုင်မည်နည်းဟု နည်းလမ်းများကို ရှာကြံ စဉ်းစားရာမှ ဥာဏ်အမြင်တွင် အမှန်တရားလေးပါးကို ထွင်းဖောက်သိမြင်တော်မူခဲ့လေသည်။

## * ဒုက္ခသစ္စာ *

ဆင်းရဲခြင်းသည် အမှန်တကယ် ရှိသော အရာဖြစ်သည်ဟူသော အသိတရား တပါးကို ဦးစွာ ဆင်ခြင်သုံးသပ်မိလေသည်။ ဆင်းရဲခြင်းသည် တကယ် မှန်ပါသလော၊ စကားအဖြစ်သာ တင်စားပြောဆိုနေခြင်းဖြစ်ပါသလော၊ သာယာမှုစည်းစိမ်များမရှိတော့ပြီလော၊ ဤသို့စဉ်းစားသည်ရှိသော သူတို့သည် တဒင်္ဂအားဖြင့် သာယာသည်ဟူ၍ ထင်မှတ်နေသမျှတို့မှာ ချမ်းသာခြင်းမဟုတ်၊ ဆင်းရဲခြင်းသာဖြစ်သည်။ ရုပ်နာမ်ခန္ဓာတို့သည် ဖြစ်လေတိုင်း ပြန်၍ပျက်ကာ ဒုက္ခအမျိုးမျိုးကို

မပြတ်ခံစားနေရသည်သာ ဖြစ်လေသည်။ ထိုဒုက္ခတို့ကို ဒုက္ခဟု မမြင်ဘဲ အမြင်မှားကာ သုခအဖြစ် သာယာနေမိခြင်း ဖြစ်၍ စေ့စေ့တွေးလျှင် ဒုက္ခအတိ၊ ပျက်စီးခြင်းအတိသာဖြစ်ကြောင်းကို လေးနက်စွာ အမြင်ပေါက်တော်မူလေသည်။ ဆင်းရဲခြင်းသည်သာ ဧကန်အမှန်ဖြစ်သည်။ ဆင်းရဲခြင်းမရှိဟူ၍၎င်း၊ ဆင်းရဲခြင်းဆိုသည်မှာ မဟုတ်မှန်ဟူ၍၎င်း မည်သူမျှ မငြင်းဆိုနိုင်ချေ။ ထိုကြောင့် လောကတခုလုံး၌ ဆင်းရဲခြင်းဒုက္ခဟူ၍ ရှိနေသည်မှာ အလွန်မှန်ကန်သော သစ္စာတရားတပါးပင်ဖြစ်သည်ဟု ခွဲခြား၍ မြင်တော်မူလေသည်။

လူတို့အဖို့ ဘဝဟူ၍ ဖြစ်လာရခြင်းသည်ပင်လျှင် ဆင်းရဲခြင်းဖြစ်လေသည်။ ဝက်ဖြစ်ရခြင်းသည် တနေ့သောအခါ အသားစားသူတို့ အသတ်ခံရဘို့ ဖြစ်လာရခြင်း ဖြစ်သကဲ့သို့ ဘဝဖြစ်လာရခြင်းသည်လည်း ဒုက္ခခံဘို့ ဒုက္ခစည်းဝိုင်းထဲသို့ဝင်ခဲ့ခြင်းပင်ဖြစ်လေသည်။

ဒုက္ခတို့ကို ခံစားရတော့မည်မှာ သေချာပေသည်။ ပဋိသန္ဓေနေရခြင်းသည်ပင် ရှေးအစ ပွဲဦးထွက် ဒုက္ခဖြစ်လေသည်။ ထိုနောက် အိုမင်း ရင့်ရော်ရခြင်း၊ ရုပ်ခန္ဓာတို့ ဖောက်ပြန်ရခြင်း(နာဖျားရခြင်း)၊ ရုပ်ခန္ဓာတို့ပျက်စီးချုပ်ငြိမ်းရခြင်း(သေဆုံးရခြင်း)၊ မချစ်မနှစ်သက်သူတို့နှင့်ယှဉ်တွဲရ၍ချစ်ခင်သူတို့နှင့်ကွဲကွာရခြင်း၊ မိမိဖြစ်စေချင်သလို ရုပ်ခန္ဓာကိုဖြစ်စေလို၍ မရခြင်း(တောင့်တတိုင်း မရခြင်း)စသည်ဖြင့် ခန္ဓာတခုလုံးသည် (ခြစားသော ထင်းရှူးသေတ္တာ)ကဲ့သို့ ဒုက္ခအားလုံးတို့ ဝိုင်းတွယ်

ဖိစီးရာ ဒုက္ခဘောင်၊ ဒုက္ခခဲ၊ ဒုက္ခအလုံးအရင်းတို့သာလျှင် ဖြစ်ကြောင်းကို ဗုဒ္ဓ မြင်တော်မူလေသည်။ ဤကား အမှန်တရား တပါးပင်ဖြစ်လေသည်။

## × သမုဒယသစ္စာ ×

ဒုက္ခကိုဖြစ်စေသော အကြောင်းရင်းလက်သည် ရှိသည်ဆိုခြင်းမှာလည်း အမှန်တရားတပါးပင် ဖြစ်လေသည်။ ထိုအမှန်တရားကိုလည်း ထွင်းဖောက်သိမြင်တော်မူလေသည်။

မြတ်စွာဘုရားသည် ဒုက္ခဟူ၍ရှိကြောင်း သိပြီးနောက် ထိုဒုက္ခသည် အဘယ်ကလာသနည်း၊ အဘယ်သူက ဖန်တီးသနည်း၊ အဘယ်အကြောင်းကြောင့် ဖြစ်လာရသနည်း စသည်တို့ကို ဆက်လက်စဉ်းစားသောအခါ ဒုက္ခကို မည်သူကမျှ ဖန်တီးသည်မဟုတ်၊ ဒုက္ခကို ပေါက်ဖွားမွေးထုတ် နေ သူ မှာ သမုဒသတဏှာသာဖြစ်သည်ဟူသော တရားခံအစစ်ကို မြင်တော်မူလေသည်။ တပ်မက်မှုတဏှာသည် ကာမဂုဏ်အာရုံတို့ကိုလည်း တပ်မက်သည်၊ ကာမဂုဏ်တို့ အစဉ်အမြဲရပ်တည်နေသော ကာမလောက, ကာမဘဝကြီးရှိသည်ဟူ၍လည်း တွယ်တာ တပ်မက်

သည်။ ထိုကာမတို့သည် ပြတ်စဲ ကုန်ဆုံးနိုင်သည် ဟူ၍ လည်း ယုံကိုး၍ တပ်မက်စွဲလန်းခြင်းရှိသည်။

ထို့ကြောင့် ထိုတဏှာသည် ဘဝကို တပ်ကာ ထပ်ကာ ဖြစ်ပေါ်စေသည်။ ဘဝဖြစ်ပေါ်တိုင်း ဒုက္ခတို့သည်လည်း ထက်ချပ်ပါရသည်။ ထိုတဏှာသည် နှစ်သက်စွဲလန်းခြင်းတမျိုးဖြစ်၍ မိမိ၏ဘဝဖြစ်ပုံကိုသော်၎င်း၊ အာရုံကာမဂုဏ်တို့ကို၎င်း တွယ်တာတတ်၏။ ထိုသို့တွယ်တာခြင်းရှိသောကြောင့် သာလျှင် ဘဝတွင် ဒုက္ခတို့ရှိနေရခြင်းဖြစ်ကြောင်းကို ဗုဒ္ဓရှင်တော်သည် ကောင်းစွာသိမြင်တော်မူခဲ့လေသည်။

ထို့ကြောင့် ဒုက္ခကို သမုဒယတွယ်တာ တပ်မက်မှုတဏှာကသာလျှင် အကြောင်းရင်းခံ၍ ထုတ်လုပ်နေခြင်းဖြစ်ကြောင်းသည်လည်း မည်သူမျှ မငြင်းကွယ် နိုင် သော အမှန်တရားတပါးပင်ဖြစ်လေသည်။

## ❊ နိရောဓသစ္စာ ❊

ထိုဒုက္ခကိုဖြစ်စေသောအကြောင်းတရားသည် ချုပ်ငြိမ်းပျောက်ကွယ်နိုင်သော သဘောရှိသည်ဆိုသည်မှာလည်း အမှန်ပင်ဖြစ်လေသည်။ ဒုက္ခဖြစ်စေသော ဒုက္ခပင်၏အမြစ်သည် ပျက်စီးချုပ်ငြိမ်းသွားနိုင်ခြင်းရှိမှရှိပါမည်လောဟုစဉ်းစားသောအခါ ရှိနိုင်သည် ဟူသော အချက်ကို အမှန်တကယ်ပင် ဗုဒ္ဓရှင်တော်က သိမြင်တော်မူလေသည်။ ဒုက္ခသည် အမှန်ရှိ၏။ ထိုဒုက္ခကို ဖြစ်ကြောင်းသမုဒယတဏှာသည် အရင်းခံ ဖြစ်သည်မှာလည်း မှန်၏။ ထိုအရင်းခံသည်ချုပ်ပျောက်ခြင်းရှိနိုင်သည်မှာလည်း မှန်၏။ သမုဒယချုပ်ငြိမ်းခြင်းအဖြစ်သည် နိဗ္ဗာန်ပင်ဖြစ်သည်။ ထိုနိဗ္ဗာန် ဟူသော ချုပ်ငြိမ်းမှု အဖြစ်သည် တဏှာမှ ကင်းရာ၊ ချုပ်ရာ၊ စွန့်ရာ၊ ဝေးရာ၊ လွတ်ရာ ဖြစ်သည်မှာ အမှန်တကယ်ပင်ဖြစ်သော အမှန်တရားတပါးပင်ဖြစ်လေသည်။

## * မဂ္ဂသစ္စာ *

ဒုက္ခနှင့် သမုဒယတဏှာတို့ ချုပ်ငြိမ်းစေသောနည်းလမ်းရှိသည်မှာလည်း အမှန်ပင်ဖြစ်လေသည်။ ဒုက္ခဖြစ်ကြောင်း သမုဒယတဏှာ၏ အဆုံးသတ်ခြင်း ရှိနိုင်သည်မှန်ပါက ထိုသို့အဆုံးသတ်နိုင်သော အကျင့်နည်းလမ်းကား ရှိရမည်ဖြစ်ရာ ဗုဒ္ဓမြတ်စွာသည် တဏှာချုပ်ငြိမ်းကြောင်း နည်း လမ်း ကောင်းများကို ရှာဖွေတွေ့ရှိလေသည်။ ထိုနည်းလမ်းကား မဂ္ဂင်ရှစ်ပါးခေါ် ချုပ်ငြိမ်းရာနိဗ္ဗာန်သွားလမ်း "ဂ"ဆင့်ပင် ဖြစ်လေသည်။ ထိုလမ်းများသည် တဏှာချုပ်ငြိမ်းရာသို့ အမှန်တကယ် ရောက်မှ ရောက်နိုင်ပါမည်လောဟု အကြိမ်ကြိမ်စဉ်းစားလေတိုင်း ရောက်နိုင်ကြောင်းသာလျှင် ဗုဒ္ဓမြတ်စွာသည် အခိုင်အမာ သိရှိရလေသည်။ ထိုကြောင့် ချုပ်ငြိမ်းစေနိုင်သောနည်းသည် မဂ္ဂင်အကျင့် "ဂ"ပါးသာလျှင်ဖြစ်၍ အခြားနည်း၊ အခြားလမ်းမရှိဟူသော အကြောင်းတရား သည်လည်း အမှန်တရား တပါးပင် ဖြစ်လေသည်။

ဤသို့လျှင်—

ဒုက္ခဆိုသည်မှာလည်း မှန်၏။
ဒုက္ခကို သမုဒယတဏှာက ထုတ်လုပ်နေသည်လည်း မှန်၏။

ထိုသမုဒယတဏှာသည် ချုပ် ငြိမ်း နိုင်
သောအရာဖြစ်သည်လည်း မှန်၏။

တဏှာချုပ်ငြိမ်းစေမည့် နည်းလမ်းသည်
မဂ္ဂင်ရှစ်ပါး နည်းလမ်းသာ ဖြစ်သည် မှာလည်း
မှန်၏။

ဟူ၍ အမှန်တရားလေးချက်ကိုခိုင်ခိုင်မာမာ သိမြင်ဉာဏ်ထောက်
အလင်းပေါက်တော်မူလေသည်၊

ထိုအမှန်တရားတို့ကိုသာ မသိမမြင်ပါက
ဘဝ၏ဝဋ်ဆင်းရဲတို့မှ ထွက်ပေါက်ကို အစရှာ၍ ရနိုင်မည်မဟုတ်
ပေ။ သာသနာပ အခါ မြတ်စွာဘုရားပွင့်တော်မမူမီ ကာလက
ထိုသို့ပင် တောထွက်ရသေ့တို့သည် ထွက်ရာလမ်း ရှာမတွေ့ဘဲ၊
လုံးခြာလည်ကာ အကျင့်အမျိုးမျိုးကို လွဲမှားလျက် တိတ္ထိဝါဒီ
များ ဖြစ်ခဲ့ကြရလေသည်။ ထိုကြောင့်လည်း သစ္စာလေးပါးကို
သိမြင်ရသောအဒါ မြတ်စွာဘုရားသည် သံသရာအဆက်ဆက်က
မိမိခန္ဓာကိုယ်ကို တည်ဆောက်လာခဲ့သူမှာ အခြားသူမဟုတ်၊
တဏှာလက်သမားပင် ဖြစ်သည်။ ထိုလက်သမားကို ရှာ၍ တွေ့
ချေပြီ။ နောက်တဖန်ထပ်၍ ဆောက်လုပ်ခွင့်ကိုကား မပြုလုပ်
တော့ပြီဟူ၍ ဘုရားအဖြစ်ရောက်သည်တွင် (အနေက ဇာတိ
သံသာရံ) အစချီဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူခဲ့လေသည်။
မြတ်စွာဘုရားသည် သစ္စာလေးပါးကို
သိမြင်တော်မူသောအခါတွင် တပြိုင်တည်း၌ သစ္စာလေးပါးကို

ဉာဏ်တော် ၁၂-ပါးဖြန့်၍ မြင်တော်မူလေသည်။ ထိုဉာဏ်တော် ၁၂-ပါး (ဒွါဒသာကာရ)မှာ သစ္စာတပါးစီ၌ ဉာဏ်သုံးပါးဆင့်ဖြာ၍ မြင်ခြင်းဖြင့် ပေါင်း ၁၂-ပါးဟူ၍ ရေတွက်ခြင်းပင် ဖြစ်လေသည်။

ထိုဉာဏ်သုံးဆင့်မှာ....

၁။ သစ္စာအမှန်တရားကို ထိုးထွင်းသိမြင်သောဉာဏ်။ 'သစ္စာဉာဏ်' ။

၂။ သစ္စာတရားသည် ကွဲပြားပေါ်လွင်စွာ ပိုင်းခြား၍ သိအပ်ကောင်းသည့် ကိစ္စဖြစ်သည်ဟူ၍ သိသောဉာဏ်၊ 'ကိစ္စဉာဏ်' ။

၃။ သစ္စာတရားကို မိမိသည် ပိုင်ပိုင်နိုင်နိုင်တိတိကျကျ သိနားလည် ပြီးပါပြီကောဟူ၍ သတိပြုမိသောဉာဏ်၊ 'ကတဉာဏ်' ။

ဟူ၍ဖြစ်ပေရာ၊ သစ္စာတပါးတွင် ဉာဏ်သုံးချက် ပေါ်သောကြောင့် သစ္စာလေးပါးတွင် ဉာဏ်တော် ၁၂-ပါးဖြန့်ကျက်တော်မူနိုင်ခဲ့လေသည်။

## ☆ မဂ္ဂင်ရှစ်ပါး ☆

သစ္စာတရားလေးပါးတွင် နိဗ္ဗာန်ရောက်ကြောင်း (ဝါ) တဏှာချုပ်ငြိမ်းကြောင်း၊ ဘဝ ချုပ်ငြိမ်းကြောင်း၊ သံသရာပြတ်တောက်ကြောင်း လမ်းစဉ်အကျင့် (၈) ပါးကိုလည်း ဟောကြားတော်မူခဲ့ရာ၊ ထိုမဂ္ဂင်ရှစ်ပါးမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ ကောင်းသောအယူရှိခြင်း၊ 'သမ္မာဒိဋ္ဌိ' ။
ဖြောင့်မတ်မှန်ကန်စွာ သဘောကောက်ယူယုံကြည်မှု ရှိခြင်းပင် ဖြစ်လေသည်။ ဘဝလမ်းစဉ်မှန်ကန်ရေးပင် ဖြစ်လေသည်။

၂၊ ကောင်းသောကြံစည်ခြင်း။ 'သမ္မာသင်္ကပ္ပ' ။
မနောဒုစရိုက်,ဟု ဆိုအပ်သော သူတပါးအား မကောင်းကြံစည်မှု၊ သူတပါးအား မနာလိုမှု၊ အယူမှောက်မှားမှု စသည်တို့မှ ကင်းလွတ်သော တရားမျှတကောင်းမွန်သည့် အကြံအစည် အားလုံးသည် ကောင်းသောကြံစည်ခြင်းပင် ဖြစ်လေသည်။

၃။ ကောင်းသော ပြောဆိုခြင်း၊ 'သမ္မာဝါစာ' ။
ဝစီဒုစရိုက်ဟုဆိုအပ်သော လိမ်လည်ခြင်း၊ အမနာပ ပြောဆိုခြင်း၊ ရုန့်ရင်းစွာ ပြောဆိုခြင်း၊ အကျိုးမဲ့ ပြောဆိုခြင်း စသည်တို့မှ ကင်းလွတ်၍တရားနှင့် စပ်သော စကားကို ပြောဆိုခြင်းပင် ဖြစ်လေသည်။

၄။ ကောင်းသောအားထုတ်လုပ်ကိုင်ခြင်း၊ 'သမ္မာကမ္မန္တ'
ကာယဒုစရိုက်ဟုဆိုအပ်သောသူတပါး၏အသက်ကို သတ်ခြင်း၊ ခိုးဝှက်ခြင်း၊ ဖေါက်ပြန်သော ကာမ လွန်ကျူးခြင်း၊ စသည်တို့မှ ကင်းလွတ်၍ ကောင်းသော အလုပ်အမှုကို ပြုလုပ် ဆောင် ရွက် ခြင်း ပင် ဖြစ်လေသည်။

၅။ ကောင်းသောအသက်မွေးခြင်း၊ 'သမ္မာအာဇီဝ'
မိမိအသက်ရှင် နေထိုင်မှုအတွက် လုပ် ကိုင် ဆောင် ရွက်သော လုပ်ငန်းဟူသမျှသည် အပြစ်ကင်းစင်၍ တရားသဖြင့် ငွေကျေး ရှာဖွေလုပ်ကိုင်မှုမျိုး ဖြစ်စေ ခြင်းပင်ဖြစ်လေသည်။

၆။ ကောင်းသော အားထုတ်ခြင်း၊ 'သမ္မာဝါယမ'
မိမိ အား ထုတ် သ မျှ သည် မကောင်းမှု အတွက် အထောက်အပံ့မဖြစ်စေဘဲ၊ ကောင်းကျိုးနှင့် တရား ဖြောင့်မှန်မှု အတွက်သာလျှင် ဦးတည်၍တက်ကြွနိုး ကြားမှု ရှိစေခြင်းပင် ဖြစ်လေသည်။

၇။ ကောင်းသော အမှတ်ထားအောက်မေ့ခြင်း၊
'သမ္မာသတိ' ။
အရာရာ၌ တရားသဘော အမှန်အကန်နှင့် ယှဉ်၍ အောက်မေ့ရှုဆင်ခြင်ခြင်း၊ တရားသဘောမှ သတိ မကင်းလွတ်အောင် အမှန်ကို ထင်မြင်စေခြင်း ဖြစ် လေသည်။

၈။ ကောင်းသော တည်ငြိမ်ခြင်း၊ 'သမ္မာသမာဓိ'
ကောင်းသော နှလုံးသွင်း တရား သဘောမှ အာရုံ မရွေ့မပြောင်းစေဘဲ၊ တည်ကြည်ငြိမ်သက်စွဲမြဲသော အာရုံပြုထားခြင်းပင် ဖြစ်လေသည်။ အာရုံစွဲခြင်း၊ နှလုံးသွင်းမြဲခြင်း၊ စိတ် တ ည် ငြိမ် ခြင်း တို့ သ ည် တပေါင်းတစုတည်း အကြုံးဝင်လေသည်။

ဤလမ်းစဉ်အကျင့် ၈-ပါးနှင့်သာပြည့်စုံ ပါက ငြိမ်းချမ်းမှုအပြည့်အဝရှိသော ဒုက္ခကင်းရာအမြိုက်နိဗ္ဗာန် သို့ တဆင့်ပြီးတဆင့် ဖြောင့်တန်းစွာ ဆိုက်ရောက်မည်ပင် ဖြစ် လေသည်။

ထိုမဂ္ဂင်ရှစ်ပါးနှင့်တကွဖြင့်သော သစ္စာ လေးပါး ဓမ္မစကြာတရားကို နားကြားရသောအခါတွင် အသိ ဉာဏ်ပြတ်သားပိုင်နိုင်၍ ရရင့်ခြင်း ဖြစ်ပေါ်ကြောင်းကိုလည်း အရှင်ကောဏ္ဍည တရားရပုံတွင်....

ကိုယ်တိုင်သိမြင်နိုင်သောတရား (ဒိဋ္ဌဓမ္မော)။
ကိုယ်တိုင်ဆိုက်ရောက်နိုင်သောတရား
(ပတ္တဓမ္မော)။
ကိုယ်တိုင် နားလည်ခွင့် ရသော တရား
(ဝိဒိတဓမ္မော)။
ကိုယ်ပိုင်ဉာဏ်ဖြင့်ပိုင်းဖြတ်ကြည့်နိုင်သော တရား
(ပရိယောဂါဠှဓမ္မော)။
ကိုယ်တိုင် ယုံမှားခြင်း ဖျောက်နိုင်သော တရား
(တိဏ္ဏဝိစိကိစ္ဆော)။
ကိုယ်တိုင်အခြားတပါးကို ရှုပ်ထွေး တွေးတော
စရာမလိုသောတရား(ဝိဂတကထံကထော)။
ကိုယ်တိုင် စိတ်ကြည်လင်ရဲရင့်မှုရစေသော တရား
(ဝေသာရဇ္ဇပတ္တော)။

ဟူ၍ ထုတ်ဖော်ထားလေသည်။ သစ္စာလေးပါးတရားသည်-

ဒုက္ခသစ္စာကို "သိ"၍
သမုဒယသစ္စာ၌ "ပယ်"ကာ
နိရောဓသစ္စာ၌ "ဆိုက်"စေပြီး
မဂ္ဂသစ္စာ၌ "ပွား"များအားထုတ်အပ်သည်ဟူ၍
(သိ-ပယ်-ဆိုက်-ပွား)ဟူသောဩဝါဒကိုထားရှိခဲ့လေသည်။

သစ္စာလေးပါး ဟူ သော ဓမ္မစကြာ
တရားကို ဗုဒ္ဓမြတ်စွာသည် ပဉ္စဝဂ္ဂီ ငါးဦးလုံး တရားရသည်အထိ
၅-ရက်တိုင်တိုင် ထပ်ကာ ထပ်ကာ ဟောကြားတော်မူလေသည်။

ဗုဒ္ဓဆက်လက်ဟောကြားတော်မူသော တရားတော်ဟူသမျှသည် သစ္စာလေးပါးကိုပင် အခြေပြု၍ အကျယ်သိအပ်သော တရားအပေါင်းကိုသာ ဟောကြားခြင်းဖြစ်လေသည်။ ဗုဒ္ဓဘာသာဝင်တိုင်းသည် သစ္စာလေးပါး တရားဦးမှ အစချီကာ အကျယ် ဆင့်ပွားအပ်သော ကျင့်စဉ်နည်းလမ်းနှင့် တရားသဘောတို့ကို ဆက်လက်၍ အဆင့်ဆင့်သိအောင်၊ ပေါက်အောင်၊ လေ့လာပွားများကြရန် လိုအပ်ပေသည်။ သစ္စာလေးပါးကို သိကြောင်းသည် တရားတော်အတိုင်း နှလုံးသွင်း၍ ဆက်လက် ကျင့်ဆောင်ရန်အတွက် အမြင်ကို ဖွင့်ပေးခြင်း ဖြစ်မည်သာဖြစ်၍ အသိကျဉ်းသေးသည်ဖြစ်ရာ၊ ဗုဒ္ဓ၏ တရားတော် များ ကို ဆက် လက် ၍ လေ့လာ ဆင်ခြင်ရုံသာမက ကိုယ်တိုင် လိုက်နာ ကျင့် ဆောင်အားထုတ်ရန်လည်းလိုလေသည်။ ဗုဒ္ဓတရားတော်များသည် သိရုံမျှသာမဟုတ်ဘဲ ကျင့်ဆောင်ရန်လည်း လိုအပ်လေသည်။ ထိုမှတပါး စာမှတဆင့် သိရုံထက် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်မိအောင် လက်တွေ့ ဆင်ခြင်အားထုတ်၍ ကျင့်ဆောင်ခြင်းဖြင့် နှလုံးသွင်းနားလည်အပ်သော တရားများလည်း ဖြစ်လေသည်။

## ☆ သစ္စာအနက် "၁၆" ချက် ☆

သစ္စာလေးပါးတွင် သစ္စာတပါးစီ၌ ထင်ရှားသောဂုဏ်လက္ခဏာများကို ခွဲခြားစိပ်ဖြာခြင်းအားဖြင့် သစ္စာအနက် '၁၆' ပါး ကိုလည်း မှတ်သားကြရလေသည်။

ယင်းတို့မှာ-

ဒုက္ခသစ္စာ၌

၁။ နှိပ်စက်သောသဘောရှိခြင်း (ပိဠနဋ္ဌော)။

၂။ ထပ်ကာ ထပ်ကာ ဖြစ်တတ်သော သဘောရှိခြင်း (သင်္ခတဋ္ဌော)။

၃။ ပူပန်စေတတ်သောသဘော (သန္တာပဋ္ဌော)။

၄။ ဖရိုဖရဲဖောက်လွဲတတ်သောသဘော (ဝိပရိဏာမဋ္ဌော)။

သမုဒယသစ္စာ၌

၁။ ဒုက္ခများအောင် စုပုံ ဖြစ် စေ သော သဘော(အာယူဟနဋ္ဌော)။

၂။ ဒုက္ခ တို့ကို ဖြည့် စွမ်း တတ် သော သဘော(နိဒါနဋ္ဌော)။

၃။ ဒုက္ခနှင့်ဆက်စပ်အောင်ပြုတတ်သော သဘော (သံယောဂဋ္ဌော)။
၄။ ဒုက္ခမှမလွတ်အောင်နှောင့်ယှက်သော သဘော (ပလိဗောဓဋ္ဌော)။

နိရောဓသစ္စာ၌
၁။ ဒုက္ခမှကင်းလွတ်ခြင်းသဘော (နိဿရဏဋ္ဌော)။
၂။ ဒုက္ခမှဆိတ်သုဉ်းခြင်းသဘော (ဝိဝေကဋ္ဌော)။
၃။ ဖြစ်ပျက်စီရင်မှုမှ လွတ်ခြင်းသဘော (အသင်္ခတဋ္ဌော)။
၄။ ပျက်စီးခြင်း ဟူ၍ မရှိ တော့ ခြင်း သဘော (အမတဋ္ဌော)။

မဂ္ဂသစ္စာ၌
၁။ ဒုက္ခဝဋ်မှ ထွက်ရာလမ်းကောင်းဖြစ်ခြင်းသဘော (နိယျာနဋ္ဌော)၊
၂။ လောကုတ္တရာ တရားတို့၏ အခြေခံ အကြောင်းရင်း ဖြစ်ခြင်း သဘော (ဟေတုဋ္ဌော)။
၃။ နိဗ္ဗာန်ကိုလှမ်းမျှော်မြင်ထင်နိုင်သော သဘော (ဒဿနဋ္ဌော)။
၄။ အလွန်မြတ်သော အကျင့် ဖြစ်ခြင်း သဘော (အဓိပတေယျဋ္ဌော)။

ဟူ၍ သစ္စာတပါးစီ၌ ထင်ရှားသော သဘောတို့ကို ကောက်ယူ မှတ်သားနိုင်လေသည်။

## ☆ အနတ္တလက္ခဏာတရား ☆

### အနိစ္စ၊ ဒုက္ခ၊ အနတ္တ (အနုပဿနာ)

မြတ်စွာဘုရားသည် ဓမ္မစကြာတရားဖြင့် အလင်းရောင်ရစေပြီးနောက် မဟာသက္ကရာဇ်၁၀၃-ခုနှစ်၊ဝါဆိုလပြည့်ကျော်၅ရက်နေ့တွင် ဗုဒ္ဓဘာသာတရား၏အခြေခံသဘောအယူအဆဖြစ်သော "အနတ္တ" သို့မဟုတ် "အတ္တဟူ၍မရှိကြောင်းအယူအဆ" ကို ရှင်းလင်း ပိုင်နိုင်အောင် ဟောကြားတော်မူပြန်လေသည်။ ဗုဒ္ဓပွင့်တော်မမူမီ ကာလတွင် လူတို့သည် "ငါ" ဟူသော အတ္တဝိဉာဉ်ကောင်၏ အရင်းခံကို အမျိုးမျိုး ကြံစည်ရှာဖွေခဲ့ကြလေသည်။ တကယ်စင်စစ်မရှိသော အတ္တကိုပင် အရှိထင်ကာ အတ္တသည် ရုပ်၌တည်သလော၊ နာမ်၌တည်သလော မည်သူဖန်ဆင်းသနည်း၊မည်သို့ဘဝကူးပြောင်းသနည်းစသည်ဖြင့် အတ္တစွဲကြီးမားခဲ့ကြလေသည်။ ထိုအစွဲပျောက်၍ အမှန်တရားကို မြင်ပါမှ သံသရာမှထွက်မြောက်ကြောင်းကို ရှုမြင်နိုင်ကြမည်ဖြစ်သဖြင့် မြတ်စွာဘုရားသည် ဒုတိယတရားအဖြစ် အနတ္တအဖွင့်ဖြစ်သော အနတ္တလက္ခဏာတရားကို အရေးထား၍ ဟောကြားခြင်းဖြစ်လေသည်။

+ ခန္ဓာ "၅" ပါး +

အနတ္တလက္ခဏာသုတ်တွင်မြတ်စွာဘုရားက ခန္ဓာဟူသော အဖွဲ့အစည်းကို ငါးပိုင်းခွဲထုတ်၍ တပါးစီ၌ တည်မြဲခြင်း "နိစ္စ"၊ ချမ်းသာခြင်း "သုခ"၊ ပိုင်စိုးခြင်း "အတ္တ" ဟူ၍ လုံးဝမရှိပုံကို ရှင်းလင်းဟောပြောလေသည်။

၁။ ရုပ်အစု (ရူပက္ခန္ဓာ) ရုပ်အစု၌လည်း "မြဲခြင်းမရှိ အနိစ္စ" ဖြစ်၏၊ ဖောက်ပြန်ခြင်း နှိပ်စက်ခံရသည် သာဖြစ်၍ "ဆင်းရဲခြင်းဒုက္ခ" ဖြစ်၏၊ မိမိအလိုသို့ မလိုက်၊ မိမိ ပိုင်စိုးခြင်း မရှိ၍ "အစိုးမရခြင်း အနတ္တ" ဖြစ်၏ဟူ၍ရင်း။

၂။ ခံစားမှုအစု (ဝေဒနက္ခန္ဓာ) ခံစားမှု တွင်လည်း ထိုနည်းအားဖြင့်မမြဲခြင်း၊ ဖောက်ပြန်မှု နှိပ်စက် ခံရခြင်း၊ အစိုးမရခြင်းဟူ၍ရင်း။

၃။ မှတ်သားမှုအစု (သညက္ခန္ဓာ) မှတ်သားမှုတွင် လည်း ထိုနည်းအားဖြင့်မမြဲခြင်း၊ ဖောက်ပြန်မှု နှိပ်စက်ခံခဲ့ရခြင်း၊ အစိုးမရခြင်းဖြစ်၏ ဟူ၍ရင်း။

၄။ ဖြစ်ပျက်စီရင်မှုအစု (သင်္ခါရက္ခန္ဓာ) ဖြစ်ပျက်စီရင်မှု တွင်လည်း ထိုနည်းအားဖြင့် မမြဲခြင်း၊ ဖောက်ပြန်မှုနှိပ်စက်ခံရခြင်း၊ အစိုးမရခြင်းဖြစ်၏ ဟူ၍ရှင်း။

၅။ နာမ်အစု (ဝိညာဏက္ခန္ဓာ)နာမ်တရားစုတွင်လည်း ထိုနည်းအားဖြင့်မမြဲခြင်း၊ ဖောက်ပြန်မှုနှိပ်စက်ခံရခြင်း၊ အစိုးမရခြင်းဖြစ်၏ ဟူ၍ရှင်း ကွဲပြားရှင်းလင်းအောင် ခွဲခြား၍ ဟောကြားတော်မူလေသည်။

ဤနည်းအားဖြင့် လောကတခုလုံးသည်-

ဖြစ်ပျက် ပြောင်းလဲ ယိုယွင်းနေ၍ မမြဲကြောင်း "အနိစ္စ"။
မမြဲမှုကြောင့် ဆင်းရဲခြင်း အကြိမ်ကြိမ်ဖြစ်ပွားနေရကြောင်း "ဒုက္ခ"။
မည်သူမျှ ဖန်တီး ချယ်လှယ် ပိုင်ဆိုင်နိုင်စွမ်းမရှိကြောင်း "အနတ္တ"။

ဟူသော လက္ခဏာသုံးပါးအတွင်း၌သာ သက်ဝင်နေသည် ဖြစ်သောကြောင့်-

ငါ၏ကိုယ်၊ငါ၏ဥစ္စာဟူ၍ စွဲလမ်းခြင်း "တဏှာ
သဘော"။
ဤကိုယ်သည် ငါဖြစ်သည်ဟူ၍ စွဲထင်ခြင်း "မာန
သဘော"။
ဤကိုယ်သည် ငါ၏အလိုသို့လိုက်သည်ဟူ၍စွဲမှတ်
ခြင်း "ဒိဋ္ဌိဂါဟသဘော"။

တို့ဖြင့် နှလုံးမသွင်းအပ်၊ နှလုံးသွင်းဘွယ်မရှိဟူ၍ အစွဲအလန်း ကင်းပြတ်အောင် ပယ်ဖျောက် ရှင်းလင်းတော် မူလေ သည်။ ဤအနတ္တလက္ခဏာတရားတော်သည်လည်း ဒုက္ခသစ္စာ၊ သမုဒယ သစ္စာတို့ကိုလေးနက်ထင်မြင်အောင်စဉ်းစားရှုမြင်ရာ၌ အထောက် အပံ့ဖြစ်စေလေသည်။ ဗုဒ္ဓဘာသာဝင်တို့သည် အနိစ္စ၊ဒုက္ခ၊အနတ္တ ဟူသော သဘောကို စွဲထင်အောင် နှလုံးသွင်းကြရသဖြင့် ဗုဒ္ဓဘာ သာအခြေခံ "လက္ခဏာရေးသုံးပါး"ဟူ၍ခေါ်တွင်လေသည်။

## ☆ သတိပဋ္ဌာန်တရား ☆

သတိပဋ္ဌာန်မှာ မဟာသတိပဋ္ဌာနသုတ်တွင် ဟောကြားသောသတိဖြင့် ရှုဆင်ခြင်နည်းပင်ဖြစ်လေသည်။ ထိုသုတ်ကို ဒီဃနိကာယ်မဟာဝဂ္ဂသုတ္တန်၌ ထည့်သွင်းထားလေသည်။ သတိပဋ္ဌာန်တရားသည် နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်သည့် အောက်မေ့ပွားများနည်းများပင် ဖြစ်လေသည်။ တရားနည်းလမ်း ကျနစွာ အားထုတ် ပွားများသူသည် မျက်မှောက်လောက၌ပင် မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်မည် ဖြစ်လေသည်။ သတိပဋ္ဌာန်၏အကျိုးကို ၇-ပါးပြဆိုထားပေသည်။ ယင်းတို့မှာ—

၁။ ကိလေသာအညစ်အကြေးစင်ကြယ်စေခြင်း။
၂။ စိုးရိမ်ပူဆွေးခြင်းကို လွန်မြောက်စေခြင်း။
၃။ ငိုကြွေးမြည်တမ်းမှုလွန်မြောက်စေခြင်း။
၄။ ကိုယ်ဆင်းရဲမှုကွယ်ပျောက်စေခြင်း။
၅။ စိတ်ဆင်းရဲမှုကွယ်ပျောက်စေခြင်း။
၆။ အရိယာမဂ်ကိုရစေခြင်း။
၇။ နိဗ္ဗာန်ကိုမျက်မှောက်ပြုစေနိုင်ခြင်း။

ဟူ၍ပင် ဖြစ်လေသည်။

မဟာသတိပဋ္ဌာန်တရားကို မြတ်စွာဘုရားသည် ကုရုကမ္မာသဓမ္မအမည်ရှိသော တောအုပ်၌ သီတင်းသုံးတော်မူစဉ် သံဃာတော်တို့အား ဟောကြားတော်မူလေသည်။

## ☆ သတိပဋ္ဌာန်တရား "၄" ပါး ☆

သတိပဋ္ဌာန်တရား ၄ ပါးမှာ-

၁။ ရူပကာယရုပ်ကို အထပ်ထပ် သတိ ဆင်ခြင်၍ ရုပ်တရား၌ ရှေးရှုကြံခြင်း လောဘ၊ နှလုံးမသာယာခြင်း ဒေါမနဿ တို့ကို ပယ်ဖျောက်ခြင်း၊ ကာယနုပဿနာ။

၂။ ဝေဒနာကို အထပ်ထပ်သတိဆင်ခြင်၍ ဝေဒနာခံစားမှု၌ ရှေးရှုကြံခြင်း လောဘ၊ နှလုံး မသာယာခြင်း ဒေါမနဿ တို့ကို ပယ်ဖျောက်ခြင်း၊ ဝေဒနာနုပဿနာ။

၃။ စိတ်ကို အထပ်ထပ်သတိဆင်ခြင်၍ စိတ်၌ ရှေးရှုကြံခြင်းလောဘ၊ နှလုံးမသာယာခြင်းဒေါမနဿ တို့ကို ပယ်ဖျောက်ခြင်း၊ စိတ္တာနုပဿနာ။

၄။ သဘောတရားတို့ကို အထပ်ထပ် သတိဆင်ခြင်၍ တရား၌ ရှေးရှုကြံခြင်း လောဘ၊ နှလုံးမသာယာ ဒေါမနဿ တို့ ကို ပယ် ဖျောက် ခြင်း၊ ဓမ္မာနုပဿနာ။

ဟူ၍ ဖြစ်လေသည်။

ထိုလေးပါးစလုံးမှာ နိဗ္ဗာန်သို့ရောက်နိုင်သော သတိရှုဆင်ခြင်နည်းဖြစ်၍ နိဗ္ဗာန်ပေါက်လမ်းကြီး၄သွယ်ဟု ဆိုနိုင်လေသည်။ ထိုသို့ နည်းလမ်း ၄ သွယ် ဖွင့်ပြခြင်းမှာ သတ္တဝါတို့၏ အကျိုးစီးပွားအားလျော်စွာ ထိုက်လျော်ရာနည်းကို စွဲယူစေရန်ပင်ဖြစ်လေသည်။ * သတိဟူသောစေတသိက်မှာ အာရုံရှိသလောက် များနိုင်သည်သာဖြစ်လေသည်။

ထို၄-ပါးအနက်”

ပညာနုံ၍ တဏှာ သဘော ရှိသူသည်
ကာယာနုပဿနာကိုရှင်း၊
ပညာထက်၍ တဏှာသဘောရှိသူသည်
ဝေဒနာနုပဿနာကိုရှင်း၊
ပညာနုံ၍ ဒိဋ္ဌိ သဘော ရှိ သူ သည်
စိတ္တာနုပဿနာကိုရှင်း၊
ပညာထက်၍ ဒိဋ္ဌိ သဘော ရှိ သူ သည်
ဓမ္မာနုပဿနာကိုရှင်း၊

အားထုတ်နိုင်ပေသည်။

---

* သတိပဋ္ဌာန်အရသာ(ဦးအရိယ)စာမျက်နှာ-၅။

တနည်းအားဖြင့်–

သမထအားထုတ်သောဥာဏ်နု ံ့သူသည်
ကာယာနုပဿနာကိုရင်း၊
သမထ အားထုတ်သော ဥာဏ်ထက်သူ
သည် ဝေဒနာနုပဿနာကိုရင်း၊
ဝိပဿနာအားထုတ်သော ဥာဏ်နု ံ့သူ
သည် စိတ္တာနုပဿနာကိုရင်း၊
ဝိပဿနာအားထုတ်သောဥာဏ်ထက်သူ
သည် ဓမ္မာနုပဿနာကိုရင်း၊

အားထုတ်နိုင်ပေသည်။

(၁) “ရုပ်ကာယ”တွင် ရှုနည်းပေါင်း ၁၄ မျိုးကို ပြဆိုထား ပေသည်။

ယင်းတို့မှာ....

၁။ ထွက်သက်ဝင်သက်ကို သတိဖြင့် ရှုဆင်ခြင်နည်း "အာနာပါန"။

၂။ ကိုယ်အင်္ဂါတည်နေပုံ အနေအထား ရွေ့ပြောင်းမှုကို သတိဖြင့် ရှုဆင်ခြင်နည်း "ဣရိယာပထ"။

၃။ ကိုယ်အင်္ဂါလှုပ်ရှားလှုပ်ကိုင်မှုကို သတိဖြင့် ရှုဆင်ခြင်နည်း "သမ္ပဇာန"။

၄။ ကိုယ်အင်္ဂါစက်ဆုတ်ဘွယ်အစိတ်အပိုင်း ၃၂ ခုတို့ကို ခွဲခြမ်းရှုဆင်ခြင်နည်း "ပဋိကူလမနသိကာရ"။

၅။ ကိုယ်အင်္ဂါ၌ ဖွဲ့စည်းထားသော ဓာတ်ကြီး လေးပါးတို့ကိုရှုဆင်ခြင်နည်း "ဓာတုမနသိကာရ"။

၆။ သေ၍ ရက်လွန်ပြီး ဖူးဖူးယောင်လျက် အရောင်ကွက်၍ ပြည်ယိုစီးသော အကောင်ပုပ်ကို ရှုဆင်ခြင်ခြင်း၊ "သိဝထိက ပထမ"။

၇။ ကျီး,စွန် ထိုး၍ ခွေးစားလျက် ပိုးလောက်ကျသောအကောင်ပုပ်ကိုရှုဆင်ခြင်ခြင်း၊ "သိဝထိက ဒုတိယ"။

၈။ အရိုးကျ၍ သွေးလိမ်းလျက် အကြောဆိုင်းသော အကောင်ပုပ်ကို ရှုဆင်ခြင်ခြင်း "သိဝထိက တတိယ"။

၉။ အရိုးကျ၍ အသားမရှိ၊ သွေးလိမ်းလျက် အကြောဆိုင်း
သော အကောင်ပုပ်ကို ရှုဆင်ခြင်ခြင်း။
'သိဝထိကစတုတ္ထ'

၁၀။ အရိုးသာကျန်၍ အသားအသွေးတင်းလျက် အကြော
ဆိုင်းသော အကောင်ပုပ်ကို ရှုဆင်ခြင်ခြင်း၊
'သိဝထိကပဥ္စမ'

၁၁။ အရိုးပြန့်ကြဲ၍ အကြောပြတ်သော အရိုးစုအကောင်ကို
ရှုဆင်ခြင်ခြင်း။ 'သိဝထိကဆဋ္ဌမ'

၁၂။ အရိုးသက်သက် ဖြူဆွတ်သော အရိုးစုကောင်ကို ရှုဆင်
ခြင်ခြင်း၊ 'သိဝထိကသတ္တမ'

၁၃။ အရိုးပြန့်ကြဲ၍ အနှစ်နှစ်မိုးရေစိုစွတ်သော အရိုးကောင်
ကို ရှုဆင်ခြင်ခြင်း၊ 'သိဝထိက အဋ္ဌမ'

၁၄။ ဆွေးမြေ့မှုန့်ညက်သောအရိုးကောင်ကို ရှုဆင်ခြင်ခြင်း၊
'သိဝထိက နဝမ'

ဟူ၍ဖြစ်လေသည်၊

၆ မှ ၁၄ မှာ အသုဘကမ္မဋ္ဌာန်း ၉-ချိုးပင်ဖြစ်
လေသည်။

၂။ ဝေဒနာတွင် ရှုနည်းပေါင်း ၉-မျိုးကို ပြဆို ထားလေသည်။

ယင်းတို့မှာ-

၁။ ဣဋ္ဌာရုံခံစားခြင်းကို ရှုဆင်ခြင်ခြင်း၊ 'သုခဝေဒနာ'
၂။ အနိဋ္ဌာရုံခံစားခြင်းကို ရှုဆင်ခြင်ခြင်း၊ 'ဒုက္ခဝေဒနာ'
၃။ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံမဟုတ်ဘဲ ရှုဆင်ခြင်ခြင်း၊ 'ဥပေက္ခာဝေဒနာ'
၄။ ကာမဂုဏ်၌မှီသော သုခဝေဒနာကို ရှုဆင်ခြင်ခြင်း၊ 'သာမိသသုခဝေဒနာ'
၅။ ကာမဂုဏ်၌ မမှီသော သုခဝေဒနာကို ရှုဆင်ခြင်ခြင်း၊ 'နိရာမိသသုခဝေဒနာ'
၆။ ကာမဂုဏ်၌မှီသော ဒုက္ခဝေဒနာကို ရှုဆင်ခြင်ခြင်း၊ 'သာမိသဒုက္ခဝေဒနာ'
၇။ ကာမဂုဏ်၌ မမှီသော ဒုက္ခဝေဒနာကို ရှုဆင်ခြင်ခြင်း၊ 'နိရာမိသ ဒုက္ခဝေဒနာ'
၈။ ကာမဂုဏ်၌မှီသော ဥပေက္ခာဝေဒနာကို ရှုဆင်ခြင်ခြင်း၊ 'သာမိသဥပေက္ခာဝေဒနာ'
၉။ ကာမဂုဏ်၌မမှီသောဥပေက္ခာဝေဒနာကိုရှုဆင်ခြင်ခြင်း၊ 'နိရာမိသ ဥပေက္ခာဝေဒနာ'

ဟူ၍ဖြစ်လေသည်။

ဝေဒနာ၌ဖြစ်ကြောင်း သဘော၊ ပျက်ကြောင်းသဘော တို့ကို အဖန်တလဲလဲ ဆင်ခြင်ခြင်းအားဖြင့် အယူမှားခြင်း၊ အစွဲအလမ်းကြီးခြင်း၊ တပ်မက်ခြင်းတို့ကို ပယ်ဖျောက်နိုင်မည်ဖြစ်လေသည်။

၃။ 'စိတ်'တွင် ရှုနည်းပေါင်း ၁၆ မျိုးတို့ကို ပြဆိုထားလေသည်။

ယင်းတို့မှာ-

၁။ တပ်ခြင်းရာဂရှိသော လောဘအရင်းခံစိတ်၌ ဆင်ခြင်ခြင်း၊ 'သရာဂစိတ္တ'။

၂။ တပ်ခြင်းရာဂကင်းသော အဗျာကတစိတ်၌ ဆင်ခြင်ခြင်း၊ 'ဝီတရာဂစိတ္တ'။

၃။ ဒေါသနှင့်ဖြစ်သောစိတ်၌ ဆင်ခြင်ခြင်း၊ 'သဒေါသစိတ္တ'။

၄။ ဒေါသကင်းသော အဗျာကတစိတ်၌ ဆင်ခြင်ခြင်း 'ဝီတဒေါသစိတ္တ'။

၅။ မောဟနှင့် တကွ ဖြစ်သောစိတ်၌ ဆင်ခြင်ခြင်း၊ 'သမောဟစိတ္တ'

၆။ မောဟကင်းသောစိတ်၌ဆင်ခြင်ခြင်း'ဝီတမောဟစိတ်'

၇။ ငိုက်မြည်း၍ တွန့်သောစိတ်၌ ဆင်ခြင်ခြင်း၊ 'သံခိတ္တစိတ္တ'။

၇။ ပျံ့လွင့်သောစိတ်၌ ဆင်ခြင်ခြင်း 'ဝိက္ခိတ္တစိတ္တ'။

၉။ မဟဂ္ဂုတ်စိတ် 'ရူပါဝစရ၊ အရူပါဝစရ'၌ ဆင်ခြင်ခြင်း 'မဟဂ္ဂတစိတ္တ'။

၁၀။ ကာမာဝစရစိတ်၌ ဆင်ခြင်ခြင်း 'အမဟဂ္ဂတစိတ္တ'။

၁၁။ မိမိထက်လွန်မြတ်သောစိတ်၌ ဆင်ခြင်ခြင်း 'သဥတ္တရစိတ္တ'။

၁၂။ မိမိထက်လွန်မြတ်ခြင်း မရှိသောစိတ်၌ ဆင်ခြင်ခြင်း အနုတ္တရစိတ္တ

၁၃။ တခုတည်းအာရုံယူသော တည်ကြည်စိတ်တွင် ဆင်ခြင်ခြင်း 'သမာဟိတစိတ္တ'။

၁၄။ သမာဓိမတည်ကြည်သောစိတ်၌ ဆင်ခြင်ခြင်း 'အသမာဟိတစိတ္တ'။

၁၅။ ကိလေသာမှလွတ်သောစိတ်၌ ဆင်ခြင်ခြင်း 'ဝိမုတ္တစိတ္တ'။

၁၆။ ကိလေသာမှ မလွတ်သောစိတ်၌ ဆင်ခြင်ခြင်း 'အဝိမုတ္တစိတ္တ'ဟူ၍ဖြစ်လေသည်။

၄။ 'တရားသဘောဆင်ခြင်မှုတွင်ကား'

ပိတ်ပင်ခြင်းတရား ၅ ပါး၊ 'နီဝရဏ' ခန္ဓာ ၅ပါး 'ခန္ဓာ'။ စေတသိက်ဖြစ်မှုအကြောင်း 'အာယတန' ၁၂ပါး၊ သစ္စာသိကြောင်းတရား 'ဗောဇ္ဈင်' ၇ပါး၊ အမှန်တရား

သစ္စာ ၄ပါး၊ နိဗ္ဗာန် ၁ပါး၊ ပေါင်း ၃၄ပါးတို့ ရှုနည်းများ ကိုပြဆိုထားပေသည်၊ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

(နီဝရဏတရား၊ ငါးပါး)။

၁။ ကာမဂုဏ်ကို အလိုရှိခြင်း၌ ဆင်ခြင်ခြင်း 'ကာမစ္ဆန္ဒနီဝရဏ'။

၂။ သူတပါးအား ပျက်စီးစေလိုမှုဆင်ခြင်ခြင်း 'ဗျာပါဒနီဝရဏ'။

၃။ ပျင်းရိထိုင်းမှိုင်းခြင်း ဆင်ခြင်ခြင်း 'ထိနမိဒ္ဓနီဝရဏ'။

၄။ နောင်တပူပန်ခြင်း၌ထင်မြင်ခြင်း 'ဥဒ္ဓစ္စ၊ ကုက္ကုစ္စနီဝရဏ'။

၅။ အာရုံ၌ ဝေခွဲမရမှု၌ဆင်ခြင်ခြင်း 'ဝိစိကိစ္ဆာနီဝရဏ'။

* ခန္ဓာငါးပါး။ *

၆။ ရုပ်အစု၌ ဆင်ခြင်ခြင်း 'ရူပက္ခန္ဓာ'။

၇။ ခံစားမှုအစု၌ ဆင်ခြင်ခြင်း 'ဝေဒနက္ခန္ဓာ'။

၈။ သိမှတ်မှုအစု၌ ဆင်ခြင်ခြင်း သညက္ခန္ဓာ'။

၉။ ပြုပြင်စီရင်ဖြစ်ပျက်မှုတို့၌ဆင်ခြင်ခြင်း သင်္ခါရက္ခန္ဓာ'

၁၀။ အသိစိတ်၌ ဆင်ခြင်ခြင်း 'ဝိညာဏက္ခန္ဓာ'။

* အယတန ၁၂ ပါး။ *

၁၁။ မျက်စိအကြည်ရုပ်၌ ဆင်ခြင်ခြင်း 'စက္ခာယတန'

၁၂။ နားအကြည်ရုပ်၌ဆင်ခြင်ခြင်း'သောတာယတန'။

၁၃။ နှာခေါင်းအကြည်ရုပ်၌ ဆင်ခြင်ခြင်း'ဃာနာယတန'။

၁၄။ လျှာအကြည်ရုပ်၌ ဆင်ခြင်ခြင်း 'ဇိဝှါယတန'။

၁၅။ ကိုယ်အကြည်ရုပ်၌ ဆင်ခြင်ခြင်း'ကာယာယတန'။

၁၆။ စိတ်အစု၌ဆင်ခြင်ခြင်း 'မနာယတန'။

၁၇။ အဆင်းအာရုံ၌ ဆင်ခြင်ခြင်း 'ရူပါယတန'။

၁၈။ အကြားအာရုံ၌ ဆင်ခြင်ခြင်း 'သောတာယတန'။

၁၉။ အနံ့အာရုံ၌ဆင်ခြင်ခြင်း 'ဂန္ဓာယတန'။

၂၀။ အရသာ၌ ဆင်ခြင်ခြင်း 'ရသာယတန'။

၂၁။ အတွေ့အာရုံ၌ ဆင်ခြင်ခြင်း 'ဖောဋ္ဌဗ္ဗာယတန'

၂၂။ စေတသိက်တရား ၅၂၊ သုခုမရုပ်တရား ၁၆၊ နိဗ္ဗာန်တို့၌ ဆင်ခြင်ခြင်း 'ဓမ္မာယတန'။

## * သမ္ဗောဇ္ဈင် ၇ ပါး *

၂၃။ မမေ့မလျော့အာရုံထင်ခြင်း၌ ဆင်ခြင်ခြင်း 'သတိ သမ္ဗောဇ္ဈင်'။

၂၄။ စိစစ်ဝေဘန်ခြင်း၌ဆင်ခြင်ခြင်း'ဓမ္မဝိစယသမ္ဗောဇ္ဈင်'။

၂၅။ အားထုတ်ခြင်း၌ ဆင်ခြင်ခြင်း 'ဝီရိယသံမ္ဗောဇ္ဈင်'

၂၆။ နှစ်သက်ခြင်း၌ ဆင်ခြင်ခြင်း 'ပီတိသမ္ဗောဇ္ဈင်'။

၂၇။ စိတ်၏ငြိမ်းချမ်းမှု၌ ဆင်ခြင်ခြင်း'ပဿဒ္ဓိသမ္ဗောဇ္ဈင်'။

၂၈။ မတုန်မလှုပ်တည်ကြည်ခြင်း၌ ဆင်ခြင်ခြင်း 'သမာဓိ သမ္ဗောဇ္ဈင်'။

၂၉။ ဒုက္ခသုခမှ လွတ်၍လျစ်လျူရှုခြင်း၌ဆင်ခြင်ခြင်း၊ 'တတြမဇ္ဈတ္တ သမ္ဗောဇ္ဈင်'။

## x သစ္စာ "၄" ပါး x

၃၀။ ဆင်းရဲခြင်းအမှန်တရားဆင်ခြင်ခြင်း 'ဒုက္ခသစ္စာ'။

၃၁။ ဆင်းရဲမှု အကြောင်းရင်း အမှန်တရား၌ ဆင်ခြင်ခြင်း 'သမုဒယသစ္စာ'။

၃၂။ ဆင်းရဲမှုချုပ်ငြိမ်းမှုအမှန်တရား၌ဆင်ခြင်ခြင်း 'နိရောဓ သစ္စာ'။

၃၃။ ဆင်းရဲမှု ချုပ်ကြောင်း တရားမှန် ဆင်ခြင်ခြင်း 'မဂ္ဂ သစ္စာ'။

၃၄။ နိဗ္ဗာန်သဘော၌ဆင်ခြင်ခြင်း'နိဗ္ဗာန်'။

ဤသို့အားဖြင့် သတိပဋ္ဌာန် ၄-ပါး၌ ဆင်ခြင်နည်း၊ဆင်ခြင်ရာဌာနအကျယ်အားဖြင့် ရုပ်ကာယ၌ ရှုနည်း ၁၄၊ ဝေဒနာတွင် ရှုနည်း ၉၊ စိတ်တွင် ရှုနည်း ၁၆၊ တရားသဘောတွင် ရှုနည်း၃၃၊ နိဗ္ဗာန်ရှုနည်း ၁ ဟူ၍ ရှုဆင်ခြင်နည်း အကျယ် ၇၃-ပါးကို တွေ့ရှိနိုင်လေသည်။

ဤသို့ရှုဆင်ခြင်ရာ၌ တပါးတပါးလျှင် အမှတ်ပြု၍သိခြင်း၊ သံယောဇဉ်ဖြစ်ခြင်းကို မြင်သိခြင်း၊ မဖြစ်သေးသော သံယောဇဉ်၏ဖြစ်ကြောင်းကို သိခြင်း၊ ဖြစ်ပြီးသော သံယောဇဉ်၏ပယ်ကြောင်းကိုသိခြင်း၊ပယ်ပြီးသောသံယောဇဉ်၏ နောင်ခါမဖြစ်ကြောင်းကိုသိခြင်းစသည်ဖြင့် ဉာဏ်ပွား၍ နှလုံးသွင်း ရှုဆင်ခြင်ရလေသည်။ ထိုသို့ ဆင်ခြင်ခြင်းကြောင့် သတိရှိခြင်း၊ အဆင့်ဆင့်ဉာဏ်ပွားခြင်း၊ တဏှာဒိဋ္ဌိကင်းခြင်း၊ အတ္တစွဲကင်းကွာခြင်း စသော အကျိုးတို့နှင့်တကွ မဂ်ဖိုလ်နိဗ္ဗာန်တိုင် ဉာဏ်စဉ်ပေါက်မြောက်၍ ခံစားမှုရရှိလိမ့်မည်ဖြစ်လေသည်။

## * ပဋိစ္စသမုပ္ပါဒ်စက်လည်ပုံ *

ပဋိစ္စသမုပ္ပါဒ် ဟူသည်မှာ အကြောင်းကြောင့် အကျိုးဖြစ်ရပုံအစဉ်အတိုင်း တဆင့်မှတဆင့်သို့ဆက်ကာဆက်ကာ အကျိုးပြုသွားခြင်းဖြင့် အဆုံးမှအစသို့ တပတ် ပြန်၍လည်ခြင်းဖြင့် ကရွတ်ပေါ်တွင် ကင်းလျှောက်သကဲ့သို့ရင်း၊ စက်ဝိုင်းလမ်းဆုံကို ပတ်၍ ပြေးလွှားနေသကဲ့သို့ရင်း၊ အဆက်မပြတ်ဖြစ်နေသည့် ဘဝဖြစ်စဉ် ထာဝရလည်ပတ်ပုံကို ဆက်စပ် တင်ပြခြင်းပင်ဖြစ်ပေသည်။

အဆုံးအစမရှိသော သံသရာစက်ဝိုင်းကြီးတွင် လည်ပတ် ဖြစ်ပျက် အကြောင်းအကျိုးဆက်ပုံကို အရင်းတနေရာမှ ဖြတ်တောက်၍ အစဖြတ်ထားကာတဆင့်ပြီး တဆင့်မည်သို့ အကြောင်းဆက်စပ် ကျေးဇူးပြုခြင်းအားဖြင့် စက်ဝိုင်း

မပြတ်ဖြစ်ပုံကို ဗုဒ္ဓက ဟောကြားဖော်ပြခဲ့ပေသည်။ သံသရာဖြစ်စဉ်အစကို အဝိဇ္ဇာဟူသောမိုက်မဲမသိသားဆိုးဝါးမှုဖြင့် အစချီ၍ပြထားပေသည်။ စင်စစ်သော်ကား ထိုအဝိဇ္ဇာကို အကျိုးပြုသောအကြောင်းကား ရှိပေသေးသည်။ သို့ရာတွင် အဆုံးမရှိလည်ပတ်နေသော စက်ဝိုင်းကို တနေရာရာမှ စတင်၍ ပြမှပင် ဖြစ်ပေလိမ့်မည်။ စက်ဝိုင်း၏အနေအထားအရ အဝိဇ္ဇာ၏ရှေ့က အဝိဇ္ဇာကိုအကျိုးဆက်ပေးနေသော အရာတခု ရှိနေသည် မှန်သော်လည်းထိုအဆက်အစပ်ကို ခေတ္တမကြည့်ဘဲ ထား၍ အဝိဇ္ဇာကိုပင် အစအဖြစ် ကြည့်ရှုသုံးသပ်ရပေမည်။ ထိုနောက်မှ အဝိဇ္ဇာသို့ တပတ်ပြန်၍အကြောင်းဆက်ပုံကိုပြန်၍ကောက်ကြည့်ရပေလိမ့်မည်။

၁။ အဝိဇ္ဇာ ဟူသည်ကား အမှန်တရား "သစ္စာ"လေးပါးကိုငင်း၊ ကောင်းသော အကျင့် "သုစရိုက်" တရားကိုငင်း၊ မသိမမြင်ရုံမက ထင်ရှားမဟုတ်ရုပ်ဆောင်ရုံမျှဖြစ်သော သွေးသားအစု "ခန္ဓာ"ကို ပုဂ္ဂိုလ်မည်သူမည်ဝါဟူ၍ တင်စားလျက် တင်စားချက်ကိုပင် တကယ်ထင်ရှားရှိနေသကဲ့သို့ မှားယွင်းစွာမြင်တတ်သည့် မိုက်မဲကန်းတီးမှု၊ မသိသားဆိုးဝါးမှုပင်ဖြစ်လေသည်။ အလင်းရောင်ထဲ၌ သွားလာသူသည် လမ်းကောင်းကို ရောက်နိုင်သော်လည်း မှောင်မိုက်ထဲတွင် ကမ်းမမြင်လမ်းမမြင်အရဲစွန့်၍သွားနေသူသည် အဆုံးမသတ်သော လမ်းဆိုးကို ရောက်သွားတတ်သည့်နည်းတူ မိုက်မဲ မသိသားဆိုးဝါးမှု "အဝိဇ္ဇာ"ကြောင့် အကျိုးဆက်မပြတ်ဘဲ အခြားသံသရာ၏ အဆင့်တခုသို့ရောက်သွားရပြန်လေသည်။

၂။ ထိုအဆင့်ကား ကုသိုလ်ကံအကုသိုလ်ကံစသော ကောင်းမှု-မကောင်းမှုတို့ကို ပြုမိသည်၏ အကျိုးအားဖြင့်(ဝါ)ထိုမိုက်မဲစွာပြုမိသောအကြောင်း၏ ရှေ့တဆင့် အဆက်အစပ်အားဖြင့် ကုသိုလ်ကောင်းမှု၏ စေ့ဆော်မှု အကျိုးသွား 'ကုသိုလ်စေတနာပုညာဘိသင်္ခါရ' ၁၃-ပါး၊ အကုသိုလ်မကောင်းမှု၏ စေ့ဆော်မှု အကျိုးသွား 'အကုသိုလ် စေတနာ အပုညာဘိသင်္ခါရ' ၁၂-ပါး၊ မထင်ရှားသော စေ့ဆော်မှု အကျိုးသွား 'အရူပကုသိုလ်စေတနာအာနဉ္စာဘိသင်္ခါရ'၄-ပါး၊ ထိုဖြစ်ပေါ်မှုအရ နာမ်နှင့်ရုပ်'နာမက္ခန္ဓာ၊ကဋတ္တာရုပ်'တို့ကို ပြုပြင်ဖန်တီးသော သဘောအကျိုးဆက်'သင်္ခါရ'ထင်ကျန်ရပြန်လေသည်။

၃။ ထိုသဘောအကျိုးဆက် ပြုပြင် ဖန်တီးစီရင်မှုသဘောသည် မဖန်တီးဘဲ ရပ်တံ့၍ လမ်းဆုံးသွားမည် မဟုတ်ဘဲ ရှေ့တဆင့် ဆက်၍ ပြုပြင်ဖန်တီး စီရင်လေသည်သာ ဖြစ်ရာ ထိုပြုပြင် ဖန်တီးစွမ်းဖြစ်သော စေ့ဆော်မှု အကျိုးသွား စုစုပေါင်း ၂၉-မျိုးတို့ကြောင့် ပဋိသန္ဓေအစွမ်းဖြင့် အခြေခံ၍ ဖြစ်ပေါ်သော အကျိုးဆက် 'ပဋိသန္ဓေစိတ်'၁၉-ပါးနှင့် ထပ်မံဖြစ်ပေါ်သော အကျိုးဆက် 'ဝိပါက်စိတ်' ၃၂-ပါးတို့ ပေါင်းစပ်ကာ 'ဝိဉာဏ'ဝိဉာဏ်ဟုခေါ်ရသော စိတ်အဆင့်တခုကို ဆက်စပ်ဖြစ်ပေါ်စေပြန်လေသည်။

၄။ ထိုဝိဉာဏ်တွင်လည်း အကျိုးဆက်မှု ရပ်တံ့မသွားဘဲ နာမ်နှင့် ရုပ် နှစ်ခု ပေါင်းစပ်သော နာမ်ရုပ် 'နာမရူပ'ကို ဖြစ်ပေါ်စေပြန်လေသည်။ ဝိဉာဏ်သည် သင်္ခါရ

ဟူသော ပြုပြင်စီရင်မှု (ဝါ)ဖြစ်ပျက်မှုသဘောကြောင့် ဖြစ်ပေါ်လာခဲ့ရာမှ နာမ်ရုပ်ကို ဖြစ်စေသည့်အထိ ဝိညာဏ်က အကျိုးပေးဆက်လိုက်ပြန်သဖြင့် တခုမှတခု၊တဆင့်မှတဆင့်သို့ အကျိုးဆက်သည် မပြတ်ဘဲ ဆက်၍ တဆင့်ဖြစ်ပေါ်ရပြန်လေသည်။ "ပေါက်ပင် ဘာပြုလို့ကိုင်းရတယ်" ဆိုသော တေးကဲ့သို့ တခုမှ တခုသို့ ဇယ်စက်သကဲ့သို့ ဆက်ကာ ဆက်ကာ အကျိုးပြုသွားလေသည်။ နာမရူပံ ဟူသော နာမ်ရုပ်သည် ခရီးလမ်းဆုံး မဟုတ်သေးဘဲ ထိုနာမ်ရုပ်က အကြောင်းရင်းခံ၍ ရှေ့တဆင့်ကို ကျေးဇူးပြုကြောင်းကို ဆက်၍ ကြည့်ရှုဆင်ခြင်နိုင်ပေဦးမည်။ နာမ်ရုပ်တွင် စေတသိက်ခေါ် စိတ်ကိုကြီးကိုင်စေ့ဆော်မှုသဘော ၃၅-ပါးနှင့် ကံကြောင့် ဖြစ်သော 'ကမ္မဇ'ရုပ်တို့ ပါရှိလာပေသည်။ ထိုမျှမက မဟာဘုတ်လေးပါးဟူသော ဖွဲ့စည်းမှုပထဝီဓာတ်၊ အာပေါရေဓာတ်၊ ဝါယောလေဓာတ်နှင့် တေဇော အပူ အအေးဓာတ်များ၊ အသက်ဟူသော ဇီဝိတိန္ဒြေနှင့် အာရုံထင်ရာ ခြောက်ပါးသော ဝတ္ထုရုပ် ဒြပ် အကောင်အထည်တို့ ပါရှိလာပြီး ဖြစ်လေသည်။

၅။ ထိုကြောင့် နာမရူပံနာမ်ရုပ်မှတဆင့် အကြောင်းခံ၍ အကျိုးဖြစ်ပေါ်လာရာ၌ 'သဠာယတန'ဟုဆိုအပ်သော အာရုံထင်ရာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့သည် ခြောက်ပါး ပေါင်းစု၍ ဖြစ်ပေါ်လာရပြန် လေသည်။ ရုပ်နာမ်ဖြစ်လာသည်နှင့်တဆက်တည်းတွင်'အာယတန'အာရုံကို ချွဲတတ်သော ဒွါရလမ်းပေါက်တို့သည် ၆-ပါးဆက်၍ ပေါ်ထင်ဖြစ်တည်လာရပေသည်။ မဖြစ်ဘဲမနေချေ။ ထိုအာယတန၆-ပါး

သဠာယတန’ သည် ဖြစ်တည်နေရုံမျှသာ ခရီးမဆုံးဘဲ ဆက်၍ အကျိုးပွါးပြန်လေသည်။ ထိုကြောင့် ရှေ့တဆင့် အကျိုးပွါးပုံကို တွေ့ရပေဦးမည်။

၆။ မျက်စိ၊နား၊နှာခေါင်း၊လျှာ၊ကိုယ် နှင့် စိတ်ဟူသော သဠာယတနဖြစ်ပေါ်လာသောအခါ မြင်တတ်မှု၊ကြားတတ်မှု၊ နံတတ်မှု၊ အရသာယူတတ်မှု၊ထိတွေ့တတ်မှုနှင့် အာရုံကိုခံစားတတ် ဟူသော ဆက်စပ်သည့် ထင်ဟပ်မှု ‘ဖဿ’ တို့သည်လည်း မလွဲမရှောင်သာဘဲဖြစ်ပေါ်လာရလေသည်။

၇။ တဖန် ထိုထင်ဟပ်ချက်‘ဖဿ’ တို့ သည် မျက်စိနှင့်ရူပါရုံရှုခင်းထိတွေ့ဖြစ်ပေါ်စေမှု၊နားနှင့်သဒ္ဒါရုံ အသံထိတွေ့ ဖြစ်စေမှု စသည်တို့တွင်သာ ကိစ္စပြီးဆုံးသွားသည် မဟုတ်ဘဲ အမြင်သည် ကောင်း-မကောင်း၊ အကြား သည် သာ-မသာ စသည်ဖြင့် ခံစားမှု’ဝေဒနာ’တို့ကလည်း ဆက်လက် ဖြစ်ပေါ်ရပေသေးသည်။ သာယာသည်၊ ငြိုငြင်သည် စသော ကောင်း ဆိုး နှစ်တန်ဖြစ်သည့် သုခနှင့် ဒုက္ခ ဝေဒနာခံစားမှုတို့ အပြင် ကောင်းသည်ဟုလည်းမမှတ်၊ ဆိုးသည်ဟုလည်းမမှတ်ဘဲ အာရုံမထင်ရှား မကွဲပြားသော ခံယူချက် ဥပေက္ခာဝေဒနာသည် လည်း ပါရှိပေသေးသည်။

၈။ ထိုခံစားမှု ရှိလာသောအခါ သာ သာသောအာရုံနှင့် အာရုံခံစရာကို တပ်မက်မှုဖြစ်ပေါ်လာသော အခြေ(ဘဝ)ကို တပ်မက်နှစ်သက်မှု၊ မဖြစ်လာသေးသော သာ

ယာမှုအဖြစ်အနေတို့ကို လိုလားသာယာချင်မှုများ ပေါ်ပေါက်လာသဖြင့်'တဏှာ' * တပ်မက်မှုများ ထင်ရှားစွာ အကျိုးဆက်လာပြန်လေသည်။

၉။ ထိုတပ်မက်မှုတဏှာဟူ၍ ဖြစ်ပေါ်လာသောအခါ တပ်မက်မှုတို့သည် အင်အားကြီးမားသည်ထက်ကြီးမားစွာ အကျိုးပြုလာပြန်လေသဖြင့် အစွဲအလန်းကြီးမားခြင်းဟူသော'ဥပါဒါန်'သည် ပေါ်လာပြန်လေသည်။ ရမိသမျှအာရုံ၌ ကျားကုပ်ကျားခဲ စွဲလန်း တောင့်တမက်မောခြင်း ပြင်းထန်လာရပြန်လေသည်။ ရောင့်ရဲခြင်းမရှိအောင် လိုလားသည်ထက် လိုလားခဲ့ရလေသည်။

၁၀။ ဤသို့ပြင်းထန်စွာစွဲလန်းတောင်းတမှုအရ ကောင်းသော အကြောင်းဆက်၊ မကောင်းသောအကြောင်းဆက်(ကာမာဝစရကုသိုလ်၊အကုသိုလ်)တို့၏အကျိုးအားဖြင့် မူလကဖြစ်ပေါ်ရင်းရှိသောနာမ်ရုပ်(ဝိပါက်နာမက္ခန္ဓာ၊ကဋတ္တာရုပ်)တို့တည်းဟူသော ကံကြောင့်ဖြစ်တည်မှု 'ကမ္မဘဝ'တွင် လက်ငင်းအကြောင်းကြောင့် လက်ငင်း ဖြစ်တည်မှုများထပ်ဆင့်ခိုင်မြဲစွာ 'ဥပပတ္တိဘဝ'ဖြစ်ပေါ်လာရခြင်းဖြင့် ဖြစ်တည်မှုကို အကျိုးဆက်လိုက်ပြန်ရာ ဖြစ်တည်မှုအစိုင်အခဲ 'ဘဝ'ဖြစ်ပေါ်လာပြန်လေသည်။

၁၁။ ဤသို့ ဖြစ်ပျက်မှုပမာဏ ပေါ်ပေါက်လာသောအခါ ဘုံဘဝဌာနလားရာတခုခု၌ အခြေစိုက်ခြင်း ဇာတ်လမ်းစတင်ခြင်း'ဇာတိ'သဘောသည် ဖြစ်ပေါ်လာရ

ပြန်လေသည်။ ဤသို့ ဘဝ အခြေစိုက် ရန် အတွက် အတိတ် အကြောင်း ကွင်းဆက်တွင် အဝိဇ္ဇာမှ စ၍ တဆင့်ပြီး တဆင့် အကျိုးဆက်၍လာခဲ့ပုံကိုလည်း သိသာပေသည်။

၁၂။ ဘဝကြောင့် ဖြစ်လာသော လောကအခြေ(ဇာတိ)စတင်သည်နှင့်တပြိုင်နက် ရှေ့တွင် ဆက်လက်၍ အကြောင်းအကျိုးစပ်သော ကွင်းဆက်များကား ပေါ်ပေါက်ရဦးမည်ဖြစ်လေသည်။ ထိုကွင်းဆက်များတွင် ဇာတိဘဝ အခြေစိုက်မှုနှင့်ကပ်လျက် အကျိုးဖြစ်ပေါ်မှုကား ရင့်ရော်ရခြင်း 'ဇရာ'ပင်လျှင်ဖြစ်လေသည်။ ဘဝအခြေတည်မှု ဇာတိစွဲ၍ လာသည်နှင့်တပြိုင်နက် ရင့်ရော်ခြင်းကား မပေါ်ပေါက်ဘဲ မရှိနိုင်ပေ။ ပေါ်ပေါက်ရမည်သာဖြစ်လေသည်။

၁၃။ ဇရာဟူသော ရင့်ရော်ခြင်း ပေါ်ပေါက်လာသည်၏ အဆုံး၌ ကိုယ်ခန္ဓာဟူသော အတ္တဘော၏ ဘဝတခု အဆုံး အပိုင်းအခြားဖြစ်သည့် 'မရဏ'ဟူသော ဘဝပြောင်းခြင်းသည် ဖြစ်ပေါ်ပြန်လေသည်။ ဇရာသည် နောက်ဆုံးတွင် မရဏကို ကျေးဇူးပြုလေသည်။

၁၄။ ထိုဘဝပြောင်းမှုကြောင့်ဆွေမျိုးသားချင်းများ၌ရင်း၊ ဆွေမျိုးသားချင်းတို့၏ ဘဝ ပြောင်းမှုကြောင့် အခြေစိုက်မှုနှင့်ရင့်ရော်မှုရှိသော တခုသောကိုယ်ခန္ဓာ၌ရင်း၊ ပူပန်ခြင်းတည်းဟူသော 'သောက'ကို လှုံ့ဆော် အကျိုးဆက်မြဲဖြစ်လေသည်။

၁၅။ ထိုပူပန်ခြင်းကြောင့် ငိုကြွေးမြည်တမ်းမှု 'ပရိဒေဝ' သည်လည်း ဆက်စပ်ပေါ်ပေါက်ရမည်သာဖြစ်လေသည်။

၁၆။ ထို ငိုကြွေး မြည်တမ်း ရ ခြင်းကြောင့် ကိုယ်ခန္ဓာ၌ပင်ပန်း၍ ဆင်းရဲခြင်းအစုသည် ဖြစ်ပေါ်လာရပြန်လေသည်။ ထိုဆင်းရဲမှုကား 'ဒုက္ခ' ပင်ဖြစ်လေသည်။

၁၇။ ထိုဆင်းရဲမှု ဒုက္ခကြောင့် စိတ်၏ပင်ပန်းဆင်းရဲမှု 'ဒေါမနဿ' သည်လည်းတဆက်တည်းဖြစ်ပေါ်ရပြန်လေသည်။

၁၈။ ထိုစိတ်ဆင်းရဲမှုသည်ပို၍ကြီးမားလွန်ကဲစွာ ပင်ပန်းတောက်လောင်ခြင်း 'ဥပါယာသ' ကို ဖြစ်စေပြန်လေသည်။ တခုမှတခုသို့ အစဉ်အတိုင်းပင် အကြောင်းဆက်ကာ အကျိုးဖြစ်ပေါ်ရလေသည်။

၁၉။ ဤသို့ လျှင် မိန်းမော တွေဝေခြင်း၊ စိုးရိမ်ခြင်း၊ ဒုက္ခရောက်ခြင်းအစရှိသည်တို့၏ နှိပ်စက်ခြင်းခံရသောသူသည် ဥာဏ်အလင်းရောင် အမှန်တရားတို့ကို ပိုင်ပိုင်

---

* တဏှာကို တောင်းတမှုဟူ၍ ပြန်ဆိုသေးသည်။

နိုင်နိုင် သိမြင်နိုင်မည်မဟုတ်ပေရာ မိုက်မဲ မသိသား ဆိုးဝါးမှု အမှောင်တရား 'အဝိဇ္ဇာ' သည် တပတ်ပြန်၍ပေါ်ထွက်လာရမည် ဖြစ်လေသည်။ ထိုအဝိဇ္ဇာ ဖြစ်လာသောအခါ ထပ်မံ၍ စက်ဝိုင်းတပတ်လည်ပြန်ကာ သင်္ခါရ ဟူသော ဖြစ်ပျက်စီရင်မှုစိတ် ဟူသော ဝိဉာဏ်၊ ရုပ်နာမ် ဟူသော နာမရူပံ အစရှိသည်ဖြင့် ဆက်ကာ ဆက်ကာ အကြောင်းအကျိုး စပ်ခြင်းဖြင့် သံသရာစက်ဝန်းသည် အဆုံး အပိုင်းအခြားမရှိအောင် ပတ်လည် လှည့်ပတ်နေတော့သည်သာဖြစ်လေသည်။

ဤသဘောသည် လောက၏ဖြစ်ပျက်ပုံနှင့် ပတ်သက်၍ ဗုဒ္ဓက ထွင်းထုတ် သိမြင်တော်မူသော ပဋိစ္စသမုပ္ပါဒ်တရားသဘောပင်ဖြစ်လေသည်။

## ☆ ပရမတ္ထတရား ၄ ပါး ☆

ဗုဒ္ဓဝါဒ နှင့် စပ်လျဉ်း၍ နှင့် ရုပ်ကို မည်သို့ အမှတ်ထားကြောင်းကို သတိပြုမိရန် လိုလေသည်၊ ဗုဒ္ဓဝါဒသည် စိတ်ဝါဒမျှလည်း မဟုတ်ပေ၊ ရုပ်ဝါဒမျှလည်း မဟုတ်ပေ၊ သတ္တဝါတို့၏ သဏ္ဌာန်၌ရှိသော စိတ်နှင့် ရုပ်တို့ကို ခွဲပြာ၍ သဘာဝကျအောင် ရှုဆင်ခြင်ထားသော အယူအဆ တရပ်သာ ဖြစ်လေသည်။ သတ္တဝါတို့သည် မိမိတို့ သဏ္ဌာန်၌ စိတ်ကိုအခြေတည်၍ အကုသိုလ်နှင့် ကုသိုလ်ဇောတို့ ဖြစ်ပွားပုံကို အဘိဓမ္မာ ပိဋကတ်၌ စိတ်ပိုင်းနှင့် စေတသိတ်ပိုင်းအားဖြင့် အကျယ်တဝင့် ခွဲခြမ်းစိတ်ဖြာ၍ ပြထားသည့်အပြင် ရုပ်ဖွဲ့တို့၏

တည်ပုံနှင့် ဖေါက်ပြန် ပျက်စီးပုံတို့ကိုလည်း အကျယ်တဝင့်ပင် ခွဲခြမ်းစိတ်ဖြာ၍ ပြထားလေသည်။ အကျဉ်းအားဖြင့် ဗုဒ္ဓဝါဒ အမြင်အားဖြင့် စိတ်နှင့်ရုပ်တို့အား သုံးသပ် ရှုဆင်ခြင်ပုံကို အောက်တွင် တင်ပြလိုပေသည်။ စိတ်၊ စေတသိတ်၊ ရုပ်နှင့် နိဗ္ဗာန်တို့ကို ပရမတ္ထတရား ၄-ပါးဟူ၍ပင် ခေါ်ဆိုလေသည်။

## ☆ စိတ်။ ☆

စိတ်ကို လေးမျိုး ခွဲခြားလေသည်၊ ထို ၄ မျိုးမှာ ကာမာဝစရ စိတ် "ကာမဘုံ၌ သက်ဝင်သော စိတ်" ရူပါဝစရ စိတ်၊ အရူပါဝစရ စိတ်၊ လောကုတ္တရာ စိတ် ဟူ၍ ပင်ဖြစ်လေသည်။

တဖန် အကုသိုလ် "မကောင်း"စိတ်နှင့် ကုသိုလ် "ကောင်း" စိတ်ဟူ၍ ခွဲခြားပြန်လေသည်၊ အစုစု သော စိတ် အမျိုးအစား ပေါင်းမှာ ၈၉ မျိုးဖြစ်လေသည်။

၁ (က) **အကုသိုလ်စိတ်** တွင် လောဘ သက်ဝင်သော စိတ် '၈'မျိုး၊ ဒေါသ အခြေခံစိတ် '၂'မျိုး၊ မောဟ အခြေခံသောစိတ် '၂'မျိုး အားဖြင့် '၁၂'မျိုး ရှိ လေသည်။

(ခ) **အဟိတ်စိတ်** တွင် အကုသိုလ်၏ အကျိုးဆက် ဖြစ်သော အကုသလ ဝိပါက်စိတ် '၇'မျိုး၊ ကုသိုလ် အကျိုးဖြစ်သော ယှဉ်ဘက်ဟိတ် မရှိသောကုသလ ဝိပါက်စိတ် '၈'မျိုး၊ အဟိတ်ကြိယာစိတ် '၃'မျိုး ဟူ၍ '၁၈'မျိုး ရှိလေသည်။

(ဂ) **ကာမသောဘနစိတ်** တွင် မဟာကုသိုလ်စိတ်'၈'မျိုး မဟာဝိပါက်စိတ် '၈'မျိုး၊ မဟာကြိယာစိတ် '၈' မျိုးဟူ၍ '၂၄'မျိုး ရှိလေသည်။ "ဤအထိ ကာမ စိတ် '၅၄'ပါး ဖြစ်လေသည်"။

(က) **ရူပစိတ်**တွင် ရူပကုသိုလ်စိတ် '၅'မျိုး၊ ရူပဝိပါက် စိတ် '၅'မျိုး၊ ရူပကြိယာစိတ် '၅'မျိုးဟူ၍ '၁၅' မျိုးရှိလေသည်။

(ခ) **အရူပစိတ်** တွင် အရူပကုသိုလ်စိတ်'၄'မျိုး၊ အရူပဝိ ပါက်စိတ် '၄'မျိုး၊ အရူပကြိယာစိတ် '၄'မျိုးဟူ၍ '၁၂'မျိုးရှိလေသည်။ "ရူပစိတ်နှင့် အရူပစိတ် '၂' မျိုးပေါင်းကို မဟာဂ္ဂုတ်စိတ်ဟု ခေါ်လေသည်" "ဤအထိ ကာမစိတ် '၅၄'၊ ရူပစိတ်'၁၅'၊ အရူပ စိတ် '၁၂'အားဖြင့် '၈၁' မျိုးသော စိတ်တို့ကို လောကီစိတ်ဟူ၍ ခေါ်လေသည်"။

(ဂ) **လောကုတ္တရာစိတ်** တွင် မဂ်စိတ် '၄'မျိုး၊ ဖိုလ်စိတ် '၄'မျိုးဟူ၍ '၈'မျိုးရှိလေသည်။

ဤသို့အားဖြင့် စိတ်အကျဉ်း ၈၉၊ တချုပ်သော်ကိုးဆယ်ဟူ၍ခွဲခြားလေသည်၊ လောကုတ္တရာစိတ် တမျိုးတွင် ဈာန်အင်္ဂါ ‘၅’ပါး၊ ‘၄’ပါး၊ ‘၃’ပါး၊ ‘၂’ပါး၊ တနည်း ‘၂’ပါးစသည်အားဖြင့် ‘၅’မျိုးစီ အကျယ်ခွဲစိတ်ပြဆိုရာ၌ လောကုတ္တရာစိတ် ‘၄၀’ ဖြစ်လာနိုင်သဖြင့် စိတ် အကျယ်အားဖြင့်မူ ‘၈၁+၄၀’ ‘၁၂၁’ပါးဟူ၍ သရုပ်ခွဲနိုင်လေသည်။

ထိုစိတ် ‘၁၂၁’ ပါးကို၊ ကုသိုလ်စိတ် ဝိပါက်စိတ်၊ အကုသိုလ်စိတ်၊ ကြိယာစိတ်အားဖြင့် ခွဲခြားမည်ဆိုပါက လောကီကုသိုလ်စိတ် ‘၁၇’၊ လောကုတ္တရာ ကုသိုလ်စိတ် ‘၂၀’၊ ပေါင်း ကုသိုလ်စိတ် ‘၃၇’မျိုး၊ လောကီဝိပါက်စိတ် ‘၃၂’၊ လောကုတ္တရာဝိပါက် ‘၂၀’၊ ပေါင်း ဝိပါက်စိတ် ‘၅၂’၊ အကုသိုလ်စိတ် ‘၁၂’၊ ကြိယာစိတ် ‘၂၀’၊ ရူပကြိယာ ‘၅’၊ အရူပ ကြိယာ ‘၄’၊ မဟာကြိယာ ‘၈’၊ အဟိတ်ကြိယာ ‘၃’အားဖြင့် စိတ်‘၁၂၁’ပါး ရေတွက်နိုင်လေသည်။

စိတ် နှင့် ပတ် သက် ၍ သ တ္တ ဝါ တို့၏ သန္တာန်၌ သာမန်အားဖြင့် အာရုံမထင်ဘဲ ဖြစ်တည်နေသောစိတ်ကို ဘဝင်စိတ်ဟု ခေါ်လေသည်။ ဘဝင်စိတ် ဖြစ်ရှိနေချိန်တွင် ဘာကိုမျှ ထူးထူးထွေထွေ မသိနိုင်ပေ၊ လွန်ခဲ့သည့် ဘဝက စုတေခါနီး ဖြစ်ပေါ်သော မရဏာသန္နဇောက ယူပေးအပ်သည့် ကံ၊ သို့မဟုတ် ကမ္မနိမိတ်၊ သို့မဟုတ် ဂတိနိမိတ် တခုခုကို အာရုံပြုနေလေသည်။ လူတယောက် အိပ်ပျော်နေစဉ်အခါတွင် ဘဝင်စိတ်ချည်းသာလျှင် ဖြစ်ပေါ် နေလေသည်။

ဘဝင်စိတ်ဟုဆိုသော်လည်း စိတ်သည် တလျှောက်လုံး တစိတ်တည်းတည်နေသည် မဟုတ်ဘဲ အကြိမ်များစွာ ဖြစ်ကာပျက်ကာ ထပ်မနေဘဲဖြစ်၍ နေလေသည်။ သို့ရာတွင် ဖြစ်သမျှ စိတ်သည်ဘဝင်စိတ်ချည်းသာ ဖြစ်လေသည်။

သို့ရာတွင် အမြဲတစေ ဘဝင်စိတ်ချည်းကား ဖြစ်မနေဘဲ အာရုံအသစ်အသစ် ပေါ်လာသော အခါ၊ နိုးနေသော ကာလ၌ ဘဝင်တို့၏ အကြားကြား၌ ထင်လာသောအာရုံနှင့် ဆက်စပ်သက်ဆိုင်သော စိတ်အစဉ်များ တသုတ်ပြီးတသုတ် ပေါ်လာလေသည်။ ထိုသို့ ဖြစ်ပေါ်လာမှုကို ဝီထိကျသည်ဟု ဆိုလေသည်။ ဝီထိစိတ်အစဉ် ကုန်သောအခါတွင်ကား ဘဝင်ကျမြဲ ပြန်၍ကျမြဲ ကျနေလေသည်။

လူတို့သည် အာရုံအမျိုးမျိုးကို တပြိုင်တည်းခံစားနေရာ၌ စိတ်က အာရုံအားလုံးကို တပြိုင်တည်းခံစားနေသည် ထင်ဘွယ်ရှိသော်လည်း၊ အလွန် မြန်လွန်းလှသဖြင့် စိတ်သည် တကြိမ်၌ အာရုံတခုကိုသာ ခံစားလေသည်။ စိတ်ပေါင်း ကုဋေကုဋာ အထပ်ထပ်ဖြစ်ပွားနေရာ၌ အာရုံတမျိုးစီ စွဲယူသောစိတ်ချင်း နီးကပ်သောကြောင့် တပြိုင်တည်းပင် အာရုံများစွာ ခံစားနေရသည်ဟု ထင်မှတ်မိခြင်း ဖြစ်လေသည်။ စိတ်ဖြစ်ပုံသည် ရုပ်များဖြစ်ပုံထက် '၁၇'ဆမျှ မြန်လေသည်။ မျက်စိတမှိတ် လျှပ်တပြက်အတွင်း၌ စိတ်ပေါင်း ကုဋေတသိန်းမျှ ဖြစ်ပေါ်နေ၍ စိတ်'၁၇'ကြိမ်ဖြစ်တိုင်း ရုပ်တကြိမ် ဖြစ်ပေါ်

နေလေသည်။ စိတ်နှင့်ရုပ်သည် အစဉ်အတိုင်း ဖြစ်ပျက်ပြောင်း လဲနေလေသည်။ ဤတွင် စိတ်အစဉ်သည် ပြတ်မှုမရှိသော်လည်း ရုပ်အစဉ်သည် တဘဝ၌ ရုပ်သစ်တမျိုး ဖြစ်ပေါ်လေသည်။

အာရုံနှင့်ယှဉ်သောပီတိ စိတ် ရိုး ရိုး ဖြစ်ပေါ်ရာတွင် အဆင့်ပေါင်းများစွာ ဖြစ်ပေါ်သော်လည်း လူတို့ အဖို့ တခဏခြင်း ဖြစ်ပေါ်သကဲ့သို့ ထင်ရလေသည်။ ဥပမာ အာရုံတခုဖြစ်ပေါ်ရာတွင်စ၍ဖြစ်ပေါ်သော အချိန်နှင့် ထိုအာရုံ ပျောက်သွားသော အချိန်တို့ အကြားတွင် စိတ်အဆင့်ပေါင်း များစွာ ဖြစ်ပေါ်ရလေသည်။ မြင်သောအာရုံတွင် မြင်လျှင် မြင်ချင်း သိသည်ကား မဟုတ်ပေ၊ ဖြစ်,တည်,ပျက် ဟူသော အခိုက်အတန့် 'ဉ'ပါးတွင် အာရုံသည် မျက်စိ၊ နားစသော ဒွါရ၌ဖြစ်လာလျှင် ဖြစ်လာခြင်း အာရုံမထင်သေးပေ၊ ရုပ်တို့ သည် တည်သော ငြီအခိုက်၌သာအားရှိ၍ ထိုအခိုက်မှ ထင်လာ ရလေရာ မထင်မီ စိတ်တခဏမျှ လွန်ပြီးဖြစ်လေသည်။ ဥပမာ အားဖြင့် လူတယောက်သည် အရာဝတ္ထုတခု သို့မဟုတ် ပန်း ဧပွင့်ကို မြင်သည်ဆိုပါအံ့။

၁။ ရူပါရုံနှင့် စက္ခုပသာဒ ထိခတ်မိသော အချိန်မှစ၍ ဘဝင်စိတ် တချက် လွန်သွား လေသည်၊ ထိုခဏ၌ ထိခတ်မှုကြောင့် ဘာမျှ မထင်မိလိုက် သေးချေ။ ထိုတဆင့်ကို အတီတဘဝင်၊ လွန်လေသော ဘဝင် ဟုဆိုလေသည်။

၂။ နောက်တဆင့်၌ စက္ခုပသာဒ၌ ရူပါရုံ ထင်ခြင်းသို့ ရောက်၍ ဘဝင်လှုပ်ရှား သွားလေသည်။ ထိုအဆင့်ကို စလနဘဝင်ဟု ခေါ်လေသည်။ ‘အလင်းရောင် အားနည်း၍ဖြစ်စေ၊ ရုပ်ဝတ္ထုမှုန်၍ဖြစ်စေ၊ မျက်စိ သိ၍ဖြစ်စေ၊ ချို့ယွင်းချက် တခုခုရှိလျှင် ခဏ တချက်လွန်ရုံနှင့်ပင် ရုပ်မထင်သေးဘဲ စိတ်ခဏ ပေါင်း ‘၁၅’ ချက်ခန့်တိုင်အောင် လွန်ပြီးမှ ထင်နိုင်သည်လည်း ရှိလေသည်။

၃။ နောက်တဆင့်တွင် ဘဝင်စိတ်ပြတ်၍ အာရုံဘက်သို့ ကူးဝင်တော့သဖြင့် ဘဝင်စိတ်ပြတ်သော ဘဝင်ုပစ္ဆေဒအဆင့်သို့ ရောက်လေသည်။

၄ နောက်တဆင့်တွင် ဘဝင်စိတ် လုံးဝပြတ်ပြီး၍ အာရုံနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ကာ အာရုံသစ်ကို ဝင်စားသော အဆင့်သို့ဖြစ်၍ အာရုံကို ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းအဆင့်ဟု ခေါ်လေသည်။

၅။ နောက်တဆင့်မှာ ရုပ်ပေါ်လာသော အဆင့် “ဝိညာဏ်တခုခုပေါ် ထင်သော အဆင့်” ဖြစ်၍ စက္ခုဝိညာဏ်အဆင့်ဟု ခေါ်လေသည်။ “အကြား အာရုံဖြစ်မူ သောတဝိညာဏ်၊ အနံ့အာရုံ ဖြစ်မူ၊ ဃာနဝိညာဏ် စသည် ကွဲပြားပေသည်”။

၆။ နောက်တဆင့်မှာ ပေါ်လာသော အာရုံကို လက်သင့်ခံယူလိုက်သော အဆင့်ဖြစ်၍ သမ္ပဋိစ္ဆိုင်း အဆင့်ဟု ခေါ်လေသည်။

၇။ နောက်တဆင့်မှာ ပေါ်လာသော ရူပါရုံသည် မည်သို့သဘောရှိသည်၊ မည်သည့်အရာ ဖြစ်သည်ဟု စူးစမ်းသော အဆင့်ဖြစ်၍ သန္တီရဏ အဆင့်ဟု ခေါ်လေသည်။

၈။ နောက်တဆင့်မှာ မည်သည့်ရုပ်ဖြစ်သည်ဟု အဘည်တကျဆုံးဖြတ် ပြဋ္ဌာန်း သော စိတ် အ ဆင့် ဖြစ် ၍ "ဝုဋ္ဌော"အဆင့်ဟု ခေါ်လေသည်။

၉။ နောက်တဆင့်မှာ ထိုရူပါရုံကို ဣဋ္ဌာရုံဖြစ်စေ၊ အနိဋ္ဌာရုံဖြစ်စေ၊ ခံစားသောခဏဖြစ်၍ "ဇော"အဆင့်ဟုခေါ်လေသည်။ ဇောသည် တချက်တည်း သာမက၊ ယေဘူယျအားဖြင့် '၇'ကြိမ်အထိ ဖြစ်ပေါ်လေသည်။ အာရုံကိုမြင်ကာ ခဏာ၌ မြင်ရုံမျှ အမှတ်ထား၍ ရပ်စဲဖြတ်တောက် နိုင်စွမ်းသော "ဒိဋ္ဌေဒိဋ္ဌမတ္တံ" ပုဂ္ဂိုလ်တို့၌ ဇော အ ကြိမ် နည်းပေမည်။ ဇောထပ်ဆင့်၍ စောခြင်းသည်၊ စိတ်အဆင့် တမျိုးတစားတည်း အကြိမ်ကြိမ် ထပ်၍ ဖြစ်ခြင်းပင် ဖြစ်လေသည်။ ထိုအဆင့် အားလုံးသည် ရှေးတဆင့်ပျောက်ပြီးမှ နောက်တဆင့် က ပေါ်မြဲ ဖြစ်လေ

သည်။ ဇောအရာ၌ အသင့်သင့် နှ လုံး သွင်း လျှင် ကုသိုလ်ဇောဝင်၍ မသင့်သော နှလုံးသွင်းလျှင် အကုသိုလ်ဇော ဝင်လေသည်။ အနုသယ ကင်းသော ရဟန္တာတို့၏ သဏ္ဍာန်၌ကား ကြိယာ ဇောမျိုးသာ စောလေသည်။ တွေဝေ မိန်းမောသော အခါတို့၌ကား '၅'ကြိမ်သာ စောလေသည်။

၁၀။ နောက်တဆင့်ကား ဇောဆုံးပြီးနောက် သာမန် ဘဝင်သို့ ပြန်ကျရမည် ဖြစ်သော်လည်း ဇော၏ အရှိန် ကျန်နေသေးသဖြင့် ထပ်၍ လိုက်သည့်အရှိန် အဆင့် နှစ်ဆင့်ဖြစ်ရာ ထိုအဆင့်ကို "တဒါရုံအဆင့်" ဟု ခေါ်လေသည်။

ထိုနောက် တွင် ကား ပီတိ စိတ် ကုန်၍ ဘဝင်စိတ်သို့ ပြန်ရောက်မြဲ ရောက်လေသည်။ ဤနည်းဖြင့် စိတ် တခုဖြစ်ရာတွင် အဆင့်ပေါင်း '၁၇'ဆင့် ဖြစ်ပွားရပုံကို ဗုဒ္ဓ အဘိဓမ္မာတွင် အသေးစိတ် ဖေါ်ပြထားလေသည်။ ပုဂ္ဂိုလ် အလိုက် စိတ်ဖြစ်ပုံ အမျိုးမျိုးကား ရှိပေသေးသည်၊ တဒါရုံ နှစ်ကြိမ်မဖြစ်ဘဲ ဇောအပြီး၌ ဘဝင်သို့ပြန်၍ ချုပ်သော စိတ်မျိုးလည်း ရှိလေသည်။ "အကျယ်ကို အဘိဓမ္မာပီတိပိုင်းတွင် လေ့လာနိုင်ပေသည်"။

ထိုစိတ်တခုစီ၏ သရုပ်အဓိပ္ပါယ်ကိုကား သင်္ဂဟ "သင်္ဂြိုဟ်"ကျမ်းတွင် ကြည့်ရှုနိုင်လေသည်။

ထိုစိတ်တို့တွင် ယှဉ်သော စေတသိက် အမျိုးအမည်ကိုလည်း၊ '၅၂'မျိုး ခွဲခြားထားလေသည်။ စေတသိက်တို့မှာ စိတ်ဖြစ်သည်နှင့် တပြိုင်နက်ဖြစ်၍၊ စိတ်ချုပ် သည်နှင့်တပြိုင်နက် ချုပ်လေသည်၊ စိတ်ဟူသော အာရုံ ကို ပင် ယူ၍ စိတ်၏မှီရာ ဝတ္ထုကိုသာ အတူမှီလေသည်။

## ☆ စေ တ သိက်။ ☆

(က) စေတသိက်တို့တွင် စိတ်ဖြစ်လေတိုင်း ပါရှိသော စေတသိက် ၇-မျိုး ပါဝင်လေသည်၊ ယင်းတို့မှာ....

၁။ အာရုံကို တွေ့ထိခြင်းသဘော၊ 'ဖဿ'
၂။ အာရုံကို အရသာခံခြင်းသဘော 'ဝေဒနာ'
၃။ အာရုံကို မှတ်သားခြင်းသဘော 'သညာ'
၄။ ယှဉ်ဘက်တရားတို့၌ စေ့ဆော် တိုက်တွန်းခြင်း သဘော 'စေတနာ'
၅။ အာရုံတခု၌ တည်တံ့ခြင်းသဘော 'ဧကဂ္ဂတာ'
၆။ ယှဉ်ဘက် တရားတို့ကို စောင့် ထိန်း ခြင်း သ ဘော 'ဇီဝိတိန္ဒြေ'
၇။ စိတ်၌ အာရုံ ပေါ်လာအောင် ပြုပေးလော နှလုံး သွင်းခြင်းသဘော 'မနသိကာရ'ဟူ၍ ဖြစ်လေသည်။

(ခ) စိတ်အားလုံးနှင့် မယှဉ်ဘဲ၊ တခုစီအားဖြင့်ရောနှော ရှယှဉ်သော စေတသိက်စိတ် '၆'မျိုး ပါဝင်လေသည်။ ယင်းတို့မှာ....

၁။ ယှဉ်ဘက်တရားတို့ကို အာရုံသို့တင်ပေးခြင်း၊ကြံစည်ခြင်းသဘော 'ဝိတက်'
၂။ အာရုံကို သုံးသပ်ခြင်း ထပ်၍ထပ်၍ ယူခြင်းသဘော 'ဝိစာရ'
၃။ အာရုံကို ဆုံးဖြတ်ချက် ချခြင်းသဘော 'အဓိမေက္ခ'
၄။ အားတက်သရော ရှိခြင်းသဘော 'ဝီရိယ'
၅။ နှစ်သက်ခြင်းသဘော 'ပီတိ'
၆။ လိုလားတောင့်တခြင်းသဘော 'ဆန္ဒ'ဟူ၍ ဖြစ်လေသည်။ ဤအထိ '၁၃'မျိုးကို အညသမန်း စေတသိက်ဟူ၍လည်း ခေါ်ဆိုလေသည်။

(ဂ) အကုသိုလ်စေတသိက်မှာ'၁၄'မျိုး ရှိလေသည် ယင်းတို့မှာ....

၁။ အာရုံ၏ အမှန်သဘောကို ဖုံးကွယ်ခြင်း၊ တွေဝေခြင်းသဘော 'မောဟ'
၂။ မကောင်းမှုမှ မယှက်ခြင်းသဘော 'အဟိရိက'
၃။ မကောင်းမှုမှမ ကြောက်ခြင်းသဘော 'အနောတ္တပ္ပ'

၄။ ပျံ့လွင့်ခြင်းသဘော 'ဥဒ္ဓစ္စ'
၅။ တပ်မက်ခြင်းသဘော 'လောဘ'
၆။ ထောင်လွှားခြင်းသဘော 'မာန'
၇။ အမြင်ဖောက်ပြန်ခြင်းသဘော 'ဒိဋ္ဌိ'
၈။ ကြမ်းတမ်းခက်ထန်ခြင်းသဘော 'ဒေါသ'
၉။ ငြူစူခြင်းသဘော 'ဣဿာ'
၁၀။ ဝန်တိုခြင်းသဘော 'မစ္ဆရိယ'
၁၁။ နောင်တပူပန်ခြင်းသဘော 'ကုက္ကုစ္စ'
၁၂။ ထိုင်းခြင်းသဘော 'ထိန'
၁၃။ မှိုင်းခြင်းသဘော 'မိဒ္ဓ'
၁၄။ ယုံမှားခြင်းသဘော၊ 'ဝိစိကိစ္ဆာ' ဟူ၍ ဖြစ်လေသည်။

၁) တင့်တယ်သော စိတ်နှင့်ယှဉ်သော စေတသိက်မှာ '၁၉' မျိုး ရှိလေသည်၊ ယင်းတို့မှာ....

၁။ ရတနာသုံးပါး ယုံကြည်မှုသဘော 'သဒ္ဓါ'
၂။ ကုသိုလ်ကိစ္စကို အောက်မေ့ခြင်းသဘော 'သတိ'
၃။ မကောင်းမှုမှ ရှက်ခြင်းသဘော 'ဟိရိ'
၄။ မကောင်းမှုမှ ကြောက်ခြင်း သဘော 'ဩတ္တပ္ပ'
၅။ အမျက်ကင်းပခြင်းသဘော 'အဒေါသ'
၆။ ကာမဂုဏ် မမက်မောမှုသဘော 'အလောဘ'
၇။ စိတ်စေတသိက်တို့ ဆိုင်ရာ ကိစ္စ၌၊ အပိုအလွန် မရှိအောင် တည့်မတ်မှုသဘော 'တတြမဇ္ဈတ္တတာ'

၈။ စေတသိက် အပေါင်း၏ ငြိမ်းချမ်းမှုသဘော ကာယပဿဒ္ဓိ
၉။ စိတ်၏ငြိမ်းအေးမှုသဘော 'စိတ္တပဿဒ္ဓိ'
၁၀။ စေတသိက်၏ ပေါ့ပါးသွက်လက်မှု သဘော 'ကာယလဟုတာ'
၁၁။ စိတ်၏ပေါ့ပါး သွက်လက်မှုသတော'စိတ္တလဟုတာ'
၁၂။ စေတသိက်၏ နူးညံ့မှုသဘော 'ကာယမုဒုတာ'
၁၃။ စိတ်၏နူးညံ့မှုသဘော 'စိတ္တမုဒုတာ'
၁၄။ စေတသိက်၏ ခံ့ကျန်းခြင်း သဘော 'ကာယကမ္မညတာ'
၁၅။ စိတ်၏ခံ့ကျန်းခြင်းသဘော 'စိတ္တကာမညတာ'
၁၆။ စေတသိက်၏ ကျင်လည်နှစ်မျောခြင်းသဘော 'ကာယပါဂုညတာ'
၁၇။ စိတ်၏ကျင်လည် နှစ်မျောခြင်း သဘော 'စိတ္တပါဂုညတာ'
၁၈။ စေတသိက်၏ ဖြောင့်စင်းခြင်းသဘော 'ဘာယုဇုကတာ'
၁၉။ စိတ်၏ဖြောင့်စင်းခြင်းသဘော 'စိတ္တဇုကတာ' ဟူ၍ ဖြစ်လေသည်။

(င) မကောင်းမှုမှ ရှောင်ကြဉ်သော ဝိရတီစေတသိက်မှာ '၃'မျိုးရှိလေသည်။ ယင်းတို့မှာ....

၁။ ဝစီဒုစရိုက် '၄'ပါးမှ ရှောင်ကြဉ်ခြင်းသဘော 'သမ္မာဝါစာ'

၂။ ကာယဒုစရိုက် '၃'ပါးမှ ရှောင်ကြဉ်ခြင်း သဘော 'သမ္မာကမ္မန္တ'

၃။ မကောင်းသော အသက်မွေးဝမ်းကြောင်းမှုမှရှောင်ကြဉ်ခြင်း သဘော 'သမ္မာအာဇီဝ' ဟူ၍ဖြစ်လေသည်။

(စ) အတိုင်းအရှည် ပမာဏ မထားဘဲ သတ္တဝါပညတ်၌ အာရုံပြုသော စေတသိက်မှာ '၂'မျိုး ရှိလေသည်။ ယင်းတို့မှာ ...

၁။ ဒုက္ခရောက်သောသူ အပေါင်းကို အာရုံပြု၍သနားခြင်းသဘော 'ကရုဏာ'

၂။ သုခိတ ချမ်းသာသူ အပေါင်းကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော 'မုဒိတာ'ဟူ၍ ဖြစ်လေသည်။

(ဆ) သိမှုကိစ္စ၌ အစိုးတရဖြစ်သော ပညာဉာဏ်၊ ပညိန္ဒြေ ဟူ၍ တမျိုးပါဝင်လေသည်။

ဤသို့အားဖြင့် စိတ်နှင့်ယှဉ်၍ ပွားအပ်သောစေတသိက်'၅၂'မျိုးခွဲခြားလေသည်။ထို'၅၂'မျိုး

တွင် တင့်တယ်သော စေတသိက် ကောင်း '၂၅'မျိုး၊မကောင်းသောစေတသိက်'၁၄'မျိုးနှင့် ၊ ၃ကောင်းအဆိုး စိတ်နှစ်ပါးလုံးယှဉ်သော စေတသိက် '၁၃'မျိုးဟူ၍လည်း သရုပ်ခွဲ နိုင် လေသည်။

စိတ်နှင့်စေတသိက်တို့၏ သဘောကို ဤမျှနှင့်ပင် အလျဉ်းအားဖြင့် သတိပြုနိုင်မည် ဖြစ်လေသည်။

☆ ရုပ်။ ☆

ရုပ်ဟုဆိုရာ၌ ကိုယ်ခန္ဓာမျှကိုသော်ငင်း။ ကိုယ်ခန္ဓာ၌ ပါဝင်သောဆံပင်၊ အမွေး၊ ခြေသည်း၊လက်သည်း သွေး၊ အရေစသော ကောဋ္ဌာသ အစိတ်အပိုင်း '၃၂'မျိုးမျှ ကိုသာဆိုလိုသည် မဟုတ်ပေ။ ရုပ်ဟုဆိုရာ၌ အာရုံငါး ပါး၏တည်ရာ ခန္ဓာကိုယ်ကို အကျိုးအများဆုံးပြုသော အဇ္ဈတ္တိ ကရုပ်ဟု ခေါ်ဆိုသည့် ပသာဒရုပ် '၅'မျိုးသာမက၊ ရုပ်ခန္ဓာ တည်ဆဲကာလ၌၊ တည်ရာတည်ကြောင်းအဖြစ် ထောက်ပံ့အား ပြုနေသော သဘောလက္ခဏာ '၂၃'မျိုး၊ "ဗာဟိယရုပ်"ကိုပါ စုပေါင်းသတ်မှတ် ရေတွက်ထားလေသည်။

ထိုရုပ်တို့ကို ကံကရင်း၊ စိတ်ကရင်း၊ဥတု ကရင်း၊ အဟာရကရင်း၊ အကြောင်းအားဖြင့် ကျေးဇူး ပြုခြင်း

ကြောင့် ရုပ်ဟူ၍ဖြစ်ပေါ်ရပုံကို ဗုဒ္ဓဝါဒတွင် ဖွင့်ဆိုပေသည်။ ဥတုနှင့်အဟာရ၏ ကျေးဇူးပြုမှုမှာ သာမန်အားဖြင့် မြင်သာ၍၊ ကံနှင့်စိတ်တို့က ကျေးဇူးပြုပုံကိုမူ ဥာဏ်ပညာဖြင့် နက်နဲစွာ ဆင်ခြင်မှသာ တွေ့မြင်နိုင်လေသည်။

ရုပ်တို့သည် အလောဘ စသော ဟိတ်များမယှဉ်သောကြောင့် ရုပ်မှန်သမျှသည်၊ "အဟေတုကရုပ်" ချည်းသာ ဖြစ်လေသည်။ ထိုရုပ်တို့မှာ အာသဝေါ တရားတို့၏ အာရုံ ဖြစ်သောကြောင့်လည်း၊ "သာသဝရုပ်"ဟု ခေါ်ဆိုလေသည်။ ပြုပြင်စီရင်ခြင်းနှင့် မကင်းသည်သာဖြစ်၍၊ "သင်္ခတရုပ်" ဟူ၍လည်း ဆိုလေသည်။ ရုပ်သက်သည် စိတ်, စေတသိက် စသည် တို့ကဲ့သို့ အာရုံကို မယူနိုင်ကြောင်းကိုလည်း "အနာမရဏ" ဟူသောပညတ်ဖြင့် ထင်ရှားစေလေသည်။

ရုပ်'၂၈'မျိုးတွင် ပသာဒရုပ် '၅'ခုနှင့် ဟဒယရုပ်တို့သည်သာ မှီရာဝတ္ထုဖြစ်သော "ဝတ္ထုရုပ်" ဖြစ်၍ ကျန်ရုပ်'၂၃'မျိုးတို့မှာ မှီရာဝတ္ထု မဟုတ်သော "အဝတ္ထုရုပ်" ဖြစ်လေသည်။ ဤတွင် စိတ်နှင့် စေတသိက်တို့သည် ဝတ္ထုရုပ်များမရှိလျှင် မဖြစ်နိုင်ဘဲ၊ ဝတ္ထုရုပ်များရှိမှသာ ဖြစ်နိုင်သောကြောင့် စိတ်နှင့်စေတသိက်တို့က ရုပ်များကိုမှီသည်ဟု ဆိုနိုင်လေသည်။ ဝတ္ထုသဂြိုဟ်၌လည်း ရှင်းလင်းဖွင့်ဆိုထားလေသည်။ သို့ရာတွင် စိတ်နှင့်စေတသိက်တို့သည် မိမိမှီရာရုပ်ကိုပင် စေစား

ခိုင်းစေနေပုံကိုလည်း စိတ်နှင့်အာရုံတို့၏ သဘော သဘာဝကို လေ့လာရာ၌ တွေ့ရှိနိုင်မည် ဖြစ်လေသည်။ ထို့ကြောင့် ရုပ်နှင့် စိတ်သည် အပြန်အလှန်အားဖြင့် မိတ်ဖွဲ့ ကျေးဇူး ပြုလျက် ရှိကြောင်းကို ဗုဒ္ဓဝါဒအရ တွေ့ရှိနိုင်လေသည်။

ရုပ် '၂၈' မျိုးတွင် အာရုံဝင်ရာ ကပ်ရာ ပီတိစိတ်ဖြစ်ရာ တံခါးပေါက်သဖွယ် ဖြစ်သော ပသာဒရုပ်နှင့် ဝိညတ်ရုပ် '၇' မျိုးတို့ကို "ဒွါရရုပ်" ဟုခေါ်၍ ကျန်ရုပ် '၂၁' မျိုးကို "အဒွါရရုပ်" ဟု ခေါ်ဆိုလေသည်။ ဖြစ်ပေါ် သော ရုပ်ကို အစိုးရသော ပသာဒရုပ်၊ ဘာဝရုပ် '၂' မျိုး၊ ဇီဝိတရုပ် စသော ရုပ် '၈' မျိုးကို "အိန္ဒြိယရုပ်" ဟု ခေါ်၍ကျန်ရုပ်များကို "အနိန္ဒြိယရုပ်" ဟု ခေါ်လေသည်။

ရုပ် '၂၈' မျိုးတွင် သာမန်မျက်စိ၌ ထင်ရှားသော ပကတိရုပ်ကို ရုပ်ကြမ်း၊ "ဩဠာရိကရုပ်" ဟုခေါ်၍ ဖြစ်တည်ခြင်းသဘော လက္ခဏာမျှဖြစ်၍ ဉာဏ်ဖြင့်သာ ရှုမြင်နိုင်သောရုပ်မျိုးကို ဒူရေရုပ်၊ သို့မဟုတ် အပ္ပဋိဃရုပ်၊ သို့မဟုတ် "သုခုမရုပ်" ဟု ခေါ်ဆိုလေသည်။ တနည်းအားဖြင့် မျက်စိနှင့် မြင်ကောင်းသော ရုပ်ကို "ဒဿနိကရုပ်" ဟု ခေါ်၍၊ မမြင်ကောင်းသောရုပ်ကို "အနိဒဿနရုပ်" ဟု ခေါ်ဆိုလေသည်။ ရုပ်ဟုခေါ်ဆိုရာ၌ ဗုဒ္ဓဝါဒတွင် ထိုသုခုမရုပ်များကိုပါ ထည့်သွင်း

---

* အခြေပြုသင်္ဂြိုဟ် "ရှင်ဇနကာဘိဝံသ" စာမျက်နှာ ၃၅

ရေတွက်ထားသည်ကို ကွဲပြားစွာ သတိပြု နားလည်ထားရန် လိုလေသည်။ သို့မှသာ ရုပ်ဟူသော သဘောကို သိနားလည် ပေမည်။

ထိုမှတပါး ရုပ် '၂၈' မျိုးတွင် ကံကြောင့် ဖြစ်သော ရုပ်မျိုးကို "ဥပါဒိန္နရုပ်"ဟု ခေါ်ဆို၍ စိတ်ဥတု အဟာရ အကြောင်း သုံးမျိုးကြောင့် ဖြစ်သောရုပ်ကို "အနုပါဒိန္နရုပ်"ဟု ခေါ်ဆိုလေသည်။

ထိုမှတပါး အာရုံကို သွင်းဆောင်ရာ ဌာနဖြစ်သော ပသာဒရုပ်များတွင်ပင် အားထုတ်၍ နမ်းလျက် ထိတွေ့စမ်းသပ်ခြင်း စသည်ပြုမှ အာရုံထင်နိုင်သော နှာခေါင်း၊ လျှာ၊ ကိုယ်တို့ကို "သမ္ပတ္တဂါဟကရုပ်"ဟု ခေါ်၍ မိမိထံသို့ မရောက်မငြိသောအဆင်း အသံတို့ဝင်ရောက်နိုင်သော မျက်စိ၊ နားစသော ရုပ်ကို "အသမ္ပတ္တဂါဟကရုပ်"ဟု ခေါ်ဆိုလေသည်။

ထို့ပြင် သီးခြားတခုစီ ခွဲခြားရနိုင်သော ရုပ်များကို "ဝိနိဗ္ဘောဂရုပ်"ဟုခေါ်၍ တခုစီခွဲ၍ မရကောင်းသောရုပ်တို့ကို "အဝိနိဗ္ဘောဂရုပ်"ဟု ခေါ်ဆိုလေသည်။

ရုပ်တို့ကို သဘောအလျောက် အမျိုးခွဲခြားခြင်း သဘောကို ဖေါ်ပြပြီးနောက် ရုပ် '၂၈' ပါး တို့ ကို အောက်တွင်တရုပ်စီ ဖေါ်ပြလိုက်ပေသည်။

* ရုပ်၂၈ ပါး။ *

၁။ ခက်မာခြင်း၊ နူးညံ့ခြင်းစသောအဖြစ် "ပထဝီရုပ်"
၂။ ယိုစီးခြင်း၊ ဖွဲ့စေးခြင်းစသောအဖြစ် "အာပေါရုပ်"
၃ ထောက်ကန်ခြင်း၊ ရွေ့လျားခြင်းစသောအဖြစ် "ဝါယောရုပ်"
၄။ ပူ၍လောင်ကျွမ်းခြင်း၊ အေး၍လောင်ကျွမ်းခြင်း သဘောအဖြစ် "တေဇောရုပ်"
၅။ အမြင်ကို ဆောင်သောရုပ် "စက္ခုပသာဒရုပ်"
၆။ အကြားကို ဆောင်သောရုပ် "သောတပသာဒရုပ်"
၇။ အနံ့ကိုဆောင်သောရုပ် "ဃာနပသာဒရုပ်"
၈။ အရသာကိုဆောင်သောရုပ် "ဇိဝှါပသာဒရုပ်"
၉။ အတွေ့ကိုဆောင်သောရုပ် "ကာယပသာဒရုပ်"
၁၀။ ထင်လာသောအဆင်း "ရူပရုပ်"
၁၁။ ထင်လာသောအသံ "သဒ္ဒရုပ်"
၁၂။ ထင်လာသောအနံ့ "ဂန္ဓရုပ်"
၁၃။ ထင်လာသောအရသာ "ရသရုပ်"

၁၄။ မိန်းမသဘာဝလက္ခဏာများ "ဣတ္ထိဘာဝရုပ်"

၁၅။ ယောကျ်ား၏ သဘာဝလက္ခဏာများ "ပုမ္ဘာဝရုပ်"

၁၆။ မနော ဝိညာဉ်စိတ်၏မှီရာ ဟဒယဝတ္ထု "ဟဒယရုပ်"

၁၇။ အတူဖြစ်ပေါ်ရုပ်တို့ကို ထိန်းထားခြင်းအဖြစ် "ဇီဝိတရုပ်"

၁၈။ ကြီးပွားခြင်း၊ထောက်ပံ့ခြင်းအဖြစ် "အာဟာရရုပ်"

၁၉။ ကလာပ်စုတို့ကို ပိုင်းခြားထားခြင်းအဖြစ် "အာကာသရုပ်"

၂၀။ ကိုယ်လက်အင်္ဂါတို့၏ လှုပ်ရှားခြင်းအဖြစ် "ကာယဝိညတ္တိရုပ်"

၂၁။ နှုတ်မြွက်ဆို ဖေါ်ပြခြင်းအဖြစ် "ဝစီဝိညတ္တိရုပ်"

၂၂။ မနုံ့နှေး၊ မလေးလံသောအဖြစ် "ရူပဿလဟုတာရုပ်"

၂၃။ နူးညံ့ခြင်း၊ မဆန့်ကျင်ခြင်းအဖြစ် "ရူပဿမုဒုတာရုပ်"

၂၄။ ခံ့ကျန်းကောင်းမွန်ခြင်းအဖြစ် "ရူပဿကမ္မညတာရုပ်"

၂၅။ ရုပ်တို့၏ပြည့်စုံခြင်းအဖြစ် "ဥပစယရုပ်"

၂၆။ အစဉ်တည်၍ အဆွန့်ရှည်စွာ ဆန့်ခြင်းအဖြစ် "သန္တတိရုပ်"

၂၇။ ရင့်ရော်အိုမင်းခြင်းအဖြစ် "ဇရတာရုပ်"

၂၈။ ပျက်စီးလွင့်ပါးနေခြင်းအဖြစ် "အနိစ္စတာရုပ်"

ဤရုပ် '၂၈'ပါးတို့တွင် ကံကြောင့်ဖြစ်သောရုပ် '၁၈'၊ကေန်ကမ္မဇရုပ် '၉'၊ အဝိနိဗ္ဘောဂရုပ်'၈'၊ အာကာသဓါတ် စိတ်ကြောင့် ဖြစ်သောရုပ် '၁၅'၊"ဝိညတ် '၂' သဒ္ဒရုပ်'၁' လဟုတာ စသောရုပ်'၃'၊ အဝိနိဗ္ဘောဂ '၈'နှင့် အာကာသဓါတ် '၁" ဥတုကြောင့်ဖြစ်သော ရုပ်'၁၃' "ဝိညတ်မပါသော အထက်ပါ စိတ္တဇရုပ်များ" အာဟာရကြောင့် ဖြစ်သောရုပ်'၁၂'၊"သဒ္ဒမပါသော အထက်ပါ ဥတုဇရုပ်များ" ဟူ၍ ပိုင်းခြားကန့်သတ်နိုင်လေသည်။

## ကလာပ်စည်း။

ထိုရုပ်တို့ကို ကလာပ်စည်းအဖြစ်နှင့် ပူးပေါင်း ဖွဲ့စည်းပုံကိုလည်း ရှင်းလင်းပြဆို ထားပေသည်။ ရုပ်ကလာပ်ဟူသည်မှာ အပေါင်း အဖွဲ့အစည်းပင် ဖြစ်လေသည်။ အတူတကွ ဖြစ်ပေါ်ဖြစ်ဘက်ရုပ်များကို တပေါင်း တတွဲတည်းအားဖြင့် ခွဲခြားထားလေသည်။ ထိုရုပ်ကလာပ်တို့သည် တပြိုင်တည်းအတူဖြစ်ခြင်း "ဧကုပ္ပါဒ" တပြိုင်တည်းချုပ်ခြင်း၊ "ဧကနိရောဓ" တူသောမှီရာရှိခြင်း၊ "ဧကနိဿယ" ဟူသော အင်္ဂါသုံးပါးနှင့် ပြည့်စုံကြလေသည်။

ရုပ်ကလာပ် စည်းပေါင်း "၂၁"စည်း ပြဆိုခဲ့ခြားလေသည်။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ စက္ခုပသာဒရုပ်ဖြင့် မှတ်သားအပ်သော ဇီဝိတရုပ် '၁'၊အဝိနိဗ္ဘောဂရုပ်'၈'နှင့်စက္ခုပသာဒ'၁'၊စသည့် '၁၀'ခုကို "စက္ခုဒသက ကလာပ်"ဟု ခေါ်လေသည်။ ထိုနည်းတူ သောတ ပသာဒရုပ်ဖြင့် မှတ်အပ်သော "သောတ ဒသက ကလာပ်"စသည်ဖြင့် ပွားသော်"ဃာနဒသကကလာပ်၊ ဇိဝှါဒသက ကလာပ် ကာယဒသက ကလာပ်၊ ဣတ္ထိဘာဝ ဒ သ က ကလာပ်၊ ပုမ္ဘာဝ ဒသက ကလာပ်၊ (ဟဒယ) ဝတ္ထုဒသက ကလာပ်" အဝိနိဗ္ဘောဂရုပ်'၈'ပါး၊ ဇီဝိတရုပ်'၁'ပါး၊ စသည့် '၉'ခုတို့ကိုတွဲ၍ ဇီဝိတနဝက ကလာပ်"စသည်ဖြင့် ကမ္မဇ၊ ကံကြောင့် ဖြစ်သော ရုပ်တွဲကလာပ်စည်းပေါင်း '၉'မျိုးရရှိလေသည်။

၂။ အဝိနိဗ္ဘောဂရုပ်'၈'ပါးသည် "သုဒ္ဓဋ္ဌက ကလာပ်" ဖြစ်၏၊ အဝိနိဗ္ဘောဂရုပ်'၈'ပါးနှင့်ကာယဝိညတ္တိရုပ်တို့တွဲ၍ကာယဝိညတ္တိနဝကကလာပ်ဟုခေါ်လေသည်။ ဤသို့လျှင်ကာယဝိညတ္တိရုပ်အစားဝစီပညတ္တိရုပ်ကိုသွင်း၍ သဒ္ဒရုပ်ကိုပါ ပေါင်းလျက် "ဝစီဝညတ္တိဒသက ကလာပ်" ကိုရင်း၊ အဝိနိဗ္ဘောဂရုပ် '၈'ပါးကိုပင် လဟုတာအစရှိသော ရုပ်'၃'ပါးနှင့် ပေါင်းဖွဲ့သော် "လဟုတာ ဧကဒသက ကလာပ်" ကိုရင်း၊ ထိုရုပ် '၁၁'ပါးစုတွင် ကာယဝိညတ္တိရုပ် တွဲဘက် သ ဖြင့် 'ကာယဝိညတ္တိ လဟုတာ ဒွါဒသက ကလာပ်"ကိုရင်း၊ ထိုရုပ်'၁၂'ပါးစုတွင် ဝစီဝိညတ္တိရုပ်ကို တွဲ

ဘက်သဖြင့် "ဝစီဝိညတ္တိသ ဒလဟုတာ ဒိတေရသက ကလာပ်ကိုရင်း ရရှိနိုင်လေသည်။ ထိုသို့အားဖြင့် စိတ်ကြောင့်ဖြစ်သော ရုပ်တွဲ ကလာပ်စည်းပေါင်း '၆'မျိုး ရရှိလေသည်။

၃။ အဝိနိဗ္ဘောဂရုပ် ၈-ပါးသည် ဥတုကြောင့်ဖြစ်သော "သုဒ္ဓဋ္ဌကကလာပ်"ဖြစ်လေသည်။(ထိုကလာပ်သည် စိတ်ကြောင့်လည်းဖြစ်၍ ဥတုကြောင့်ရင်း၊ကံကြောင့်ရင်း ဖြစ်သေးသည် ဖြစ်သောကြောင့် ထိုကလာပ်များတွင်လည်း ထပ်၍ ထည့်သွင်း ရေတွက် လေသည်)။ ထိုရုပ်စု ၈-ပါးတွင် သဒ္ဒရုပ်ကို ပေါင်းစပ်၍ "သဒ္ဒနဝကကလာပ်" ကိုရင်း၊ လဟုတာ စသော ရုပ်၃-ပါးကို ပေါင်းစပ်၍ "လဟုတာဒိဧကာဒသကကလာပ်"ကိုရင်း၊ သဒ္ဒရုပ်ကိုထပ်ပေါင်း၍"သဒ္ဒလဟုတာဒိဒွါဒသကကလာပ်" ကိုရင်း ရရှိနိုင်လေသည်။ ဤသို့အားဖြင့် ဥတုကြောင့်ဖြစ်သော ကလာပ်စည်း ၄ မျိုးရရှိလေသည်။

၄။ အဝိနိဗ္ဘောဂရုပ် ၈-ပါးသည် အာဟာရကြောင့်ဖြစ်သော "သုဒ္ဓဋ္ဌကလာပ်"လည်းဖြစ်လေသည်။ ထိုရုပ် ၈-ပါးကို လဟုတာစသော ရုပ်၃-ပါး ပေါင်းစပ်သဖြင့် "လဟုတာဒိဧကာဒသကကလာပ်"ကို ရလေသည်။ ဤသို့အားဖြင့် အာဟာရကြောင့် ဖြစ်သော ကလာပ်စည်း(၂)မျိုးရရှိလေသည်။

ကံ၊စိတ်၊ဥတု၊အာဟာရဟူသောသမုဋ္ဌာန် ၄-ပါးကြောင့် ပေါင်းစု၍ ဖြစ်သော ရုပ်စု (၀ါ) ကလာပ်စည်း အမျိုးအစားပေါင်း "၉+၆+၄+၂" (၂၁)မျိုး ရရှိလာလေသည်။

ရုပ်များ စုတွဲ၍ ကလာပ်စည်း ဖွဲ့ရာတွင် ရုပ်၂၈ ပါးအနက်မှ အာကာသရုပ်နှင့်လက္ခဏာရုပ်၄ပါးတို့ မပါရှိပေ။ လက္ခဏာရုပ်၄ပါးမှာ ထိုရုပ်တို့၏ဖြစ်ခြင်း၊အစဉ်ပွားခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း၊ သဘောအမှတ်ဖြစ်သဖြင့် ကလာပ်စည်းတို့တွင် ရုပ်တပါးအနေဖြင့်ပါဝင်ရန်အကြောင်းမရှိချေ။အာကာသရုပ်မှာလည်း ဟင်းလင်းစပ်ကြားဖြစ်ခြင်းသဘောဖြစ်၍ ရုပ်တို့၏ နှစ်ခုအကြား၌ တည်ပြီးပါပြီးသဘောသို့ရောက်၍ သီးခြားရုပ်တွဲ အနေဖြင့် ပေါင်းဖွဲ့ရန် မလိုတော့ချေ။

ဤမျှဖြင့်လျှင် ရုပ်တို့၏ တည်ဆောက်ပုံ၊ ဖွဲ့ပုံ၊အမျိုးအစားကွဲပုံ၊သဘောလက္ခဏာဆောင်ပုံတို့ကိုအနုစိတ်၍ ဗုဒ္ဓဝါဒ၌ သုံးသပ် ဝေဘန်ထားလေသည်။ အကျယ် ကို ကားသင်္ဂြိုဟ်ရုပ်ပိုင်းတွင် လေ့လာနိုင်ပေသည်။

## နိဗ္ဗာန်

ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးရည်မှန်းရာ ပန်းတိုင်သည် နိဗ္ဗာန်ပင်ဖြစ်လေသည်။ ဒါန၊ သီလ၊ ဘာဝနာ ပြုလုပ်အားဆည်းသမျှမှာ လူချမ်းသာ၊ နတ်ချမ်းသာစသော ဘဝချမ်းသာများကိုမမှန်းထားဘဲ ဣဒံ မေပုညံ၊ နိဗ္ဗာနဿ၊ ပစ္စယော ဟောတု စသည်ဖြင့် နိဗ္ဗာန်အကျိုးငှာ အထောက်အပံ့ဖြစ်ပါစေသတည်းဟု ရည်မှန်းတောင်းတကြရပေသည်။ ဘုရားအလောင်းတော်သည်လည်း ဘုရားဆုကို ပန်ခြင်းမှာ နောက်ဆုံး နိဗ္ဗာန်သွားရာလမ်းကိုညွှန်ပြနိုင်ပြီးနောက် ကိုယ်တိုင်နိဗ္ဗာန်သို့ဝင်နိုင်ရန် အတွက်သာဖြစ်ပေသည်။ သို့ရာတွင် အချို့ပုဂ္ဂိုလ်များက ပုထုဇဉ်တို့ အလိုကို ၎င်း၍ နိဗ္ဗာန်ဆု အကြားမှပင် နိဗ္ဗာန်သို့မရောက်မီ စပ်ကြား စည်းစိမ်ချမ်းသာတို့ကိုထည့်သွင်းဆုပေးခြင်း၊ နိဗ္ဗာန်ကို နောက်ဆုံးထား၍ ဘဝကို ခံမင် စွဲလန်းကာ ဘဝသုခများကို

ဆုပန်ဆင်ခြင်းများ ပြုတတ်ကြပေသေးသည်။ မြတ်စွာဘုရား၏ အလိုတော်ကျအားဖြင့်သော်ကား နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ ကူးမြောက်ခြင်းကိုသာလျှင် ပဓာနထားကြောင်း သိရှိရန် လိုပေသည်။

ဓမ္မစကြာတရားဟု ဆိုအပ်သော ပထမဆုံး ဟောကြားတော်မူသည့် သစ္စာ လေးပါး တရားကို ဆင်ခြင်လျှင်ပင် ဒုက္ခနှင့် သမုဒယမှ ကင်းလွတ်ရာ ကင်းလွတ်ကြောင်း နိရောဓသစ္စာကိုဟောကြားခြင်းသည် နိဗ္ဗာန်ကို ထုတ်ဖော်တင်ပြညွှန်ကြားခြင်းဖြစ်၍ မဂ္ဂသစ္စာသည် နိဗ္ဗာန်ရောက်အောင် ကျင့်ဆောင်နည်းပင်ဖြစ်လေသည်။ ထိုတရားသည် ဗုဒ္ဓဝါဒပင်ဖြစ်၍ ဗုဒ္ဓဝါဒ၏ ပန်းတိုင်သည် ဘဝမှ ထွက်မြောက်ရာ နိဗ္ဗာန်ပင် ဖြစ်လေသည်။ သို့ဖြစ်သော် နိဗ္ဗာန်သည် မည်သည့်အရာနည်း ဟူ၍ ကွဲပြားစွာ သိရှိထားရန်လိုပေသည်။

နိဗ္ဗာန်ကို ချမ်းသာအမျိုးမျိုးနှင့်တွဲစပ်၍ ဆုတောင်းတတ်ကြခြင်းကြောင့် နိဗ္ဗာန်သည် လူချမ်းသာ နတ်ချမ်းသာတို့ထက် သာလွန်သောဘဝချမ်းသာတမျိုးဟူ၍ အထင်မှားတတ်ကြရုံသာမက နိဗ္ဗာန်သည် စည်းစိမ်ရှိသော ဘုံဘဝတမျိုးဟူ၍ပင် အထင်လွဲတတ်ကြပေသည်။

စင်စစ်သော်ကား နိဗ္ဗာန်သည် ရုပ်-နာမ် ဘဝအားလုံး ချုပ်ငြိမ်း ပျောက်ကွယ်သွားခြင်းမျှသာ ဖြစ်လေသည်။

သတ္တဝါတို့သည် သေဆုံး သွား သော အခါ ဘဝသည် ချုပ်ပျောက်သွားသည်မဟုတ်ဘဲ လူ့လောက၊ နတ်လောက၊ တိရစ္ဆာန်လောက စသည်တို့တွင် မိမိတို့ကောင်းမှု မကောင်းမှုအကျိုးပေးသည့်အတိုင်း ဘဝသစ်တဖန် ပေါ်ပေါက် ရပေသေးသည်။ဤသို့ဖြစ်ချည်ပျက်ချည်ကူးပြောင်းနေရသည်မှာ ဘဝပေါင်း ရေတွက်ခြင်းမပြုနိုင်အောင်ပင်ရှည်ခဲ့၍ ထိုသို့မပြတ် ဖြစ်ပျက်နေသော ဘဝအစဉ်တန်းကိုပင် သံသရာဟု ခေါ်ဆိုလေ သည်။ နိဗ္ဗာန်သည်ကား စက်ဝိုင်းကဲ့သို့ လည်ပတ်နေသော ဖြစ် ပျက်၊ ဖြစ်ပျက်အစဉ်ကို ပြန်၍ မစက်မလည်အောင် ဖြတ်တောက် အဆုံးသတ်လိုက်ခြင်းပင် ဖြစ်လေသည်။

ထိုသို့ ရုပ်နာမ် ချုပ်ငြိမ်းခြင်းသည် အရ သာရှိပါသလော၊ ကောင်းမြတ်သော လိုလားချက် ဖြစ်သင့်ပါ သလော၊အကျိုးမည်သို့ရှိပါသနည်း။

ဤအမြေကိုဖြေဆိုရန်မှာ ဖြစ်တည်သော ဘဝတိုင်းတွင် သုခချမ်းသာဟူသည်မှာ စိတ်မှတ်သညာတ ခဏ သာဖြစ်၍ ပကတိအားဖြင့် ဆင်းရဲဒုက္ခအတိသာဖြစ်ကြောင်းကို သဘောပေါက်ရန်လိုပေသည်။ ထိုဒုက္ခသည် ဘဝဖြစ်လေတိုင်း အရိပ်ပမာ လိုက်ပါနေသည်သာဖြစ်၍ ထိုဒုက္ခ၏ အဆုံးလမ်းမှာ ဘဝဆုံးရပ်သွားမှသာ ဆုံးရပ်မည်ဖြစ်ပေသည်။ နတ်ဘုံတွင် နတ် သား နတ်သမီး ဖြစ်ပါသော်လည်း ဒုက္ခသည် မကင်းပေ။ နာမ် မရှိသော ရုပ်အတိသာ ဖြစ် ပေါ် ရ သည့် ရူပဗြဟ္မာဘုံတွင် ၎င်း၊ ရုပ်သွင်ထင်ရှားမပေါ်ဘဲ နာမ်ချည်းသာဖြစ်တည်နေသော

အရှုပ်ပြုပ်ပြဿနာတို့တွင်သော်၎င်း၊ ဒုက္ခသည် မကင်းပေ။ ရုပ်ရောနာမ်ရော လုံးဝပျောက်ကွယ်၍ ဘဝ အသစ်တဖန် ပြန်၍ မဖြစ်တော့သည့် အခါမှသာလျှင် ထိုဒုက္ခ ကင်းပျောက်ပေလိမ့်မည်။ ဒုက္ခလုံးဝကင်းရခြင်းသည် မကောင်းပါ သလော၊ အရသာ မရှိပါသလော၊ အကျိုးမရှိပါသလော၊ လိုလားချက် မဖြစ်သင့်ပါ သလော။

ဒုက္ခလုံးဝကင်းပြတ်လေအောင် ဘဝပါ လုံးဝပြတ်တောက် ချုပ်ငြိမ်းခြင်းကို လိုလားအပ်သည်သာ ဖြစ်လေသည်။ ဘဝ ပြတ်တောက် ခြင်းသည် ဖြစ်နိုင်ပါသလော၊ တကယ်ဖြစ်နိုင်ကြောင်းကို မြတ်စွာဘုရားသည် သစ္စာလေးပါး အသိအမြင်အားဖြင့် ထင်ရှား မျက်မှောက်ပြု၍ သုံးသပ်သိမြင်ပြီး၍ ထိုသို့ဘဝပြတ်တောက်ရေးအတွက် ဘဝမည်ကဲ့သို့ဖြစ်လာရသည်ဟူသော ပဋိစ္စသမုပ္ပါဒ်စက်လည်ပုံကို၎င်း၊ ထိုဘဝမှ ပြတ်ထွက်နိုင်ရန် မဂ္ဂင်ရှစ်ပါး လမ်းစဉ်ကို၎င်း၊ ထိုနိဗ္ဗာန်၏ သဘောလက္ခဏာကို မဂ်ဖိုလ်လမ်းစဉ်ဖြင့် ထင်မြင်အောင် ရှုကြည့်ခြင်း၊ မျက်မှောက်ပြု၍ ခံစားကြည့်ခြင်း၊ နိဗ္ဗာန်သို့ ချဉ်းကပ်လွယ်သော ဉာဏ်အဆင့်သို့ တက်လှမ်းခြင်းတို့အတွက် ဝိပဿနာ နည်းလမ်းများကို၎င်း ဟောကြားညွှန်ပြထားပြီးဖြစ်လေသည်။

နိဗ္ဗာန်ကို ပညာရှင်တို့က အသီးသီးဖွင့်ဆို တင်စားခြင်း ပြုကြလေသည်။ သို့ရာတွင် ဉာဏ်နုသူတို့က တင်စား မှုကြောင့် အယူအဆ လွဲတတ်ကြပေသည်။ နိဗ္ဗာန်သည် ဝဋ်ဒုက္ခမီးကုန်စဲရာဖြစ်၍ ချမ်းသည့် သဘောရှိသည်ဟု

ဂုဏ်ကိုပြဆိုရာ၌ ရေခဲပြင်ထက် အေးသောနေရာတခုကဲ့သို့ စဲ့ထင် တတ်ကြပေသေးသည်။ အလွန်ထူးကဲ ချမ်းသာသည်ဟု ဂုဏ်ကို တင်ရာ၌ ကုဋေကုဋာ မရေတွက်နိုင်သော စည်းစိမ်ချမ်းသာမျိုး ကဲ့သို့ ထင်မြင်လာတတ်ကြပေသည်။ ဒုက္ခကင်းခြင်း အဖြစ်ကို ဂုဏ်ပုဒ်တင်စားချီးမွမ်းမည်ဆိုက မည်သည့်ဂုဏ်ပုဒ်နှင့်မဆို တင် စား၍ ရအပ်သည်သာ ဖြစ်ပေသည်။ သို့ရာတွင် ထိုတင်စားချက် သည် တင်စား ဖွင့်ဆိုချက်သာဖြစ်၍ သဘောရင်းမှာ ဘဝချုပ် ပျောက်ပြတ်စဲခြင်း၊ သို့မဟုတ် ရုပ်ရောနာမ်ပါ ကွယ်ပျောက်ခြင်း ဟူ၍ နားလည်ရန် လိုပေသည်။ ရုပ် နာမ် ပျောက်လျှင် အာရုံ၊ ဝေဒနာ၊ သညာ၊ ကုသိုလ်၊ အကုသိုလ် အားလုံးပြတ်စဲချုပ်ပျောက် ပြီးဖြစ်သည်ကို အထူးပြောဘွယ်မလိုတော့ပေ။

နိဗ္ဗာန်အကြောင်းကို ရှင်းလင်းပြတ်သား စွာ ထင်မြင်လွယ်စေရန် မြတ်စွာဘုရား ကိုယ်တော်တိုင် ပင်လျှင် အနည်းနည်း ရှင်းလင်းပြဆိုခြင်း၊ တင်စား ထုတ်ဖော်ခြင်းတို့ကို အခွင့်ရတိုင်း အထပ်ထပ်ပြုလုပ်ခဲ့လေသည်။

(က) ဥဒါန်းပါဠိတော်၊ ပထမဗောဓိဝဂ်၊ ဒသမအတ္တုပ္ပတ်၊ ဗာဟိယသုတ်တွင်-

အာရုံ ငါးပါး၌ မြင်ကာ ကြားကာမျှ သိမှတ်ခြင်းဖြင့် အာရုံကိုချုပ်ပျောက်စေနိုင်၍ ဒုက္ခ၏ချုပ်ပျောက် ရာရကြောင်းကို ရှင်းပြတော်မူလေသည်။ ဤစကားဖြင့် နိဗ္ဗာန် သည် အာရုံ၆-ပါးတည်ရာ လောကလည်း မဟုတ်၊ နိဗ္ဗာန်ဆိုက်

ရောက်သူ မည်သူမည်ဝါ ဟူသည်လည်း မရှိ၊ နိဗ္ဗာန် ဟူသော ဘုံဌာနလည်းမရှိ၊ ခံစားသူလည်းမရှိ၊ အာရုံနှင့်အာရုံခံစားသူတို့ ပြတ်တောက် ချုပ်ငြိမ်းမှု သဘော ကိုသာ ဖော်ပြ လေ သည်။ ထို့ကြောင့် နိဗ္ဗာန်၌ နေ-လ လည်း မရှိ၊ အလင်းရောင်လည်းမရှိ၊ ခေတ်ကြီးလေးပါးလည်းမရှိ၊ဝိဉာဉ်လည်းမရှိစသည်ဖြင့် ပိဋကတ် ဖွင့်ဆိုကြသော ပညာရှင်တို့က ဂုဏ်ပုဒ်တင်စားထုတ်ဖော်ကြလေ သည်။ ဤသုတ်တွင် ဝိပဿနာဉာဏ်ဖြင့် နိဗ္ဗာန်ကို လှမ်း၍ ရှုမြင် မျက်မှောက်ပြုနိုင်ကြောင်းကို ထင်ရှားစေလေသည်။

( ခ ) ထိုမှတပါး ဥဒါန်းပါဠိတော်၊ပါဋလိဂါမဝဂ်၊တဒါ ယတနသုတ်တွင်လည်း-

နိဗ္ဗာန်သည် မြေပြင်နေရာဒေသဘုံဗိမာန် ဟူ၍မရှိကြောင်း "အပ္ပတိဋ္ဌံ" ကိုရင်း၊ ဖြစ်ပျက် သဘော ကင်း ကြောင်း"အပ္ပဝတ္တမေဝ"ကိုရင်း၊ စျာန်အာရုံသဘောမျိုးလည်း မဟုတ်ကြောင်း "အနာရမ္မဏမေဝ" ကိုရင်း ဖော်ပြထားလေ သည်။

( ဂ ) ဥဒါန်းပါဠိတော်၊ပါဋလိဝဂ်၊ဋ္ဌတိယသုတ်၊ဒုကအဇာတ သုတ်တွင်လည်း-

နိဗ္ဗာန်သည် တဖန် ဘဝ မဖြစ်ကြောင်း "အဇာတံ"ကိုရင်း၊ ထင်ရှားမရှိကြောင်း "အဘူတံ" ကိုရင်း၊ ပြုအပ်သော အကြောင်းတရားကင်းကြောင်း "အကတံ"ကိုရင်း၊

ယင်းသို့အားဖြင့် ပြုပြင်မှုကင်းမဲ့ကြောင်း "အသင်္ခတ" ကို ရှင်းဖွင့်ပြလေသည်။

(ဃ) ဥဒါန်းပါဠိတော်၊ ပါဒဂါမဝဂ်၊ မဇ္ဈိမနိကာယ် အနိဿိတသုတ်တွင်လည်း-

တဏှာ အာရုံ အတွေ့အထွေ့၌ တပ်မက်၍ ပူလောင်ချောက်ချားခြင်း၊ ထိုအာရုံအကောင်းအဆိုး အမျိုးမျိုးကို တိမ်းညွှတ်သည့်အလျောက် ဘုံဘဝ အစားစား၌ ဖြစ်ရခြင်း၊ သေရခြင်း စသည်တို့ မရှိခဲ့သော် တပ်မက် လှုပ်ရှားခြင်း ကင်း၍ ငြိမ်သည်။ ငြိမ်လျှင် ဘဝ၌ညွှတ်ခြင်းမရှိ၍ ဘဝမဖြစ် သေခြင်း မဖြစ်သဖြင့် နိဗ္ဗာန်သို့ရောက်ကြောင်းကိုပြဆိုတော်မူလေသည်။

* နိဗ္ဗာန်နှင့်ပတ်သက်၍ စိုးစဥ်းမျှရှင်း၊ အထင်အရှားအားဖြင့်ရှင်း၊ ရှုကွင်းရှုကွက် အဖက်ဖက်မှ တင်ပြဖွင့်ဆိုအပ်သော သုတ် တို့ သည်လည်း များစွာပင် ရှိလေသည်။ အချုပ်အားဖြင့် နိဗ္ဗာန်ကို မည်သို့ပင် ဂုဏ်ဒြပ်ထုတ်၍ ပရိယာယ် အမည်သတ်မှတ်သည်ဖြစ်စေ၊ သဘောရင်းမှာကား ပြောင်းလဲခြင်း ဝိပ္ပရိဏာမဖြင့်မဟုတ်ပေ။ နိဗ္ဗာန်နှင့်ပတ်သက်၍ တင်စားသော ပညတ်အမျိုးမျိုးမှာကား အောက်ပါအတိုင်းပင် ဖြစ်လေသည်။ (အဘိဓာနပ္ပဒီပိကာ၊ သဂ္ဂကဏ္ဍ)။

## ☆ နိဗ္ဗာန်အမည် "၄၆" ပါး ☆

၁။ မရွှေလျော့ရာ 'အစ္စုတ'
၂။ အံ့သြဘွယ်ရာ 'အစ္ဆရိယ'
၃။ မဆွေးရင့်ရာ 'အဇ္ဇရန္တ'
၄။ မအိုရာ 'အဇာရ'
၅။ မဖြစ်ရာ 'အဇာတိ'
၆။ မဆင်းရဲရာ 'အဒုက္ခ'
၇။ မညွှတ်ရာ 'အနုဟ'
၈။ အမှိုကင်းရာ 'အနာလယ'
၉။ မပွားစီးရာ 'အနာသဝ'
၁၀။ မညွှန်ပြရာ 'အနိဒဿန'
၁၁။ ဥပါဒ်ကင်းရာ 'အနိတိကံ'
၁၂။ မပျက်စီးရာ 'အပလောကန'
၁၃။ မဖြစ်သင့်ရာ 'အစ္ဆုတ'
၁၄။ အဖျားကင်းရာ 'အဗျာဓိ'
၁၅။ ကြောင့်ကြကင်းရာ 'အဗျာပဇ္ဇ'
၁၆။ မသေရာ 'အမတ'
၁၇။ ပြုပြင်မှုကင်းရာ 'အသင်္ခတ'
၁၈။ မစိုးရိမ်ရာ 'အသောက'

၁၉။ ဘေးကင်းရာ 'ခေမ'
၂၀။ တဏှာကုန်ရာ 'တဏှက္ခယ'
၂၁။ လုံခြုံရာ 'တာဏ'
၂၂။ မှီခိုရာ 'ဒီပ'
၂၃။ ဆင်းရဲကုန်ရာ 'ဒုက္ခက္ခယ'
၂၄။ ဒေါသကုန်ရာ 'ဒေါသက္ခယ'
၂၅။ သဘောမှန်ရာ 'ဓမ္မ'
၂၆။ မြဲခိုင်ရာ 'ဓုဝ'
၂၇။ သိမ်မွေ့ရာ 'နိပုဏ'
၂၈။ မဖြန့်ချဲ့ရာ 'နိပ္ပပဉ္စ'
၂၉။ မြေရာ 'နိဗ္ဗုတိ'
၃၀။ တောင့်တရာ 'ပဏီတ'
၃၁။ ဆိုက်ရောက်ရာ 'ပဒ'
၃၂။ လည်းလျောင်းရာ 'ပရာယဏ'
၃၃။ တဖက်ကမ်းဖြစ်ရာ 'ပါရ'
၃၄။ လွတ်မြောက်ရာ 'မုတ္တိ'
၃၅။ မတွေဝေရာ 'မောဟက္ခယ'
၃၆။ ရာဂကုန်ရာ 'ရာဂက္ခယ'
၃၇။ ပုန်းအောင်းရာ 'လေဏ'

---

* နိဗ္ဗာန်နှင့်ဆိုင်ရာပိဋကတ်တော်မှသုတ်များကို နိဗ္ဗာန သုတ္တသင်္ဂဟ(အရှင်အာဒိစ္စဝံသ)တွင် လေ့လာနိုင် ပေသည်။

၃၈။ တပ်မက်ကင်းရာ၊ ဝိရာဂ’
၃၉။ ဆိတ်ကွယ်ရာ၊ ‘ဝိဝေတက’
၄၀။ မြဲရာမှန်ရာ၊ ‘သစ္စ’
၄၁။ ငြိမ်းအေးရာ၊ ‘သန္တိ’
၄၂။ ကိုးစားရာ၊ ‘သရဏ’
၄၃။ အေးချမ်းရာ ‘သီဝ’
၄၄။ ချမ်းသာရာ၊ ‘သုခ’
၄၅။ အမြင့်ခက်ရာ၊ သုဒုဒ္ဒယ’
၄၆။ စင်ကြယ်ရာ၊ ’သုဒ္ဓိ’

မည်သို့ပင်ဂုဏ်အားဖြင့် တင်စားသည်ဖြစ်စေ၊ နိဗ္ဗာန်၏ ပကတိအနက်သဘောသည် တိမ်ငုတ်ခြင်း မရှိသင့်ပေ။

နိဗ္ဗာန်ဟူရာတွင်နိဗ္ဗာန်နှစ်မျိုးခွဲခြားပြဆိုထားပေသေးသည်။ နိဗ္ဗာန်သည် မည်သို့သော အရာဖြစ်သည်ဟူ၍ ပရိယတ်တရားသဘောအားဖြင့် သိသောအသိ၊ ‘ဉာတသိ’ နှင့် ကိုယ်တိုင်အားထုတ်၍ သဘောသက်ဝင်သော မျက်မှောက်အာရုံသိ ‘တိရိတသိ’ဟူ၍ အသိနှစ်မျိုးကွဲပြားလေသည်။

မိမိကိုယ်ခန္ဓာမှ တဏှာအာရုံတို့ကို ချုပ်ပျောက်အောင် ဝိပဿနာနည်းအားဖြင့် အားထုတ် လုံ့လပြုသောအခါ၊ ဉာဏ်အဆင့်ဆင့်သက်ဝင်၍ နိဗ္ဗာန်၏အေးချမ်းမှုသဘောကို လှမ်းမြော်ရှုမြင်ရခြင်း၊ တနည်းအားဖြင့် ကာမ-အာစရှိသော အစွဲမျိုး မှ ကင်း၍ ပတ်ဝန်း ကျင် ငြိမ်း အေးခြင်းအားဖြင့် သိန္ဒိဋ္ဌိကနိဗ္ဗာန်ဟု ဆိုနိုင်သည့် သက်ဝင်မှုနိဗ္ဗာန်ကို ဘဝမခြားဘဲ မျက်မှောက်ပြုနိုင်လေသည်။

ထိုနိဗ္ဗာန်ကို 'သဉပါဒိသေသနိဗ္ဗာန်'ဟု ခေါ်ဆိုလေသည်။ ထိုနိဗ္ဗာန်အဆင့်ကား ရဟန္တာ၏ မဂ်ခဏမှစ၍ ပိုင်းခြားမှတ်ယူရလေသည်။ ကိုယ်ခန္ဓာအကြွင်းရှိသေးသော နိဗ္ဗာန်မျိုးဖြစ်လေသည်။

ထိုပုဂ္ဂိုလ်တို့စုတိကွယ်လွန်၍ ခန္ဓာပြတ်စဲသည့် နောက် ဘဝအသစ်တဖန် မဖြစ်တော့ဘဲ သံသရာပြတ်တောက်ရပ်စဲခြင်းသည် ခန္ဓာအ ကြွင်း မ ရှိ ရောက် အပ် သော 'အနုပါဒိသေသနိဗ္ဗာန်'ဟု ခေါ်ဆိုလေသည်။

ဤတွင် ခန္ဓာအကြွင်းရှိ အကြွင်းမဲ့....ဟူသော အယူအဆတွင် (ဓမ္မသင်္ဂဏီပါဠိတော်၊ ဒုက နိက္ခေပ၊ ဆဌမူ စာမျက်နှာ ၂၄၂) ကတမေဓမ္မ ဥပါဒါနိယာ စသော ပါဠိနှင့် (တိကနိက္ခေပ စာမျက်နှာ ၂၀၆)ကတမေဓမ္မာ အနုပါဒိဏ္ဏုပါဒါနိယာ စသော ပါဠိတို့ကိုထောက်၍ ဥပါဒိ ဟူသော ပါဠိအရ၊ သက္ကာယရှိသေးသော ပဉ္စုပါဒါနက္ခန္ဓာ ရှိသေးသော သဘောကို ကောက်ယူကြသူများလည်း ရှိပေသည်။ * ရုပ်ကြွင်း ခန္ဓာအကြွင်း ဆိုသည်မှာ သံသရာ တလျှောက် ဖြစ် လာ သော ဝိပါက်ကမ္မဇရုပ်တို့သည် ကိလေသာတို့နှင့် ယှက်ထွေးလာခဲ့ရာမှ ကိလေသာတို့ကို ပယ်သတ်လိုက်သောအခါ ကမ္မဇ ရုပ်အကြွင်း ကျန်နေခြင်းကိုပင် ကောက်ယူနိုင်ပေသည်။

---

* သင်္ဂြိုဟ်ဘာသာဋီကာ၊ စာမျက်နှာ ၄၆၇။

သဉပါဒိသေသနိဗ္ဗာန်ကိုဘဝလက်ငင်း မျက်မှောက်ပြု၍ထင်သောကြောင့် ဒိဋ္ဌဓမ္မနိဗ္ဗာန်....ဟု ခေါ်၍ အနုပါဒိသေသ နိဗ္ဗာန်ကိုမူ သမ္ပရာယိက နိဗ္ဗာန်,ဟု ခေါ်လေသည်။

## ☆ ပဋ္ဌာန်း ၂၄ ပစ္စည်း။ ☆

လောကတွင် သတ္တဝါ အားလုံးနှင့်အရာဝတ္ထုအားလုံးတို့သည် တနည်းမဟုတ် တနည်းအားဖြင့် ဆက်သွယ်စပ်ယှက်၍ နေကြသည်သာ ဖြစ်လေသည်။ ရုပ်ကလာပ်ရှိ ရုပ်အချင်းချင်း တို့သည်၎င်း၊ နာမ်နှင့်ရုပ်တို့သည်၎င်း၊ စိတ်အချင်းချင်းတို့သည်၎င်း၊ အနည်းနည်း ဆက်စပ် အကျိုးပြုလျက် ရှိကြလေသည်။ သို့ရာတွင် ဆက်စပ်မှု၊ အကျိုးပြုမှုတို့သည် တသွင်တည်း၊ တပုံစံတည်း တည်ရှိသည်မဟုတ်ပေ၊ ထိုဆက်စပ်မှုပုံစံအမျိုးအစားပေါင်းသည် အမျိုးအစား အားဖြင့် '၂၄'မျိုး

သာရှိသည်ဟု ဗုဒ္ဓရှင်တော်သည် ထိုးထွင်း သိမြင်တော် မူခဲ့လေသည်။ ဤဆက်စပ်မှုများကို အသေးစိတ် သိရှိခြင်းအားဖြင့် သာမန်အားဖြင့် ဆက်စပ်မှုမရှိဟု ထင်ရသော အရာတို့၏ ဆက်စပ်မှုသဘောသည် ပေါ်ထွက်လာ၍၊ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှု၊ လောက၏ ဖြစ်ပျက်မှု အားလုံးကို ရှင်းလင်း သေချာစွာ ထိုးထွင်းမြင်နိုင်စွမ်း ရရှိလေသည်။

ထိုသို့ အရာတခုနှင့်တခု ဆက်စပ် ကျေးဇူးပြုပုံပြုနည်း (ပစ္စည်း) '၂၄' မျိုးကို ဗုဒ္ဓရှင်တော်သည် အဘိဓမ္မာ ၇-ကျမ်း အပါအဝင်အားဖြင့် သတ်မှတ်သော တရားစု၌ ဟောကြားတော် မူခဲ့လေသည်၊ ယင်းတို့ကား အောက်ပါ အတိုင်းဖြစ်လေသည်။

၁။ ။အကြောင်းရင်းအခြေခံ အနေဖြင့်ကျေးဇူးပြုခြင်း၊ ဥပမာ သစ်ပင်၏အမြစ်သည် သြဇာဓါတ်ကို စုပ်ယူ၍ ပင်စည်ကို ဖွံ့ဖြိုးစေလေ သည်။ ထို့ကြောင့် အမြစ်သည် ပင်စည်အား အကြောင်းရင်း ဆက်စပ်နည်းဖြင့် ဆက်စပ်ပေးလေသည်။ သြဇာဓါတ် ပို့ပေးခြင်းအကြောင်းဖြင့် ဖွံ့ဖြိုးမှုအကျိုးကို ရရှိစေလေသည်။ ထို့ကြောင့် အကြောင်းအားဖြင့် ဆက်သွယ်ကျေးဇူးပြုသည်ဟု ဆိုနိုင်ပေသည်၊ အကြောင်းအကျိုးအားဖြင့် ဆက်သွယ်မှု သဘောကို (ဟေတုပစ္စည်း)ဟု ခေါ်တွင်လေသည်။

၂။ အာရုံစွဲခြင်းဖြင့်ကျေးဇူးပြုခြင်း။ ။စိတ်နှင့် စေတသိက်ဟူသော စိတ်ပြုတရားသည် တစုံ တခု သော အာရုံကိုသာလျှင် စွဲခြင်းဖြင့် ဖြစ်ပေါ်ရလေသည်။ ဤသို့အာရုံစွဲမှီခြင်းသည် စိတ်နှင့် အာရုံတို့၏ ဆက်သွယ်ပုံဆက်သွယ်နည်း တမျိုးဖြစ်လေသည်။ ထိုအာရုံမှီခြင်း အနေမျိုးဖြင့် တခုနှင့်တခု မှီတွယ်ကျေးဇူးပြုပုံမျိုးကို (အာရမ္မဏ ပစ္စည်း) ဟူ၍ ခေါ်ဆိုလေသည်။ ဥပမာအားဖြင့် အားနည်းသော ယောက်ျားသည် တောင်ဝှေးကို စွဲကိုင်ထောက်မှီခြင်းဖြင့် ရပ်တည်ရာရသည်ဖြစ်ရာ၊ ယောက်ျားနှင့် တောင်ဝှေးတို့၏ ဆက်စပ်မှုသည် စွဲမှီခြင်း သဘောဖြင့် ကျေးဇူးပြုသည်ဟု ဆိုနိုင်ပေသည်။ စိတ်နှင့်အာရုံတို့သည်လည်း ဤနည်းမျိုးဖြင့် ဆက်သွယ် ကျေးဇူးပြုလေသည်။

၃။ အကြီး အ မှူး အ ဖြစ် ရပ်တည်ခြင်းဖြင့် ကျေးဇူးပြုခြင်း။ ။မိမိနှင့်ဆက်စပ်၍ ဖြစ်ပေါ်သော တရားတို့တွင် အကြီးအကဲအနေဖြင့် ဆက်သွယ် ကျေးဇူးပြုခြင်း သဘောသည်လည်း၊ ကျေးဇူးပြုနည်းတနည်းဖြစ်လေသည်။ စစ်သည် တပ်သားစု တို့တွင် ရဲဘော်ရဲဘက် စစ်သားတဦးဟုဆိုနိုင်သော ဗိုလ်မှူးသည်၊ စစ်တပ်တခုလုံး အနေဖြင့် အကြီးအကဲ အဖြစ်ဖြင့် တပ်နှင့် ဆက်သွယ်ခြင်း ရှိသည်ဖြစ်ရာ ထိုဆက်စပ် ကျေးဇူးပြုပုံပြုနည်းမှာ အ ကြီး အကဲ သ

ဘောဖြင့် ဆက်စပ်နေခြင်းဖြစ်၍ ထိုသဘောကို (အဓိပတိပစ္စည်း)ဟူ၍ ခေါ်ဆိုလေသည်။

၄။ အခြားအကန့်မရှိ ဆက်စပ်ခြင်းဖြင့် ကျေးဇူးပြုခြင်း။ အကြောင်းအရာ တခုနှင့်တခုတို့၏ ဆက်စပ်ကျေးဇူးပြုမှုတို့တွင် အခြားအကန့် မရှိအစဉ်တစပ်တည်း ဆက်စပ် အကျိုးပြုနည်းကို (အနန္တရပစ္စည်း) ဟူ၍ ခေါ်တွင်လေသည်။ ဥပမာအားဖြင့် ရေစည် ထဲ ရှိ ရေထဲမှခွက်တခုဖြင့် ရေကိုခပ်ယူလိုက်သော် ထိုခပ်ယူသည့်ချိုင့်ဝှမ်းရာနေရာသို့ ဘေးမှရေများ တဆက်တည်း ပြည့်ဝင် နေရာ ယူလိုက်ပေသည်။ ဤသို့စပ်ကြား ဖြစ်ပေါ်မှုဟူ၍ အဆက်အစပ် ခြားနား ခုံကြားဝင်ခြင်းမရှိဘဲ၊ တဆက်တစပ်တည်း ကူးလှယ်တိုးဝင်၍ အစဉ်တဆက်တည်း ကျေးဇူး ပြုခြင်းမျိုး အနန္တရ ပစ္စည်းဟူ၍ ခေါ်တွင်လေသည်။ ပြက္ခဒိန်လများသည် တလကုန်သည် နှင့် ရပ်တံ့မနေဘဲ အခြားတလက အစဉ်တစိုက် တိုးဝင် နေရာယူလိုက်ခြင်းမျိုးပင်ဖြစ်လေသည်။

၅။ ပို၍ အခြားအကန့်ပျောက်ကာ၊ တသားတည်းတည်၍ ကျေးဇူး ပြုခြင်း။ ။အရာဝတ္ထု နှစ်ခုတို့သည် တခုကိုတခု ကျေးဇူးပြုသည်ဟု ဆိုရ သော်လည်း၊ ထိုတခုစီသည် မြင်သာလောက်အောင် ကွဲပြားစွာ ရပ်တည်နေသည် မဟုတ်ဘဲလျက် ကျေးဇူးပြုသော

နည်းလမ်း ရှိပေသည်။ ဒြပ်သီးခြား ရပ်တည်မနေ သော်လည်း၊ ကျေးဇူးပြုမှုသဘောကား မပျောက် မပျက် တည်ရှိနေလေသည်။ ဥပမာအားဖြင့် ဟင်း ခတ်ဆားတွင် ဆိုဒီယမ်ဟူသော ဒြပ်မှုန့်နှင့် ကလို ရင်းဟူသော ဒြပ်မှုန့် နှစ်မျိုးနှစ်စား ပေါင်းစပ်၍ ဖြစ်တည် နေသည်ဖြစ်၍ ဒြပ်မှုန့်တခုသည် တခုကို ပေါင်းစပ်ခြင်းဖြင့် တသားတည်း တည်ကာကျေးဇူး ပြုနေလေသည်။ ထိုဒြပ်မှုန့်တို့သည် ဆားအဖြစ် တ သားတည်း ဖြစ်တည်နေသော်လည်း၊ ဒြပ်မှုန့်အချင်း ချင်း ကျေးဇူးပြုမှု မရှိဟူ၍ကား မဆိုနိုင်ပေ၊ ထို နည်းတူပင် ဟိုက်ဒရိုဂျင် အနုမြူနှစ်လုံးတို့သည် ရေ အဖြစ်ဖြင့် တသားတည်းပေါင်းစပ် နေသဖြင့် မူတ မျိုးစီကိုခွဲ၍ ထောက်ပြခြင်း မပြုနိုင်စေကာမူ ကျေး ဇူးပြုမှု အဆက်အစပ် ထားရှိ သည် သာ ဖြစ် ၍ တ သားတည်းတည်လျက် ကျေးဇူးပြုခြင်းမျိုး ဟူ၍ပင် သတ်မှတ်ရပေသည်၊ ဤဆက်စပ် ကျေးဇူး ပြုနည်း မျိုးကို (သမနန္တရပစ္စည်း) ဟူ၍ ခေါ်ဆိုလေသည်။

## ၆။ အတူတွဲ၍ ရပ်တည်ခြင်းဖြင့် ကျေးဇူး ပြု ခြင်း။ ။

ကျေးဇူးပြုခြင်း အမျိုးမျိုးတို့တွင် အရာဝတ္ထုနှစ်ခုတို့ သည် တခုရှိ၍သာ တခုရှိနေရပြီး၊ တခုမရှိလျှင် အခြား တခု လည်း ဖြစ်မလာသောအားဖြင့် တွဲစပ်၍ တည်ခြင်းဖြင့် ကျေးဇူး ပြုဆက်စပ်ခြင်းမျိုးလည်း ရှိလေသည်။ ဥပမာ မီးရှိ၍ အလင်း

ရောင်ပေါ်ပေါက်ရပြီး မီးတခု ပျောက်ကွယ်မငြိမ်းသေးပါက အလင်းရောင် သည်လည်း တပါတည်း ပျောက်ကွယ် ရလေသည်။ ဤနည်းဖြင့် မီးကအလင်းရောင်ကို မိမိနှင့် တပါတည်း ယှဉ်တွဲရပ်တည်စေခြင်းဖြင့် ကျေးဇူးပြုခြင်းမျိုးကို "သဟဇာတ ပစ္စည်း"ဟူ၍ ခေါ်လေသည်။

၇။ အချင်းချင်း အပြန်အလှန် ထောက်ပံ့ခြင်းဖြင့် ကျေးဇူးပြုခြင်း။ ။ဖိုခနောက် သုံးလုံးပေါ်တွင် အိုးတလုံးကိုတည်ထားမည် ဆိုပါက အိုးကို ဖိုခနောက်တို့သည် အားဖြည့်၍ရပ်ခံကာသည်ကို တွေ့ရပေမည်။ ဖိုခနောက်တလုံး ဖြုတ်လိုက်သည်နှင့် တပြိုင်နက် အိုးသည် တိမ်းစောင်းသွားမည်ဖြစ်၍ ဖိုခနောက် သုံးလုံးစလုံးသည် မည်သည့် ဖိုခနောက်ကမျှ ဖယ်ရှောင်၍ မရအောင် အချင်းချင်း အားမျှ၍ ရပ်တည်ခြင်းဖြင့် အချင်းချင်း ကျေးဇူးပြုနေကြပေသည်။ ဥပမာ တ နည်း အားဖြင့် ကိုင်းပင်များသည် ကျွန်းရှိ၍ တည်နေ[illegible]း၊ ကျွန်း သည်လည်း ကိုင်းပင်များရှိနေ၍ ရေတိုက်စားခြင်းမှ သက်သာ၍ တည်တံ့နေရသည့်နည်းတူ တခုကိုတခု အပြန်အလှန် အကျိုးပြုဆက်စပ် ကျေးဇူးပြုခြင်းမျိုးသည်၊ ကျေးဇူးပြုနည်း တမျိုးဖြစ်၍ "အညမညပစ္စည်း"ဟု ခေါ်ဆိုလေသည်။

၈။ ရပ်တည်ရာ၊ မှီရာ ဖြစ်ခြင်း ဖြင့် ကျေးဇူးပြုခြင်း ။ သစ်ပင်တို့သည် မြေပြင်ပေါ်၌သာ ပေါက်ကြပေရာ၊ မြေကြီးသည် သစ်ပင်တို့၏ တည်ရာမှီရာ ဖြစ်လေသည်။ ထို့ကြောင့် သစ်ပင်နှင့် မြေကြီးတို့၏ ဆက်သွယ်မှုသည် တည်ရာ

မှီရာ အဖြစ်ဖြင့်ကျေးဇူးပြု၍ ဆက်သွယ်လေသည်၊ ထိုသို့ မှီ ရာ အဖြစ် ကျေးဇူးပြုခြင်းကို "နိဿယပစ္စည်း"ဟူ၍ ခေါ် ဆို လေ သည်။

၉။ အားထားမှီတင်းရာအဖြစ် ကျေးဇူးပြုခြင်း။ ။ကမ္ဘာကြီးတွင်အစားအစာတို့ရှိနေခြင်းကြောင့်သာသတ္တဝါတို့သည် အသက်ရှင်၍ နေရလေသည်။ အစားအစာတို့သည်သာ လုံးဝမရှိပါက အစားအစာကို မှီတွယ်နေရ သော သတ္တဝါတို့သည် သေကျေပျက်စီးရမည်ပင် ဖြစ်လေသည်။ ထိုနည်းဖြင့် သတ္တဝါနှင့် အစားအစာသည် သာမန်ရပ်တည်ရာ ရပ်တည်ကြောင်းအနေနှင့်သာမက၊ လုံးဝမှီတွယ် အားထားနေရသော သဘောအားဖြင့် ဆက်သွယ် ကျေး ဇူး ပြုနေ သည် ဖြစ်သော ကြောင့် ထိုသို့အားပြု မှီတွယ်ရာအဖြစ် ကျေး ဇူး ပြု နည်း ကို "ဥပနိဿယပစ္စည်း"ဟူ၍ ခေါ်တွင်လေသည်။

၁၀။ ရှေးဦး ဖြစ်နှင့်သော အားဖြင့် ကျေးဇူးပြုခြင်း။ ။ ရှေး၌ ဖြစ်နှင့်သော အကြောင်းအားဖြင့် နောက်ဖြစ်သော အရာကို ကျေးဇူးပြုသော နည်းသည်လည်း၊ ကျေးဇူးပြုနည်းတခုပင် ဖြစ်လေသည်။ ဥပမာအားဖြင့် အိုးတလုံးကို တူနှင့်ထုရိုက်သဖြင့် အိုးခြမ်းကွဲဟူ၍ ဖြစ်ပေါ်လာသည့် အခါတွင် အိုးသည် မတည်ရှိတော့ပေ၊ သို့ရာတွင် အိုးဟူ၍ ရှေးကရှိခဲ့သောကြောင့်သာအိုးခြမ်းကွဲဟူ၍ ရှိရပေသည်၊ထိုကြောင့်အိုးနှင့် အိုးခြမ်းကွဲတို့၏ ဆက်သွယ်မှုသည် ရှေး၌ရှိခဲ့ခြင်းအားဖြင့် ကျေးဇူးပြုသည်ဟု ဆိုရမည်ဖြစ်လေသည်။ ရှေးက ဝန်ထောက် ဖြစ်ခဲ့

သောကြောင့် နောင်အခါ အငြိမ်းစား ဝန်ထောက်ဟု ခေါ်ခံရခြင်းသည် ဤနည်းအားဖြင့် ဆက်စပ်လေသည်။ ထိုသို့ ရှေးကာလ၌ ရှိခဲ့ခြင်းအားဖြင့် အကြောင်းဆက်စပ်မှု ကျေးဇူးပြုမှုရှိခြင်းမျိုးကို "ပုရေဇာတပစ္စည်း" ဟူ၍ ခေါ်တွင်လေသည်။

၁၁။ နောက်၌ဖြစ်လာသောအားဖြင့်ကျေးဇူးပြုခြင်း။ ။

လူတယောက်သည် ငွေကြေးအတိုးအပွား ရရှိရန်ငွေများကို ရင်းနှီးထုတ်ချေးလေသည်။ ထိုသို့ငွေချေးစဉ် အခါက အတိုးဟူသော အရာသည် မဖြစ်ပေါ်သေးချေ၊ သို့ရာတွင်တရက်မှတလ၊ တလမှတနှစ်သို့ ကူးပြောင်းလာသောအခါ၌ အတိုးဟူသည်မှာ ဖြစ်ပေါ်လာရလေသည်။ သို့ဖြစ်ရာ အရင်းအနှီးသည် အတိုးနှင့် နောက်၌ဖြစ်လာသည့် သဘောအားဖြင့် ကျေးဇူးပြုလေသည်။ ထိုနည်းတူပင် သရက်စေ့ကို စိုက်ပျိုးသူသည် နောင်ရလာမည့် သရက်သီးကိုမျှော်၍ စိုက်ပျိုးသည်ဖြစ်ရာ ထိုသရက်စေ့နှင့် နောက် သီးမည့် သရက်သီးသည် လောလောဆယ်အားဖြင့် ထင်ရှားမဆက်စပ်သော်လည်း၊ နောက် ဆက်စပ် မည့် သဘောအားဖြင့် ကျေးဇူးပြုခြင်း ရှိလေသည်။ အနာ ပေါက်ပြီးနောက် အမာရွတ် ထင်ပေါ်လာခြင်းသည်လည်း ရှေ့သွားအနာ၏ နောက်မှ ဖြစ်လာခြင်းကြောင့် အနာနှင့် အမာရွတ်သည် နောက်အဖို့အားဖြင့် ဆက်စပ်လေသည်။ ထိုသို့ကျေးဇူးပြုခြင်းကို "ပစ္ဆာဇာတပစ္စည်း" ဟူ၍ ခေါ်လေသည်။

၁၂။ အကြိမ်ကြိမ် အလေ့အထုံရခြင်းဖြင့်ကျေးဇူးပြုခြင်း။

လမ်းလျှောက်ခြင်းကို နေ့စဉ် လေ့ကျင့်သော လူတ

ယောက်သည်၊ ဝေးလံသော ခရီးတခုကို မမောမပန်း လျှောက်နိုင်ပေလိမ့်မည်။ ထိုသို့ လျှောက်နိုင်ခြင်းသည် ယနေ့ လျှောက်ခြင်းတခုတည်း၏ အစွမ်း သက်သက်ကြောင့်သာ မဟုတ်ပေ။ ယမန်နေ့က လျှောက်ခဲ့ဘူးသော ကြောင့်သာလည်း မဟုတ်ပေ၊ လွန်ခဲ့သော ကာလတွင် တကြိမ်မက အကြိမ်ကြိမ် အထပ်ထပ် လမ်းလျှောက် ဘူးသော အလေ့အထံ ရှိခဲ့ခြင်း ကြောင့်သာ လျှောက်နိုင်စွမ်းခြင်း ဖြစ်လေသည်။ ရှိပြီးသော အထုံကြောင့် အစွမ်းတက်မှု ပေါ်လာရပေသည်။ အလေ့အထုံနှင့် အစွမ်းတို့သည်၊ ရုတ်တရက်ချက်ချင်း အကြောင်းဆက်စပ်မှု မရှိစေကာမူ အလေ့အထုံအားဖြင့် သဘောတူရာ အစွမ်းကို ဖြစ်ပေါ်စေခြင်း ကြောင့် ကျေးဇူးပြုခြင်း တနည်းဖြစ်လာလေသည်၊ ထိုကျေးဇူး ပြုခြင်းမျိုးကို အလေ့အထုံအားဖြင့် ကျေးဇူးပြုခြင်း "အာသေဝနပစ္စည်း"ဟု ခေါ်ဆိုလေသည်။

၁၃။ အားထုတ်ခြင်း စီရင်ခြင်းအားဖြင့် ကျေးဇူးပြုခြင်း။

လူတယောက်သည် မျိုးစေ့တခုကို သန့်ပြန့်စွာရွေး၍ ခြောက်သွေ့စွာ လှန်းကာ ပိုးခြံမကိုက်ရအောင် စောင့်ရှောက်လျက်၊ ကောင်းသောမြေ၌ စိုက်လေရာ ရှင်သန်သောအပင်ပေါက်၍လာလေသည်။ ထိုအပင်သည်အကြောင်းမဲ့ ဖွံ့ဖြိုးရှင်သန်မလာသည်မဟုတ်ပေ။ မျိုးစေ့ကို စောင့်ရှောက်ခြင်း၊ စိုက်ပျိုးခြင်း ဟူသော အားထုတ်မှု အကြောင်းကြောင့်သာ ရှင်သန်လာရပေသည်။ ထိုကြောင့် စိုက်ပျိုးမှုနှင့် အပင်ပေါက်ခြင်း တို့သည် အားထုတ် လုပ်ဆောင်ခြင်း အားဖြင့် ကျေးဇူး ပြုပေသည်။

အားထုတ်လုပ်ဆောင်မှု ရှိသောကြောင့် အစေ့သည်၊ အပင် အဖြစ်သို့ ကူးပြောင်းရသဖြင့် ကျေးဇူးပြုပုံ ပြုနည်းမှာ အား ထုတ်မှုသဘောမျိုးဖြင့် ဆက်စပ်လေသည်။ အတိတ် ဘဝ တွင် ပြုခဲ့သော အားထုတ်မှုကြောင့် ထင်လာသော အကျိုး ဖြစ် ပေါ်မှုသည်လည်း အားထုတ် လုပ်ဆောင် စီရင်မှု သဘောဖြင့် ကျေးဇူးဆက်သည်သာ ဖြစ်လေသည်။ ထိုသို့သော အကျိုး ဆက်သွယ်မှုမျိုးကို "ကမ္မပစ္စည်း"ဟူ၍ ခေါ်ဆိုလေသည်။

၁၄။ အားမထုတ်ဘဲ အကျိုးပြီးခြင်းဖြင့် ကျေးဇူးပြုခြင်း။

အချို့သော ကိစ္စတို့တွင် အထင်အရှား သိမြင်သာ အောင် အားမထုတ်ရဘဲလျက် အကျိုးပြီးစီးခြင်း မျိုးလည်း ရှိလေသည်။ အာရုံတခုကို ဆုံးဖြတ်ခြင်းကြောင့် ကိုလေသာ ငြိမ်းခြင်း ဖြစ်ပေါ်ရာ၌ ဆုံးဖြတ်ခြင်းနှင့် ငြိမ်းခြင်းတို့ဆက်စပ်မှု သဘော ရှိသည်မှန်သော်လည်း ထင်ရှားသော အားထုတ်မှုကား မပေါ်ထင်ချေ။

ထိုအတူပင် အိပ်မက်မက်၍ ထိတ်လန့် သော သူ၌ ထိတ်လန့် အောင် ကြိုးစား အား ထုတ် ခြင်း၊ အိပ်မက်မက်အောင် ကြိုးစား လုပ်ဆောင် ခြင်းကား မရှိချေ။ ထိုသို့ကြိုးစား အားထုတ်မှု မထင်ဘဲ ဖြစ်ပေါ်ရခြင်း၌ ဆက် စပ်မှု၊ ကျေးဇူးပြုမှု မရှိသကဲ့သို့ ထင်ရသော်လည်း ဆက်စပ် မှုကား ရှိသည်သာဖြစ်လေသည်။ ထိုသို့ထင်ရှား မမြင်သာသော ကျေးဇူးပြုမှုကို "ဝိပါကပစ္စည်း"ဟု ခေါ်ဆိုလေသည်။

၁၅။ အာဟာရဖြည့်စွမ်းသော အားဖြင့် ကျေးဇူးပြုခြင်း။ ရုပ်နာမ် ခန္ဓာတို့သည် အာဟာရတို့ကို ဖြည့်တင်းနေခြင်းကြောင့်သာ ခိုင်ခံ့၍ ထောက်ပံ့ရပ်တည်နိုင်စွမ်း ရှိလေသည်။ အာဟာရ မဖြည့်က ပျက်စီးယွင်းယို ရပေမည်။ မော်တော်ယာဉ်သည် ဓါတ်ဆီဟူသော အာဟာရကြောင့် စက်လည်ပတ်ရွေ့လျား ရလေသည်။ ဤသို့လျှင် လောင်စာ၊ သို့မဟုတ် အစာအဖြစ် ထောက်ပံ့ရသော ပစ္စည်းနှင့် စားသုံး တောက်လောင်၍ လှုပ်ရှားသော ပစ္စည်းတို့၏ ဆက်သွယ်မှုကား အာဟာရ သဘောဖြင့်သာလျှင် ကျေးဇူးပြုလေသည်။ မော်တော်ယဉ်နှင့်ဓါတ်ဆီသည်ရင်း၊ခန္ဓာကိုယ်နှင့် အာဟာရသည်ရင်း၊ဖြည့်စွမ်းသောအားဖြင့် ကျေးဇူးပြု ဆက်သွယ်လျက်ရှိ၍၊ ထိုသို့သော ကျေးဇူးပြုမှုကို "အာဟာရပစ္စည်း"ဟူ၍ ခေါ်ဆိုလေသည်။

၁၆။ ပိုင်စိုးခြင်း သဘောဖြင့် ကျေးဇူးပြုခြင်း။ ။လူ၏ ခန္ဓာကိုယ်၌ မျက်လုံး၊ နားခေါင်းတို့သည်ရှိ၏။ ထို မျက်လုံး နားခေါင်းတို့ဖြင့် မိမိ ကြည့်လိုသော အဆင်း၊ နံလိုသောအနံ့တို့ကို ကြည့်စေ ရှူစေ နိုင်စွမ်းရှိလေသည်။ ကိုယ်ခန္ဓာ အစိတ်အပိုင်းတို့၏ ဖောက်ပြန်မှုကို ထိန်းချုပ်ခြင်းငှါ အစိုးမရသော်လည်း၊ ထိုအင်္ဂါ အစိတ်အပိုင်းတို့ကို ဆန္ဒအလို အားလျော်စွာ အသုံးချရာ၌ ပိုင်းနင်းစိုးအုပ်၍ စေစားနိုင်လေသည်။ ဆိုကြောင့် စိတ်အလိုနှင့် ကိုယ်အင်္ဂါတို့၏ ဆက်ဆံရေးမှာ

ပိုင်စိုးခြင်းသဘောဖြင့် ကျေးဇူးပြု ဆက်စပ်လေသည်။ မိမိပိုင်သောအိမ်ကို မိမိဖျက်လိုက ဖျက်နိုင်၏။ ပြင်လိုက ပြင်နိုင်၏။ လူနှင့်အိမ်တို့၏ ဆက်သွယ် သည်လည်း ပိုင်စိုးခြင်းသဘောဖြင့် ကျေးဇူး ပြုလေသည်။ ထိုသို့သော ကျေးပြုပုံ ပြုနည်းကို "အိန္ဒြိယပစ္စည်း"ဟု ခေါ်လေသည်။

၁၇။ ချဉ်းကပ်ရှုမြင်သောသဘောအားဖြင့်ကျေးဇူးပြုခြင်း။

အကြောင်းအရာ တစုံတခုကို စွဲစွဲမြဲမြဲ ရည်မှတ်၍ တွေးတောကြံစည်ခြင်း၊ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း သဘောတို့ကို စဉ်းစားထင်မြင်ခြင်း စသည် တို့ သည် အာရုံ တခုခုသို့ ချဉ်းကပ်၍ ကြံစည်တွေးဆခြင်း ပြုရာ၌ အကြောင်း အရာနှင့် ကြံစည်သူတို့၏ ဆက်စပ်မှုသည် ချဉ်းကပ် ရှုမြင်ခြင်း သဘောအားဖြင့် ကျေးဇူးပြုနေပေသည်၊ ထိုကျေးဇူးပြုပုံကို "ဈာနပစ္စည်း"ဟူ၍ ခေါ်ဆိုလေသည်။

၁၈။ ခွါ၊ ကန်၊ ဖယ်ထွက်ခြင်းအဖြစ် ကျေး ဇူး ပြု ခြင်း။

လုံခြုံသော ရေနွေးအိုး တအိုးအတွင်း၌ ပိတ်လှောင်၍ထားသော ရေနွေးငွေ့သည် အငြိမ်နေမည်မဟုတ်ဘဲ ပွင့်ထွက်ရာလမ်းပေါက်ကို ရှာဖွေရှုန်းထွက်နေလေလိမ့်မည် ဖြစ်လေသည် လမ်းပေါက် တခုကို ဖွင့်လှပ်၍ပေးသည်နှင့် တပြိုင်နက် အိုး အတွင်းမှ အခိုးသည် ပြင်ပသို့ ရုန်းကန် ကူးထွက် သွားေ လိမ့်မည်။

ရေနွေး ငွေ့သည် ရေနွေးနှင့် မည်သို့ ဆက်သွယ်ပါသနည်း၊ ဖဲခွါရုန်းထွက်ခြင်း၊ လမ်းကြောင်း ရှာဖွေ၍ လိုက်ပါသွားခြင်းအားဖြင့် ကျေးဇူးပြုမှု ရှိပေလိမ့်မည်။ ခွာကန် ဖယ်ထွက်ခြင်း၊ ထုတ်ဆောင်ခြင်းအားဖြင့် ထွက်လမ်း ရှာခြင်း၊ ထွက်လမ်းမှ ထွက်ခြင်းတို့သည် အကျိုးပြုပုံ တနည်းဖြစ်၍ ထိုကျေးဇူးပြုပုံကို "မဂ္ဂပစ္စည်း"ဟု ခေါ်တွင်လေသည်။ ကောင်းသော လားရာဘဝမှရှင်း၊ မကောင်းသော လားရာဘဝမှရှင်း ထွက်ခွာဖဲကြဉ် ကူးမြောက်တတ်ခြင်းသည်လည်း မဂ္ဂပစ္စည်း သဘောအားဖြင့် ကျေးဇူးပြု၍ ဆက်သွယ်ခြင်းပင်ဖြစ်လေသည်။

၁၉။ သဘော သဘာဝ တူညီသော အားဖြင့်ကျေးဇူးပြုခြင်း။ ။ဆား၊ သိန္ဓောဆား၊ ဆားပုတ်၊ ရက္ခမူဆား စသည်တို့သည် ပစ္စည်းဝတ္ထုနှင့် ဖွဲ့စည်းမှုအရရှင်း၊ အမည်သီးခြားအားဖြင့်ရှင်း၊ တသီးတခြား ကွဲပြားကြလေသည်။ သို့ရာတွင်ငန်သောအရသာရှိ၍ ဆားဟူသောသဘောသဘာဝတို့သည် ထိုဆားအားလုံး၌ ပါရှိကြလေသည်။ ထိုဆားအားလုံးသည် တသားတည်းအားဖြင့်လည်း မဆက်ဆံပေ။

ဆန့်ကျင်သော အားဖြင့်လည်း မဆက်ဆံပေ၊ ယှဉ်တွဲ၍တည်လျက် တူရာသဘောကို ဆောင်သည်သာ ဖြစ်လေသည်။ ထိုအရာတို့သည် တခုနှင့်တခု ယှဉ်တွဲလျက် တူသည့်အဖြစ်ကို အတိုင်းအဆအားဖြင့် ဆောင်သည်ဖြစ်၍ သဘော သဘာဝ တူညီသောအားဖြင့် ကျေးဇူးပြုလျက်

ရှိလေသည်၊ ထိုကျေးဇူးပြုခြင်းမျိုးကို "သမ္ဗယုတ္တပစ္စည်း"ဟူ၍ ခေါ်တွင်လေသည်။

၂၀။ သဘောသဘာဝ မတူညီခြင်းအားဖြင့် ကျေးဇူးပြုခြင်း။

မိန်းမ လေးယောက်တို့သည် ယှဉ်တွဲ စုပေါင်း၍ရပ် နေကြကုန်၏။ အားလုံးသော သူတို့သည် မိန်းမများချည်း ဖြစ် လေသည်။ အတူတွဲ၍လည်း ပေါင်းဖွဲ့ နေထိုင် ကြ လေသည်။ သို့ရာတွင် တယောက်သည် အမိဖြစ်၏။ တယောက်သည် သမီး ဖြစ်၏။ တယောက်သည် ညီမဖြစ်၏။ တယောက်သည်ယောက်မ ဖြစ်၏။ တဦးနှင့်တဦးသည် တော်စပ်မှုအရ သဘောသဘာဝ တခြားစီဖြစ်၍ တူညီသောယှဉ်တွဲခြင်းသည် မရှိချေ။ တူယောင် နှင့် သဘာဝအားဖြင့် ကွဲပြားကြလေသည်။ လူ၏ ကိုယ်ခန္ဓာ၌ ရုပ်နှင့်နာမ်သည်ပေါင်းစပ်၍ အလုပ်လုပ်လေသည်။ သို့ရာတွင် ရုပ်သည် နာမ်မဟုတ်ချေ။ နာမ်သည် ရုပ်မဟုတ်ချေ။ မတူညီ သော အားဖြင့် တခုနှင့်တခု ကျေးဇူးပြုလေသည်။ ဤသို့ ကျေး ဇူးပြုပုံပြုနည်းကို 'ဝိပယုတ္တပစ္စည်း'ဟု ခေါ်တွင်လေသည်။

၂၁။ ထင်ရှားတည်ရှိခြင်းဖြင့် ကျေးဇူးပြုခြင်း။

လူတယောက်တွင် လက်နှစ်ဖက်သည်ရှိ၏။ ထိုလူ သည် လက်နှစ်ဖက်ဖြင့် အလုပ်လုပ်နိုင်ခွင့်ရလေသည်။ အကယ်၍ လက်နှစ်ဖက်သည် ပြတ်နေ၍ မရှိငြားအံ့။ ထိုသူသည် လက်ရှိရ ခြင်း၏ အကျိုးကျေးဇူးကို ခံစားရမည်မဟုတ်ချေ။ လက်နှစ်

ဖက်သည် ရှိနေခြင်းဖြင့် လူအားမကျေးဇူးပြု၏။ (ဝါ) အရှိသဘောဖြင့် ကျေးဇူးပြုလျက်ရှိလေသည်။ တည်ရှိနေခြင်းသည်ပင် ဆက်စပ်ကျေးဇူးပြုရာပြုကြောင်း ဖြစ်နေရခြင်းကို 'အတ္ထိပစ္စည်း' ဟူ၍ ခေါ်ဆိုလေသည်။

၂၂။ ထင်ရှားမတည်တော့ခြင်းဖြင့် ကျေးဇူးပြုခြင်း။

လူတယောက်တွင်မျက်စိနှစ်လုံးသည်ရှိ၏။ သို့ရာတွင် ထိုမျက်လုံးအစုံသည် မွေးကတည်းကပင် ကန်းခဲ့သဖြင့် ထိုသူ၌ စက္ခုမျက်လုံးအကြည်ဓါတ်သည် ဆင်းမဲ့ခေါင်းပါးခဲ့ရလေသည်။ မျက်လုံးနှင့် ထိုသူသည် မည်သို့ ဆက်စပ်နေသနည်း။ မရှိတော့ခြင်းအားဖြင့်တခုနှင့်ဘခုအကြောင်းဆက်သွယ်နေသည် မရှိတော့ခြင်းအားဖြင့် ကျေးဇူးပြုလေသည်။ တနည်း ဥပမာဆိုရသော်-သရက်သီးစိမ်း၌ ချဉ်သော အရသာရှိလေသည်။ သရက်သီး မှည့်၌ကား ချဉ်သောအရသာသည် လွင့်ပျောက်သဖြင့် ချိုသောအရသာပြန့်ပွားထက်မြက်လာခဲ့ရလေသည်။ ချဉ်သောအရသာသည် သရက်သီးမှည့်၌ မရှိတော့ချေ။ သို့ရာတွင် ထိုသို့ မရှိခြင်းသည် ချိုရာချိုကြောင်းကိုဖြစ်စေခဲ့လေသည်။ အချဉ်ရှိနေ သေး ချေက အချိုဓါတ်သည် ပြည့်ပြည့်ဝဝ အစွမ်းပြခွင့်ရမည်မဟုတ်ပေ။

ထိုကြောင့် သရက်သီးမှည့်အား အချဉ်ဓါတ်သည်မတည်ဘဲ၊ ဆုတ်ခွါရှောင်ရှားခြင်းဖြင့် ကျေးဇူးပြုလေသည်။ (ဝါ) မရှိခြင်းဖြင့် ကျေးဇူးပြုလေသည်။ ထိုသို့ မရှိခြင်းဖြင့်ပင် ဆက်စပ်ကျေးဇူးပြုခြင်းကို 'နတ္ထိပစ္စည်း' ဟူ၍ ခေါ်တွင်လေသည်။ ဖလ်ဘူးထဲတွင် ရေလောင်း၍ထည့်ချေသော လေ၏နေရာကို ရေ့ကယူသဖြင့် ရေပြည့်လေလျှင် လေ သည်

ရှောင်ထွက်ကင်းမဲ့သွားရလေသည်။ လေမရှိရခြင်းသည် ရေအပြည့်နေရာယူနိုင်ရန်အတွက် ကျေးဇူးပြုထားခဲ့ခြင်းပင် ဖြစ်လေသည်။ တစုံတခုမရှိရခြင်းကြောင့်ပင် ဆက်စပ်သော ကျေးဇူးပြုမှုတစုံတရာဖြစ်ပေါ်နိုင်ပေသေးသည်။

၂၃။ ချုပ်ပျောက်ခြင်းသို့ ရောက်သဖြင့် ကျေးဇူးပြုခြင်း၊ ဆားရည်ကို မီးပေါ်တွင် ကျိုချက်ရာ၌ ရေငွေ့တို့သည် တစ,တစ, ခန်းချောက်၍ နောက်ဆုံးပျောက်ခြင်းသို့ရောက်သည်နှင့် တပြိုင်နက် ဆားမှုန့်ဆားခဲတို့သည် ပေါ်လာရလေသည်။ ရေငွေ့သည် ကင်းကွာချုပ်ပျောက်ပေးခြင်းဖြင့် ဆားခဲတို့အား ကျေးဇူးပြုပေသည်။

ဆာ သည် ဒံ့စိုပြန်၍ အရည်အငွေ့ပြန်၍ စွဲဝင်လာသည်နှင့် တပြိုင်နက် ဆားရည်အနေသို့ ပြောင်းပေလိမ့်မည်။ ထိုကြောင့် ကင်းချုပ်ခြင်း ခဏကာလအတွင်း ဆားခဲဆားမှုန့်အဖြစ်တည်နေစေခြင်းကြောင့် ကင်းချုပ်ခြင်းအားဖြင့် ကျေးဇူးပြုလေသည်။ ဤသို့ ကျေးဇူးပြုပုံကို 'ဝိဂတပစ္စည်း'ဟု ခေါ်လေသည်။

ဤသို့ လုံးဝမရှိ ခြင်းအနေဖြင့် (ကင်းကွာ ပျောက်ကွယ်သွားခြင်းဖြင့်) ကျေး ဇူးပြုသည်ကို 'နတ္ထိပစ္စည်း'ဟုကောက်ယူ၍ 'ချုပ်စဲခြင်း ပြီးပြတ်ရုံဖြင့်' ကျေးဇူးပြုခြင်းကို 'ဝိဂတပစ္စည်း' ဟူ၍ ခွဲခြားလေသည်။

၂၄။ ချုပ်ပျောက်ခြင်းသို့မရောက်စေဘဲကျေးဇူးပြုခြင်း၊ ရှ ့ဟူသည်မှာ မြေမှုန့်နှင့် ရေတို့ပေါင်းစပ်၍ ဖြစ်ပေါ်နေခြင်း ဖြစ်လေသည်။ ရှ ့ထဲတွင် ရေ သည် ၎င်း၊ မြေသည်၎င်း၊ အတူတွဲ၍ ရှိနေပေသည်။ ရေသည် ထင်ရှား တည်ရှိခြင်းဖြင့် မြေမှုန့်တို့ကို ကျေးဇူးပြု နေပေသေးသည်။ သို့ ရာတွင် ထိုကျေးဇူး ပြုနည်းမျိုးဖြင့် သာမက ရေသည် ခန်း ခြောက်ပျောက်ခြင်း မပြုသေးဘဲ ချုပ်ခန်းမှုကို ဆိုင်းငံ့ ထိန်း ကိုင်ထားဆဲဖြစ်၍သာ ရှ ့ဟူ၍ ဖြစ်တည် နေရပေသည်။ အ ကယ်၍ရေသည် ချုပ်ပျောက်သွားလျှင် ရှ ့မှသည် မြေညက်ခဲ အဖြစ်သို့ ပြောင်းလဲ သွား ပေ လိမ့် မည်။ ထို့ကြောင့် ချုပ် ပျောက်ခြင်းသို့ မရောက်စေခြင်းဖြင့် ရေသည်ရွှံ့ကို ကျေးဇူးပြု နေပေသေးသည်။ ထိုကျေးဇူးပြုပုံမျိုးကို "အဝိဂတပစ္စည်း" ဟု ခေါ်တွင်လေသည်။

ဤသို့အားဖြင့် ပဋ္ဌာန်း ၂၄-ပစ္စည်းမှာ အရာဝတ္ထုတို့၏ တခုနှင့်တခု ဆက်စပ်ကျေးဇူးပြုပုံ၊ ရပ်တည် ဆက်သွယ်ပုံများကို အလေးအနက် ဥာဏ်တင်စဉ်းစား၍ ခွဲဝေ ထားခြင်း ဖြစ်ပေသည်။

ထို '၂၄'ပစ္စည်း (ဆက်စပ် ကျေးဇူးပြု နည်း)တို့သည် တမျိုးနှင့်တမျိုး သဘောနီးစပ် သိမ်မွေ့ လှ ခြင်းကြောင့် ရောမှား၍ တမျိုးတည်းအဖြစ် ကောက်ယူမိတတ် ပေသည်။ ဥပမာ-"အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်း""နိဿယ ပစ္စည်းနှင့် ဥပနိဿယပစ္စည်း" 'နတ္ထိပစ္စည်း နှင့် ဝိဂတပစ္စည်း'

"အနန္တရပစ္စည်းနှင့်သမနန္တရပစ္စည်း""အာရမ္မဏပစ္စည်းနှင့်ဈာန ပစ္စည်း"..."သဟဇာတပစ္စည်းနှင့် အညမညပစ္စည်း" စသည်တို့ ဖြစ်လေသည်။ စင်စစ်အားဖြင့် ကွဲပြားခြားနားသည် ဖြစ်၍သာ ဗုဒ္ဓက "၂၄"မျိုး ခွဲခြားရေတွက်ခြင်းဖြစ်လေသည်။

သို့ရာတွင် အရာဝတ္ထုနှစ်ခုသည် တချိန်တည်းတွင် ကျေးဇူးပြုပုံ တမျိုးတည်း အနေဖြင့်သာမက အခြားကျေးဇူးပြုနည်း မျိုးတို့ဖြင့်လည်း ကျေးဇူးပြုလျက် နေသည်ကို တွေ့ရတတ်ပေသည်။

ဥပမာရွှံ့တွင်....

၁။ ရေနှင့် မြေမှုန့်တို့သည်၊ ပူးတွဲရပ်တည် နေသည်ကို ထောက်သော "သဟဇာတပစ္စည်း" ပြု သည် ဟု ဆိုနိုင်၏။

၂။ ရေနှင့်ရွှံ့ဘို့သည် ပေါင်းစပ်ရပ်တည်နေသော်လည်း ရေသည် အရေဖြစ်၍၊ မြေမှုန့်သည် အမှုန့်ဖြစ်ရုံ၊ သဘာဝမတူဘဲ ရပ်တည်နေသည်ကို ထောက်သော "ဝိပယုတ္တပစ္စည်း"ပြုသည်ဟု ဆိုနိုင်ပေသည်။

၃။ ရွှံ့ထဲတွင် ဤကားရေ၊ ဤကားမြေမှုန့်ဟူ၍ ပကတိ အားဖြင့် ခွဲထုတ်ပြသ၍ မရနိုင်ဘဲ၊ တသားတည်း

ပေါင်းစပ်နေပုံကိုထောက်သော "သမနန္တရပစ္စည်း" ပြုသည်ဟု ဆိုနိုင်ပေသည်။

၄။ ရှုံ့ထဲတွင် ရေသည်မရှိသည်မဟုတ်၊ ရှိနေသည်မှာ အမှန်ဖြစ်သည်ကို ထောက်သော် "အတ္ထိပစ္စည်း" ပြုသည်ဟု ဆိုနိုင်ပေသည်။

၅။ တဖန်ရေသည် ရှိရုံသာမဟုတ်၊ ခန်းခြောက်နိုင်သော အရာဖြစ်၍ ခြောက်ဆဲလည်း ဖြစ်စေကာမူ၊ သိသာ လောက်အောင် ချက်ချင်းခန်းခြောက် ဆုပ်ဖယ်၍ မသွားဘဲ၊ ခန်းခြောက်မှုကို ပြီးပြတ်သွားသည်အထိ မရောက်စေဘဲ၊ တရွေ့ရွေ့ခန်းခြောက်မှု အဆင့်၌ သာထိန်း၍ ထားနေသေးသည်ကို ထောက်သော် "အဝိဂတပစ္စည်း"ပြုသည်ဟု ဆိုနိုင်ပေသည်။

၆။ တဖန်ရေသည် ရှုံ့ထဲမှ မြေမှုန့်များကို ခွာကန်၍ ရေငွေ့အဖြစ်ဖြင့် တပါးသို့ ထွက်မြောက် နေခြင်း ဖြင့် ကျေးဇူးပြုနေပုံကို ထောက်သော် စိတ်ဆောင် ခြင်းသဘောအရ "မဂ္ဂပစ္စည်း"ပြုနေသည်ဟု ဆိုနိုင် ပေသည်။

ဤသို့လျှင် အကျိုးပြုမှု အနည်းအများ ကိုမခွဲခြားဘဲ သဘောအားဖြင့် ကောက်ယူလျှင် အရာဌာန တခု၌ ပစ္စည်းပြုပုံအသွယ်သွယ်ကို (၀၁) အကြောင်းစပ်သွယ် ပုံအနည်းနည်းကို ခွဲခြားထုတ်ယူနိုင်မည် ဖြစ်လေသည်။

ဤကား ပဋ္ဌာန်း '၂၄' ပစ္စည်းကို လူပိန်း သဘောပေါက် လွယ်စေရန် လောကီပညာ၊ ဥပမာ-များဖြင့် လုပ်ဆောင် ရှင်းပြခြင်းသာဖြစ်၍ ထိုပဋ္ဌာန်း "၂၄"ပစ္စည်း၏ လောကုတ္တရာရေး အားဖြင့် ရုပ်၊ နံ၊ ခန္ဓာ။ စိတ်၊ စေတသိက် စသည်တို့ ကျေးဇူးပြုပုံကို တွက်ဆ ဆင်ခြင်မည် ဆိုက အတို အရှည်မရှိ လေးနက်ပေသည်။ ဗုဒ္ဓမြတ်စွာသည် စိတ်စေတသိက် ရုပ်၊ နာမ်၊ ဓမ္မတို့၌ တခုနှင့်တခု အကျိုးပြုပုံကို သုံးသပ်တင် ပြအံ့သော ငါသာလျှင် အကျိုးကျေးဇူးပြုပုံ '၂၄' မျိုး ကို ဟောကြားတော်မူခြင်းဖြစ်သည်။

ဥပမာအားဖြင့် ရာဂတတ်မက်မှု၊ကာယိကသုခ၊ ကိုယ်ချမ်းသာမှုတို့သည် ကုသိုလ်တရားတို့အား ဥပနိဿယပစ္စည်းပြုကုန်၏ ဟူ၍၎င်း၊ နာမ်သည် နာမ်အား ဟေတု ဈာန၊ မဂ္ဂ၊ သဟဇာတ၊ ဝိပါက ပစ္စည်းတို့ဖြင့် ပစ္စည်းပြုကုန်၏ ဟူ၍၎င်း၊ နာမ်သည် ရုပ်အား ပစ္ဆာဇာတပစ္စည်း ပြုကုန်၏ဟူ၍ ၎င်း၊ ရုပ်သည်နာမ်အား ပုရေဇာတ ပစ္စည်းပြုကုန်၏ဟူ၍၎င်း၊ အကျယ်အားဖြင့် များစွာခွဲခြမ်းစိတ်ဖြာ၍ ကောက်ယူဆင်ခြင် နိုင်ခွင့် ရစေလေသည်၊ ဤကိစ္စတို့ကား အဘိဓမ္မာ သဘောကို အကျယ်တဝင့်လေ့လာ၍ အခြေခံရရှိသူများသာလျှင် ထင်မြင် ခွဲခြမ်း၍ သဘောပေါက်နိုင်သော အရာဖြစ်၍ မျှသာ ဖေါ်ပြ လိုက်ပေသည်။

## * ကံတရား။

ကံဟူသည်မှာ ပါဠိဘာသာ ကမ္မ ဟူသောစကားလုံးမှ ရရှိသော စကားလုံးဖြစ်၍ အဓိပ္ပါယ် အားဖြင့်ပြုမှုချက်၊ ပြုလုပ်ချက်၊ အလုပ်ဟူ၍ အဓိပ္ပါယ်ရရှိလေသည်။ အားထုတ်ပြုလုပ်မှု ဟူသမျှသည် ကံပင်ဖြစ်လေသည်။ ဗုဒ္ဓ ဘာသာဝင်အချို့သည် ကံဟူသည်မှာ မိမိဘာမျှ မတတ်နိုင်ဘဲ၊ သဘာဝအလျောက် ဖြစ်ချင်ရာ ဖြစ်လာသည့် သဘောတရား အဖြစ်ဖြင့်၎င်း၊ ကံဟူသော တန်ခိုး သိဒ္ဓိတမျိုးက စေစား ဖန်တည်းချင်သလို ဖန်တည်း ကြိုးကိုင်ထားသည့် အဖြစ်အနေ ဟူ၍၎င်း ယူဆတတ်ကြလေသည်။

ကံသည် ကာလအားဖြင့် သုံးမျိုးရှိလေသည်။

လက်ငင်းပြုသောအလုပ် "ပစ္စုပ္ပန်က"

အတိတ်အခါ "ယခုဘဝ၌ဖြစ်စေ၊လွန်ခဲ့သောဘဝ၌ဖြစ်စေ"က ပြုခဲ့သောအလုပ် "အတိတ်က"။

ပြုလုပ် အားထုတ်မည့် အလုပ် "အနာဂတ်က"။

ဟူ၍ ခွဲနိုင်လေသည်။ အနာဂတ်ကံမှာ မပြုလုပ်ရသေးသော ရည်စူးချက်မျှဖြစ်၍ အလုပ်သဘောသို့ကား မရောက်သေးပေ၊ သို့ရာတွင် ကံသည် ကိုယ်ဖြင့်အားထုတ်သော "ကာယက" အလုပ်အမှုသာမက နှုတ် "ဝစီက"၊ စိတ် "မနောက"တို့ဖြင့် အားထုတ်စေ့ဆော် ဦးတည်သော အလုပ်များကိုလည်း ကံဟူ၍ သတ်မှတ်သဖြင့် အနာဂတ်ကံကို မနောကံသဘောတွင် ထည့်သွင်းနိုင်လေသည်။

အကျိုးနှင့် အကြောင်း အကြောင်းနှင့် အကျိုး ပစ္စည်းဆက်ပုံ နည်းအမျိုးမျိုးတိုင်း ပြုလုပ်မှု ကံရှိလျှင် ပြီးမြောက်ခြင်းအကျိုး "ကမ္မဖလ" တခုခုရှိပေလိမ့်မည်။ အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ၊ တခုခုသော အကျိုးသည် အကြောင်းကိုမှီ၍ ပေါ်ပေါက်လာပေလိမ့်မည်။

ယခု ရေသောက်၍ ယခု မွတ်သိပ်မှုပြေသော လက်ငင်းအကျိုးလည်း ရှိကောင်း ရှိပေမည်၊ နာရီအတန်ကြာမှ ဆီးသွားသော် နောင်ကာလ အကျိုးလည်း ရှိ

ကောင်းရှိပေမည်။ ရေမသောက်ရမိက ရေကိုရပြီ ဖြစ်သဖြင့် သောက်ရတော့မည်ဟု ကြိုတင်ပြဋ္ဌာန်းသော ရေ့သွား ဝမ်းမြောက်ခြင်းအကျိုးလည်း ရှိနိုင်ပေသည်။ လက်ငင်း မဟုတ်သော် တချိန်ချိန်၌ အကျိုးပေးလိမ့်မည်။

ယနေ့စိုက်သော စပါးပင်သည် နောင်လအနည်းငယ်ကြာမှ အသီးသီး၍ ယနေ့စိုက်သော အုန်းပင်သည် နောင်နှစ်များစွာကြာမှ အသီး သီးပေလိမ့်မည်။ လွန်ခဲ့သောနှစ်ပေါင်း သိန်းသန်းက နင်မြုတ်လေသော အရာဝတ္ထုတို့သည် ယခုအခါမှ ကျောက်မီးသွေး အဖြစ်သို့ ရောက်လာပေသည်။ ဤသို့လျှင် ကံသဘောသည် ကံ၏ အကျိုးပေးရာ "ကမ္မဝိပါက"၌ တဆက်တည်း ဖြစ်ကောင်းမှ ဖြစ်ပေမည်။

ဗုဒ္ဓဝါဒအရ ဘဝ၌ တပ်မက်မှုနှင့် အမှောင်ပုံးသော အဝိဇ္ဇာ၏ အကျိုးဆက်ကြောင့် ဘဝကို ဖြစ်စေရာ ဘဝတခုစီ၌ ရုပ်၊ ခန္ဓာ ချုပ်စဲသော်လည်း ပဋိသန္ဓေသိကံ အကျိုးဆက်၍ ထိုကံအားလျော်စွာ ဘဝသစ်၌ ရုပ်သင်ပြင်လာစေကာမူ နာမ်၏အကျိုး ဆက်တိုက်ပါကာ သံသရာအဆက်မပြတ်ပုံကို ဟောကြားသွားလေသည်။

ဤတွင် ဘဝတခုမှ ပြုမှုချက် ကံ၏ အကျိုးပေးသည် ထိုလက်ငင်းဘဝ၌ အကျိုး ပေါ်သည်လည်း ရှိ၍၊ နောင်သော ဘဝသို့လှမ်း၍ ကံအကျိုး ဆက်စပ်ကျေး

ဇူးပြုခြင်းလည်းရှိပုံကို ထင်ရှားစေလေသည်။ ထို့ကြောင့် အတိတ်ကာလကံ၊ အတိတ်ဘဝကံတို့သည် အလိုအလျောက် အမြတ်ရရှိသည် မဟုတ်ဘဲ၊ မိမိ၏ အားထုတ် မှုကြောင့်သာ ဖြစ်လာရသည်ကို သတိပြုနိုင်လေသည်။

ဤသို့အားဖြင့် ကမ္မဖလ၊ ကမ္မဝိပါက တို့ကို လက်ခံယုံကြည်နိုင်စေကာမူ လက်ငင်းအားထုတ်မှု မပါဘဲ၊ နေထိုင်ရုံဖြင့်ကား အတိတ်ကံတို့သည် အလို အလျောက် ပေါက်ရှိလာမြဲ မဟုတ်ပေ၊ အကျိုးပေးခွင့်ကြုံမှသာ အကျိုး ပေးနိုင်လေသည်။

ထိပေါက်မည့်ကံ ရှိစေကာမူ ထိထိုး ခြင်းကံ မရှိလျှင်ကား ထိပေါက်ရန် အခွင့်မကြုံနိုင်ပေ၊ ကံ အကျိုးပေးဆက်စပ်ရာ၌ သတ္တဝါသည် နိဗ္ဗာန်ကို မျက်မှောက် ပြုနေရသည့် တိုင်အောင် ဘဝကံ၏ အကျိုးဆက်အရ ဖြစ် တည်နေသောရုပ် "ဝိပါကမ္မဇရုပ်" ကြွင်းကျန်တည်ရှိနေသေး သောကြောင့် အနုပါဒိသေသ နိဗ္ဗာန်ကို မဝင်နိုင်သေးဘဲ ရှိရ လေသည်။ အချို့၌လည်း အတိတ်ကံအကျိုးဆက် ရှိစေကာမူ ဘဝခန္ဓာပြတ်စဲသောကြောင့် အကျိုးပေးခွင့် မဖြစ်လာတော့ ဘဲကျေပျက်သွားရခြင်း "အဟောသိကံ" မျိုးလည်းရှိလေသည်၊ ကံ၏သဘောကို အောက်ပါအတိုင်း ခွဲခြားထားလေသည်။

ကံကို စေတနာ စေတသိက်တွင် သ ဘောကောက်ယူ၍ ကုသိုလ် အကုသိုလ်ကံဟူ၍ ကောင်းမှုနှင့်

မကောင်းမှုကို ခွဲခြားလေသည်။ ကောင်းမှု"ကုသိုလ်" ကောင်းသောအလုပ်တို့မှာ မဂ္ဂင်ရှစ်ပါးအဝင်အပါ၊ သုစရိုက် "၁၀" ပါးပင်ဖြစ်၍ မကောင်းမှု မကောင်းသော အလုပ်မှာ ဒုစရိုက် "၁၀"ပါးပင် ဖြစ်လေသည်။ နိဗ္ဗာန်သို့ ဦးတည်သော ပုညကြိယာ "၁၀"ပါးဟူသော အကျင့် တရားများတွင် ဒိဋ္ဌိဇုကမ္မဟူ၍ ဖြောင့်မတ်မှန်ကန်စွာ လုပ်ကိုင်ခြင်း ဟူသော ကံတရားတပါးကိုလည်း ထည့်သွင်းထားလေသည်။

ဗုဒ္ဓဝါဒအရ ကံ၏ အကျိုးပေးပုံ အလိုက် လေးမျိုးခွဲခြားထားလေသည်။ မည်သို့သော အစွမ်းသတ္တိဖြင့် အကျိုးပြုပုံကို အောက်ပါအတိုင်း ခွဲခြားလေသည်။

## ကံ ၄ မျိုး (ကိစ္စဘေဒနည်း)။

၁။ ပဋိသန္ဓေ တည်နေရန်အတွက် ဆက်ပေးသော ကံ "ပဋိသန္ဓေနှင့် ကမ္မဇရုပ်တို့ကို ဖြစ်စေသော ကုသိုလ် အကုသိုလ် စေတနာများ ပဋိသန္ဓေ အခါ၌ရသော ဝိပါက် နာမက္ခန္ဓာကဋတ္တာရုပ် အကျိုးနှင့် ပဝတ္တိ သက်ရှိတည်ဆဲအခါ ရရှိသော ဝိပါက် နာမက္ခန္ဓာ ကဋတ္တာ ရုပ်အကျိုးများ ပါဝင်လေသည်"

(ဇနကကံ)။

၂။ ကံတခုကိုသော်၎င်း၊ ကံ၏အကျိုးပေးကို သော်၎င်း၊ အားပေးထောက်ပံ့သော အားဖြည့်ကံ၊ 'ပဋိသန္ဓေ အကျိုးပေးရာ၌ ကူပံ့သော ကုသိုလ်၊ အကုသိုလ် အကျိုးဆက်' 'ဥပတ္ထမ္ဘက ကံ'

၃။ ကံတခုကိုသော်၎င်း၊ ကံ၏ အကျိုးပေးကိုသော် ၎င်း၊ လျော့ပေါ့အောင် ဖိစီးနှိပ်စက်နိုင်စွမ်းရှိသော ကံ, (ကံတခုကို လုံးဝအကျိုးမထင်အောင်ပြုနိုင် စွမ်းကား မရှိချေ။) 'ဥပပီဠက ကံ'

၄။ ကံတခုကိုသော်၎င်း၊ ကံ၏အကျိုးပေးကို သော်၎င်း၊ လုံးဝပြီးပြတ်အောင် သတ်နိုင်စွမ်းသော ကံ၊ ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ နှစ်မျိုးလုံးပါရှိ၍ ပဋိသန္ဓေအကျိုးကိုလည်း လှမ်းပြုတတ်သော ကံ။ 'ဥပဃာတက ကံ'

ကံများကို အကျိုးပေးသည့် စွမ်းအင်ထက်မြက်မှုမည်မျှရှိသည်ကိုအစွဲပြု၍ အစွမ်းအနိမ့်အမြင့် အားဖြင့်လည်း ၄-မျိုးခွဲခြားထားပေသေးသည်။

## * ကံ ၄ မျိုး၊ (ပရိယာယဘေဒနည်း) *

၁။ အခြား ကံများက ဟန့်တားခြင်း၊ ပယ်ဖျက်ခြင်းမပြု နိုင်ဘဲ ပဋိသန္ဓေအကျိုးကိုလှမ်း၍ မုချပေးဆက်မည့် ကံ၊ 'ပဋ္ဌာနန္တရိယ ကံ'

မဟဂ္ဂုတ်လောကုတ္တရာ ကံ စသည်တို့ပါရှိလေသည်၊ 'ဂရုကံ'

၂။ ရှေးကပြုခဲ့ဘူး၍ သေခါနီးကာလ၌သာ ထင်လာသော ကံ၊ နောင်ဘဝကိုအဆုံးအဖြတ်ထင်စေသော ကံ။ 'အာသန္န ကံ'

၃။ ရက်လရှည်စွာ စွဲမြဲအကျိုးပြုနေသော ဘဝပြု ကံ၊ 'အာစိဏ္ဏ ကံ'

၄။ ရှေးအတိတ်က သိုလှောင် စုဆောင်း ထားရာမှ ပြန် ပေါ်လာသည့် ကံ၊ 'ကဋတ္တာ ကံ'

ဤ ကံ လေးမျိုးတွင် လူတို့၏ဘဝကို ပြုပြင်ချုပ်လှယ်နေသော ကံတို့၌ အစဉ်အတိုင်း အားဖြင့် ထိပ် ဆုံးတွင် ဂရုကံ ဖြစ်လေသည်။ ဂရုကံ၏ အကျိုးပေးခြင်း

မရှိခဲ့သော်၊ သို့မဟုတ်၊ အကျိုးပေးစရာ ဂရုကံ မရှိခဲ့သော်... အာစိဏ္ဏကံနှင့် အာသန္နကံ,နှစ်မျိုးအနက် အားကောင်းသော ကံတမျိုးမျိုးက အကျိုးပေးလေသည်။

အာသန္နကံ၌ ရွေးကပြုခဲ့သော ကောင်းမှု,မကောင်းမှုတို့ အရိပ်ပြန်ထင်သော ကမ္မ နိမိတ်နှင့် နောင်တဘဝလားရာ၊ ဂတိ,ကို အာရုံထင်မြင် စေသော ဂတိ, နိမိတ်နှစ်မျိုးကို ဖြစ်စေ၍ ပဋိသန္ဓေဘဝသစ်ကို အကျိုးပေးလေသည်။ ထိုကံမျိုးမရှိခဲ့သော်၊ ကဋတ္တာ ကံက အကျိုးပြုလေသည်။

ထိုမှတပါး အကျိုးပေးသည့် အချိန် အခါ၊ သို့မဟုတ်၊ အကျိုးပေး မည်မျှ ကွာလှမ်းသည်ကို ပိုင်းခြားသောအားဖြင့် ကံလေးမျိုးကို ခွဲခြားထားလေသည်။

---

ဗုဒ္ဓအဘိဓာန်စာမျက်နှာ ၆၈ မှ ၇၀။

## ☆ ကံ ၄ မျိုး (ကာလဘေဒနည်း) ☆

၁။ မျက်မှောက်ဘဝ၌ ချက်ချင်းလက်ငင်း အကျိုးပေးကံ၊ (ပဌမ ဇော စေတနာ)
'ဒိဋ္ဌဓမ္မဝေဒနိယ ကံ'

၂။ ဤဘဝ၌ အကျိုးမပေးဘဲ၊ နောင် (ကပ်လျက်ဖြစ်သော)ဘဝ၌သာ အကျိုးပေးမည့်ကံ၊ (သတ္တမဇော စေတနာ) 'ဥပပဇ္ဇဝေဒနိယ ကံ'

၃။ နောင် တတိယဘဝမှစ၍ ဘဝမချုပ်ငြိမ်းမီ၊ နိဗ္ဗာန် မရောက်မီအကြားတွင် အခွင့်ရသော ဘဝ၌ အကျိုးပေးမည့် ကံ၊ (အလယ်ဇောငါးချက်စေတနာ)
'အပရာပရိယ ဝေဒနိယ ကံ'

၄။ မည်သို့မျှ အကျိုးပေးခွင့်မကြုံ၍ အကျိုးမပေး လိုက်နိုင်တော့သည့် ကံ။ အကျိုးဆက် ပျက်ပြယ်သွားသည့်ကံ၊ 'အဟောသိကံ'

ဤကံ ၄-မျိုးကိုထောက်သော် လက်ငင်းလက်တွေ့ လုပ်ကိုင်ဆောင်ရွက်မှု ကံအပြင် ဘဝတပါး၌ အကျိုးပေးစေရန် စုံဆောင်းသိုလှောင်ရေးအတွက် အားထုတ်

အပ်သော ကံနှင့် ရှေးအတိတ်က အားထုတ်မှုကြောင့် ဆက်ခံရရှိနေသည့် အတိတ်ကံ၏အကျိုးဆက်တို့သည် ဘဝတိုင်း တည်ရှိနေသည်ကို သတိပြုနိုင်ပေသည်။

ကြွေးဟောင်းကိုပြန်ရ၍ ကြွေးသစ်ထုတ်ချေးကာ ကြွေးပြန်ရမည့်အလားအလာကို မျှော်ထောက်ရခြင်းသည် သံသရာဘဝများ၌ ကံ၏ စက်လည်မှုပင် ဖြစ်လေသည်။ အတိတ်ကကောင်း၍ ယခုလည်း ကောင်းသော်၊ နောင်လည်း ကောင်းရမည့် အကျိုးဆက် သဘောကို၎င်း၊ အတိတ်ကဆိုး၍ ယခုလည်း ဆိုးပါက နောင်လည်း ဆိုးရမည့် အကျိုး ဆက် သဘောကို၎င်း၊ သတိပြုနိုင်လေသည်။

ကံ၏သဘောတရားအရ၊ အတိတ်ကံကြောင့် ပစ္စက္ခ၌ မကောင်းကျိုးထင်ခြင်းကို သည်းခံ၍ တတ်နိုင်သမျှ ကောင်းအောင် အားထုတ်ခြင်းဖြင့် 'ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးကိုရ၍ မကောင်းကျိုးကို အတော်အတန် ဖြိုဖျက်ပယ်ရှားနိုင်သော ဂရုကံ (ကောင်းသောဘက်မှကံ) အစွမ်းကို ရရှိကာ နောင်ဘဝအတွက် သိုလှောင်နိုင်မည့် ကဋတ္တာ ကံ။ ပဋိသန္ဓေ အကျိုးပြုနိုင်သည့် ဥပဃာတက ကံ၊ (ကောင်းသောဘက်မှ ကံတို့ကို ဖြစ်စေနိုင်မည်ဖြစ်လေသည်။

စင်စစ်သော်ကား မိမိ၏ ကောင်းကျိုးဆိုးကျိုးကို မည်သူမျှမပြုဘဲ မိမိကသာလျှင်ပြုနေသည့်သဘောကို ထင်ရှားစေလေသည်။

ကံသာအမိ၊ ကံသာအဖ။

ဘယ်သူမပြု၊ မိမိမှု။

ကံသာလျှင် ကိုးကွယ်ရာ။

ကံပစ်ချရာ....

ဟူသော စကားများသည်၊ ပစ္စက္ခဉ် အားထုတ်မှု ဘာမျှမပြုလုပ်ရန် စိတ်ပျက်အားလျော့ ရပ်နား နေရန်အတွက် မဟုတ်ဘဲ လုပ်လျှင်ရသည်၊ အကြောင်းရှိလျှင် အကျိုးထင်မည်။ အကျိုးထင်ခြင်းသည် အကျိုးကြောင့် ဖြစ်သည်။ မိမိသည် အကောင်းကိုဖြစ်စေ၊ အဆိုးကိုဖြစ်စေ ဖန်တည်းနိုင်စွမ်းရှိသည်။ မိမိလိုရာကို မိမိလုပ်ယူနိုင်သည်။ မလုပ်ဘဲ ဘာမျှ ဖြစ်မလာ ဟူသော သဘောများကို ထင်ရှားစေသည် အာဖြစ်လေသည်။

အတိတ်ကကံ၏ အကျိုးကိုငုံ၍ ငြိမ်သက်စွာ ခံနေရန်လည်း မဆိုချေ။ ပစ္စုပ္ပန်ကံ၏ အကျိုးမရှိဟူ၍လည်း မဆိုချေ၊ ကံသည် လက်ငင်းအကျိုးမရ၊ နောင်မှ ရမည်ဟူ၍လည်း တဖက်သတ်မဆိုချေ၊ ကံ၏အကျိုးဖြစ်တတ်ပုံ အကျိုးပေးတတ်ပုံ၊ အကျိုးပြယ်တတ်ပုံ၊ အကျိုးလွှမ်းမိုးတတ်ပုံ၊ အကျိုးကြီးငယ်ဖြစ်တတ်ပုံ၊ အကျိုးပေး နီးဝေး ဖြစ်တတ်

ပုံ၊ အကျိုးပေးအစွမ်း ကွဲပြားပုံ တို့ကိုသာလျှင် တင်ပြထားလေသည်။

ဗုဒ္ဓ၏ ကံအယူအဆကြောင့် လက်ငင်းလက်တွေ့တွန့်ဆုတ်ခြင်း၊ အားပျက်ခြင်း၊ ရေသာခိုခြင်းကို မဖြစ်စေဘဲ၊ အားတင်းခြင်း၊ အားထုတ်ခြင်း၊ ပို၍ကြိုးပမ်းခြင်း၊ အဆိုးကို ခံနိုင်ရည်ရှိခြင်းတို့ကိုသာ ဖြစ်စေနိုင်လေသည်။ ကံနှင့်ပတ်သက်၍ အမြင်မှန်ကန်အောင် ရှုမြင်သုံးသပ်ရန် လိုလေသည်၊ တဖက်သတ် အမြင်ဖြင့် သုံးသပ်မိပါက အတိတ်ကံကိုယိုးမယ်ဖွဲ့ကာ ပစ္စုပ္ပန်ကံကို လျစ်လျူရှုထား မိပေလိမ့်မည်။

## ☆ ဈာန်။ ☆

ဈာန်ဟူသော စကားမှာ သာမန် အားဖြင့်သိလွယ်အောင် ရှင်းပြ၍မရဘဲ၊ အာရုံပြု၍ သက်ဝင်ခံစားမှုဖြင့်သာ အလုံးစုံသဘောပေါက်နိုင်သော ဝင်စားမှု သဘောဖြစ်လေသည်။ ထို့ကြောင့်အချို့သော ပါဠိ အဘိဓါန်များ၌၊ ဈာန-ဈာန်ဟူ၍သာ အနက်ဖွင့်လေသည်။ အချို့ အဘိဓါန်၌ကား၊ ဈာန်သဘော အခြေခံရစေရန် "ကပ်၍ရှုခြင်း၊ ကသိုဏ်းအစရှိသော အာရုံကို (စွဲ)ကပ်၍ရှုခြင်း၊ ဝိပဿနာ၏ အခြေဖြစ်သောဈာန်"ဟူ၍ ဖွင့်ဆိုကြလေသည်။

အချို့အဘိဓါန်၌ကား "ကြံခြင်း၊ ပထမဈာန်စသော ဈာန်တရား"ဟုပင် ဖွင့်ဆိုလေသည်။ ပါဠိအင်္ဂလိပ်

အဘိဓါန်တို့၌ ဘဝင်ကျနေခြင်း၊ မျောနေခြင်း ဟူသော အဓိပ္ပါယ်ဖြင့် ဖွင့်ဆို၍ စိတ်၌ စွဲယူခံစားခြင်း သဘောဖြင့်လည်း အနက်ပေါ်လေသည်။

စင်စစ်အားဖြင့် ဈာန်ဟူသည်မှာ ပကတိ ရုပ်ဒြပ် ကသိုဏ်းဝန်းကိုဖြစ်စေ၊ စိတ်၌ ဆင်ခြင်သော သတိ အောက်မေ့ခြင်း တခုခု၌ဖြစ်စေ၊ အခြားသို့ အာရုံ မပြန့်လွင့်စေဘဲ စူးစူးစိုက်စိုက် အာရုံစွဲဝင်အောင် ရှုဆင်ခြင်ရာမှ တည်ငြိမ်စူးစိုက်မှု တဆင့်ထက်တဆင့် ရင့်သန်စူးယှလာပြီးလျှင် အာရုံခိုင်မြဲခြင်းဖြင့် ငြိမ်သက်မှု အဆင့်ဆင့် အားဖြင့် "၅-ဆင့်" ခံစားရရှိသော အာရုံ၌ စွဲကပ်မှုသဘောပင်လျှင် ဖြစ်လေသည်။

ဈာန်၏ အဆင့် '၅-ဆင့်'ကို ဆင်ခြင်လျှင် ဈာန်၏သဘောကို စွဲပိုက်မိမည် ဖြစ်လေသည်၊ ဈာန်အခြေသို့ စိတ်ကရောက်သောအခိုက်တွင် အာရုံ ငါးပါး တို့သည် လုံးဝပျောက်ကွယ်နေပြီး၊ နီဝရဏ တရားငါးပါး တို့သည်လည်း ချုပ်ငြိမ်း နေလေသည်၊ အခိုက်အတန့် အားဖြင့် တဏှာ၊ အဘိဇ္ဈာ၊ သောက၊ သံသယစသည်တို့ လုံးဝ ခွာထုတ်ထားလေသည်။

ဘာဝနာ အားထုတ် သူသည် တဟုန်တည်း ဈာန်အခြေသို့ ရောက်သည်ကား မဟုတ်ပေ၊ ရှုသော ကသိုဏ်းဝန်းမှ စိတ်၌ ထင်လာသော ကသိုဏ်းဝန်းကို အာရုံ၌ စွဲလာသော အဆင့်၌ နီဝရဏတရားများ မချုပ်ငြိမ်း သေးသော်လည်း၊ အာရုံစွဲမှု ရှိလာပြီဖြစ်၍၊ ပရိကမ္မအဆင့်ဟု ခေါ်

၍၊ ထိုနောက်တွင် ဈာန်အခြေနှင့် နီးကပ်လာအောင် အာရုံစွဲမှု ရင့်ခိုင်လာရာ၌ နီဝရဏတရားများလည်း ငြိမ်းသွားသည်ဖြစ်၍ ဥပစာရ အဆင့်ဟု ခေါ်လေသည်။

နောက်ဆုံးတွင်ကား ဈာန် အ ခြေ ဖြစ်သော အပ္ပနာအဆင့်သို့ရောက်၍ ဈာန်၏တံခါး "၅-ဆင့်"ဖြစ်သော ဈာန်အင်္ဂါတို့ကို ခံစားစံစားရရှိလေသည်။ အဆင့်"၅" ဆင့်လုံး တဆင့်စီ ကူးနေသော ပထမဈာန်ကို ရပြီးနောက်၊ '၄'ဆင့်ပြင့် ကူးရောက်ဝင်စားမိသော ဒုတိယဈာန်၊ '၃'ဆင့်ပြင့် ဝင်စားမိသော တတိယဈာန် စသည်ဖြင့် အဆင့်လျော့သွား၍ ပဉ္စမဈာန်အဆင့်အထိ ခံစားရရှိနိုင်လေသည်။

ထိုဈာန်အခြေကို လွန်မြောက်လျှင်ကား အဘိဉာဉ်အဆင့်သို့ ရောက်လေသည်။ ပါရမီရှိသူတို့ကား ဈာန် '၂'ပါး (ရူပပဉ္စဈာန်)ရရုံမျှဖြင့် အဘိဉာဏ်ကို ရရှိနိုင်လေသည်။

ကမ္မဋ္ဌာန်း ရှုပွား နည်း '၄၀' တို့တွင် အနုဿတိ '၁၀'ပါးကို ရှုပွားခြင်းဖြင့်ကား ဈာန်သို့မရောက်ဘဲ ဈာန်အနီးသို့သာ ရောက်နိုင်၍ ကျန်ကမ္မဋ္ဌာန်း '၃၀'တွင် ကသိဏ်း'၁၀'ပါးနှင့် အာနာပါနံ တပါးကား ဈာန် '၅'ပါး သို့ရောက်စေနိုင်လေသည်။

ထိုကမ္မဋ္ဌာန်းများတွင် အသုဘ '၁၀' ပါးနှင့် ကာယဂတာသတိကား ပထမဈာန်သို့သာ ရောက်စေ

နိုင်လေသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့ကို ပွားပါမူ ကား အထက်စတုတ္ထစျာန်အထိ ရောက်စေနိုင်လေသည်။ ဥပေက္ခာဘာဝနာကား ပဉ္စမစျာန်အထိ ပို့ဆောင် ပေးနိုင်လေသည်။ စျာန်တပါးကိုရပြီး သူသည် ထိုစျာန်ကို အခြေခိုင်အောင် အတပ်ဆပ်ဝင်စားပြီးမှ နောက်တဆင့်သို့ တက်၍ အားထုတ်ရလေသည်။

စျာန်တံခါး '၅' ဆင့် ကို ထုတ် ခြင်း ဖေါက်ထွင်းရာ၌ ထိုအဆင့်တို့တွင် တဆင့်စီ၏အဖြစ်ကို ရှုဆင်ခြင်သဖြင့် ထိုအဆင့်မှ အာရုံလွှတ် အဆင့်နည်းပွားသော (ဝါ) အဆင့်နည်းစွာဖြင့် လှမ်းရောက်နိုင်သော ဒုတိယစျာန်၊ တတိယစျာန်စသည်တို့ကို မြင့်တက်သွားနိုင်လေလည်း။

## ☆ ဈာန်အင်္ဂါ ၅-ပါး ☆

ဈာန်ဟူသော ခံစားမှုတွင် ပါဝင်သော တံခါး 'ငါး' ဆင့်၊ သို့မဟုတ် အပိုင်း 'ငါး' ပိုင်းကို ဈာန်အင်္ဂါ၊ သို့မဟုတ် ဈာနင် (ဈာနင်္ဂ)ဟု ခေါ်ဆိုလေသည်။ ယင်းတို့မှာ-

၁။ စိတ်ကိုအာရုံသို့ ရောက်အောင် ပို့ဆောင်ပေးစွမ်းမှု အဆင့် "ဝိတက်"။

၂။ အာရုံသို့ ရောက်ပြီးသော စိတ်ကို လျော့ကျလွင့်ပါး မသွားအောင် ထိန်းကာ ခံယူခြင်းအဆင့် "ဝိစာရ"

၃။ ရောက်သော အာရုံ၌ နှစ်သက်မှု ဖြစ်ပေါ်သည့် အဆင့် "ပီတိ"

၄။ ရောက်ပြီးသောအာရုံ၌ သာယာနေသည်အဆင့် "သုခ"

၅။ တခုတည်းသော အာရုံ၌ တည်ငြိမ်နေသည့် အဆင့် "ဧကဂ္ဂတာ" သမာဓိ၊ ဟူ၍ဖြစ်လေသည်။

ထိုစျာန်အင်္ဂါတို့တွင်....

၁။ ဝမ်းမြောက်မှုဖြင့် ခံစားခြင်း "သောမနဿ"

၂။ မသာယာမှုဖြင့် ခံစားခြင်း "ဒေါမနဿ"

၃။ အမှတ်မထားဘဲ ခံစားခြင်း "ဥပေက္ခာ"

ဟူသော သဘောတို့လည်း ယှဉ်တွဲဖြစ်ပေါ်လေသည်၊ ထိုစျာန်များသည် စိတ်နှင့်အတူတကွဖြစ်၍ စိတ်နှင့်အတူတကွပင် ချုပ်လေသည်။ ထိုစျာန်အင်္ဂါတို့ကို '၂'ပါး '၃'ပါး၊ '၄'ပါး၊ '၅'ပါးစသည်ဖြင့် ပေါင်းဆင့်လျက် စျာန်တမျိုးစီ ဖြစ်ပေါ်ရလေသည်။

စျာန်သည် ရူပအရူပတို့နှင့်လောကုတ္တရာစိတ်တို့၌သာ ရှိသည်မဟုတ်ဘဲ၊ အကုသိုလ်နှင့်တကွ၊ ကာမာဝစရစိတ်တို့၌လည်း စျာန်များယှဉ်နိုင်လေသည်။ စျာန်သဘောအခြေ၌စိတ်နှင့် စေတသိက်တရားများသည် စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့ကို အာရုံသို့ စူးစိုက်စေရာ၌ ဆက်သွယ်မှုသဘောတရား၊ ဆက်သွယ်ပုံဆက်သွယ်နည်းကို 'စျာနပစ္စည်း' ဟူ၍ ခေါ်တွင်လေသည်။

(ပဋ္ဌာန်း ၂၄-ပစ္စည်းတွင် ရှုပါ)

ဈာန်များတွင် ပဌမဈာန်အထိ ရူပဈာန်ဖြစ်၍ ထိုမှအထက် အရူပဈာန်ဖြစ်သော အထက်ဈာန်အဆင့်များကိုလည်း ဆက်လက်ဝင်စားနိုင်ပေသေးသည်။ ဈာန်ကို ရေတွက်ရာ၌ကာ အရူပစိတ်များကို ပဌမဈာန်ထဲ၌ ထည့်သွင်း ရေတွက်ရလေသည်။

ရူပဈာန်တွင် သမထတရား အားထုတ်၍ရသော ဈာန်၊ 'သမထနုယောဂ ပဋိလဒ္ဓဈာန်'နှင့် ရှေးရှေးကကံ အကျိုးအားလျော်စွာ သမာပတ် ၈-ပါးပြည့်စုံသူသည် မဂ်ကိုရလျှင် လောကီဈာန်သမာပတ်ကိုလည်း အပြီးအစီးရနိုင်လေရာ၊ ထိုသို့ ရရှိသော ဈာန်၊ 'မဂ္ဂဈာန်၊ဟူ၍ နှစ်မျိုးခွဲခြားနိုင်လေသည်။

ကာမဘုံ၌ ဈာန်ရပြီးနောက် သေလွန်သော ထိုဈာန်ကွယ်ပျောက်သော်လည်း ဗြဟ္မာပြည်သို့ ရောက်သောအခါ၊ ထိုဈာန်ကို ထပ်၍ရနိုင်ပေရာ၊ ထိုသို့ အားမထုတ်ဘဲရရှိနိုင်သော ဈာန်ကို 'ဥပတ္တိသိဒ္ဓဈာန်'ဟု ခေါ်ဆိုကြပေသေးသည်။ (သို့ရာတွင် ထိုစကားကိုလက်ခံသော်၊ ဗြဟ္မာပြည်၌ထပ်၍သာ ပဋိသန္ဓေ နေရဘွယ် ရှိသော ကြောင့် စီစစ်ရန် လိုအပ်လေသည်။ )

---

သင်္ဂြိုဟ်ဘာသာဋီကာ၊ စာမျက်နှာ - ၅၇၃။

ရူပဈာန်တို့တွင် ဈာန်တခု၌ ဈာနင် အဆင့် ၅-ဆင့် စီရှိသော်လည်း အရူပဈာန်တို့တွင်ကား ဈာနင် အပိုင်းတပိုင်းစီသာ ရှိလေသည်။

အထက်အရူပဈာန် လေးဆင့်မှာ-

၁။ အပေါက်ဟောင်းလင်း....ဟူသော အပိုင်းအခြားမဲ့ အာကာသအမှတ်ဖြင့် ပွား၍ ရအပ်သော 'အာကာသာနဉ္စာယတန ဈာန်'

၂။ အာကာသအမှတ်ကို ဝိညာဏ်၌တင်၍ အပိုင်းအခြား မရှိသော ဝိညာဏ် အဖြစ်ပွား၍ ရအပ်သော 'ဝိညာဏဉ္စာယတနဈာန်'

၃။ ရှေး၌ဆင်ခဲ့သော ဝိညာဏ်သည်ဖြစ်ခြင်းမရှိတော့ဟု အမှတ်ထင်၍ ဆင်ခြင်သဖြင့် ရအပ်သော 'အာကိဉ္စညာ ယတနဈာန်' ။

၄။ သညာစေတသိက်သည် အလွန်သိမ်မွေ့လာ၍ လက္ခဏာရေးအားဖြင့် သုံးသပ်၍ မရသဖြင့် သညာပင် မဟုတ်ဟူ၍ရင်း၊ ပရမတ္ထသဘောအားဖြင့် သညာထင်ရှား နေသေးသောကြောင့် သညာမဟုတ်ဟူ၍ မဆိုသာဟူ၍ရင်း၊ ရှုဆင်ခြင်သဖြင့် ရအပ်သော 'နေဝသညာနာသညာ ယတန ဈာန်'

ဟူ၍ဖြစ်လေသည်။

ဈာန်, ကို အား ထု တ် သော သာ မန် ပုဂ္ဂိုလ်သည် ရူပါဝစရပဌမ ဈာန်ကို ရရုံမျှဖြင့် အဘိညာဉ်ကိုမရနိုင်သေးပေ။ ဈာန်ငါးပါးကိုရပြီးသော ပုဂ္ဂိုလ်သည် ဩဒါတကသိုဏ်းအထိ ၈-ပါးသော ကသိုဏ်းတို့တွင် တပါး ပါး ဌ္ဌ သမာပတ် ၈-ပါးကို မိမိဈာန်အစွမ်း (ဝသီဘော်) အလျောက် ပွားများ၍............

၁။ ကသိုဏ်း ၈-ပါးတွင် အစဉ်အားဖြင့်ရင်း၊
၂။ ကသိုဏ်း ၈-ပါး အစဉ်ပြောင်းပြန်အားဖြင့်ရင်း၊
၃။ ကသိုဏ်း ၈-ပါးအပြန်ပြန်အလှန်လှန်အားဖြင့်ရင်း၊
၄။ ဈာန်တို့ကို အစဉ်အားဖြင့်ရင်း၊
၅။ ဈာန်တို့ကို အစဉ်ပြောင်းပြန်အားဖြင့်ရင်း၊
၆။ ဈာန်တို့ကို အပြန်ပြန်အလှန်လှန် အားဖြင့်ရင်း၊
၇။ ဈာန်တို့ကို ခုန်ကျော်၍ရင်း၊
၈။ ဈာန်နှင့်ကသိုဏ်းတို့ကို ခုန်ကျော်၍ရင်း၊

---

နီဝရဏတရားမှာ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ ဟူ၍ ၆-ပါးရှိသော်လည်း အဝိဇ္ဇာသည် ဈာန်ရရေးကိုမပိတ်ပင်ဘဲ မဂ်ဖိုလ်ရရေးကိုသာ ပိတ်ပင်နိုင်သဖြင့် ဈာနင်နှင့်ဆိုင်ရာ၌၊ အဝိဇ္ဇာမပါဘဲ နီဝရဏ ငါးပါးကိုသာပြဆိုလေသည်။

သဂ္ဂြိုဟ်ဘာသာဋီကာ စာမျက်နှာ ၆၃။

၉။ ဈာန်အပိုင်း ဈာန်အင်္ဂါကိုလွန်၍ရင်း၊
၁၀။ အာရုံကိုလွန်၍ရင်း၊
၁၁။ ဈာန်နှင့် အာရုံနှစ်မျိုးကို လွန်၍ရင်း၊
၁၂။ ဈာန်အင်္ဂါကို မှတ်သားသောအားဖြင့်ရင်း၊
၁၃။ အာရုံကို မှတ်သောအားဖြင့်ရင်း၊
၁၄။ ဈာန်အင်္ဂါနှင့် အာရုံနှစ်ပါးကို
မှတ်သောအားဖြင့်ရင်း၊

နည်း ၁၄-နည်းတို့ကို ကောင်းစွာ လေ့လာဝင်စား၍ ပိုင်နိုင်စွာဖြင့် ရူပါဝစရပဥ္စမဈာန်ကို ဝင်စားကာ ထိုဈာန်မှထပြီး နောက်မှ လိုသော အဘိညာဏ်ကိုဆင်ခြင်နှလုံးသွင်းကာ ဈာန်ကိုဝင်စားပြီး တဖန် ဈာန်မှ ထ,ပြန်သော အဓိဋ္ဌာန်ပြုသည်နှင့် တပြိုင်နက် အဘိညာဉ်တန်ခိုးရ၍ အဓိဋ္ဌာန်သည့်အတိုင်း ဖြစ်စေနိုင်လေသည်။

ဈာန်ရသော ပုဂ္ဂိုလ်ကို ဈာနသာဘီဟူ၍ ခေါ်ဆိုလေသည်၊ဈာနလာဘီပုဂ္ဂိုလ်တို့သည်၊ စုတိလျှင် မိမိတို့ နှလုံးသွင်းနေကျရုပ်၊ နာမ်၊ ဘပါး ပါးကို ရင်း၊ ဈာန် ဝင်စားသောအဆုံး၌ စုတိလျှင်ဝင်စားသော ဈာန်၏အာရုံ ကသိုဏ်းပညတ်သည်ရင်း၊ ပရဏာသန္နဇော၏ အာရုံအဖြစ်ဖြင့် ထင်လာလေသည်။

စျာန်ပျံသည်ဟု ဆိုခြင်းမှ ပဌမစျာန်၏ အဘိဉာဉ်တန်ခိုးဖြင့် မြေရှိုးမိုးပျံခြင်းစသည့် အံ့ဘွယ်သရဲကို ဆောင်ရွက်နိုင်ခြင်းမျိုးပင် ဖြစ်လေသည်။ အဘိဉာဉ် မရသော ပဌမစျာန်အဆင့်တွင် စျာန်မပျံနိုင်ပေ၊ စျာန်ပျံနိုင်မှသာ စျာန်ရသည်ဟု ဆိုရခြင်းမဟုတ်သည်ကိုလည်း ဖေါ်ပြခဲ့သည့်အတိုင်း သိရှိနိုင်ပေသည်။

---

[၁] ကာကျော် မြန်မာပြန် တတိယတွဲ၊ စာမျက်နှာ ၁၈၃၊ အောက်မှတ်ချက်၌စျာန် ၉-ပါးဟု ရှိနေသည်။

## ပညတ် နှင့် ပရမတ်

လောကတွင် ရှိရှိသမျှသော အရာတို့သည်၊ ခက်မာခြင်း၊ နူးညံ့ခြင်းဟူသော အစိုင်အခဲ မြေဓါတ် (ပထဝီ)ဖွဲ့စည်းခြင်း၊ ယိုစီးခြင်းဟူသော အရည်ဓါတ် (အာပေါ)၊ လောင်ကျွမ်းရင့်ရော်စေခြင်း ဟူသော အပူအအေး လောင်ကျွမ်းမှုဓါတ် (တေဇော)၊ ထောက်ကန်ခြင်း၊ လှုပ်ရှားခြင်းဟူသော လေဓါတ် (ဝါယော)စသော မဟာဘုတ် ဓါတ်ကြီးများ အချိုးအဆ နည်းနည်းအားဖြင့် အခြေခံ ဖွဲ့စည်းထားသောအရာများသာလျှင် ဖြစ်ပေသည်၊

ထိုသို့ဖွဲ့စည်းထားသော သက်ရှိ သက်မဲ့ အရာတို့တွင် ဓါတ်သဘောအားဖြင့်ကား ‘၁၈’မျိုး သာလျှင် ပေါ်ပေါက်ပေသည်၊ ဓါတ်ဟူသည်မှာ မိမိတို့ဆိုင်ရာ သဘောဝကိုသီးခြားသဘာဝဖြင့်ဆောင်ရွက်တတ်သောအရာဖြစ်၍သက်ရှိသတ္တဝါများနှင့် သက်မဲ့ဝတ္ထုများတွင် ပေါ်ပေါက်သော သဘောမှာကား၊ ကွဲပြားနိုင်ပေသည်၊ သို့ရာတွင် ထို‘၁၈’မျိုး အတွင်း၌သာ တည်ရှိပေသည်၊ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

## ☆ ဓါတ် ၁၈ ပါး ☆

၁။ မြင်တတ်သောဝတ္ထု စက္ခု "မျက်စိ"
၂။ ကြားတတ်သောဝတ္ထု၊ သောတ "နား"
၃။ အနံ့နံတတ်သောဝတ္ထု၊ ဃာန "နှာခေါင်း"
၄။ အရသာခံတတ်သောဝတ္ထု၊ ဇိဝှါ "လျှာ"
၅။ အတွေ့ခံစားတတ်သောဝတ္ထု၊ ကာယ "ကိုယ်"
၆။ အာရုံအလုံးစုံ ခံစားဆုံးဖြတ်သော ဝတ္ထု၊ မနော-"စိတ်"
၇။ ကြည့်ရှုရသော ရူပါရုံ၊ ရူပ "အဆင်း"
၈။ ကြားရသော နားထောင်ဘွယ်၊ သဒ္ဒ "အသံ"
၉။ အနံ့ခံရှုရသော ရှူဘွယ် ဂန္ဓ "အနံ့"
၁၀။ စားမြိန်ရှုရသော စားဘွယ်၊ ရသ "အရသာ"
၁၁။ ထိတွေ့ရှုရသော ခံစားဘွယ် ဖေါဋ္ဌဗ္ဗ "အတွေ့"
၁၂။ စိတ်ဖြင့်ခံစားဘွယ်၊ ဓမ္မ "အသိ"
၁၃။ စိတ်ဖြင့်သိခြင်း၊ မနောဝိညာဏ "သိမှတ်ခြင်း"
၁၄။ မျက်စိဖြင့်မြင်ခြင်း၊ စက္ခုဝိညာဏ "မြင်ခြင်း"
၁၅။ နားဖြင့်ကြားခြင်း၊ သောတဝိညာဏ "ကြားခြင်း"
၁၆။ နှာခေါင်းဖြင့်ရှူခြင်း၊ ဃာနဝိညာဏ "နံခြင်း"
၁၇။ လျှာဖြင့်အရသာခံခြင်း၊ ဇိဝှဝိညာဏ "အရသာခံခြင်း"
၁၈။ ကိုယ်ဖြင့်ထိတွေ့ခြင်း၊ ကာယဝိညာဏ "ထိတွေ့ခြင်း"

ဤသို့ မဟာဘုတ် လေးပါးနှင့် ဓါတ် ၁၈-ပါးတို့ကို သိရှိပြီးနောက် လောကတွင် ဖြစ်ပေါ်သမျှသော အရာ အားလုံးကို သုံးသပ်ဆင်ခြင်ရန် လိုပေသည်၊ ထိုအခါ၌ တကယ်အခြေခံ ဓါတ်သဘောများကို ပုဂ္ဂိုလ်၏ အထင်အမြင် အယူအဆ အခေါ်အဝေါ်အားဖြင့် အမျိုးမျိုးခေါ်တွင် နေကြခြင်းကို သိမြင်နိုင်မည် ဖြစ်လေသည်။

ဤသို့ ခေါ်ဝေါ်သမျှသည် ပကတိ ရှိသောအရာ မဟုတ်ဘဲ၊ အခိုက်အတံ့အားဖြင့် အသွင် သစ်ကို အမည်တပ်ထားခြင်း မျှသာဖြစ်၍ ထိုသို့ အမည် တပ်ခြင်းသည်၊ "ပညတ်"ဖြစ်လေသည်။

ပေါင်မုန့်၊ ကိတ်မုန့်၊ ဘီစကွတ် မုန့် စသည်ဖြင့် အခေါ်ကွဲပြားသော်လည်း၊ စင်စစ်အားဖြင့် ဂျုံမှုန့် ကြက်ဥ၊ ပွစေသော ဆေး၊ သကြား၊ နို့၊ အနံ့ စသည်တို့ကို တမျိုးတည်းဖြစ်စေ၊ တမျိုးထက်ပို၍ဖြစ်စေ၊ အချိုးအဆ အမျိုးမျိုးဖြင့် အနည်းနည်းပုံပြင်စီရင်ထားသည်ကိုသာ တွေ့ရမည် ဖြစ်လေသည်။

ပါဝင်သော အရာတို့မှာ အမည်ဟောင်း ငုတ်၍ အမည်ပညတ်သစ်နှင့် အသွင်သစ် ဆောင်၍ နေလေသည်၊ ထိုပါဝင်သော အရာတို့သည်လည်း မဟာဘုတ် လေးပါးနှင့် အဆင်းအနံ့ အရသာစသော ဓါတ် ၁၈-ပါး အပါအဝင်ဓါတ်စုတို့၏ အဖွဲ့အစည်းသာလျှင်ဖြစ်လေသည်။

ထိုအရာ အားလုံးတို့သည် ရုပ်သဘော တခုတည်းသာ ဖြစ်လေသည်၊ ထိုကြောင့်အမည် ပညတ် တင်စားခေါ်ဆိုစေကာမူ ထိုပညတ်ဝတ္ထုတို့သည် မဖေါက် မပြန် တည်ရှိသောအရာများ မဟုတ်ချေ၊ အခြေခံဓါတ်တို့ သည်သာ ဆောင်သော ရုပ်ဖြစ်၍ ထိုရုပ်တို့သည် ဖြစ်တည်ပျက်၍ နေကြသော အစဉ်အားဖြင့်သာ တွေ့မြင်ကြရလေသည်။

ထိုကြောင့် မဖေါက်မပြန်သော အရာ တကယ်ရှိသော အရာအနေဖြင့်ကား ၄-မျိုးသာလျှင်ရှိကြောင်း ကို ဗုဒ္ဓရှင်တော်မြတ်က ဟောကြားခဲ့လေသည်။

ထိုအရာများကား....

စိတ်၊

စေတသိက်၊

ရုပ်၊

နိဗ္ဗာန်၊

ဟူသော အရာများဖြစ်၍ ယင်းတို့ကို ပရမတ္ထတရား၊ ပရမတ် ဟူ၍ ခေါ်ဆိုလေသည်။

နိဗ္ဗာန်မှတပါး ကျန်သောအရာများတွင် စိတ်နှင့် စေတသိက်သည် နာမ်၌ အကြုံးဝင်လေရာ၊ ရုပ်နှင့်နာမ် သွားလျှင် မျက်မြင်နှင့် လက်ငင်းထိတွေ့မှု၌ ထင်ရှားလေသည်။

နိဗ္ဗာန်၏ တဖက်၌ ရုပ်နာမ်မှလွဲ၍ ဘယ်အရာမျှ တကယ်ရှိသော အရာမရှိပေ။ အထင်၌ရှိသောအရာ၊ အသွင်၌ရှိသောအရာ၊ သဏ္ဌာန်ဆောင်သော အရာ၊ အမည်တင်စားသောအရာများသာ ဖြစ်ကြလေသည်။

ထို့ကြောင့်....

၁။ × မှုချ ဆတ်ဆတ် အခြေခံရှိခြင်း သဘောသည် ပြောင်းလဲ ဖေါက်ပြန်မှုကင်း၍ ဟန်ဆောင်မှုအထင်မျှမဟုတ်ဘဲ၊ တကယ်ရှိသော 'ပရမတ္ထတရား' နှင့်။

၂။ တကယ်မရှိဘဲ ရှိသကဲ့သို့ အမြင်လွဲ၍ ဖြစ်စေ၊ ယာယီ အယူအဆ အရဖြစ်စေ၊ အိုးဖွဲ့ပေါင်းစုမြင်ခြင်း * ကြောင့်ဖြစ်စေ၊ အမည် သစ် တင် စားခေါ်တွင် နေသော 'ပညတ်တရား' ဟူ၍ နှစ်မျိုးရှိလေသည်။

အဓိပ္ပာယ်ထင်လင်းကွဲပြားအောင် သရုပ်ဆောင်ရသော်၊ လူတယောက်အား 'မောင်ဖြူ' ဟု ခေါ်မှတ်နေရာ၌ မောင်ဖြူသည် ပညတ်ဖြစ်လေသည်။ စင်စစ် 'မောင်ဖြူ' ဟူသော အရာသည် မရှိချေ။ ခေါ်တွင်မှုအနေနှင့်သာ ရှိလေသည်။

'မောင်ဖြူ' မရှိဘဲ လူသာ ရှိလေသည်။ တဖန်ထိုလူသည်လည်း အမည်အားဖြင့်သာ ရှိလေသည်။ လူဟူ

သော အရာမရှိချေ။ ဆံပင်၊ မွေးညှင်း၊ အသွေး၊ အသား၊အရိုး အူသိမ်၊ အူမ၊ ဟူသော ၃၂-ကောဋ္ဌာသမျှသာ ရှိလေသည်။

အသွေး၊ အသားနှင့် အရိုးတို့သည် လူမဟုတ်ချေ။ စုပေါင်း၍ ခေါ်တွင်ခြင်းကြောင့် အခေါ်ပညတ်၌သာ လူဟူ၍ ရှိလေသည်။ တကယ့်လူကို အသွေးထဲ၌ရင်း၊ အသားထဲ၌ရင်း၊ အရိုးထဲ၌ရင်း၊ ရှာဖွေ၍ ရမည်မဟုတ်ချေ။

တဖန် ထို ၃၂-ပါးသော ကောဋ္ဌာသအစိတ်အပိုင်းတို့သည် မျက်စိနှင့် မြင်သာသော အဋ္ဌကလာပ်ရုပ်များသာ ဖြစ်လေသည်။ ဆံပင် ဟူ၍မရှိ၊ အသွေး ဟူ၍မရှိ၊ အရိုး ဟူ၍ မရှိ၊ အဋ္ဌကလာပ်ရုပ်များသာလျှင် ရှိလေသည်။

ထိုရုပ်စုကိုပင် ကောဋ္ဌာသဟူ၍ရင်း၊ ၃၂ ကောဋ္ဌာသကို ပေါင်း၍ လူဟူ၍ရင်း၊ လူကိုပင် မောင်ဖြူ၊ မောင်မဲ....ဟူ၍ ရင်း၊ အခေါ်အဝေါ် အားဖြင့် ပညတ်ခေါ်တွင် ကြစေကာမူ အဋ္ဌကလာပ် ရုပ်သာလျှင်ရှိ၍ ကျန်အမည်ပညတ်များမှာ ယူဆချက်၊ ခေါ်ဝေါ်ချက်၊ထင်မှတ်ချက်တို့၌သာ ပေါ်ထင်သော တကယ်မရှိသည့် ပညတ်များသာ ဖြစ်လေသည်။

---

* ဋီကာကျော်မြန်မာပြန် ပထမတွဲ စာမျက်နှာ ၁၉ နှင့် သင်္ဂြိုဟ်ဘာသာဋီကာ စာမျက်နှာ ၁၆၊ ၁၇။

ထိုထိုကြောင့် ပညတ်များသည် လောက အမှတ်အသားအားဖြင့် ရှိသော်လည်း ဉာဏ်ဖြင့် စစ်ဆေးပါက အထင်အရှား မရှိတော့ပေ၊ ထို့အတူပင် တောဟူသည်မှာလည်း ပညတ်သာဖြစ်၍ တကယ်မရှိပေ၊ သစ်ပင်အစု အပေါင်းသာဖြစ်၍ သစ်ပင်ဟူသည်လည်း အဋ္ဌကလာပ် ရုပ်များသာပင်ဖြစ်၍ ပရမတ္ထဖြစ်သော ရုပ်သာလျှင် တကယ်ထင်ရှားရှိကြောင်း သိသာလေသည်။

ဗုဒ္ဓ တရားတော်တွင် ပညတ် ကြောင့် အလိုက်မှားသော အကုသိုလ်စိတ်များ၊ ဒုက္ခများကို ပယ်ရှား၍ ပရမတ်တရားကို ထင်းဖေါက်၍ ခွဲခြားမြင်ရန် ဟောကြားထားလေသည်။ ငါဟူသော အတ္တသည်မရှိ၊ ခေါင်လေးပါး၊ အဋ္ဌကလာပ် ရုပ်များသာ ရှိသည်ဟူ၍မြင်ပါမှ အကုသိုလ်တရားများ၊ ဒုက္ခများမှ ကင်းဝေးနိုင်ပေမည်။

ထို့ကြောင့် ပရမတ္ထတရားကို ပညတ်မှ ခွဲခြားထွင်းဖေါက်၍ ရှုမြင်နိုင်အောင် ညွှန်ကြားတော်မူလေသည်။ ငါ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ အကောင်းအဆိုး ဟူသမျှသော ပညတ်များသည် အခိုက်အတံ့ နှိုင်းယှဉ် ခွဲခြားရန် ခေါ်တွင်မှတ်သားသော ပညတ်များသာ ဖြစ်လေသည်။

သဘောတရားကို ခွဲခြား နားလည်အောင် တခုမှတခုကိုခွဲ၍ အမည်ပညတ် သမုတ်ထားကြရလေသည်၊ သို့ရာတွင် ဤအမည် ပညတ်များဖြင့် ဉာဏ်ကို မဖုံးလွှမ်း

စေအပ်ပေ၊ ပညတ်ထဲတွင်သာမြင်ကာ ပရမတ္ထတရားကို ထုတ်ယူ ဓါတ်ခွဲ၍ မစဉ်းစားလျှင် တရားမြင်နိုင်မည့် အခြေခံကိုလည်း ရမည်မဟုတ်ပေ။

ပရမတ္ထတရားကိုမြင်ပြီး နောက်မှ တဖန် ထိုတကယ်ရှိသော ပရမတ္ထ တရား အဝင်အပါ၊ ရုပ်၊ နာမ် တို့သည်လည်း ရှိသည်သာမှန်သော်လည်း အစဉ်ခိုင်မြဲခြင်းကား မရှိ၊ ချမ်းသာခြင်းကားမရှိ၊ စိုးမိုးချယ်လှယ် နိုင်စွမ်းကား မရှိ ကြောင်းကို ထပ်ဆင့်၍ ရှုမြင်ရပြန်လေသည်။

ရုပ်သည် ဖေါက်ပြန်၍သာနေ၏ (ဝါ) ရှေးရုပ်အစဉ်မှ ထူးခြားသော နောက်ရုပ် အစဉ်သည်ဖြစ်လျက် နေလေသည်၊ ထိုထက်မက ပို၍လျင်မြန်စွာ စိတ်တို့သည်လည်း အမျိုးမျိုး ဖေါက်ပြန်ဖြစ်ပျက်လျက်နေလေသည်။ ဖြစ်(ဥပါဒ်) တည်(ဌီ)၊ ပျက်(ဘင်)ဟူသော အစဉ်သည် အလွန် လျင်မြန် သော အချိန်ကလေးအတွင်း၌ပင် ဖြစ်ပေါ်နေလေသည်။

ထို (ဖြစ်၊တည်၊ပျက်) ပေါင်း များ စွာ စဉ်လျက် ဆက်စပ်နေသော အချိန်ကာလ နေ့ရက်၊ လနှစ်တို့ကို လူတို့က အမြဲတည်နေသော အခိုက်ကာလဟု ထင်နေခြင်း ဖြစ်လေသည်။

ဥပမာအားဖြင့် ပထမတမိနစ်တွင် မြင် ရသောမြစ်ပြင်သည်၊ ဒုတိယတမိနစ်တွင် မြင်ရသော မြစ်ပြင် နှင့်မတူပေ၊ ဒုတိယမိနစ်တွင် ပထမမိနစ်မှ မြစ်ပြင်သည် ပြောင်း

လဲသွားလေပြီ၊ ယမန်နေ့ကမြင်ရသောမြစ်ရေသည် ယနေ့ မြစ်ရေမဟုတ်တော့ပေ။

ယနေ့မြစ်ရေကို နံနက်ဖြန်တွင် ထပ်၍မြင်ရမည် မဟုတ်ပေ၊ သို့ရာတွင် သာမန်အားဖြင့် မြစ်ပြင်ကြီးကို နေ့ရက်၊ နှစ်ပေါင်းများစွာ မြင်နေရမည်သာ ဖြစ်ပေသည်။ စင်စစ်အားဖြင့် စီးဆင်းနေသော ရွေ့လျားလှုပ်ရှား လွန်မြောက်သွားသော အသစ်သစ် တိုးဝင်လာသော ရေမှုန့်ရေစက်တို့ကို အလေးစိတ်မရှိဘဲ လွှမ်းခြုံ၍ ကြည့်နေသောကြောင့် နေ့စဉ်မြင်နေရသော မြစ်ပြင်တို့သည် တမျိုးတစားတည်း ဖြစ်နေသည်ဟု ထင်ရခြင်းဖြစ်လေသည်။

ဥပမာတနည်းအားဖြင့် ဇလား ခွက်ကြီးတခုထဲမှ အချိန်ကြာသွန်၍ ကျနေသော သဲမှုန့်သဲပွင့်များသည် တုတ်ချောင်း၊ ကြိုးတန်းကြီးသဖွယ်၊ ဇလားနှင့် မြေပြင် ကိုထိစပ်ပေးနေကြောင်း တွေ့မြင်နိုင်ပေသည်၊ ထို သဲ တန်း ကြီးသည် ဇလားထဲမှ သဲမကုန်မချင်း မိနစ်ပေါင်းများစွာ ဖြစ်ပေါ်နေသည်ကို မျက်စိဖြင့် ရှုမြင်ရပေလိမ့်မည်။

သို့ရာတွင် ထိုသဲချောင်း၊ သဲတန်းကြီးကိုဆွဲကိုင်၍ ရမည်မဟုတ်ပေ၊ မျက်မြင်အားဖြင့် အကြောင်းအမျှင်ကြီးတခု ဖြစ်နေစေကာမူ အထက်မှ အောက်သို့ ပြေးဆင်းနေသော ဆက်စပ်မှု မရှိသည့် မ ရေ မ တွက် နိုင် သော

သဲမှုန့်သဲပွင့် ကလေးများကိုသာလျှင် အမျှင်ကြီး ထင်နေရခြင်း ဖြစ်ပေသည်။

သဲမှုန့်များ တခုပြီးတခု ပြေးဆင်းနေသည်သာ ဖြစ်သောကြောင့်၊ စောစောက မြင်ရသော သဲတန်းသည် နောက်တခဏ၌ မတည်ရှိတော့ဘဲ၊ နောက် ပြေးဆင်းလာသော သဲတန်းကသာလျှင် နေရာ ယူလိုက်ပေသည်။ သဲမှုန့်သဲပွင့်တို့သည် တခုနေရာကို နောက်တခုက တိုးဝင်၍ မျက်မြင်သဏ္ဌာန်မပြောင်းအောင် ရုပ်ဆောင်နေရင်းပင် မြေပေါ်သို့ ကျပြီးရင်း ကျသွားလေသည်၊ ထိုကြောင့် သဲတန်းကြီး၌ သဲမှုန့်သဲပွင့်များ နေရာချင်းလဲ၍ အစဉ်တစိုက် ကျဆင်း ရွေ့လျား၍နေသည်ကို တွေ့မြင်ရပေမည်။

ထိုနည်းတူပင် ရုပ်နာမ် ခန္ဓာ တို့သည်လည်း စက္ကန့်၏ အစိတ်အပိုင်းတိုင်းမှာပင် (ဖြစ်၊တည်၊ပျက်)၍ ရုပ်ဟောင်း ကလာပ်မှုန့်များပျက်ကာ ရုပ်သစ် ကလာမှုန့်များ ကနေရာစား ဝင်ယူနေသဖြင့် ရုပ်နာမ်တို့သည် ပကတိအတိုင်း တည်နေသည်ဟု ထင်နေရလေသည်။

စင်စစ်အားဖြင့်ကား အ ချိန် တိုင်း အဟောင်းပျက်၍ အသစ်ပြောင်းနေသော ပြောင်းလဲမှု အစဉ်တရပ်သာ ဖြစ်လေသည်။ ရုပ်တန့်တည်ငြိမ်နေသော အရာကား မရှိပေ။

ဤသို့ဖြင့် ရုပ်နာမ်တို့၏ သင်္ခါရသဘော အနိစ္စသဘောသည် ထင်ရှားလာမည် ဖြစ်လေသည်။ အိုမင်း

ရင့်ရော်ခြင်း၊ ကြီးပွားခြင်း၊ ဆုတ်ယုတ်ခြင်းတို့သည် နှစ်ကာလ ကြာရှည်မှ မျက်မြင်၌ သိသာခြားနားစေကာမူ စက္ကန့်တိုင်း၌ မသိမသာဘဲ ရင့်ရော်ကြီးပွား ဆုတ်ယုတ် နေသည်သာ ဖြစ်၍၊ ပညတ်နှင့် ပရမတ်ကို ခွဲခြားမြင်ပြီးသော ကာလာ၌၊ ခန္ဓာ၏ ဖြစ်ပျက်မှုအစဉ်ကိုလည်း စက္ကန့်တိုင်းအတွက် ဉာဏ်မျက်စိတွင် မြင်လာမည် ဖြစ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်ရှင်သည် ပညတ်နှင့် ပရမတ်ကို ထင်ရှားအောင် ဟောကြားတော်မူလေသည်။ ပရမတ်ကိုမြင်ပြီးမှ သင်္ခါရနှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော အနုပဿနာကို ထင်မြင်ပြီး ဒုက္ခသစ္စာကို သဘောပေါက်မည် ဖြစ်ကြောင်း သိတော်မူလေသည်။

လူ သတ္တဝါတို့တွင် နာ ကျည်း သော ဒုက္ခကို လက်ငင်းမြင်သာ၍ သဘောပေါက်သော်လည်း ပျက်စီးခြင်းအတိဖြင့် မနှစ်သက်ဖွယ် လှုပ်ရှားခြင်းတို့ ပါဝင်နေသည့် သာယာမှုဟု ထင်မှတ်နေရသော တိတ်တိတ်ပုန်း (ဝါ)ရှက်ပုံးသီး ဒုက္ခမျိုးကိုမူ၊ သုခဟုပင် မှတ်ထင်နေတတ်၍ ဒုက္ခဟုတကယ် မြင်လာအောင် ရှင်းပြရန်လိုလေသည်။ ပညတ် အားဖြင့်ရင်း၊ အာရုံအားဖြင့်ရင်း၊ သုခဟု ဆုံးဖြတ်ချက်ချလေသမျှကို သုခဟု ထင်မြင်နေပါမူကား ဘဝကို တတ်မက်နေ၍ သံသရာအဆက် ပြတ်မည်မဟုတ်ပေ၊ နိဗ္ဗာန်ကိုလည်း ဝင်နိုင်မည်မဟုတ်တော့ပေ။

ထို့ကြောင့် သုခအရေခြုံ ပကတိ ဒုက္ခကိုထွင်းဖေါက်မြင်၍ ဒုက္ခသစ္စာကို သဘောပေါက်စေရန် အ-

မြင်မှန် ရှုနည်းကိုလည်း၊ ဗုဒ္ဓသည် အသေးစိတ် ထုတ်ဖော်တင်ပြခဲ့လေသည်။ တစပဋ္ဌက ကမ္မဋ္ဌာန်းတွင် ကာယ၏ (၃၂) ကောဋ္ဌာသကို အမည်ပညတ်ဖြင့် နှလုံးသွင်းပြီးနောက်၊ စက်ဆုတ်ဘွယ် ထင်လာသောအခါ အမည်ပညတ်ကိုပယ်၍ နှလုံးသွင်းရလေသည်။

ထိုကြောင့် ပညတ်နှင့် ပရမတ်ကွဲအောင် ခေါ်တတ်ခွဲ၍ ရှုတတ်ခြင်းသည် ဗုဒ္ဓဝါဒတွင် အခြေခံ အကြောင်း တချက်ဖြစ်သည်ကို သတိမူသင့်ပေသည်။

မှတ်ချက်။ ။ဤ၌ ပရမတ္ထဖြစ်သော ရုပ်သည်*မဖောက်ပြန်ဟု ဆိုလျက် သင်္ခါရ၊ အနိစ္စ သဘော အားဖြင့် ဖောက်ပြန်သည်ဟု ဆိုခြင်းကြောင့် တွေး မှား ဘွယ်ရှိလေသည်။

ရုပ်တို့သည် ဥပမာ ပထဝီရုပ်ဟုဆိုလျှင် ကြမ်းတန်းခိုင်မာခြင်းသဘောကား မည်သည့်အခါမျှ မပြောင်း လဲချေ၊ တမာပင်သည် ခါးသည်ဟုဆိုလျှင် တမာပင်၏ခါးခြင်း သဘောသည် အပင်မှ ပေါက်သည်မှ အပင်အို၍လဲသည်အထိ၊ သဘောမပြောင်းလဲပေ၊ ထိုကြောင့် "အဝိပရီတ" မဖောက် ပြန်ဟုဆိုလေသည်။

---

* သတိပဋ္ဌာန်အရသာ စာမျက်နှာ ၄၆။

ရုပ်တို့၏ ပြောင်းလဲ ဖောက်ပြန် ခြင်းကား ရုပ်၏သဘောက ပြောင်းလဲခြင်း မဟုတ်ဘဲ၊ ရုပ်သစ်ရုပ်ဟောင်း ဖွဲ့စပ်စီစဉ်မှု (သန္တတိပညတ်) ဖွဲ့စည်းပုံက သာလျှင် တမျိုးစီပြောင်းလဲ ဖောက်ပြန်နေ ခြင်း ကို ဆို လို ပေ သည်။ ပြောင်းလဲသမျှသော ရုပ်သစ်ရုပ်ဟောင်းတိုင်း၌ ထိုရုပ်နှင့် ဆိုင်သော သဘော လက္ခဏာသည်ကား မပြောင်းမလဲဘဲ လိုက်ပါနေလေသည်၊ ထိုကြောင့် ရုပ်အစဉ်ပြောင်းလဲခြင်းကို "ရုပ္ပန" ဟုဆိုလေသည်။

☆ ဒါန ☆

ဗုဒ္ဓမြတ်စွာသည် နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်ကို ညွှန်ပြဟောပြောရာတွင် ပူးအပ်သော ကောင်းမှုတို့ ကိုလည်း ညွှန် ကြား ခဲ့ ပေ သည်၊ မဂ္ဂင်ရှစ်ပါး လမ်းစဉ်၌ပင်၊ သမ္မာဝါယာမ၊ သမ္မာကမ္မန္တအမှုတို့သည်၊ မှန်ကန်စွာပြုလုပ်ခြင်း မှန်ကန်စွာ အားထုတ်ခြင်းဟူသော အကျင့်များ ပါရှိပေရာ ဒါန၊ သီလ၊ ဘာဝနာဟူသော လမ်းသုံးသွယ်သည်လည်း မဂ္ဂင် တရား၌ဝင်လေသည်။

မဂ္ဂင်တရားကို အကျဉ်း ချုပ်သော်ကား သီလသဘောသို့ သက်ဝင်သော စောင့်ထိန်းမှု ကျင့်ဝတ်၊သမာဓိ

သဘောသို့ သက်ဝင်သော အောက်မေ့တည်ငြိမ်စေမှု ကျင့်ဝတ်နှင့် ပညာသဘောသို့ သက်ဝင်သော ရှုမြင်နှလုံးသွင်းမှု ကျင့်ဝတ်တို့ပင်ဖြစ်လေသည်။

ဒါနသည် သီလအတွက် အထောက်အပံ့ဖြစ်၍ ဘာဝနာသည်ကား သမာဓိ အခြေခံပင်ဖြစ်လေသည်၊ ထို့ကြောင့် ဗုဒ္ဓလမ်းစဉ်နှင့်ပတ်သက်၍ ဒါနအကြောင်း၊ သီလအကြောင်း၊ ဘာဝနာအကြောင်း၊ သမာဓိအကြောင်း၊ ပညာအကြောင်းများကို သိရှိထားရန် လိုအပ်ပေသည်။

ဒါနသည် ပေးလှူခြင်းပင် ဖြစ်လေသည် တရားကိုယ်အားဖြင့် ပုဂ္ဂိုလ်သဏ္ဍာန်၌ဖြစ်သော အလှူအထမြောက်အောင် တိုက်တွန်းစေ့ဆော်သော စေတနာပင် ဖြစ်လေသည်၊ ဒါနတခု ထမြောက်စေရန်အတွက် လှူမည့်ပုဂ္ဂိုလ်၊ အလှူခံမည့်သူ၊ လှူမည့်ဝတ္ထုနှင့် လှူလိုသော စေတနာတို့ ပေါင်းစပ်မိရန်လိုလေသည်၊ စေတနာကို စေတနာဒါနဟု ခေါ်ဆို၍ ဝတ္ထုပစ္စည်းကို ဝတ္ထုဒါနဟု ခေါ်ဆိုလေသည်။

လှူဒါန်းသည့် အခါတွင် ရည်ရွယ်ဦးတည်ချက်မှာ ဘဝအကျိုးပေး ကောင်းရန်အတွက် ရည်ရွယ်လှူဒါန်းပါက သံသရာဝဋ်၌ ပို၍ ရှည်ကြာကြောင်း၊ ဝဋ်မှ မလွတ်ဘဲ သံသရာ ရှည်ကြာကြောင်း မျှသာဖြစ်၍၊

ဝဋ္ဋနိဿိတ ဒါန ဟူ၍ ခေါ်ဆိုလေသည်။ နိဗ္ဗာန်ရောက်မှုကို အထောက်အပံ့ဖြစ်စေရန် ဘဝချမ်းသာကို မမျှော်မှန်းဘဲလျက်၊ ကျွတ်လွတ်စွာ လှူဒါန်းခြင်းကိုကား "ဝိဝဋ္ဋနိဿိတဒါန" ဟူ၍ ခေါ်ဆိုလေသည်။

တနည်းအားဖြင့် လောက ချမ်းသာကို တောင့်တ၍ လှူခြင်းသည် အလတ်စားဖြစ်၍ နိဗ္ဗာန်ကိုတောင်းတ၍ လှူခြင်းသည် အမြတ်စားဒါန ဖြစ်လေသည်၊ ဒါနကို အယုတ်အလတ် အမြတ်အားဖြင့် တနည်းခွဲရာ၌မူ စိတ်၊ ဆန္ဒ၊ ဝီရိယ (သဘောထား) ပညာတို့ ညံ့ဖျင်းလျှင် "ဟီနဒါန" ဖြစ်၍ အသင့်အတန်ရှိလျှင် "မဇ္ဈိမဒါန" ဖြစ်ပြီး၊ အထူးအလွန် ပြည့်စုံလျှင် "ပဏီတဒါန" ဖြစ်လေသည်၊ တနည်း အားဖြင့်လည်း မိမိအောက် ယုတ်ညံ့သောအားဖြင့်လှူသော "ဒါနဒါသ" မိမိနှင့် အတူ အဆင့်အတန်းထား၍ လှူသော ဒါနကဟာယနှင့် မိမိ သုံးဆောင်သည်ထက် ထူးမြတ်အောင် လှူသော "ဒါနသာမိ" ဟူ၍ ခွဲခြားပေသေးသည်။

ထိုသို့သော အလှူအမျိုးအစား ခွဲပုံကိုအသေးစိတ်၍....

၁။ ဝတ္ထုပစ္စည်းမျိုး တစုံတရာလှူခြင်း (အာမိသဒါန) "အာမိသပူဇာ"

၂။ တရားစာပေ ဖြန့်ခြင်း၊ ပို့ချခြင်း၊ ဟောကြားခြင်း၊ (ဓမ္မဒါန) "ဓမ္မပူဇာ"

ဟူ၍ရင်း....

၁။ ပုဂ္ဂိုလ်ကိုရည်၍ သီးခြားလှူခြင်း“ပုဂ္ဂလိကဒါန”

၂။ သံဃာအများကို ရည်၍လှူခြင်း “သံဃိကဒါန”

ဟူ၍၎င်း....

၁။ စားဦးစားဖျားကဲ့သို့ အသစ်အမွန်လှူခြင်း “အဂ္ဂဒါန”

၂။ အကြွင်းအကျန် အဟောင်းအမြင်းကိုလှူခြင်း “ဥစ္ဆိဋ္ဌဒါန”

ဟူ၍၎င်း....

၁။ ရိုသေစွာပေးလှူခြင်း “သက္ကစ္စဒါန”

၂။ အလှူဖြစ်ရုံ စွန့်ကြဲပေးလှူခြင်း “အသက္ကစ္စဒါန”

ဟူ၍၎င်း.... ခွဲခြား မှတ်သားနိုင်ကြလေသည်။

ဒါနပေးလှူပုံ ပေးလှူ နည်းများနှင့် ပတ်သက်၍လည်း ဖွင့်ဆိုထားပေသေးသည်။ ထိုနည်းများမှာ....

၁။ သူတပါးယူ၍ သုံးဆောင်သည်ကို ပြန်မတောင်းခြင်းဖြင့် ပေးလှူခြင်း “ဒဗ္ဗဒါန”

၂။ မိမိအား ပန်ကြား၍ဖြစ်စေ၊ မပန်ကြားဘဲ ဖြစ်စေ၊ သုံးဆောင်သည်ကို ဝမ်းမြောက်ခြင်း၊ “အနုမောဒနဒါန”

၃။ ရှေးကမရဘူးသော ဥစ္စာ ရတနာတို့ကို ပေးကမ်းခြင်း၊ "အဗ္ဘုဗ္ဘဒါန"

၄။ ခေတ္တထုတ်ပေးချေးငှါးခြင်း (သဃ်ဂါဟပတ္တနဒါန"

၅။ ကြွေးရှိသူအတွက် စိုက်ထုတ်ပေးဆပ်ခြင်း။ "ဣဏပမောခနဒါန"

ဟူ၍ဖြစ်လေသည်၊ ပစ္စည်းဥစ္စာကို လွတ်ကျွတ်စွာ လှူဒါန်းခြင်းသည်သာ အလှူဒါန မဟုတ်ဘဲ သွယ်ဝိုက်သောအားဖြင့် ပေးလှူစွန့်ကြဲခြင်း၊ ထုတ်လှင့်ကူညီခြင်းတို့သည်လည်း ဒါနသဘောသို့ သက်ဝင်ကြောင်းကို အမရကောသ အဘိဓါန်ဋီကာ စသည်တို့၌ ဖွင့်ဆိုခဲ့ခြင်း ဖြစ်လေသည်။

လှူဒါန်းသည်ဟု ဆိုရသော်လည်း၊ အကြောင်း အမျိုးမျိုးကြောင့် လှူဒါန်းခြင်းမျိုးလည်းရှိ၍ လှူဒါန်းခြင်း အမျိုးမျိုး ရှိတတ်ပုံကိုလည်း သရုပ်ခွဲ၍ ဖေါ်ပြထားပေသေးသည်၊ "အင်္ဂုတ္တရပါဠိတော်နှင့် ဂီတိသုတ်ပါဠိတော်တို့တွင် တွေ့ရှိနိုင်ပေသည်" ယင်းတို့မှာ....

၁။ မိမိဌာနသို့ ရောက်လာသောကြောင့်လှူခြင်း။

၂။ ဘေးရန်ကို ကြောက်၍လှူခြင်း။

၃။ သူတပါးကပေးလှူ၍ မိမိက တုံ့ပြန်လှူခြင်း။

၄။ နောင်အခါ မိမိအား ပေးလှူမည်ကို မျှော်လင့်၍ ပေးလှူခြင်း။

၅။ အစဉ်အလာ အလေ့အထရှိ၍ လှူခြင်း။

၆။ ရဟန်းတော်များ ကိုယ်တိုင်ချက်ပြုတ် မစားကောင်း ၍လှူခြင်း။

၇။ ချီးမွမ်းခြင်းနှင့် ပကာသန လိုလား၍ လှူခြင်း။

၈။ မဂ်ဖိုလ်နိဗ္ဗာန် ရရှိလို၍ လှူခြင်း။

ဟူ၍ "၈"မျိုးရှိရာတွင် နောက်ဆုံး အလှူမျိုးသည်သာ မှန် မြတ်ပေသည်။

အလှူဝတ္ထုတို့နှင့်ပတ်သက်၍အဌကထာရ ပါဠိတော် ဒါနဝဂ်တွင် ဆွမ်းအလှူ၊အဖျော်အလှူ၊ ကျောင်း ဇရပ်အလှူ၊ အထည်သင်္ကန်းအလှူ၊ ယာဉ်ရထား အလှူ၊ ပန်းအလှူ၊ နံ့သာရည်အလှူ၊ အိပ်ယာခင်းနှီးအလှူ၊ နံ့သာ မှုန့်အလှူ၊ ဆီမီးအလှူ စသည်တို့ဖြင့် ပြဆိုထားလေသည်။ စင်စစ်အားဖြင့်ကား လှူအပ်သော ဝတ္ထု အမျိုး အစားကား အကန့်အသတ်မရှိချေ၊ သို့ရာတွင် အဓိကအားဖြင့် ထင်ရှားရာ ကိုသာ အမျိုးအစား ခွဲခြားထားလေသည်။

အလှူပြုရာ၌ အလှူခံသူကလည်း မှန် မြတ်၍ လှူသောပစ္စည်းကလည်း မှန်မြတ်ပြီး၊ လှူသောစေတ

နာကလည်း မွန်မြတ်ပါက၊ ပို၍ အကျိုးကျေးဇူး ရှိကြောင်းကိုလည်း ဟောကြားတားလေသည်။ အလှူ ထမြောက်စေရန်အတွက် အလှူခံ ပုဂ္ဂိုလ်မှာလည်း၊ အမျိုးအစား များစွာပင် ရှိပေသည်။ အမွန်မြတ် ပုဂ္ဂိုလ်မဟုတ်စေကာမူ လှူသင့်လှူထိုက်သောသဘောကို ထင်ရှားစေလေသည်။

လှူအပ်သော ပုဂ္ဂိုလ် 'ဂ' ယောက်၊ "ဒက္ခိဏေယျပုဂ္ဂိုလ်"များကို ဖေါ်ပြရာ၌ကား၊ သောတာပန်မဂ်ပုဂ္ဂိုလ်၊ဖိုလ်ပုဂ္ဂိုလ်၊သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊အနာဂါမိမ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ်၊ အရဟတ္တ မဂ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ်ဟူ၍ ညွှန်ပြထား၍ လှူနိုင်သော ပုဂ္ဂိုလ်အားလုံးကို ခွဲခြားဖေါ်ပြရာ၌ကား၊ဒက္ခိဏာဝိဘင်္ဂသုတ် ဥပရိမပဏ္ဏာသ စတုတ္ထဝဂ်၌—

၁။ တိရစ္ဆာန်များ။
၂။ ဒုစရိုက်ပြုသူများ။
၃။ သာသနာပအခါ၌ သီလမြဲသူ။
၄။ သာသနာပ စျာန်အဘိညာဉ်ရသူ။
၅။ မဂ်၌ကျင့်ဆဲ ပုဂ္ဂိုလ် ၄-မျိုး။
၆။ ဖိုလ်၌ကျင့်ဆဲ ပုဂ္ဂိုလ် ၄-မျိုး။
၇။ ပစ္စေကဗုဒ္ဓါ ဘုရားငယ်။
၈။ မြတ်စွာဘုရား။

ဟူ၍ ဖေါ်ပြ ထားလေသည်။

ပုဂ္ဂိုလ်အမျိုးအစားအားဖြင့် '၁၄-မျိုးရှိသဖြင့် ဒွိလျှူခံ တကျိပ်လေး၊ ခွဲးပင်ပါသည်''ဟူ၍ ဆိုရိုးပြုကြလေသည်။

ဒါနနှင့်ပတ်သက်၍ အရေးအကြီးဆုံးမှာ နိဗ္ဗာန်ကိုသာ အာရုံပြု၍ စေတနာသုံးတန် ပြဋ္ဌာန်း၍ တတ်နိုင်သမျှ မှန်မြတ်စွာ လှူဒါန်းပင် ဖြစ်လေသည်၊ ဒါန၏အကျိုးများကိုလည်း အကျယ်တဝင့်ပင် ဖေါ်ပြထားပေသည်။သို့ရာတွင် သီလ,ဘာဝနာမှုများ မပါဘဲ ဒါနတခုတည်းဖြင့်ကား သံသရာမှ ထွက်မြောက်မှုအတွက် မလုံလောက်သေးသည်ကိုသာ သတိပြုသင့်ပေသည်။

## ☆ သီလ ☆

ဗုဒ္ဓ၏ အဆုံးအမတရားတော်တွင်အကျင့်ကောင်းနှင့် ပြည့်စုံခြင်းဟူသော သီလသည်လည်း အ ရေး ကြီးသော ညွှန်ကြားချက်ဖြစ်လေသည်။ သမာဓိ့အတွက်ငှင်း၊ မဂ်ဖိုလ်‌့အတွက်ငှင်း၊ အားထုတ် ကျင့်ဆောင်သော ပုဂ္ဂိုလ်သည် စင်ကြယ်ခြင်းဟု ဆိုအပ်သော ဝိသုဒ္ဓိ ၇-ပါးကိုသာ ရဌသဂ်ဟာ အဌကထာ၌ ဖွင့်ဆိုရာတွင် သီလ၏စင်ကြယ်မှုကို ထိပ်ဆုံးမှဖော်ပြထားလေသည်။

သီလစင်ကြယ်မှု (၀၁) အကျင့်ဖြူစင်မှု

စိတ်၏စင်ကြယ်မှုရ၍ စိတ်၏စင်ကြယ်မှုရှိမှ အယူအဆ၏စင်

ကြည်မှုရှိပြီး၊ တဖန် အယူအဆ၏စင်ကြယ်မှုရှိမှ ယုံမှားခြင်းမှ စင်ကြယ်မည်ဖြစ်လေသည်။

ယုံမှားခြင်းစင်ကြယ်သူသည်ဉာဏ်အမြင် စင်ကြယ်၍ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မှန် စင်ကြယ်၍ နောက်ဆုံး သစ္စာလေးပါးကို စင်ကြယ်စွာ မြင်နိုင်မည်ဖြစ်လေသည်။

ဤသို့အားဖြင့် သီလရှိခြင်း၊ အကျင့်၏ စင်ကြယ်ခြင်းသည် အရေးပါ အရာရောက်သည်ကို သိရှိနိုင်လေသည်။ မဂ္ဂင်ရှစ်ပါးတွင် သမ္မာဝါစာ၊ သမ္မာကမ္မန္တနှင့် သမ္မာ အာဇီဝ,တို့သည် သီလ,သဘောသို့ သက်ဝင်လေသည်။

သီလ....ဟုဆိုရာတွင်....

၁။ ပြုသင့်ပြုထိုက်သော အကျင့်ကောင်းများကိုဖြည့် ကျင့်ခြင်း။ 'စာရိတ္တသီလ'

၂။ ရှောင်သင့်ရှောင်ထိုက်သော အကျင့်ဆိုးများကို ရှောင်ကြဉ်ခြင်း။ 'ဝါရိတ္တသီလ'
ဟူ၍ နှစ်မျိုးရှိလေသည်။

ထိုနှစ်မျိုးအနက် သာမန်လူတို့ အနည်းဆုံး မြဲစွဲစောင့်ထိန်းရှိသည့် ဝါရိတ္တသီလ,မှာ 'ပဉ္စသီလ'ခေါ် ငါးပါးသီလပင် ဖြစ်လေသည်။

## * ပဉ္စသီလ *

ငါးပါးသီလမှာ....

၁။ သူ့အသက်ကို မသတ်ဘဲရှောင်ခြင်း။
‘ပါဏာတိပါတာ ဝေရမဏီ’ ၊

၂။ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ခြင်း။
‘အဒိန္နာဒါနာ ဝေရမဏီ’

၃။ သူ့သားမယားကို မလွန်ကျူးအောင်ရှောင်ခြင်း၊
‘ကာမေသုမိစ္ဆာစာရာဝေရမဏီ’

၄။ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ခြင်း။
‘မုသာဝါဒါ ဝေရမဏီ’

၅။ သေရည်သေရက် သောက်စားခြင်းမှ ရှောင်ခြင်း။
‘သုရာမေရယမဇ္ဇပမာဒဋ္ဌာန ဝေရမဏီ’

ဟူ၍ ဖြစ်လေသည်။

ထိုသီလကိုပင် ‘ပဉ္စသိက္ခာပဒ’ (သိက္ခာပုဒ်ငါးပါး) ဟူ၍ ဒီဃနိကာယ်ပါတိက ဝဂ္ဂ၊ သင်္ဂီတိသုတ်၊ သမ္မောဟ‹

ဝိနယဒနိ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ အဘိဓမ္မဝိဘင်း ပါဠိတော်၊ သိက္ခာပဒဝိဘင်း....စသည်တို့၌အမည်တပ်လေသည်။

ဇာတကအဋ္ဌကထာ၌မူ 'ဂရုဓမ္မသီလ' ဟူ၍၎င်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သီလနိဒ္ဒေသ၌ 'ဂဟဋ္ဌသီလ' ဟူ၍၎င်း၊ အင်္ဂုတ္တရနိကာယ် ပဥ္စမနိပါတ်၊ ဂိဟိသုတ်အဖွင့်၌ 'အရိယဓမ္မ'ဟူ၍၎င်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ 'နိစ္စသီလ'ဟူ၍ ၎င်း၊ အသီးသီးခေါ်ဆိုထားလေသည်။

ပုဂ္ဂိုလ်အလိုက် စောင့်ထိန်း ကျင့်ဆောင်နိုင်သော သီလများလည်း ရှိပေသေးသည်။

ထိုသီလများမှာ....

၁။ ဘိက္ခုနီလောင်းတို့ သိက္ခမာန်အဖြစ်ကိုတင်ဖြည့်ကျင့်သော '၆' ပါး သီလ၊ 'သိက္ခမာန်သီလ' ။

၂၊ ဥပုသ်သည်တို့၏ ရှစ်ပါးသီလ၊ 'ဥပေါသထသီလ'

၃။ သာမဏေတို့နှင့် လူတို့စောင့်သုံးသော ဆယ်ပါး သီလ 'နိစ္စသီလ'

၄။ စကြာမင်းတို့ စောင့်သုံးသော ၉-ပါးသီလ။ 'ဥပေါသထသီလ'

ဟူ၍ဖြစ်လေသည်။

စောင့်ထိန်းသော ကျင့်ဝတ်အနည်းအများအားဖြင့် တိုးခြင်း၊ ဆုတ်ခြင်း အားဖြင့်သာကွဲလွဲလေသည်။ ဥပုသ်သည်နှင့် သာမဏေတို့ ကျင့်သုံးရသော ၁၀ ပါးသီလတွင် အောက်ပါကျင့်ဝတ်များ ပါရှိလေသည်။

## * ၁၀ ပါးသီလ *

၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ခြင်း။
‘ပါဏာတိပါတာ ဝေရမဏီ’

၂။ သူတပါးဥစ္စာကို ခိုးယူခြင်းမှရှောင်ခြင်း၊
‘အဒိန္နာဒါနာ ဝေရမဏီ’

၃။ မမြတ်သော မေထုန်အကျင့်မှရှောင်ခြင်း၊
‘အဗြဟ္မစရိယာ ဝေရမဏီ’

၄။ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ခြင်း၊
‘မုသာဝါဒါ ဝေရမဏီ’

၅။ သေရည်သေရက် သောက်ခြင်းမှ ရှောင်ခြင်း၊
‘သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ’

၆။ နေလွဲချိန်၌ စားခြင်းမှ ရှောင်ခြင်း။
‘ဝိကာလဘောဇနာ ဝေရမဏီ’

၇။ က,ခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ နားထောင် သာယာခြင်းမှ ရှောင်ခြင်း၊
‘နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿနာဝေရမဏီ’

၈။ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ အမွှေးအထုံ
အတင့်အတယ် ပြုခြင်းမှ ရှောင်ခြင်း၊
မာလာဂန္ဓ၊ ဝိလေပန၊ ဓါရဏ၊ မဏ္ဍန၊
ဝိဘူသနဋ္ဌာန ဝေရမဏီ’

၉။ မြင့်မြတ်သောနေရာတို့၌နေထိုင်ခြင်းမှရှောင်ခြင်း၊
‘ဥစ္စာသယန၊သမာသယနာ ဝေရမဏီ’

၁၀။ ရွှေငွေကိုင်ခံသုံးစွဲခြင်းမှ ရှောင်ခြင်း။
ဇာတ၊ရူပ၊ရဇတ၊ ပဋိဂ္ဂဟဏာ ဝေရမဏီ’

သီလကျင့်ဆောင်ရာတွင် စိတ်၌ဖြစ်၍ ထိရောက်စွာ ကျူးလွန်ခြင်း မရှိသေးသော မနောဒုစရိုက်တပါး၊ ဝစီဒုစရိုက်၊ ကာယဒုစရိုက်....စသော အပြစ်တို့မှရှောင်ကြဉ်မှုများကို သီလအဖြစ် ပြဋ္ဌာန်းထားလေသည်။ ဝစီဒုစရိုက်လေးပါးအနက် မုသာဝါဒ, သိက္ခာတပါးကိုသာ ထည့်သွင်း ထားသော်လည်း ကျန် ဝစီဒုစရိုက်များသည်လည်း သာမန်အားဖြင့် အကြုံးဝင်သကဲ့သို့ မှတ်ယူရလေသည်။ ကျန်သော သိက္ခာပုဒ်များမှာကား ဒုစရိုက်တွင် မပါစေကာမူ၊ ဒုစရိုက်ကို ကျူးလွန်စေတတ်သော အလားအလာရှိ၍ရင်း၊ အကျင့်ပျက်စီးစေနိုင်သည့် အတားအဆီးများဖြစ်၍ရင်း၊ မကောင်းသောအာရုံသို့ မျောပါးသွားစေနိုင်၍ရင်း၊ ဒုစရိုက်ကို ကာရံတားဆီးသည့်အနေဖြင့် သီလသိက္ခာကို ထည့်သွင်းပညတ်ထားခြင်း ဖြစ်လေသည်။

သီလ ဆိုရာ၌....

၁။ ရဟန်းတို့ကျင့်သုံးသော ပါတိမောက်သီလ၊
‘ ပါတိမောက္ခသံဝရသီလ ’

၂။ စက္ခု သောတ....စသော အာရုံအိန္ဒြေ ၆-ပါးကို ထိန်းသိမ်းခြင်း သီလ၊ ‘ အိန္ဒြိယ သံဝရသီလ။

၃။ သန့်စင်သော အသက်မွေးဝမ်းကြောင်းမှု၊
‘ အာဇီဝပါရိသုဒ္ဓိ သီလ ’

၄။ ရဟန်းတို့ ပစ္စည်းလေးပါးနှင့်ပတ်သက်၍ဆင်ခြင်ယ်စွာ သုံးစွဲမှု၊ ‘ ပစ္စယသန္နိဿိတ သီလ ’

စသည်တို့ကိုလည်း သီလထဲတွင် ထည့်သွင်းမှတ်ယူလေသည်။

သီလကို ကျင့်ဆောင်ရာ၌လည်း ဒါနကို လှူဒါန်းသကဲ့သို့ပင် ရည်ရွယ်ချက်အမျိုးမျိုးရှိတတ်ပုံကို အမျိုးအစားခွဲ၍လည်း အောက်ပါအတိုင်း ဖော်ပြထားလေသည်။

၁။ သီလစောင့်ထိန်းသည်ဟု ချီးမွမ်းခံရရုံမျှ စောင့်သော သီလ။ ‘ ဟီနသီလ ’

၂။ လောကီစည်းစိမ်ကိုလိုလား၍စောင့်သော သီလ။
‘ မဇ္ဈိမ သီလ ’

၃။ နိဗ္ဗာန်ခရီးအတွက် ရှေးဦးပြဋ္ဌာန်း စောင့်ရှောက်သော သီလ။ ‘ ပဏီတ သီလ ’ ဟူ၍ရှင်း။

၁။ သီလကိုခံယူလျက် သီလပျက်မှုပြုလုပ်သူ၏ သီလ။ 'ဟာနဘာဂိယ သီလ'

၂။ သမထ၊ ဝိပဿနာ၊ ဘာဝနာတို့ကို အားမထုတ်ဘဲ၊ သီလ,ပြည့်စုံရုံမျှဖြင့် တင်းတိမ်နေသူ၏ သီလ။ 'ဌိတိဘာဂိယ သီလ'

၃။ ဂုဏ်တော်ကို အာရုံပြုခြင်း၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း တို့ကို ဆက်လက်အားထုတ်သူ၏ သီလ။ 'ဝိသေသဘာဂိယ သီလ

၄။ ရုပ် နာမ်, မြင်အောင်အားထုတ်၍ ကမ္မဋ္ဌာန်းတရား ရှုဆင်ခြင်သူ၏ သီလ။ 'နိဗ္ဗေဒဘာဂိယ သီလ'

ဟူ၍၎င်း၊ ခွဲခြားနိုင်ပေသည်။

သီလကို စောင့်ထိန်းရာ၌လည်း၊

၁။ မကျိုးသောဂုဏ်။ 'အခဏ္ဍ'
၂။ မပေါက်သော ဂုဏ်။ 'အဆိဒ္ဒ'
၃။ မပျက်ပြားသော ဂုဏ်။ 'အသဗလ'
၄။ မကွက်ကျားသော ဂုဏ်။ 'အကမ္မာသ'
၅။ ကိလေသာကို တော်လှန်သော ဂုဏ်၊ 'ဘုဇိသ'
၆။ ချီးမွမ်းထိုက်သော ဂုဏ်။ 'ဝိညုပသဋ္ဌ'
၇။ တဏှာ၊ ဒိဋ္ဌိ တို့ကိုမစွဲလန်းသော ဂုဏ်။ 'အပရာမဋ္ဌ'
၈။ သမာဓိကိုဖြစ်စေတတ်သော ဂုဏ်။ 'သမာဓိဝတ္တန'

ဟူသော ဂုဏ်တို့နှင့် ပြည့်စုံအောင် ကျင့်ဆောင်ရန်ညွှန်ပြ ထားလေသည်။ သီလကျင့်သုံးရာ၌ သီလ ပျက်စေ နိုင် သော အကြောင်းတရားများကိုလည်း၊

၁။ မေထုန်ငယ် ၇ ပါးဟုဆိုအပ်သော ကာမဂုဏ်သာယာမှုမျိုး ကြောင့်၎င်း။

၂။ လာဘ်လာဘကို ငဲ့ခြင်းကြောင့်၎င်း။

၃။ အဆွေအရုံနှင့် ကျော်စောမှုကို ငဲ့ခြင်းကြောင့်၎င်း။

၄။ ဆွေမျိုးသားခြင်းတို့၏ ဆွဲဆောင်မှုကြောင့်၎င်း။

၅။ ခြေလက်အင်္ဂါတို့လှုပ်ဆော့မှုကြောင့်၎င်း။

၆။ အသက်ကို ငဲ့ကွက်မှုကြောင့်၎င်း။

ပျက်စီးစေနိုင်ကြောင်းကို အဋ္ဌကထာဆရာ ပုဂ္ဂိုလ် မြတ်တို့က ဖွင့်ဆိုဖော်ပြထားပေသည်။

သီလအရာ၌လည်း စေတနာသန့်စင်စွာ ဖြင့်နိဗ္ဗာန်ကို ရှေးရှု၍ ကျင့်သုံးကာ မကျိုးမပျက်အောင် စောင့် ရှောက်၍ သီလပျက်စေမည့် အဖျက်အဆီးကို ရှောင်ရှားကာ သီလပိုမိုစင်ကြယ်စေမည့် နှလုံးသွင်းတို့ကို ထားရှိရေးသည်သာ အဓိကဖြစ်လေသည်။

(၂၁)

သီလဆောက်တည်ရာ၌ ၅-ပါးသီလပင် လျှင်သောတာပန် ဖြစ်စေကြောင်း အင်္ဂါ ၄-ပါးတွင် တပါး ပါဝင်ကြောင်းကို မြတ်စွာဘုရားကိုယ်တိုင်တော်ပင် ဟောကြား တော်မူလေသည်။

သောတာပန်ဖြစ်ကြောင်း အင်္ဂါ ၄-ပါးမှာ...

၁။ ဘုရားဂုဏ်၌ သက်ဝင်ယုံကြည်ခြင်း။

၂။ တရားဂုဏ်၌ သက်ဝင်ယုံကြည်ခြင်း။

၃။ သံဃာဂုဏ်၌ သက်ဝင်ယုံကြည်ခြင်း။

၄။ အရိယကန္တ "ပဥ္စသီလ"နှင့် ပြည့်စုံခြင်း။

ဟူ၍ပင် ဖြစ်လေသည်။

ဒါနနှင့်သီလတို့သည် ပါရမီ ၁၀-ပါး တွင်ပါဝင်၍ သမာဓိသည် ပညာပါရမီ၊ ဝီရိယပါရမီတို့၌ အ ခြေခံလေသည်၊ သီလကျင့် ဆောက်တည်ခြင်း၏ အကျိုးကျေး ဇူးများကိုလည်း ဟောကြားထားပေသည်၊ စင် စစ် အား ဖြင့် ကောင်းမြတ်စင်ကြယ်သော အကျင့်သိက္ခာသည် ပစ္စက္ခဘဝ၌ လည်း အကျိုးကြီးမားစေသည်မှာ ထင်မြင်သာသော ကိစ္စပင် ဖြစ်လေသည်။

ဒါန၊ သီလနှင့် စပ်သော နိပါတ်တော် များလည်း များစွာရှိလေသည်၊ သီလမပျက် မကျိုးစေနိုင်ရန် အတွက် အသက်နှင့်ပင်လဲ၍ စောင့်ရှောက် အပ်ကြောင်းတို့ကို လည်း ဘူရိဒတ်စသော ဇာတ်တော်အများ၌ပင် သာဓက တင်ထားပေသည်။

## ☆ ဘာဝနာ ☆

"ဘာဝနာ" ဘာဝ နာ ဟူသည်မှာ....
စိတ်၌ ပွားများအပ်သော ပွားများမှု နည်းအမျိုးမျိုးကို ခေါ်ဆိုလေသည်။ ရုပ်နှင့်နာမ်တို့ကို အသေးစိတ် ခွဲခြားထင်မြင်ပြီးသော ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်း အမျိုးမျိုးကို အာရုံ ပြုခြင်းဖြင့် သန့်သစ်ကောင်းမြတ်သော စိတ်ကိုဖြစ်ပေါ်စေလေသည်။

ဘာဝနာ တွင် သမထနှင့် ဝိပဿနာ ဟူ၍နှစ်မျိုး ကွဲပြားလေသည်။

သမထကိုဖြစ်စေ၊ ဝိပဿနာကို ဖြစ်စေ၊ မိမိသန္တာန်၌ စွဲထင်လာအောင် တကြိမ် ပေါ်လာ ပြီးတိုင်း နောက်တကြိမ်ပြန်၍ ပေါ်လာအောင် အထပ်ထပ်ခိုင်မာအောင် ဆက်ကာဆက်ကာ တိုးပွားအားထုတ် အပ်သော သဘောရှိ၍လည်း ဘာဝနာဟူ၍ ခေါ်ဆိုလေသည်။

လောကီသမာဓိအတွက် သမထလမ်းစဉ်ဖြင့် အားထုတ်သည်ဖြစ်စေ၊ လောကုတ္တရာ သမာဓိ အတွက် ဝိပဿနာဉာဏ် အဆင့်ဆင့်ပေါ်ထွန်းရန် ဝိပဿနာလမ်းစဉ်ဖြင့် အားထုတ်သည်ဖြစ်စေ၊ ဘာဝနာဟူ၍ပင် ဆိုအပ်လေသည်။

## * သမထ *

"သမထ" မဂ်ဖိုလ်အလင်းဉာဏ် ပေါက်နိုင်စွမ်းကို တားဆီးတတ်သော အာရုံငါးပါး၌ ခံစားလိုခြင်း၊ အမျက်ထွက်ခြင်း၊ ထိုင်းမှိုင်းခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ ယုံမှားတွေးတောခြင်း၊ အမိုက်ဉာဏ်ဖုံးခြင်း စသည်တို့ကို ပယ်ရှင်း၍ အာရုံကြည်လင်စေရန် အားထုတ်ခြင်း၊ သမာဓိတရား ခံယူခြင်းတို့သည် သမထပင်ဖြစ်လေသည်။

ကမ္မဋ္ဌာန်း တရားအားထုတ်သည့် အခါတွင် တရားအားထုတ်သည့် ပုဂ္ဂိုလ်၏စိတ်၌ကြီးစွာသောကုသိုလ်စိတ် စတင်ဖြစ်ပေါ်၍ ကိလေသာစိတ်များ ငြိမ်သက်ချေမ်း၍ လာရလေသည်။ အာရုံအမျိုးမျိုးသို့ ခုန်ကူး၍နေသော စိတ်ကို ပြန်လည်ထိန်းချုပ်၍ တည်ငြိမ်ခြင်းကိုလည်း ရလေသည်။

သမထဘာဝနာသည် လောကီ သမာဓိကိုရစေနိုင်၍၊ ဝိပဿနာ ဘာဝနာမှာ လောကုတ္တရာ သမာဓိကိုရစေနိုင်လေသည်။ * လောကီသမာဓိကို ရရှိပြီးသော ပုဂ္ဂိုလ်သည်၊ နိမ့်သော အဆင့်သို့ပြန်၍ ရောက်နိုင်ဘွယ်ကား ရှိပေသေးသည်။

---

* သမထကျမ်း စာမျက်နှာ ၈။

အချို့သောပုဂ္ဂိုလ်တို့သည်သမထ ဘာ●နာကို ဦးစွာအားထုတ်ပြီးမှ ဝိပဿနာ ဘာဝနာကို ဆက်လက်အားထုတ် တတ်ကြလေသည်၊ ထိုသူမျိုးကို သမထ ယာနိကပုဂ္ဂိုလ်ဟု ခေါ်လေသည်။ အချို့သော ပုဂ္ဂိုလ်တို့ကား ဝိပဿနာဘာဝနာကို ဦးတိုက်အားထုတ် တတ်ကြလေသည်၊ ထိုသူမျိုးကိုကားသုက္ခဝိပဿနာကပုဂ္ဂိုလ်ဟုခေါ်လေသည်။

စင်စစ်အားဖြင့် သမထ အားထုတ်မှုသည်၊ စိတ်ဓါတ် တည်ငြိမ်စေမှုနှင့် ကြံ့ခိုင် ရင့်သန်စေမှု အတွက် လေ့ကျင့်အားထုတ်သော နည်းပင်ဖြစ်လေသည်။

နိဗ္ဗာန်မျက်မှောက် ပြုနိုင်ရေး အတွက်မူကား ဝိပဿနာ ဘာဝနာအားဖြင့် လောကုတ္တရာ သမာဓိကို ရအောင် အားထုတ်ရလေသည်၊ သို့ရာတွင် သမထကျင့်စဉ်အားဖြင့် တည်ငြိမ်မှုရစေပြီးသော စိတ်သည်၊ နိဗ္ဗာန်လမ်းကို ပိတ်ပင်ထားသည့် ကာမစ္ဆန္ဒ အစရှိသော နီဝရဏ တရားတို့ကို ငြိမ်သက်စေ၍ စိတ်အင်အားလည်း ကြီးမားစေနိုင်သဖြင့် များစွာအထောက်အပံ့ ပြုပေသည်။

သမထနည်းဖြင့် အားထုတ်၍ ရရှိသော လောကိယ သမာဓိသည်၊ ရူပဘုံ။ အရူပဘုံတို့နှင့် သက်ဆိုင်လေသည်၊ သဘောအားဖြင့် စိတ်နှင့်စေတသိက်ကို ခေတ္တမျှ ထိန်းချုပ်ထားခြင်းဖြစ်၍ ၃၁-ဘုံကို တွယ်တာသော ကာမတဏှာကိုကား ပယ်ရှားနိုင်ခြင်း မရှိသေးပေ၊ သို့ရာတွင်

လောကုတ္တရာ သမာဓိအတွက် ပရမတ္ထတရား ပကတိဖြစ်တည်မှု အမှန်ကို ထွင်းဖေါက် ရှုမြင်နိုင်စေသော ဉာဏ်အမြင်ကို အထောက်အပံ့ ပြုလေသည်။

သမထ အားထုတ်မှုသည် အဆုံးစွန်၌၊ လောကီအသိညာဉ် အစွမ်းတန်ခိုး သတ္တိကို ရရှိစေနိုင်သည် မှန်သော်လည်း၊ အဘိညာဉ်တန်ခိုး ရရှိရေးမှာ အဓိကမဟုတ်ဘဲ စိတ်ငြိမ်သက်မှု၊ ကြံ့ခိုင်မှုသာလျှင် အဓိကဖြစ်လေသည်။

တန်ခိုးပိုင်ဆိုင်မှုကြောင့် မူလ ရည်ရွယ်ရင်း လောက ထွက်မြောက်မှုလမ်းကြောင်းကို မျက်ခြေ ပြတ်တတ်လေသည်၊ သတိရှိရန် လိုလေသည်၊ ဗုဒ္ဓ မြတ်စွာ သည် စျာန်အဘိညာဉ် ရမှုကို အဓိကမထားဘဲ၊ သဗ္ဗညုတဉာဏ်ဖြင့် သံသရာဝဋ်မှ လွတ်ထွက်နိုင်ရေးကိုသာ အဓိကထား၍ ကျင့်ကြံ ဟောကြားခဲ့၍ တန်ခိုးအရာမှာ အကြောင်း အားလျော်စွာ ပေါ်ပေါက်ပြည့်စုံရခြင်းပင် ဖြစ်လေသည်။

# * ကမ္မဋ္ဌာန်း *

ကမ္မဋ္ဌာန်းဟူသည်မှာ သမထ ဝိပဿနာ ရှုဆင်ခြင်မှုတို့ ဖြစ်ရာဖြစ်ကြောင်း အခြေခံ အာရုံ တရားပင် ဖြစ်လေသည်၊ ဘာဝနာအားထုတ်မှု၏ တည်ရာအာရုံသည်အာရုံ ကမ္မဋ္ဌာန်းဖြစ်၍ ပွားများအားထုတ်မှုသည် အာရမဏိက ကမ္မဋ္ဌာန်းဖြစ်လေသည်၊ ရှေးအားထုတ်မှု ပေါ်တွင် နောက် အားထုတ်မှုက အခြေတည်သောကြောင့် ကမ္မဋ္ဌာန်းဟူ၍ မှတ်ယူရလေသည်။

ကမ္မဋ္ဌာန်း အားထုတ် နည်းပေါင်းသည် အမျိုးအစားအားဖြင့် ၄၀-ရှိသည်ဟု ပိုင်းခြားထားလေသည်၊ စင်စစ်အားဖြင့် သမထနှင့် ဝိပဿနာတို့ကို အားထုတ်ပွားများ

ရာတွင် အာရုံကို မပြန့်စေအောင် ဆဲ့ဆောင် ချုပ်တည်း၍ ဌာနတရပ်ရပ်၌ စူးစိုက်သွင်းနှံထားခြင်း သဘောပင် ဖြစ်လေသည်။

ထိုသွင်းနှံရာ ကမ္မဋ္ဌာန်းပေါင်း သည်၊ ၄၀-ရှိသည်ဟု ဆိုနိုင်ပေသည်၊ ယင်းတို့မှာ အောက်ပါအတိုင်း ပင်ဖြစ်လေသည်၊ ကမ္မဋ္ဌာန်း ၄၀-တို့ဖြင့် သမထ ဘာဝနာ ကို အားထုတ်ကြပေသည်။

ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အနုဿတိ ၁၀-ပါး၊ ဗြဟ္မစိုရ်တရား (ဗြဟ္မဝိဟာရတရား) ၄-ပါး၊ အာဟာရေ ပဋိကူလသညာ သင်ခြင်းမှု ၁-ပါး၊ စတုဓါတုဝဝတ္ထာ ၁-ပါး၊ အာရုပ္ပ ၄-ပါးဟူ၍ ဖြစ်လေသည်၊ ယင်းတို့ကို သိလွယ်အောင် ရှင်းလင်းပြဆိုရန် လိုပေသည်။

## * ကသိုဏ်း ၁၀-ပါး *

ကသိုဏ်း ၁၀-ပါးမှာ....

၁။ မြေ၌အာရုံစိုက်၍ ကြည့်မြင်လေသမျှကို မြေချည်းသာ ဖြစ်သည်အထိ အာရုံစွဲခြင်း 'ပထဝီကသိုဏ်း'

၂။ ရေ၌အာရုံစိုက်၍ မြင်ရသမျှ ရေချည်းအထိ ထင်မြင်အောင် အာရုံစွဲခြင်း၊ "အာပေါကသိုဏ်း"

၃။ မီး၌အာရုံစိုက်၍မြင်ရသမျှ မီးချည်းအထိ မြင်အောင်အာရုံစွဲခြင်း၊ 'တေဇောကသိုဏ်း'

၄။ လေ၌အာရုံစိုက်၍ မြင်ရသမျှလေအထိသာ ထင်မြင်အောင်အာရုံစွဲခြင်း၊ "ဝါယောကသိုဏ်း"

၅။ အညိုရောင်၌ အာရုံစိုက်၍မြင်ရသမျှအညိုရောင်ချည်း ထင်မြင်အောင် အာရုံစွဲခြင်း၊ "နီလာကသိုဏ်း"

၆။ ရွှေရောင်၌အာရုံစိုက်၍မြင်ရသမျှ ရွှေရောင်ချည်းထင်မြင်အောင် အာရုံစွဲခြင်း "ပီတကသိုဏ်း"

၇။ အနီရောင်၌ အာရုံစိုက်၍ မြင်ရသမျှ အနီရောင်ချည်းထင်မြင်အောင် အာရုံစွဲခြင်း၊ "လောဟိတကသိုဏ်း"

၈၊ အဖြူရောင်၌ အာရုံစိုက်၍ မြင်သမျှ အဖြူရောင်ချည်းထင်မြင်အောင် အာရုံစွဲခြင်း၊ "ဩဒါတကသိုဏ်း"

၉။ အပိုင်းအခြားမရှိသော ဟင်းလင်းပြင်ကိုရှု၍ အားလုံးဟင်းလင်းပြင်အဖြစ် ထင်မြင်အောင်အာရုံစွဲခြင်း "ပရိစ္ဆိန္နာကာသ ကသိုဏ်း"

၁၀။ အလင်းရောင်ကို အာရုံစိုက်၍ မြင်ရသမျှ အလင်းရောင်ချည်း ထင်အောင် အာရုံစွဲခြင်း၊ "အာလောက ကသိုဏ်း"

ဟူ၍ပင်ဖြစ်လေသည်၊ ထိုအရာဌာန တခုခုကိုစွဲ၍ အာရုံ ထိန်းချုပ်ခြင်းပြုရလေသည်။

## + အသုဘ ၁၀-ပါး +

အသုဘ ၁၀-ပါးမှာ....

၁။ ဖူးယောင်သောအလောင်းကောင်ကို အာရုံပြုလျက် သင်္ခါရတရားကို ဆင်ခြင်ခြင်း၊ "ဥဒ္ဓုမာတကံ"

၂။ ညိုပုပ်သော အလောင်းကောင်ကို အာရုံပြုလျက် သင်္ခါရတရားကို ဆင်ခြင်ခြင်း။ "ဝိနီလကံ"

၃။ ပြည်ယိုသော အလောင်းကောင်ကို အာရုံ ပြုလျက် သင်္ခါရတရားကို ဆင်ခြင်ခြင်း၊ "ဝိပုဗ္ဗကံ"

၄။ ထက်ပိုင်းပြတ်သော အလောင်းကောင်ကို အာရုံပြုလျက် သင်္ခါရ တရားကို ဆင်ခြင်ခြင်း၊ "ဝိစ္ဆိဒ္ဒကံ"

၅။ သားရဲတို့ ကိုက်ခဲထားသော အလောင်းကောင်ကို အာရုံပြုလျက် သင်္ခါရ တရားကို ဆင်ခြင်ခြင်း၊ "ဝိက္ခာယိတကံ"

၆။ သားရဲတို့ ကိုက်ဖြတ်စွန့်ပစ်ထားသော အလောင်းကောင်ကို အာရုံပြုလျက် သင်္ခါရတရားကို ဆင်ခြင်ခြင်း၊ "ဝိက္ခိတ္တကံ"

၇။ ဓါးလက်နက်တို့ဖြင့် ခုတ်ဖြတ်ပစ်ထားသော အ လောင်းကောင်ကို အာရုံပြုလျက် သညာရတရားကို ဆင်ခြင်ခြင်း၊ "ဟတဝိက္ခိတကံ"

၈။ သွေးအလိမ်းလိမ်း အလောင်းကောင်ကို အာရုံပြု လျက်သညာရတရားကိုဆင်ခြင်ခြင်း၊ "လောဟိတကံ"

၉။ ပိုးလောက်ကျနေသော အလောင်းကောင်ကို အာရုံ ပြုလျက်၊သညာရတရားကို ဆင်ခြင်ခြင်း၊ 'ပုဠုဝကံ'

၁၀။ အရိုးစုအလောင်းကောင်ကို အာရုံပြုလျက် သညာရ တရားကို ဆင်ခြင်ခြင်း၊ "အဋ္ဌိကဥ္စကံ"
ဟူ၍ပင် ဖြစ်လေသည်။

အသုဘဟူသည်၊ မတင့်တယ်သော အရာပင်ဖြစ်ရာ လူသေအလောင်းကောင် သာမက တိရိစ္ဆာန် အလောင်းကောင်တို့ကိုလည်း ရှုဆင်ခြင်နိုင်လေသည်၊ ထို့မှ တပါး အသက်ရှင်နေသော လူ၏ ကိုယ်ခန္ဓာ၌လည်း ဖေါက်ပြန် ပျက်စီးနေမှုကို သဘောသက်ဝင် တွင်းဖေါက်၍ မြင်သောအား ဖြင့် ဆင်ခြင်၍ ရနိုင်လေသည်။ * လိုရင်းမှာ ရုပ်နာမ် ဓမ္မတို့၏ ပြောင်းလဲ ဖေါက်ပြန် ပျက်စီးခြင်း သညာရသဘော၌ တည်ငြိမ် ခိုင်မာသော ဉာဏ် အမြင်ရရှိရေးပင် ဖြစ်လေသည်။

## အနုဿတိ ၁၀-ပါး

အာရုံတခုကို အထပ်ထပ် အပြန်ပြန် အောက်မေ့ဆင်ခြင်မှုသည် အနုဿတိပင် ဖြစ်လေသည်၊ အနုဿတိ ၁၀-ပါးမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ မြတ်စွာဘုရား၏ ဂုဏ်တော်ကို ထပ်ကာ အောက်မေ့ခြင်း၊ "ဗုဒ္ဓါနုဿတိ"

၂။ မဂ်ဖိုလ်နိဗ္ဗာန်တရားနှင့် တရားတော်၏ ဂုဏ်ကို ထပ်ကာအောက်မေ့ခြင်း၊ "ဓမ္မာနုဿတိ"

၃။ သံဃာတော်၏ ဂုဏ်ကို ထပ်ကာ အောက်မေ့ခြင်း၊ "သံဃာနုဿတိ"

၄။ မိမိအကျင့်သီလကို ထပ်ကာဆင်ခြင် အောက်မေ့ခြင်း။ "သီလာနုဿတိ"

၅။ မိမိစွန့်ကြဲလှူတန်းမှုဂုဏ်ကိုထပ်ကာဆင်ခြင်းအောက်မေ့ခြင်း၊ "စာဂါနုဿတိ"

၆။ နတ်တို့ကို သက်သေပမာနပြု၍ မိမိသဒ္ဓါတရားတို့ကို နှိုင်းယှဥ်အောက်မေ့ခြင်း၊ "ဒေဝတာနုဿတိ"

၇။ နိဗ္ဗာန်ချမ်းသာ ဂုဏ်ကျေးဇူးကို ထပ်ကာ အောက်မေ့ခြင်း၊ "ဥပသမာနုဿတိ"

၈။ သေခြင်းသဘောကို ထပ်ကာအောက်မေ့ခြင်း၊ 'မရဏာနုဿတိ'

၉။ ကိုယ်ခန္ဓာသည် ရုပ်ဒြပ်အမျိုး ၃၂-ပါးတို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်ဟု ထပ်ကာအောက်မေ့ခြင်း "ကာယဂတာသတိ"

၁၀။ မိမိ၏ထွက်သက် ဝင်သက်ကို အာရုံစိုက်၍ ဆင်ခြင်ခြင်း၊ "အာနာပါနဿတိ"

---

အကျယ်ကို ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ၊ မြန်မာပြန် ပထမတွဲ စာမျက်နှာ ၁၆၀။
ကမ္မဋ္ဌာန နဂ္ဂဏာနိဒ္ဒေသပိုင်းမှအစ ဒုတိယတွဲ စာမျက်နှာ ၁၀၄။
သမာဓိနိဒ္ဒေသ အခဏ်းအဆုံးအထိ ဖတ်ရှုလေ့လာ သင့်ပေသည်။

## * ဗြဟ္မစိုရ် တရား ၄- ပါး *

ဗြဟ္မစိုရ်တရား၊ သို့မဟုတ် ဗြဟ္မဝိဟာရ တရားဟု ခေါ်ဝေါ်သောတရား လေးပါးမှာ အပ္ပမညာ တရား ၄-ပါးပင် ဖြစ်လေသည်။

ယင်းတို့မှာ....

၁။ အတိုင်းမသိသော သတ္တဝါတို့အား ချစ်မေတ္တာ ပွားခြင်း၊ "မေတ္တာ"
၂။ အတိုင်းမသိသော သတ္တဝါတို့အား ကြင်နာသနားမှု ပွားခြင်း၊ "ကရုဏာ"
၃။ အတိုင်းမသိသော သတ္တဝါတို့အတွက် ကျေနပ်စိတ် သွင်း၍ ဝမ်းမြောက်မှုပွားခြင်း၊ "မုဒိတာ"
၄။ ဖြစ်ပျက်သမျှသည် ကံ၏ အကျိုး အားလျော်စွာ ဖြစ်ရသည်ဟူ၍၎င်း၊ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့၌ လစ်လျူရှု၍အမှတ်မထား ခြင်းဖြင့်၎င်း၊ ရှုဆင်ခြင်ပွား များခြင်း၊ "ဥပေက္ခာ"

ဟူ၍ဖြစ်လေသည်။

**အာဟာရေ ပဋိကူလသညာ ၁-ပါး**

၁။ စားမျိုအပ်သော အစာအာဟာရ၌ စက်ဆုပ်ရွံရှာဘွယ်ဟူ၍ ရှုဆင်ခြင်ခြင်း။

**စတုဓါတုဝဝတ္ထာန် ၁-ပါး**

၁။ ခန္ဓာကိုယ်သည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောစသော ဓါတ်ကြီး ၄-ပါးတို့၏ အစုအဝေးသာဖြစ်သည်ဟု မြင်လာအောင် ရှုဆင်ခြင်ခြင်း။

* အာရုပ္ပ ၄- ပါး *

ရုပ်၏ ဆန့်ကျင်ဘက်ဖြစ်သော အာရုံ၌ ဝင်စား ရှုခြင်းဖြင့် အာရုပ္ပဟု ခေါ်ဆိုလေသည်။

အာရုပ္ပ ၄-ပါးမှာ....

၁။ အာကာသ ကသိုဏ်းမှတပါး၊ ကျန်ကသိုဏ်း တခုခုကို အာရုံပြု၍ အထက်အရူပစျာန်၊ "ရုပ်မရှိသော အဖြစ်"ကို လိုလား တောင်းတ စွာဖြင့်၊ ရူပစျာန် "ရုပ်ရှိသောအဖြစ်တို့မှ" အာရုံကိုခွာ၍ ရှုဆင်ခြင်

ခြင်း၊ 'အာကာသာနဉ္စာ ယတနစျာန်'

၂။ အထက်နည်းအတိုင်း အာရုံပြု၍ရပြီး စျာန်ကိုလိုအပ် သဖြင့်ရပြီး စျာန်မှတဖန်အာရုံကိုခွာ၍ အထက်စျာန် အဖို့ ရှုဆင်ခြင်ခြင်း၊ 'ဝိညာဏဉ္စာယတနစျာန်'

၃။ အထက်နည်းအတိုင်း အထက်စျာန် အဆင့် အတွက် ရပြီးစျာန်မှ အာရုံခွာ၍ ရှုဆင်ခြင်ခြင်း၊ "အာကိဉ္စ ညာယတနစျာန်"

၄။ အထက် နည်း အတိုင်း အထက်စျာန် တဆင့်အတွက် ရပြီးစျာန်မှ အာရုံခွာ၍ ရှုဆင်ခြင်ခြင်း၊ "နေဝသညာနာသညာ ယတနစျာန်"

ဟူ၍ စျာန်များကို တဆင့်ထက်တဆင့် တက်၍အာရုံစွဲယူ တက် လှမ်းဆင်ခြင်ခြင်း ဖြစ်လေသည်၊ ထိုကမ္မဋ္ဌာန်း သဘောမှာ ဝတ္ထုထင်ရှား၊ ရုပ်ဒြပ်ထင်ရှား မရှိဘဲလျက်ပင် အာရုံစွဲအောင် တွယ်ကပ်၍ ရှုနိုင်စွမ်းရှိသောကြောင့် စိတ်၏ ငြိမ်သက်တည်ငြိမ် ခြင်းလည်းရှိလေသည်။

ကြွင်းသော ကမ္မဋ္ဌာန်း ၃၆-မျိုးမှာ မပ်ကိုအာရုံပြုနိုင်၍ ဤအာရုပ္ပ ကမ္မဋ္ဌာန်း ၄-မျိုးမှာ ရုပ်ဒြပ် ရရှိသည်ကို အာရုံပြုရပုံ ခြင်းအားဖြင့် ခြားနားသေသည်။

ဤကမ္မဋ္ဌာန်း ၄၀-တို့တွင် ရုပ်ဒြပ်ထင် ရှား အာရုံပြုသော အထက်ကမ္မဋ္ဌာန်း၊ ရူပစျာန် အာကုတ်မှု တို့ကို အောင်မြင်ပေါက်မြောက်ပြီး နောက်မှရုပ်ဒြပ်မဲ့သော အာ

ရုံဖြစ်သည် အာရုပ္ပ ကမ္မဋ္ဌာန်း ၄-ပါးကို ဖြန့်လေသည်။

## ☆ စရိုက် ၆-ပါး ☆

ကမ္မဋ္ဌာန်း အားထုတ်ရာတွင် ပုဂ္ဂိုလ်၏ စရိုက်ကိုလိုက်၍ မည်သည့် ကမ္မဋ္ဌာန်းကို ရွေးချယ် အားထုတ်ရမည်ဟူ၍ ညွှန်ကြားချက်များ ရှိလေသည်၊ ပုဂ္ဂိုလ်များကို စရိုက် ၆-မျိုးဖြင့် ပိုင်းခြားထားလေသည်။ ၎င်းတို့မှာ....

၁။ တပ်မက်ခြင်းလွန်ကဲသည့် ပုဂ္ဂိုလ် "ရာဂစရိတ"

၂။ အမျက်ကြီးခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ ဖျက်ဆီးလိုခြင်း၊ အဆုံးအမ ခက်ခြင်းစသည် လွန်ကဲသည့် ပုဂ္ဂိုလ် "ဒေါသစရိတ"

၃။ ပြန့်လွင့်ခြင်း၊ မိုက်မဲခြင်း လွန်ကဲသည့်ပုဂ္ဂိုလ် "မောဟစရိတ"

၄။ စေတနာပြည့်ဝ၍ ကောင်းမှု၌ မွေ့လျော်သော ပုဂ္ဂိုလ် "သဒ္ဓါစရိတ"

၅။ ဉာဏ်အမြော်အမြင်ကြီး၍ ဝေဘန်နိုင်းဆလေ့ ရှိသော ပုဂ္ဂိုလ် "ဗုဒ္ဓိစရိတ"

၆။ စိတ်ကူးယဉ် အတွေးကြွယ်သော ပုဂ္ဂိုလ် "ဝိတက္ကစရိတ" ဟူ၍ဖြစ်လေသည်။

ထိုပုဂ္ဂိုလ် ၆-မျိုးတွင်....

၁။ ပုဂ္ဂိုလ်သည် အသုဘ ၁၀-ပါးနှင့် ကာယဂတာ-
သတိကမ္မဋ္ဌာန်းကိုရင်း။
၂။ ပုဂ္ဂိုလ်သည် အပ္ပမညာ ၄-ပါးနှင့် အရောင် ''ဝဏ္ဏ''
ကသိုဏ်း ၄-ပါးကိုရင်း။
၃။ ပုဂ္ဂိုလ်သည် ထွက်သက်ဝင်သက် သတိမှတ်ခြင်း
အာနာပါနသတိကိုရင်း။
၄။ ပုဂ္ဂိုလ်သည် ဗုဒ္ဓါနုဿတိ စသော ပထမ အနုဿတိ
၆-ပါးကိုရင်း။
၅။ ပုဂ္ဂိုလ်သည် ဥပသမာနုဿတိ မရဏာနုဿတိ၊ သညာ
၁-ပါးနှင့် စတုဓါတုဝ ဝတ္ထာန် ၁-ပါးတို့ကိုရင်း။
၆။ ပုဂ္ဂိုလ်သည် ထွက်သက်ဝင်သက်မှတ်ခြင်း၊
အာနာပါနနုဿတိကိုရင်း။

အသီးသီးအားထုတ်၍ ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောက ကသိုဏ်းတို့ကိုမူ မည်သူမဆို အားထုတ်နိုင်လေသည်။

## ☆ ဘာဝနာ ၃ပါး ☆

ကမ္မဋ္ဌာန်းအားထုတ်ရာတွင် သမာဓိပေါက်ရောက်ပုံမှာ အဆင့် ၃ ဆင့်ရှိလေသည်။

၁။ ပထမအဆင့်မှာ အခြေပြုသောအဆင့် (ပရိကမ္မ)
‘အကုသိုလ်စိတ်များ မချုပ်သေးမီ’

၂။ ဒုတိယအဆင့်မှာ စိတ် အတန် အသင့် တည်ငြိမ် ပြီး၍
ဈာန်သို့ကူးရန် နီးကပ်ကမ်းလှမ်းနိုင်သော အဆင့်။
(ဥပစာရ) ‘အကုသိုလ်စိတ် နီဝရဏ ချုပ်သည်မှ
ဂေါတြဘူအထိ’

၃။ တတိယအဆင့်မှာ စိတ် အလွန် တည်ငြိမ်ကြည်နူးလျက်
ရှိပြီဖြစ်သော ဈာန်စိတ်အဆင့် (အပ္ပနာ)
‘မဟာဂ္ဂုတ်လောကုတ္တရာအဖြစ်သို့ ရောက်ပြီ’
ဟူ၍ သုံးဆင့်ခွဲခြားနိုင်လေသည်။

ထိုအဆင့်သုံးဆင့်တွင် မည်သည့်အဆင့်သို့ရောက်ရှိနေကြောင်းကို ပေါ်လာသော နိမိတ်အားလျော်စွာ ဆုံးဖြတ်နိုင်လေသည်။

## ☆ နိမိတ် ၃ ပါး ☆

ထိုနိမိတ်သုံးပါးမှာ–

၁။ ရှေ့တွင် ရှုကြည့်နေသော ကသိုဏ်းဝန်းရပ်ဒြပ်အာကွင်းအကွက်မျှသာမြင်နေရခြင်း၊ ‘ပရိကမ္မနိမိတ်’

၂။ အာရုံ (မနောဒွါရ)တွင် ရှုကြည့်နေသော ကသိုဏ်းဝန်းအတိုင်း မပျောက် မပျက် ထင် ရှားစွာ ပေါ်ထင်လာခြင်း၊ ‘ဥဂ္ဂဟနိမိတ်’ စိတ်၌ ကသိုဏ်းဝန်းထင်ခြင်း၊

၃။ အာရုံ၏ ကသိုဏ်းဝန်းသည်တဖြည်းဖြည်းအရောင်များဖြင့် တောက်ပြောင်လာ၍ နှစ်လိုဘွယ် ဖြစ်လာခြင်း၊ အတုထင်သော ကသိုဏ်း၏ ချို့ယွင်းချက်မျိုး လုံးဝကင်းစင်ခြင်း၊ ‘ပဋိဘာဂနိမိတ်’ ဟူ၍ဖြစ်လေသည်။

ကမ္မဋ္ဌာန်းအားထုတ်သူသည် နောက်ဆုံး ပဋိဘာဂနိမိတ်ထင်လာ၍ အပ္ပနာအဆင့်ရောက်ပြီးမှသာ စျာန်စခန်းဖြစ်သော ရူပစျာန်ငါးဆင့်၊ (ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန်)တို့ကို တက်လှမ်းအာရုံပြုနိုင်ပြီး ထိုနောက်တွင်မှ အရူပစျာန်ဖြစ်သော အာရုပ္ပကမ္မဋ္ဌာန်းလေးပါးကို အဆင့်ဆင့်ရှုဆင်ခြင်နိုင်လေသည်။

စျာန်များတွင် ဝင်စားမှုအဆင့် (စျာန်အင်္ဂါ ၅-မျိုးရှိသည့်အနက် ရူပစျာန်တဆင့် အထက်သို့တက်တိုင်း ဝင်စားမှုအဆင့် (စျာန်အင်္ဂါ)တဆင့် လျော့နည်းသွားလေသည်။

## ဝင်စားမှုအဆင့် (စျာန်အင်္ဂါ) ၅ ပါး၊ ☆

စျာန်အင်္ဂါ ၅ ပါးမှာ–

၁။ အာရုံကိုတင်ခြင်း၊ 'ဝိတက်'
၂။ အာရုံကို ထိန်းယူထားခြင်း၊ 'ဝိစာရ'
၃။ နှစ်သက်မှု ဖြစ်ပေါ်ခြင်း၊ 'ပီတိ'
၄။ ချမ်းမြေ့မှုဖြစ်ခြင်း၊ 'သုခ'
၅။ အာရုံ၌ စွဲမြဲစူးစိုက်ခြင်း၊ 'ဧကဂ္ဂတာ'
ဟူ၍ ဖြစ်လေသည်။

ပထမစျာန်တွင် ထိုအဆင့်ငါးဆင့်လုံးတဆင့်စီ ဝင်စားရလေသည်။ ဒုတိယစျာန်တွင် ပထမ ဝိတက်အဆင့်မလိုဘဲ ကျန်လေးဆင့်သာ ဝင်စားရလေသည်။ တတိယစျာန်တွင် ပထမ ဒုတိယ အဆင့်မလိုဘဲ၊ ကျန် သုံးဆင့်ကိုသာ ဝင်စားရလေသည်။ စတုတ္ထစျာန်တွင် တတိယ အဆင့်အထိ မလိုဘဲ၊ ကျန် နှစ်ဆင့်သာ ဝင်စားရလေသည်။ ပဥ္စမ စျာန်တွင် စတုတ္ထ အဆင့်အထိ မလိုဘဲ၊ ချမ်းမြေ့မှုကို ဖယ်ရှား လျစ်လျူရှုရသည့် ဥပေက္ခာ အဆင့်တခုသွင်း၍ နောက်ဆုံး ဧကဂ္ဂတာအဆင့်ကိုသာ ဝင်စား ရလေသည်။

## ☆ ဝသီဘော် ၅ ပါး ☆

ကမ္မဋ္ဌာန်းဖြင့် ဈာန်ကိုရရှိအောင် ပွားများအား ထုတ် လေ့ကျင့်သောသူသည် အစွမ်း ၅-မျိုးကို ရရှိလာမည်ဖြစ် လေသည်။ ထိုအစွမ်း ၅ မျိုး (ဝသီဘော်မှာ)

၁။ ဈာန်ဝင်စားရန် ချက်ချင်း ပြင်ဆင်နိုင်စွမ်းခြင်း၊ 'အာဝဇ္ဇနဝသီ'

၂။ ဈာန်ကို အလိုရှိသောခဏ၌ လျှင်မြန်စွာ ဝင်စား နိုင်စွမ်းခြင်း၊ 'သမာပဇ္ဇနဝသီ'

၃၊ ကြာရှည်လိုသမျှ ဈာန်ဝင်စား၍နေနိုင်ခြင်း၊ 'အဓိဋ္ဌာန ဝသီ'

၄။ မိမိမှန်းထားသောအချိန်၌ ဈာန်မှ ထ, နိုင် စွမ်း ခြင်း၊ 'ဝုဋ္ဌာန ဝသီ'

၅။ ဈာန်အင်္ဂါအဆင့်တို့ကို ပြန်၍ ဆင်ခြင်နိုင် စွမ်းခြင်း၊ 'ပစ္စဝေက္ခဏာဝသီ'

ဟူ၍ ဖြစ်လေသည်။

ကမ္မဋ္ဌာန်ကျင့်စဉ်များကို အားထုတ်ခြင်း၊ ဈာန် ဝင်စားခြင်းတို့ကြောင့် ပုဂ္ဂိုလ်၏ ပါရမီအားလျော်စွာ တန်ခိုး သတ္တိငါးမျိုးအနက် တမျိုး၊ သို့မဟုတ် ထိုထက်ပို၍ငါးမျိုးအထိ ရရှိခံစားနိုင်လေသည်။

## ☆ အဘိညာဉ် ၅ ပါး ☆

ထိုတန်ခိုးသတ္တိ (အဘိညာဉ်) ၅-ပါးမှာ....

၁။ အမျိုးမျိုးဖန်ဆင်းနိုင်သော တန်ခိုး၊ 'ဣဒ္ဓိဝိဓ'

၂။ အကြားပေါက်ခြင်း၊ 'ဒိဗ္ဗသောတ'

၃။ သူတပါးစိတ်ကို သိခြင်း၊ 'ပရစိတ္တဝိဇာနန'

၄။ ရှေးဘဝအစဉ်ကို ပြန်၍ မြင်စွမ်းနိုင်ခြင်း၊ 'ပုဗ္ဗေနိဝါသ'

၅။ အမြင်ပေါက်ခြင်း၊ 'ဒိဗ္ဗစက္ခု'

ဟူ၍ ဖြစ်လေသည်။

ဤကမ္မဋ္ဌာန်းတို့သည် အထူးသဖြင့် လောကီအဘိညာဉ်နှင့် စိတ်တည်ငြိမ်ခိုင်မာမှု အစွမ်းအတွက်၊ သမထ လေ့ကျင့်မှုတို့အတွက် အခြေခံလည်း ဖြစ်လေသည်။

---

ဦးကာကျော်မြန်မာပြန် ဓမ္မပဒတတိယတွဲ၊ စာမျက်နှာ ၁၇၇။

## ဝိပဿနာ

"ဝိပဿနာ"။ ။ဝိပဿနာကို ထူးကဲစွာ ရှုဆင်ခြင်ခြင်းပင် ဖြစ်လေသည်၊ ရုပ်၊ နာမ်ခန္ဓာတို့ကို ရှုမြင်ရာ၌ မည်သူမည်ဝါ မည်သည့် အဆင်းအရောင်၊ မည်သည့် အမျိုးအစားဟူ၍ ပညတ်တရားကို ကျော်လွှား၍ အဌကလာပ် ရုပ်အစု၊ နာမ်အစုဟူ၍ သဘောထားကာ၊ ထိုရုပ်၊ နာမ်၊ တို့၏ ပြုပြင်ပြောင်းလွဲ ဖြစ်ပျက်မှုဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့ကို ထင်ရှားစွာ သုံးသပ်ရှုဆင်ခြင်ခြင်း တရား သဘောဖြင့် မြင်အောင်ရှုခြင်းသည် ဝိပဿနာပင် ဖြစ်လေသည်။

တရားအမြင်ဖြင့် မြင်သောကြောင့် မိမိကိုယ်ခန္ဓာ ဘဝတို့၌ တပ်မက်ခြင်း အထင်ကြီးခြင်း စွဲလန်းခြင်းတို့သည် ကင်းကွာ၍ မတည်မြဲသော ဒုက္ခသစ္စာတရားကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ဖလသည်။

ခန္ဓာနှင့်တကွ လောကတခုလုံး၏မတည်မြဲခြင်း၊ မချမ်းသာခြင်း၊ အစိုးမရခြင်းသဘောကို စွဲမြဲ သက်ဝင်ခြင်းကြောင့် လောဘ၊ မောဟ၊ ဒေါသ မာနစသော အကုသိုလ်စိတ်မျိုးသည်လည်း မပေါ်ထွက်လာတော့ဘဲ၊ ရှုမြင်ဆဲ၌ ဆိတ်သုဉ်းကင်းဝေး၍ ထို အမြင် ဆောင်သော ပုဂ္ဂိုလ်သန္တာန်၌လည်း ခေါင်းပါးလျော့နည်း သွားရလေသည်၊အပျက်ကိုအပျက်ဟူ၍ မြင်တတ်ခြင်းသည် တရားသဘောနှင့် ယှဉ်၍ ဉာဏ်ပွင့်လင်းသော အမြင်ပင်ဖြစ်လေသည်။

ဝိပဿနာသည် လောကမှ ထွက်မြောက်ကြောင်းအတွက် ဉာဏ်ပါရမီ အဆင့်ဆင့် ရင့်သန်ကြောင်း ဖြစ်သော လောကုတ္တရာ သမာဓိအတွက် အားထုတ်ခြင်းမျိုးပင်ဖြစ်လေသည်၊ ဝိပဿနာ အားထုတ်မှု၏ သဘောနှင့် အဆင့်ဆင့်ကိုကား အောက်တွင်အကျဉ်းအားဖြင့် ဖော်ပြ ထား ပေသည်။

## ဝိသုဒ္ဓိ ၇- ပါး။

ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ် သူသည် ရှေးဦးစွာ စင်ကြယ်ခြင်း ၇-ပါးနှင့် ပြည့်စုံရန် လိုအပ်လေသည်၊ ခန္ဓာသန္တာန်၌ စင်ကြယ်ခြင်းမရှိပါက ဉာဏ်အမြင်သည်လည်းထိရောက်နိုင်မည် မဟုတ်ပေ၊ စင်ကြယ်ခြင်း (ဝိသုဒ္ဓိ) ၇-ပါးမှာ အောက်ပါအတိုင်း ဖြစ်လေသည်၊

၁။ အကျင့်သီလ၏စင်ကြယ်ခြင်း၊ "သီလဝိသုဒ္ဓိ"

၂။ စိတ်၏စင်ကြယ်ခြင်း၊ "စိတ္တဝိသုဒ္ဓိ"

၃။ ရုပ်နာမ်ကို နှလုံးသွင်း ယူဆမှု၏ စင်ကြယ်ခြင်း၊ "ဒိဋ္ဌိဝိသုဒ္ဓိ"

၄။ ယုံမှားခြင်း ကင်း၍ ပိုင်နိုင်စွာသိသော ဉာဏ်၏ စင်ကြယ်ခြင်း၊ "ကင်္ခါဝိတရဏဝိသုဒ္ဓိ"

၅။ ထွက်ရပ်လမ်းကြောင်း ဟုတ်မဟုတ် ခွဲခြားသိတတ်သော ဉာဏ်၏စင်ကြယ်ခြင်း၊ "မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ"

၆။ အဆင့်ဆင့် ရင့်ကျက်သော ဝိပဿနာဉာဏ်၏ စင်ကြယ်မှု၊ "ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ"

၇။ နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ်အမြင်၏ စင်ကြယ်မှု "ဉာဏဒဿန ဝိသုဒ္ဓိ"

ဤသို့ ဉာဏ်ပွင့်လင်းခြင်း၊ ကိုယ်စိတ်စင်ကြယ်ခြင်းတို့ဖြင့် ပြည့်စုံပြီးသောအခါ၌ကား အနတ္တ လက္ခဏာသုတ်၌ ဟောကြားတော်မူသည့် လက္ခဏာရေးမှတ်သားမှု သုံးပါးကို ရှုပွားဆင်ခြင် ရလေသည်။

## အနုပဿနာ ၃-ပါး

လက္ခဏာရေး ၃-ပါးကား....

အမြဲမရှိခြင်းသဘော၊ အနိစ္စ။
ဆင်းရဲခြင်းသဘော၊ ဒုက္ခ။
အစိုးမရခြင်းသဘော၊ အနတ္တ။

ဟူ၍ဖြစ်လေသည်။ ထိုသဘော သုံးရပ်ကို နှိုင်းဟပ် ဆင်ခြင် ပွားများခြင်းကို အနုပဿနာဟူ၍ ခေါ်ဆိုလေသည်။, ဤသို့ ထပ်ကာထပ်ကာ ရှုဆင်ခြင်ခြင်းအားဖြင့် ဝိပဿနာဉာဏ်တို့သည် အဆင့်ဆင့် ပေါ်ထင်၍ လာရလေသည် ထိုဉာဏ်စဉ်ကား.... ၁၀-ပါး ရှိသေသည်။

## ဝိပဿနာဉာဏ် ၁၀-ပါး။

ဝိပဿနာဉာဏ်စဉ် ၁၀-ဆင့်ကား အောက်ပါအတိုင်းပင်ဖြစ်လေသည်။

၁။ ခန္ဓာငါးပါး သင်္ခါရ တရားတို့ကို လက္ခဏာရေး ၃-ပါးတင်၍ သုံးသပ်ခြင်း ပြုရာ၌ ပေါ်ပေါက်သော ဉာဏ်အမြင် "သမ္မာသနဉာဏ်"

၂။ ခန္ဓာငါးပါး သင်္ခါရ တရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်း နှစ်ပါးကို သဘောပေါက် ထင်မြင်လာအောင် ထပ်ကာထပ်ကာ ရှုခြင်းကြောင့် ပေါ်လာသော ဉာဏ်အမြင် "ဉဒယဗ္ဗဉာဏ်"

၃။ ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ပျက်ခြင်း သဘောတပါးတည်းကို ထွင်ဖေါက်၍ ထပ်ကာထပ်ကာဆင်ခြင်ခြင်းကြောင့် ပေါ်ထွက် လာသောဉာဏ်အမြင်၊ "ဘင်္ဂဉာဏ်"

၄။ ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ပျက်ခြင်းသဘောကြောင့် ကြောက်မက်ဘွယ် ဘေးကြီးတခု အနေဖြင့် င်လာကာ တပ်၍ထပ်၍ ဆင်ခြင်သဖြင့် ပေါ်ထွက်လာသော ဉာဏ်အမြင် "ဘယဉာဏ်"

၅။ ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အပြစ် ကို မြင်၍ ထပ်ကာထပ်ကာ ရှုဆင်ခြင်သဖြင့် ပေါ်ထွက် လာလော ဉာဏ်အမြင် "အာဒီနဝဉာဏ်'

၆။ ခန္ဓာငါးပါး သင်္ခါရတရားတို့၏ အပြစ်ကို မြင်၍ စက်ဆုတ်ငြီးငွေ့မှုဖြစ်ကာ အထပ်ထပ် ရှုဆင်ခြင်သဖြင့် ပေါ်ထွက်လာသော ဉာဏ်အမြင် "နိဗ္ဗိဒါဉာဏ်"

၇။ ခန္ဓာငါးပါး သင်္ခါရတရားတို့ကို လွတ်ကျွတ်လိုသော စိတ်ဖြင့် ရှုဆင်ခြင်သဖြင့် ပေါ်ထွက်လာသောဉာဏ် အမြင် "မုဉ္စိတုကမျတာဉာဏ်"

၈။ ခန္ဓာငါးပါး သင်္ခါရတရားတို့မှ လွတ်ကျွတ်ရန် အတွက် သိမ်းဆည်းခြင်းဖြင့် ရှုမြင်သဖြင့် ပေါ်ထွက် လာသော ဉာဏ်အမြင် "ပဋိသင်္ခါရဉာဏ်"

၉။ ခန္ဓာငါးပါး သင်္ခါရတရားတို့ကို သိမ်းဆည်းပြီး နောက်၊ ကြောက်ခြင်း၊ နှစ်သက်ခြင်း မရှိတော့ဘဲ၊ လစ်လျူရှု၍ ဆင်ခြင်သဖြင့် ပေါ်ထွက် လာသော ဉာဏ်အမြင် "သင်္ခါရုပေက္ခာဉာဏ်"

၁၀။ အစဉ်အတိုင်း ဉာဏ် ၉-ပါး၊ ပေါက် မြောက်ပြီး နောက်၊ ဗောဓိပက္ခိယ (မဂ်ဉာဏ် အကျိုးကို ရွက် ဆောင်ပေးသော) တရား ၃၇-ပါးနှင့် လျော်သော ဉာဏ်အမြင် "အနုလောမဉာဏ်"

ဤသို့ အဆင့်ဆင့်သော ဉာဏ်တို့ကို ပေါက်မြောက်ထင်မြင်၍ လွတ်မြောက်ခြင်း သည်လည်း ဖြစ်လေသည်၊ သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ် နှစ်ပါး သည်၊ ဝိပဿနာအကျင့်၏ လမ်းဆုံးပင် ဖြစ်လေသည်။ ထိုမှ ဆက်၍ လောကုတ္တရာမဂ်ကို မျက်မှောက်ပြုနိုင်လေသည်၊ ရုပ် နာမ်ခန္ဓာတို့ကို ပယ်ခွာ လစ်လျူရှုနိုင်ခြင်းကြောင့် မဂ်သို့ရှေးဦး

တည်လေတော့သည်။ × (မင်္ဂလာဖိုလ်ဆိုက်ပုံ၊ ဖြစ်ပုံစိတ်အစဉ် သ
ဘောတို့ကိုကား ဝိပဿနာကျမ်းများတွင် အကျယ်ဆက်၍ လေ့
လာသင့်ပေသည်)။

## ဝိမောက္ခ ၃-ပါး

ဝိပဿနာဉာဏ်စဉ်ပေါက်မြောက်သူတို့တွင်လွတ်မြောက်ခြင်း အရသာ ၃ ပါး 'ဝိမောက္ခ'မှာကား အောက်ပါအတိုင်းပင်ဖြစ်လေသည်။

၁။ ခန္ဓာငါးပါး သင်္ခါရဖြစ်ပျက်မှု တရားတို့၌ အတ္တဟူသော ငါစွဲ ဇီဝဟူသောဉာဉ်စွဲ၊ လုံးဝကျေပျောက် သံယောဇဉ် တွယ်တာခြင်း ကင်းကွာလွတ်မြောက်ခြင်း၊ "သုညာတဝိမောက္ခ"

၂။ မြဲသည်ဟူသော အစွဲပျောက်၍ သံယောဇဉ် တွယ်တာခြင်းမှ ကင်းကွာလွတ်မြောက်ခြင်း၊ အနိမိတ္တဝိမောက္ခ"

၃။ တဏှာဟူသော တပ်မက် မွတ်သိပ်ခြင်း ကင်းကွာသဖြင့် သံယောဇဉ် တွယ်တာခြင်းမှ ကင်းကွာလွတ်မြောက်ခြင်း၊ "အပဏိဟိတဝိမောက္ခ"

ဝိပဿနာ အားထုတ်နည်းများနှင့် ပတ်သက်၍ကား နိဿယ ယဉ်းဆရာအသီးသီးတို့၏ အားထုတ်နည်းအမျိုးမျိုး ရှိ၍ ဝိပဿနာ အားထုတ်မှုဆိုင်ရာ စာအုပ်စာတမ်းများ အသီးသီးပေါ်ထွက်ခဲ့၍ ကမ္မဋ္ဌာန်းများလည်းအများအပြားပင်ရှိလေသည်။

## ဗုဒ္ဓဝါဒဆိုင်ရာသိသင့်သောဝေါဟာရများ။

**အဘိဉာဉ်။** ။သမာဓိအစွမ်း၊ အနုပဿနာ အစွမ်းအားဖြင့် စျာန်အဆင့်ကို လွန်မြောက်ပြီးနောက် ရရှိအပ်သော တန်ခိုးသတ္တိ။ အထူးထူး ဖန်ဆင်းနိုင်ခြင်း၊ အကြားပေါက်ခြင်း၊ အမြင်ပေါက်ခြင်း၊ သူတပါးစိတ်ကို ထွင်းဖောက်သိခြင်း၊ အတိတ်ဘဝကို ပြန်၍မြင်ခြင်းဟူ၍ ငါးမျိုးရှိလေသည်။

**အစိန္တေယျ။** ။မနှိုင်းအပ် အတုမရှိသော မြတ်စွာဘုရား၏ ဂုဏ်၊ မစဉ်းစား မကြံအပ်၊ အဆုံး အပိုင်းအခြားကို စဉ်းစားကြံစည်နေ၍ အကျိုးမဲ့ စိတ်မောဘွယ်ရာသာ

ရှိသော အကြောင်းအရာ '၄'မျိုးရှိလေသည်။ ယင်းတို့မှာ ဗုဒ္ဓ၏ဥာဏ်တော်၊ ဘုန်းတော်၊ စျာန်၏လောက၊ ကံ၏ အကျိုးဆက်ဝိပါက သဘောတရား၊ လောက၏ ဖြစ်လာပုံ အစတို့ပင်ဖြစ်လေသည်။ "သံယုတ္တနိကာယ်"

**အာကာသ**။ ။အကြိုအကြား အခေါင်းအပေါက်၊ ဟင်းလင်းပြင် ဖြစ်လေသည်၊ ကလာပ်မှုန့် ချင်းမထိကပ်ဘဲ၊ ခွာလျက် ပေါင်းစပ်ဖွဲ့စည်းနေရာ၌ ကွာနေသော လဟာဟင်းလင်းပြင်သည်၊ အာကာသဖြစ်လေသည်၊ ရုပ်ဝတ္ထုတွင်း၌ အနည်းအများ ပါဝင်နေသော အာကာသနှင့်တကွ အတိုင်းအဆမရှိ ကျယ်ပြန့်သော ကောင်းကင်ပြင်အထိ ဟင်းလင်းတဆက်တည်း ရှိသည်။

**အနန္တရိယကံ**။ ။ကြီးလေးသော အပြစ်ထက်ချပ် မကွာလိုက်တတ်သည့် မကောင်းကျိုး မပြေပျောက်နိုင်သည့်ကံဖြစ်သည်၊ အမိသတ်မှု အဖသတ်မှု၊ ရဟန္တာသတ်မှု၊ ဘုရားကိုဒဏ်ရာ (သွေးစိမ်းတည်) ရစေမှု၊ သံဃာဂိုဏ်းခွဲမှုတို့ပင်ဖြစ်သည်၊ ကံကြီးထိုက်သည်ဟု ဆိုသည်။ '၅'ပါးရှိ၍ ပဉ္စာနန္တရိယကံဟူ၍လည်း ခေါ်သည်။

**အနုသယ**။ ။အစွဲအလမ်း ဥာဉ်ဆိုးများဖြစ်သည်၊ တဏှာဖြစ်သော ကာမရာဂ၊ အငြိုးထားခြင်းပဋိဃ၊ အယူမှားခြင်း ဒိဋ္ဌိ၊ တွေးတောယုံမှားခြင်း၊ ဝိစိကိစ္ဆာ၊ ထောင်လွှားခြင်းမာန၊ဘဝကိုစွဲခြင်း ဘဝါနုသရ၊ မိုက်မဲခြင်း အဝိဇ္ဇာ

တို့ပါဝင်လေသည်၊ ထိုအစွဲအလမ်းများသည် သတ္တဝါ သတ္တဝါ တို့၏ သဏ္ဍာန်၌ အကြောင်းတစုံတခုနှင့် ပေါင်းဆုံမိက ဖြစ်ပေါ် နိုင်ရန်အသင့် ကိန်းအောင်းလျက် ရှိလေသည်။

**အာသဝေါ။** ။ယိုစီးတတ်သော သဘောဖြင့် တင်စားဆို သော အမိုက်တရား၊ ကာမဂုဏ်မက်မောမှု ဘဝကိုတပ်မက်မှု၊ အယူ၌စွဲလမ်းမှု၊ တွေဝေမိုက်မဲမှုဟူသော အကြောင်းတရားတို့သည် သတ္တဝါတို့ သဏ္ဍာန်မှ အမြဲယိုစီးနေ၍ နိဗ္ဗာန်လမ်းကြောင်းတွင် အနှောင့် အယှက် ဖြစ်စေလေသည်၊ အာသဝေါ ကင်းစင်သောစိတ်သည်၊ စင်ကြယ်၍ အာသဝေါ ကုန်သော (ဝါ) အာသဝေါ တရားများ မရှိတော့ သည့် ရဟန္တာတို့အား ခီဏာသဝဟု ခေါ်ဝေါ်လေသည်။

**အတ္တ။** မိမိပိုင်ဆိုင်သော ကိုယ်ခန္ဓာ၊ ငါဟူသော အစွဲ တို့ကိုခေါ်သည်၊ ပကတိအားဖြင့် မရှိဘဲ၊ ပညတ် အခေါ်အဝေါ် အားဖြင့်သာရှိ၍၊ မောဟဖုံးလွှမ်းခြင်းကြောင့် စွဲလန်းမှုကြီးစွာဖြင့် ခွဲခြား၍၊ ဇီဝ၊ ပုဂ္ဂိုလ်၊ ငါ၊ စသည်ဖြင့် ခိုင်ခိုင်မာမာ အမှတ်အသား ထူထောင်ကာ အကျိုးလုံးလအား ပြုနေသော အစွဲအလမ်းဖြစ်သည်၊ အတ္တမရှိဘဲ အစိုးမရခြင်း၊ တကယ်မရှိခြင်း၊ မပိုင်ဆိုင်ခြင်း သဘောကို အနတ္တဟု ခေါ် သည်။

**ဣဒ္ဓိ။** အဘိညာဏ်နှင့် သက်ဆိုင်သော တန်ခိုးသတ္တိများ ဖြစ်သည်၊ ဝိသုဒ္ဓိမဂ်၌ '၁၀'မျိုးပြဆို၏။ ယင်းတို့

မှာ မိမိကိုယ်ပွား ဖန်းဆင်းနိုင်ခြင်း၊ မိမိရုပ်သွင်ကိုစွန့်၍ အခြားရုပ်သွင်ကို ဖန်ဆင်းနိုင်ခြင်း၊ စိတ်အလိုတိုင်း ပြီးစေနိုင်ခြင်း၊ ဘေးအန္တရာယ် ရှိသော်လည်း မထိခိုက်စေဘဲ၊ မင်္ဂလာဏ်တို့ကို ဝင်စားနိုင်ခြင်း၊ သမာပတ် ဝင်စားခိုက် အန္တရာယ်မသင့်ခြင်း၊ အန်ဌာ်ရုံများကို လစ်လျူရှု၍ ခံစားနိုင်ခြင်း၊ ကောင်းကင်၌ ပျံနိုင်ခြင်း၊ ကောင်းကင်၌ စစ်အင်္ဂါ ‘၄’ ပါးနှင့် သွားနိုင်ခြင်း၊ မြေရှိုးမိုးပျံခြင်း စသော တန်ခိုးအမျိုးမျိုး ပြည့်စုံခြင်း၊ ဝိဇ္ဇာ အတတ်မျိုးစုံကိုတတ်မြောက်ခြင်းဟူ၍ ဖြစ်လေသည်။

**ဇော။** လျှင်မြန်သော စိတ်အဟုန်ဖြစ်သည်၊ ဇဝနပါဠိဖြင့် ပြသည်၊ အာရုံစွဲယူသော ပီတိစိတ်အစဉ်တခုတွင် အာရုံဒွါရ၌ အာရုံကို ဆုံးဖြတ်သော အဆင့် “စိတ္တက္ခဏ” လွန်ပြီးနောက်၊ သက်ဝင်ခံစားသော အဆင့်ဖြစ်၍ သာမန်အားဖြင့် ‘၇’ ဆင့်ရှိသည်၊ သေခါနီး၌ ‘၅’ ဆင့်ရှိ၍ ဈာန်ကို ဝင်လုဆဲခဏ၌ ‘၄’ ဆင့်သာ ရှိသည်။

ဇီဝ။ ။နာမ်ဝိညာဉ်၊ အသက်ဖြစ်သည်၊ နာမ်သည်ရုပ်နှင့် တသားတည်း အတူဖြစ်သည် ဟူသော အယူနှင့် နာမ်သည် ရုပ်နှင့်တသီးတခြားစီ ဖြစ်သည်ဟူသော အစွန်းနှစ်ဖက်လုံးမှာ သက္ကာယဒိဋ္ဌိ အမြင်မှားဖြစ်သည်၊ နာမ် ပြတ် သည် ဟူသော ဥစ္ဆေဒဒိဋ္ဌိနှင့် နာမ်ထာဝရ တည်သည် ဟူသော သဿတဒိဋ္ဌိအယူများကိုအယူမှားဟု မှတ်ယူသည်။

**ဥပါဒါန်။** ပြင်းစွာ စွဲ လမ်း မှု မျိုး ဖြစ် ၍ အမျိုးအစား အားဖြင့် '၄'မျိုး ခွဲခြားထားလေသည်၊ ၎င်းတို့မှာ ကာမဂုဏ်ကိုစွဲလန်းမှု၊ အယူများကိုစွဲလမ်းမှု၊ ထုံးတမ်းနှင့် ပူဇော်ယစ်ပွဲများကို စွဲလမ်းမှု၊ မိမိကိုယ်နှင့် အတ္တ ကို စွဲ လမ်းမှု ဟူ၍ဖြစ်လေသည်၊ အနာဂါမိမဂ်သို့ ဆိုက်သူသည်၊ ထိုဥပါဒါန် '၄'ပါးမှ ကင်းသော်လည်း ဘဝဥပါဒါန် မလွတ်သဖြင့် တဖန် ပဋိသန္ဓေနေခြင်း ရှိပေသေးသည်။ ဘဝဥပါဒါန်ကို သာမန် အားဖြင့် ကာမဥပါဒါန်၌ ထည့်သွင်း မှတ်ယူ တတ် ကြ သည်၊ စွဲလန်းတွယ်တာမှု ရပ်တည်ရာ ခန္ဓာကိုလည်း ဥပါဒါနက္ခန္ဓာ ဟူ၍ ခေါ်လေသည်။

**ဥပစိ။** ဘဝ၏ အလွှာများဖြစ်သည်၊ဘဝတွင် စုပေါင်းပါဝင်၍ သံသရာ၌သာ ကျင်လည်စေသော သဘောရှိသည်၊ တေရသကဏ္ဍိကာနှင့်၊ သဂါထာ ဝဂ္ဂ သံယုတ် အဋ္ဌကထာ)၊ ဥပဓိလေးပါးမှာ ကာမတရားစု၊ ခန္ဓာတရားစု၊ ကိလေသာတရားစုနှင့် သင်္ခါရ တရားစုတို့ ဖြစ်သည်၊ ပြည့်စုံတင့်တယ်သောရုပ်ကိုလည်း၊ ပါဠိဘာသာ၌ ဥပဓိပုဒ်ဖြင့်ပင် ပြသည်။

**ဥပါသက။** ။အနီး၌ကပ်၍ နေသူဟူ၍ အဓိပ္ပါယ်ရှိသည်၊ ရတနာသုံးပါးကို ယုံကြည်၍၊ သာသနာ၌ ခိုလှုံသော ဝတ်ကြောင်လူသား၊ သူတော်စဥ်ဖြစ်သည်၊ မိန်းမကို ဥပသကာမ "ဥပါသိကာ"ဟု ခေါ်ဆိုသည်။

**ဗိုလ်။** ဗလငါးပါး၊ စွမ်းအင်ငါးပါး ဖြစ်လေသည်၊ ထို စွမ်းအင်ငါးပါးသည်၊ မတုန်မလှုပ်နိုင်အောင် ခိုင်မြဲ

ခြင်းရှိပါက တည်ငြိမ်မှုရရှိလာ၍ နိဗ္ဗာန် ရောက်နိုင်သော အခြေခံဖြစ်လေသည်၊ ယင်းတို့မှာ ယုံကြည်မှုစွဲမြဲခြင်း၊ လုံ့လထက်မျက်မှုရှိခြင်း၊ မလစ်သောသတိ ရှိခြင်း၊ တည် ကြည် သော သမာဓိရှိခြင်း၊ နက်နဲစွာဆင်ခြင်နိုင်သော ပညာရှိခြင်းတို့ ဖြစ်လေသည်။

**ဗောဓိ**။ ။ဉာဏ်အလင်း ပွင့်လင်းခြင်း ဖြစ်လေသည်၊ သာဝကအဖြစ် ဉာဏ် ပွင့် လင်း ခြင်း၊ ပစ္စေကဗုဒ္ဓါအဖြစ် ဉာဏ်ပွင့်လင်းခြင်း၊ ဘုရားအဖြစ် ဉာဏ် ပွင့်လင်း ခြင်း ဟူ၍ သုံးမျိုးရှိ၍ ဗောဓိဉာဏ်၊ ဗောဓိဆုဟူ၍ တင်စားဆိုသည်၊ ဗောဓိဉာဏ်ရအံ့ဆဲဆဲ ဘုရားလောင်းအား ဗောဓိသတ္တ၊ ဗောဓိသတ်ဟု ခေါ်လေသည်၊ မြတ်စွာဘုရားအား သမ္မာသံဗောဓိ သမ္မာသမ္ဗုဒ္ဓဟူ၍လည်း ခေါ်ဆိုသည်။ ဗောဓိဉာဏ်ကို ရစေနိုင်သော နည်းလမ်းများ၊ ဗုဒ္ဓလမ်းစဉ်များကို ဗောဓိပက္ခိယတရားဟုခေါ်လေသည်။

**ဗြဟ္မစရိယ**။ မြတ်သောအကျင့် ရဟန်းတို့၏ မြတ်သောအကျင့်ဖြစ်လေသည်၊ လူဝတ်ကြောင် တို့၌ အဗြဟ္မစရိယ ဟူသော မမြတ်သောအကျင့် မေထုန်မှီဝဲမှု ရှောင်သူများအား ဗြဟ္မစာရီ၊ ဗြဟ္မစရိယ ဝါဒီဟု ခေါ် လေ သည်၊ သိက္ခာပုဒ ရှစ်ပါးသီလကိုလည်း မြတ်သော ဗြဟ္မစရိယသီလဟု ခေါ်သည်၊ သမ္မပဌာန်ဖြစ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားများကိုလည်း၊ ဗြဟ္မစရိယ၊ ဗြဟ္မစိုရ်တရားဟူ၍

ခေါ်ဆိုသည်၊ ဗြဟ္မာဘုံသို့ ရောက်ကြောင်းဖြစ်၍၊ ဗြဟ္မဝိဟာရ တရားဟုခေါ်ကြသည်။

**စေတောဝိနိဗန္ဓ**။ ဘာဝနာအလုပ်သို့ စိတ်မရောက်အောင် တားဆီးသော သဘောများ ဖြစ် လေသည်၊ ဝတ္ထုပစ္စည်း၌ သာယာခြင်း၊ မိမိကိုယ်၌ သာယာခြင်း၊ စားမှု အိပ်မှုကို ကြောင့်ကြထားခြင်း၊ လုပ်မှုအာရုံများ၌ မက်မောခြင်း၊ နတ်စည်းစိမ်ရရန်နှင့် ဘဝ အဆင်ပြေမှု အတွက်သာ ရဟန်းဝတ်ခြင်းတို့ ဖြစ်လေသည်။

**စိတ္တက္ခဏ**။ စိတ်တွင်ဖြစ်သော သိစိတ်၏ အဆင့်တဆင့်မျှသော အချိန်ကာလ၊ လျှပ်တပြက် မျှသော ကာလအတွင်း စိတ် အ ဆင့် များ စွာ ပင် ဖြစ်နိုင်သဖြင့်၊ စိတ်၏ တခဏသည် အလွန်လျှင်မြန်လေသည်၊ အာရုံတခု ထိခိုက်ဖမ်းယူသော ပီတိစိတ်တခုတွင် ခဏမျှသော အဆင့် ၁၇-ဆင့်မျှပင် ဆက်တိုက် ဖြစ်ပေါ်ရလေသည်၊ ထိုခဏတိုင်းတွင် ဖြစ်တည်ပျက်ဟူသောအဆင့် ၃-မျိုးထပ်မံ၍ ခွဲနိုင်ပေသည်။

**ဓုတင်**။ ။ကိလေသာကို ခေါင်းပါးစေ၍ စင်ကြယ်မှု ရစေသောအကျင့်ဖြစ်၍၊ ၁၃-ပါးရှိသည်၊ ၎င်းတို့မှာ ပံ့သုကူသင်္ကန်းကိုသာ ဝတ်ရုံခြင်း၊ သင်္ကန်းသုံးထည်သာဆောင်ခြင်း၊ ခံဆွမ်းကိုသာ ဘုဉ်းပေးခြင်း၊ အိမ်စဉ်မပြတ် ဆွမ်းခံခြင်း တထိုင်တည်းသာဘုဉ်းပေးခြင်း၊တခွက်တည်း၌သာဘုဉ်းပေးခြင်း အခြားဆွမ်းများကို ပယ်ခြင်း၊ တောရကျောင်း၌ နေခြင်း၊ သစ်ပင်အောက်၌နေခြင်း၊ လွင်တီးခေါင်၌နေခြင်း၊ သုသာန်နေခြ

ကြုံတွေ့သည့်အတိုင်းနေခြင်း၊ မလျောင်းဘဲထိုင်၍ နေခြင်းဟူ၍ ဖြစ်လေသည်။

ဒိဋ္ဌိ။ အယူ၊ အမြင်၊ ခံယူချက် ဖြစ်သည်၊ သို့ရာတွင် မိစ္ဆာဒိဋ္ဌိ မကောင်းသောအယူ၊ မှားသော အယူ အနက်တွင် သုံးသည်သာများသည်၊ သမ္မာဒိဋ္ဌိ၊ ကောင်းသော အယူဟူ၍လည်း ခွဲ၍သုံးသည်၊ မိစ္ဆာဒိဋ္ဌိဟူသော အယူမှားယွင်းမှုတွင် ဒိဋ္ဌိ(တိတ္တိ)၆၂-မျိုး ခွဲခြား၍ ဗြဟ္မဇာလသုတ်၌ ပြဆိုသည်၊ မိမိကိုယ်ကို တွယ်တာစွဲလမ်းသော သက္ကာယဒိဋ္ဌိ မြဲသည်၊ အစိုးရသည်ဟု အယူမှားသော အတ္တဒိဋ္ဌိ၊ ရုပ်နှင့်နာမ်သည်၊ အမှီအတွယ်မရှိ သီးခြားမြဲ၍တည်သည်ဟု ယူဆသော သဿတဒိဋ္ဌိ သေလျှင်၊ ဘဝပြတ်သည်ဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိ၊ ကုသိုလ်၊ အကုသိုလ်အကျိုး မပေးဟု ယူဆသော နတ္ထိကဒိဋ္ဌိ၊ လောကတွင် အကြောင်းရင်းမရှိဘဲ ဖြစ်ချင်ရာဖြစ် နေသည်ဟု ယူဆသော အဟေတုကဒိဋ္ဌိ၊ ကုသိုလ်အကုသိုလ် တို့ကိုပယ်သော အကြိယဒိဋ္ဌိစသည်ဖြင့် ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်သော ဒိဋ္ဌိများစွာ ရှိလေသည်၊ အယူမှားခြင်းမရှိ စင်ကြယ်သည်ကို ဒိဋ္ဌိဝိသုဒ္ဓိဟု ခေါ်တွင်လေသည်။

ဒုက္ခရစရိယာ။ ခဲယဉ်းပင်ပန်းစွာကျင့်ရသောအကျင့် သဗ္ဗညုတဉာဏ်ကို ရလိုသော ပုဂ္ဂိုလ်တို့သည် ထိုဉာဏ်ရရာ ရကြောင်းအတွက် အာရုံစူးစိုက်လျက် အားထုတ်တွေးကြံဆင်ခြင်ရာ၌ မိမိတို့ကိုယ်ခန္ဓာ၏သက်သာမှုကိုလုံးဝလစ်

လျှို့ရှုကာ ဉာဏ်ပေါ်ရာပေါ်ကြောင်းကို အထူး အာရုံစိုက်၍ အားထုတ်ရသဖြင့် ပင်ပန်းဆင်းရဲခြင်းကိုခံကြရလေသည်၊ ထိုသို့ သူမတူအောင် ခက်ခဲ ပင်ပန်းစွာ ဒုက္ခခံ၍ ကျင့်ရခြင်းကို ဒုက္ကရ စရိယာဟု ခေါ်မှတ်လေသည်၊ လူတိုင်းမပြုလုပ်နိုင်သော အလုပ် မျိုးဖြစ်လေသည်။ အချို့သောဘုရားရှင်တို့သည်။ အချိန်ကာလ အနည်းငယ်အတွင်း သဗ္ဗညုတဉာဏ်ရ၍ တဆူနှင့်တဆူ ဒုက္ကရ စရိယာ ကျင့်ချိန်ချား မတူညီပေ၊ ဂေါတမမြတ်စွာဘုရားသည် ၆-နှစ်ပတ်လုံး ကျင့်ရလေသည်။

ဂေါတြဘူ။ ဝိပဿနာကို အားထုတ်ရာတွင် ရင့်ကျက်ပြီး နောက်၊ ဝိပဿနာဇောစိတ် နှစ်ကြိမ် သုံး ကြိမ်ဖြစ်ပြီး အဆုံး၌ နိဗ္ဗာန်ကို အာရုံပြုနိုင် သော အခြေ၌ပေါ်ပေါက်သော စိတ်အဆင့်ဖြစ်သည်။ ရင့်ကျက် သော စိတ်အဆင့်ဖြစ်၍ ပုထုဇ္ဇန်အဖြစ်မှ အရိယာအဖြစ်သို့ ကူး ဝင်သော တံခါးပေါက်ဖြစ်လေသည်။ အပ္ပနာစျာန်သို့မရောက်မီ တံခါးဝလည်း ဖြစ်၍၊ ထိုဂေါတြဘူ လွန်မှ သောတာပတ္တိမဂ် စိတ် ပေါ်လေသည်။ မဟဂ္ဂုတ်(အရိယာ)အနွယ်ဖြစ်သော စိတ် ဟူ၍လည်း ဖွင့်ဆိုလေသည်။

ဟာဒယဝတ္ထု။ ။ စိတ်ဝိဉာဉ်၏အခြေတည်ရာ။ ရုပ်ဒြပ်ဖြစ် သော နှလုံးဟူ၍ မှတ် ယူ ကြ သ ည်။ အဌကထာများနှင့် အစဉ်အလာဗုဒ္ဓဝါဒီ တို့က ဝိညာဏ်၏တည်ရာ၊ ရုပ်ဝတ္ထုဟူ၍ ယူဆကြသည်။ *

သို့ရာတွင် ပိဋကတ်(အထူးသဖြင့် အဘိဓမ္မာပိဋကတ်)၌ပင် ထိုသို့ ဝိညာဏ်၏ တည်ရာနေရာအဖြစ်၊ ဖော်ပြခြင်းမတွေ့ရပေ။ပဋ္ဌာန်း ဒေသနာ၌ 'ယံရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏ ဓာတုစ ဝတ္တန္တိတံရူပံ' ဟူ၍သာ ထပ်ကာ ထပ်ကာ သုံးနှုန်း လေသည်။ ပါဠိအဘိဓာန်၌ နှလုံး၏တည်ရာဟူ၍ ဖော်ပြသည်။ ဟဒယကို စိတ်နှလုံးဟု ပဒတ္ထမဉ္ဇူသာ (ဦးဟုတ်စိန်) စာမျက်နှာ ၁၀၇၉-၌ ဖော်ပြသည်။ ပါဠိအဘိဓာန် (လယ်တီပဏ္ဍိတ) စာမျက်နှာ ၆၁၂-၌လည်း စိတ်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသည်။

ဝိဘဇ္ဇဝါဒ။ ။ ခွဲခြားဝေဖန်သော အယူဖြစ်သည်။ ဗုဒ္ဓဝါဒ၊ အထူးသဖြင့် ထေရဝါဒဗုဒ္ဓ ဘာသာကို ဝိဘဇ္ဇဝါဒဟု ခေါ်သည်။ အင်္ဂုတ္တရနိကာယ်၌ မည်သည့် တိတ္ထိဝါဒကို ကျင့်သုံးရမည်။ မကျင့်သုံးရ.... ဟူ၍ မဆိုကြောင်း၊ အကုသိုလ်ပွား၍ ကုသိုလ် လျော့သောအကျင့်ကိုပယ်၍ ကုသိုလ်ပွားလျက် အကုသိုလ် လျော့သော အကျင့်ကိုကျင့်ရန်သာ ရည်ညွှန်းကြောင်းကိုဖော် ပြသည်။ ထိုသို့ ခွဲခြမ်းစိတ်ဖြာ၍ ယူဆခြင်းကြောင့် ဝိဘဇ္ဇဝါဒီဟု ခေါ်တွင်လေသည်။

ပဟာန်။ ။ ပယ်ခြင်းသဘော၊ပယ်သောအစွမ်းဖြစ်သည်။ ကိလေသာနှင့်တကွ၊ အကုသိုလ် စရိုက်များ

---

× စာမျက်နှာ ၃၄။ (ဦးရွှေဇံအောင်) စာမျက်နှာ ၂၇၇ တို့တွင် ရှုပါ။

ကို ပယ်ရာတွင် ပယ်နိုင်စွမ်းအစားစားရှိလေသည်။ (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊ ဒု၊ နှင့် အင်္ဂုတ္တရ နိကာယ်၌ ပါရှိသည်။) ချုပ်တီး ချိုးခြံခြင်းဖြင့် ပယ်နိုင်ခြင်း၊ 'ဝိက္ခမ္ဘန' ဆန့်ကျင့်ဘက် ကုသိုလ်တရားအားထုတ်ခြင်းဖြင့် အားထုတ်ဆဲ ခဏ၌ ပယ်နိုင်ခြင်း၊ 'တဒင်္ဂ' ချိုးဖြတ် ဖျက်ဆီးခြင်းဖြင့် ပယ်နိုင်ခြင်း၊ (သမုစ္ဆေဒ၊ ဖိုလ်ဝင်စားခြင်းဖြင့် ငြိမ်သက်တည်တန့်ခြင်း ရှိသဖြင့် ပယ်နိုင်ခြင်း၊ 'ပဋိပဿမ္ဘိ' နှင့် လုံးဝလွတ်မြောက် ကင်းကွာ ပယ်နိုင်ခြင်း၊ နိဿရဏ' တို့ ဖြစ်လေသည်။ နောက်ဆုံးအဆင့်မှာ နိဗ္ဗာန်သို့ ရောက်ခြင်းပင် ဖြစ်လေသည်။

ပလိဗောဓ။ ။ သမထဝိပဿနာ အားထုတ်သူတို့အတွက် အနှောင့် အယှက် များ ဖြစ်သည်။

'ဝိသုဒ္ဓိမဂ်' ၎င်းတို့မှ လူပရိသတ်များ သောကျောင်း၊ ခရီးသွားလာမှု၊ ဆွေမျိုးများ၊ သံဃာအပေါင်းအဖော်၊ လာဘ်သပ်ပကာ၊ တပည့်ဒါယကာများ၊ ကျောင်းပြုပြင်မှုကိစ္စ၊ နာဖျားမှု၊ ကျမ်းဂန်ပို့ချ သင်ကြားမှု၊ တန်ခိုး ဣဒ္ဓိပါဒ် စသည်တို့ ဖြစ်လေသည်။ ၎င်းတို့ကို မတွယ်တာ မကြောင့်ကျပါမှ အကျင့်လမ်းဖြောင့်ဖြူးနိုင်လေသည်။

ပါရမီ၊ ။ ကူးမြောက်ခြင်း၊ ပြည့်စုံခြင်း-ဟူ၍ အဓိပ္ပာယ် ဖွင့်သည် ဖြည့်ဆည်းစုဆောင်း အားထုတ်၍ ပြည့်စုံမှုမျိုး ဖြစ်သည်။ ဘုရားဖြစ်လိုသော ပုဂ္ဂိုလ်သည် ပြည့်စုံခြင်း ၁၀ ပါးကို အားထုတ်ရလေသည်။ ထိုပါရမီများသည်

သူတပါးအပေါ်၌ စေတနာရှေးရှုသော ဖြည့်ဆည်းမှုချည်း ဖြစ်သည်။ ဇိနာလင်္ကာရဋီကာနှင့် စရိယ ပိဋကတ် အဋ္ဌကထာတို့၌ အကျယ်ပြသည်။ ပါရမီ ၁၀-ပါးမှာ လှူဒါန်းခြင်း၊ 'ဒါန' အကျင့်သောက်တည်ခြင်း၊ 'သီလ' ။ သာယာမှုစွန့်ခွာခြင်း 'နိက္ခမ' ။ ပညာပြည့်စုံခြင်း၊ 'ပညာ' ။ အားထုတ်ခြင်း၊ 'ဝီရိယ' ။ သည်းခံခြင်း၊ 'ခန္တီ' ။ သစ္စာတည်ခြင်း၊ 'သစ္စာ' ရည်စူးချက် ခိုင်မာခြင်း၊ 'အဓိဋ္ဌာန်' ။ စိတ်ကောင်းထားခြင်း၊ 'မေတ္တာ' ။ မျှတစွာ သဘောထားခြင်း၊ 'ဥပေက္ခာ' တို့ပင် ဖြစ်လေသည်။

ပရိညာ။ ။ ဘိမြင်ခြင်း၊ ပိုင်းခြားသိမြင်ခြင်းပင် ဖြစ်လေသည်။ သိမြင်ခြင်းကို သုံးမျိုး ခွဲခြားထားလေသည်။ ၎င်းတို့မှာ ပရမတ္ထသဘောတရားကို ပိုင်ပိုင်နိုင်နိုင်သိခြင်း၊ ဉာတပရိညာ (သင်္ခါရ ဖြစ်ပျက်မှုတရား)ကို လက္ခဏာရေး၊ 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ ' သုံးပါးတင်လျက် ခွဲခြားထိုးထွင်း၍ သိမြင်ခြင်း၊ 'တိရဏပရိညာ' ။ ကိလေသာကို ပယ်နိုင်၍ နိဗ္ဗာန်ကို ထင်ရှားစွာ မျက်မှောက်ပြုနိုင်၍အောင်မြင်ခြင်း၊ 'ပဟာနပရိညာ'တို့ပင် ဖြစ်လေသည်။

**ကိလေသာ။** ။သတ္တဝါတို့ကို ပူပန်ဆင်းရဲစေ၍ စိတ်ကိုဖွဲ့၍ ချုပ်ကိုင်ထားတတ်သော သဘောများ ဖြစ်လေသည်၊ ၎င်းတို့မှာ လိုချင်ခြင်း၊ အမျက်ထွက်ခြင်း၊ (မုန်းတီးခြင်း) မိုက်မဲခြင်း၊ ထောင်လွှားခြင်း၊ အယူလွဲခြင်း၊ ယုံမှားခြင်း၊ ထိုင်းမှိုင်းခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ အရှက်မဲ့ခြင်း၊ အကြောက်

မရှိခြင်းတို့ ဖြစ်လေသည်။ ကိလေသာသည် ဖြစ်လာခြင်း မရှိသေးသော်လည်း၊ စိတ်အစဉ်၌ ဗီဇပါလာတတ်၍ ထိုကိလေသာကို အနုသယကိလေသာဟုခေါ်၍ ထင်ရှားပေါ်ပေါက်လာစေကာမူ၊ ကာယကံမြောက် မဖြစ်သေးသော ကိလေသာကို ပရိယုဋ္ဌာန ကိလေသာဟုခေါ်လေသည်၊ ပေါက်ကွဲ ပေါ်ထွက်လာပါမူ၊ ဝီတိက္ကမ ကိလေသာဟု ခေါ်လေသည်။

**ပဋိသမ္ဘိဒါ**။ ။ဘုရားရှင်နှင့် သာဝကကြီးတို့၌ ပြည့်စုံသောဉာဏ်ဖြစ်၍ ၄-မျိုးခွဲခြား ထားလေသည်၊ ၎င်းတို့မှာ အနက်အဓိပ္ပါယ်သဘောကို ခွဲခြမ်းစိတ်ဖြာ၍ သိခြင်း၊ အကြောင်းရင်းခံ တရားသဘောများကို ခွဲခြမ်း၍သိခြင်း၊ ဘာသာစကား၌ သဒ္ဒါသဘောကို ကျွမ်းကျင်နားလည်ခြင်းနှင့် ဉာဏ်ဖြင့်စဉ်းစား ဝေဘန်ပိုင်းခြား၍ သိခြင်းဟူ၍ ဖြစ်လေသည်၊ ထိုအသိဉာဏ်အားလုံးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ပဋိသမ္ဘိဒါ လေးပါးနှင့် ပြည့်စုံသည်ဟုဆိုသည်။

**ပုထုဇဉ်**။ ။ကိလေသာတရားနှင့် သံယောဇဉ် လုံးဝမကင်းသေးသောသူဖြစ်သည်၊ ပုထုဇဉ်အဖြစ်မှ မဂ်ဖိုလ်သို့မျက်မှောက် ပြုနိုင်သောအခါ၊ ကိလေသာပယ်နိုင်၍ အရိယာဖြစ်လာသည်၊ အရိယာမဖြစ်မီ ရှေးအဖို့သည် ပုထုဇဉ်ပင် ဖြစ်လေသည်။

**သံဝေဂ**။ ။စိတ်တုန်လှုပ်ထိတ်လန့်ခြင်းဖြစ်၍တရားသဘောနှင့်ယှဉ်သောကြောင့် တရားရခြင်း ဟူ၍လည်း

ယူဆကြသည်။ သံဝေဂ ရဖြစ်ဘွယ်အကြောင်းတရား ၈-ပါးကို သုတ်မဟာဝါပါဠိတော်၌ ဖေါ်ပြထားသည်။ ၎င်းတို့မှာပဋိသန္ဓေ နေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ အပါယ်ကျရ ခြင်း၊ အတိတ်ဘဝဆင်းရဲခြင်း၊ အနာဂါတ်ဘဝ၌ ဆင်းရဲဘွယ် ရှိခြင်း၊ မျက်မှောက် လောက၌ ဝမ်းရေးရှာဖွေရခြင်း စသည် တို့ဖြစ်၍ သို့ဒုက္ခတို့ကို တွေးမိတိုင်း သံသရာဝဋ်ကို တွေးတော ထိတ်လန့် ရလေသည်၊ ထိုသံဝေဂများတွင် ကြောက်မက်ဘွယ် အာရုံကို တွေ့ရ၍ဖြစ်စေ၊ ဉာဏ်ဖြင့်ရှု၍ဖြစ်စေ၊ မကောင်းမှုမှ ရှုံ့၍ဖြစ်စေ၊ ရုပ်နာမ်သင်္ခါရ တရားတို့ကိုသိ၍ဖြစ်စေ ဖြစ်ပေါ် ရတတ်သော သံဝေဂ ၄-မျိုး ခွဲခြားထားလေသည်။

**သံယောဇဉ်။** ။သတ္တဝါတို့အားဘဝမှလွတ်မထွက်အောင် (ဝါ)မ လွတ် မြောက် အောင် ဆိုင်းတွယ် ထားသော အရာများဖြစ်လေသည်၊ ယင်းတို့မှာ ကာမဂုဏ်ကို တွယ်တာမှု၊ ရုပ်ခန္ဓာရှိသော ဘဝကိုတွယ်တာမှု၊ ရုပ်မဲ့သော ဘဝကိုတွယ်တာမှု၊ ဒေါသအမျက်ကြီးမှု၊ ထောင်လွှားတက်ကြွ မှု၊ ရှေးထုံးပူဇော်မှုတို့ကို တွယ်တာမှု၊ ယုံမှားဖြစ်ပေါ်မှု၊ စိတ် ပျံ့လွင့်မှု၊ ဉာဏ်ပိတ်ဖုံးမှုဟူ၍ဖြစ်လေသည်၊ ထိုတွယ်တာမှုများ ကြောင့် အောက်အဖို့ဖြစ်သော လူနှင့်တိရစ္ဆာန်ဘုံ၌ဖြစ်စေ၊ အ ထက်အဖို့ ဗြဟ္မာဘုံ၌ဖြစ်စေ၊ ဘဝမပြတ်ဘဲ၍ ဖြစ်စေနိုင်သော သဘောရှိ၍၊ အထက်လမ်း သံယောဇဉ် နှင့် အောက် လမ်း သံယောဇဉ်ဟူ၍ ခွဲခြားမှတ်သားလေသည်။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်

လှု သမိန်

* ချစ်ဖွယ်သော သားသားတို့ မီးမီးတို့ရေ....
* ဦးလေးငယ်ငယ်က ဘိုးအေတွေ ဖွားအေတွေ ပြောပြတဲ့ ပုံပြင်တွေကို နားထောင်ခဲ့ရတယ်။
* အဲဒီပုံပြင်တွေဟာ သိပ်ကောင်းပြီး သတ္တိတွေ ရှိလာတယ်, လိမ္မာလာတယ်, ကိုယ်ချင်းစာလာတယ်, သနားတတ်လာတယ်၊ စွန့်စားချင်တဲ့ စိတ်ဓာတ်တွေရှိလာတယ်။
* ယခုရေးတဲ့ ပုံပြင်တွေဟာ ဒီတုန်းက သိ,ကြား, လာတဲ့ အကြောင်းတွေကို ပြန်ရေးထားတယ်။

# မောင်မောင်ဦး

# ကြားဘူးနားဝပုံပြင်များ

* ကျားကြီးတွေ, ဆင်ကြီးတွေ, ငှက်ကလေးတွေ....
* လူလိမ္မာကလေးတွေ, လူမိုက်ကြီးတွေ, အကြောင်းစုံကို ရေးသားထားလေသည်။

နောက်လ ၂၅-ရက် ထွက်မည်၊ အတိုး ၂-ကျပ်။

* လူ့အကြောင်းကို စနစ်တကျ လေ့လာ ဆန်းစစ်ထားသည်။

* တကယ့်အဖြစ်မှန်များကို ဘဝအတွေ့အကြုံ ပေါင်းများစွာမှ ထုတ်နှုတ် တင်ပြထားသည်။

# ဘဝကိုအနိုင်ယူနည်း

လှသမိန်

* လူတိုင်းအတွက် ဖတ်ရှုစမ်းသပ် စစ်ဆေး သင့်သော ကျမ်းစာအုပ်ဖြစ်သည်၊

ဇူလ ၂၅-ရက် ထွက်မည်၊ တန်ဖိုး ၃ ကျပ်၊

ဥဒါန်းစာပေတိုက် ၁၃၄၊ လှစ္စလမ်း၊ ရန်ကုန်၊